

# ကြေးစည်သံ

မောင်ဘကျော်(ပုဂံ)



# ကြေးစည်သံ

## မောင်ဘကျော် (ပုဂံ)

**ပုံနှိပ်မှတ်တမ်း**

**ပုံနှိပ်သူ**

ဦးဇော်မြင့်ထွန်း (အေဇက်ပုံနှိပ်တိုက်-၀၀၂၄၁)
အမှတ် (၁၁၈)၊ ၄-လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**ထုတ်ဝေသူ**

ဦးဇော်မြင့်ထွန်း (အေဇက်စာပေ) (၀၁၆၉၉)
အမှတ် (၂၁၉/ခ)၊ ၃၆-လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အကြိမ်**

၂၁၂၁-ခုနှစ်၊ မေလ၊ ပထမအကြိမ်

**တန်ဖိုး**

၂၅၀၀ ကျပ်

**အုပ်ရေ**

၁၀၀၀ အုပ်

**ဖြန့်ချိရေး**

မျိုးဆက်သစ်စာပေ
ဖုန်း - ၀၉ ၄၂၀၀၈၃၆၈၈၊ ၀၉ ၄၂၀၂၂၂၉၆၂

## မာတိကာ


| | | |
|---|---|---|
| ၁။ | စတွေ့ရသည့် ရုပ်ပုံလွှာ | ၁ |
| ၂။ | ဥယျာဉ်ရှာ | ၂၅ |
| ၃။ | ကပ္ပိယ၏ အလှတရား | ၄၉ |
| ၄။ | ရွာဦးကျောင်းမှ ကပ္ပိယ | ၇၂ |
| ၅။ | အံ့သြခြင်း မျက်ဝန်းတစ်စုံ | ၈၈ |
| ၆။ | လုလင်ပျို၏ စေတနာ | ၉၅ |
| ၇။ | သူမနှင့် လုလင် | ၁၀၃ |
| ၈။ | ရောင်ခြည်ထွန်းမည့် ကျေးလက်မြေ | ၁၁၅ |
| ၉။ | ကျောင်းကြီးဆီမှ ပဲ့တင်သံ | ၁၂၆ |
| ၁၀။ | စေတနာပန်းများ ဝေဝေဆာ | ၁၄၀ |
| ၁၁။ | ရင်ခုန်သံစကားများ | ၁၄၉ |
| ၁၂။ | လုလင်ပျို၏ ရုပ်ပုံလွှာ | ၁၆၆ |

## စာရေးသူ၏ အမှာ

စာဖတ်သူတို့ ခင်ဗျား ...

စာရေးသူက မိမိရဲ့လူ့ရွာ လူ့ကမ္ဘာအတွက် မိမိလုပ်နိုင်သည့်နေရာ၊ လုပ်ခွင့်ရသည့် အနေအထားကနေ မိမိကို ထမ်းပိုးထားသည့် လူ့ကမ္ဘာ၊ လူ့ရွာကို ပေးဆပ်ရခြင်းသည် လူသားတစ်ဦး၏ ဝတ္တရားဟု ယုံကြည်ပါသည်။ ထို့ကြောင့် ငါဘာလုပ်ပေးနိုင်သလဲဆိုတာကို ငါ့ကိုငါဘဲ မေးခွန်းထုတ်ကြည့်စေချင်ပါတယ်။ ငါလုပ်ခဲ့တာတွေသည် ငါ့အတွက်ဘဲ ဖြစ်နေသလား၊ အများအပေါ်ကို ထိခိုက်နစ်နာနေပါသလား၊ ငါ့လုပ်ရပ်ကို ငါ့ရဲ့နှလုံးသားခုံရုံးပေါ်တင်၍ စစ်ကြောသူဖြစ်စေရန် မျှော်လင့်၍ ကျွန်တော်သည် ၄င်းဝတ္ထုကို ရေးသားခဲ့ရပါသည်။ စာဖတ်သူများခင်ဗျား ကျွန်တော်ရဲ့ နိုင်ငံရေးအယူအဆများ အတွေးအမြင်နှင့် သဘောထားတို့ကို ဝတ္ထုပုံသဏ္ဌာန်ဖန်တီး၍ ရေးဖွဲ့ကာ တင်ပြဆွေးနွေးထားခြင်း ဖြစ်ပါသည်။ ၄င်းဇာတ်လမ်း ဇာတ်ဆင်မှုသည်

စိတ်ကူးပုံဖော်ထားသည် ကျေးလက်ရွာကို ဗဟိုပြု၍ ဇာတ်ကောင် ကပွိုယလုလင်ကို မွေးဖွားခြင်း၊ ဇာတ်ကောင်ကို ပါရမီဖြည့် မည့် သူနာပြုဆရာမလေးတစ်ဦးကို မွေးဖွားကာ ကျေးလက်မှဆီ လူ့ကမ္ဘာသို့ လူ့တာဝန်နှင့် ဝတ္တရားများကို စာဖတ်သူတို့ထံ တင်ပြ ဆွေးနွေးထားသည့် ကျွန်တော်၏ ရုပ်ပုံကားချပ်များပင် ဖြစ်ပါ သည်။ စာဖတ်သူတို့ထံမှ လိုအပ်နေသည်ဟု ထင်မြင်ယူဆလျှင် ဖြည့်စွက်ဖတ်ရှုပေးပါရန်နှင့် ပိုလွန်းသည်ဟုယူဆလျှင် နုတ်ယူ ဖယ်ရှားခြင်းဖြင့် ဖတ်ရှုပါလို့ စာဖတ်သူတို့အား စာရေးသူ ကျွန်တော်က မေတ္တာရပ်ခံပါသည်။ စာဖတ်သူတို့အား လေးစား ခင်မင်လျက် မောင်ဘကျော် (ပုဂံ) က ကျေးဇူးတင်ပါသည်။

**မောင်ဘကျော် (ပုဂံ)**
**(၂၁-၁-၂၀၂၀)**

## စတွေ့ရသည့်ရုပ်ပုံလွှာ

မိုးကောင်ကင်ထက်မှ မှိန်မှိန်ပြပြ အလင်းရောင်လေးများသည် သတ္တလောကကြီး၏ ကဘမ်းပေါ်သို့ မေးတင်ကာ ငိုက်မြည်းနေပါသည်။ ငှင်းငိုက်မြည်းနေသည့် အလင်းရောင်လေးများသည် အိပ်မောကြနေသည့် သတ္တလောကကြီးကို လှုပ်ခါနှိုးဆွနေပါသည်။ ထိုအချိန်ဝယ် ကျေးငှက်အပေါင်းတို့သည် နှုတ်ခွန်းဆက်တေးသီချင်းများကို သီဆို၍ မြူးတူးပျော်ပါးကာ ဆော့ကစားနေကြသည်။

ထိုအလှတရားအောက်ဝယ် အောင်သာရွာ၏ ရွာဦးကျောင်းရှိ ကပ္ပိယလုလင် ကိုသာကျော်သည် သူ၏စံမြန်းရာ တဲနံဘေးရှိ စမ်းချောင်းကလေးဆီမှ ရေသံကိုကမ်းနဖူးပေါ်ရှိ ကျောက်ပြားကြီးထက်ပေါ်၌ မားမားရပ်ကာ သိုင်းရှူနေသည့်ပမာ ငြိမ်နေသည်။

မကြာပါ ငှင်းငြိမ်သက်မှုကို သူ၏ တည်ငြိမ်ပြတ်သားသော အသံဖြင့် ဖောက်ခွဲပစ်လိုက်ပါသည်။ အိုး … စကြာဝဠာကြီးရေ ငြိမ်သက်လှပနေပါသလား။ အိုး … လောကကြီးရေ တစ်စက္ကန့်မျှပင် အိပ်စက်နေခြင်းမရှိပါလား။ သင်တို့နှင့်မတူတဲ့ သတ္တလောကကြီးသည် အတ္တဝတ်ရုံလွှာကြီးကိုခြုံ၍ ဆော့ကစားနေကြပါတကား။ ဒါမှလည်း သတ္တလောကကြီးအဖြစ် မိမိသည် ဖြစ်တည်နေမှာပေါ့။ အတ္တရဲ့မရပ်မနား လှုံ့ဆော်မှုအောက်ဝယ် ငှင်းအတ္တစိတ်တန်ခိုးတွေသည် အားပြိုင်ဆင်နွှဲနေကြသည်။ အတ္တနဲ့သတ္တလောကကြီးရေ ဆုတ်ပြတ်နှံ့ချာနေကြသည့် လူသတ္တ အများစု၏ ဘဝတွေသည် ရှေ့သို့ရည်ရွယ်ရင်း နောက်သို့ပြတ်ကျန်ခဲ့ရသည့် ဘဝတွေသည် ထုထည်ကြီးမားစွာ ဖွံ့ဖြိုးနေပါတကား။

အိုး လောကကြီးရေ … သတ္တလောကကြီးဇာတ်ခုံပေါ်၌ မရပ်မနားဆန်းပြားသည့် ဝတ်ရုံလွှာကိုခြုံပြီး လောကသစ်ဆီသို့ ဦးတည်သွားနေကြပါသည်ဟု ဆိုမိန့်နေကြပါသည်။ ဒါပေမဲ့ အိပ်ငိုက်နေသူတွေ၊ အိပ်မောကြနေသူတွေ၊ မေ့လျော့သူတွေ၊ လန်းဆန်းပျော်မွေ့သူကြတွေ၊ ဘဝအထွေထွေနဲ့ ဖြစ်တည်နေကြပါသည်။ အိုလောကကြီးသည် နောက်ဆုံးတော့ မမှုနှင့် အမမှုတို့၏ စစ်ခင်းရာဌာနကြီးပါတကား။

အိပ်စက်လို့မဖြစ်၊ အိပ်စက်ခွင့်မရှိသည့် ငါ၏ရှေ့က မြွေပမာစီးဆင်းနေသည့် စမ်းချောင်းကလေးသည် မမောနိုင်မပန်းနိုင်နှင့် စီးဆင်း၍နေပါတကား။ ငါ၏အထက်မှ မိုးကောင်းကင်ကြီးကို မော့ကြည့်သည်အခါ ထိုမိုးကောင်းကင်ကြီးပေါ်၌ တိမ်လွှာတိမ်စိုင်ကလေးများသည် လေအလျှင်ကဲ့သို့ ဆော့ကစားနေကြပါတကား။ သတ္တဝါအပေါင်းတို့က ရေး၊ ဖြန့်၊ ကျက်၊

တွေးကြည့်လိုက်သည့်အခါ ဒါတွေဟာ ငါတို့ဘဝတွေ ရှင်သန်ဖို့ အတွက် မဖြစ်မနေအလိုအပ်ဆုံးနှင့် အကျိုးပြုပေးနေသည့် သယံဇာတ အရင်းမြစ်တွေပါတကား။

ဒါကြောင့် ထူးခြားဆန်းကြယ်သည့် စကြာဝဠာကြီးသည် အကြောင်းကြောင်းကြောင့် အကျိုးဖြစ်တည်သည်။ တန်ပြန်သက်ရောက်မှု နိယာမတရားတွေ တည်ရှိဖွံ့ဖြိုးရာ အဆောက်အအုံကြီးအဖြစ် ယုံကြည်နေမိသည်။ အကြောင်းပြုမှ အကျိုးဖြစ်ထွန်းသည် နိယာမသဘောတရားကြောင့် အို စကြာဝဠာ လောကကြီးခင်ဗျာ … ကျေးဇူးကန်းစော်ကားခြင်းသည် ကြောင်းကျိုးမဲ့လုပ်ရပ်ဟု ယူဆ၍ ကျေးဇူးတရားကို စော်ကားလျှင် ပျက်စီးလတ္တံ့ဟု ယုံကြည်သည်။

လူသတ္တဝါအပေါင်းတို့ လုပသိမ်မွေ့သည့် ကမ္ဘာကြီးရဲ့ အလှတရားကို မဖျက်စီးကြပါနဲ့။ သင့်ရဲ့တပ်မက်မှုနှင့် လှပတဲ့ကမ္ဘာကြီးကို ဖျက်စီးခြင်းသည် စကြာဝဠာကြီးရဲ့ ပဲ့တင့်သံတွေဖြစ်သည့် ငိုခြင်း၊ ရယ်ခြင်း၊ ဝမ်းနည်းခြင်း ကဗျာရွတ်ဆိုသံတွေကို ကြားရမယ်၊ ကြုံတွေ့ရမှာပေါ့။ ဒါတွေဟာ စကြာဝဠာကြီးရဲ့ တန်ပြန်သက်ရောက်မှု သဘောတရားတွေကြောင့်ပေါ့ဗျာ။

စကြာဝဠာလောကကြီးတစ်ခုလုံးကို လူသတ္တဝါတွေဘဲ ပိုင်ဆိုင်နေခြင်းမဟုတ်။ သက်ရှိ၊ သက်မဲ့သတ္တဝါအားလုံးနဲ့အတူ ပိုင်ဆိုင်မှုသက်ဆိုင်နေတယ်ဟေ့…။ ဒါကြောင့် တရားမျှတမှုနှင့် ညီညွတ်မျှတခြင်းကို တန်ဖိုးထားကြပါ။ စကြာဝဠာကြီးမှာ ငါမရှိသူ၊ သူမရှိဘူး၊ ငါကိုယ့်ငါမှ အင်အားရှိတယ်၊ ငါသာလျှင် တန်ခိုးရှင်လို့ ယူဆလျှင် မင်းလောက်ကျေးဇူးကန်းတဲ့သတ္တဝါ ဒီလောကကြီးမှာ မရှိတော့ဘူးခင်ဗျာ…။

လူသတ္တဝါအပေါင်းတို့ ဖိုက်ချင်ရင် ဖိုက်ခွင့်ရှိပါတယ်။ မယုတ်မာဖို့တော့ ပြောပါရစေ။ ဘာကြောင့်လဲလို့ မေးခွင့်ရှိပါတယ်။ အဖြေကတော့ ရှင်းပါတယ်။ အစမ္မမြောက်ကျင့်ကြံခြင်းဟု ယူဆခြင်းကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် လူသတ္တဝါအပေါင်းတို့ခင်ဗျာ လူမဟုတ်သည့် လူတို့၏ အစမ္မမှုတွေကို တော်လှန်ရေး 'လေ' အလျှင်အဖြစ် ချေမှုန်းဖို့ စကြာဝဠာကြီးက ဖိတ်ခေါ်နေပါတယ်ခင်ဗျာ…။

လူသတ္တဝါအပေါင်းတို့ကို သတ္တိပေးစကားကို ဆိုလိုက်ချင်ပါတယ်။ ဤစကြာဝဠာကြီးကို ငါ၊ ငါ့မိသားစု၊ ငါ့လူမျိုး၊ ငါ့နိုင်ငံတော်လို့ မထင်မှတ်နဲ့ပေါ့…။ သတ္တအနန္တ၏ အလှတရားတွေဖြင့် လှပဖွဲ့စည်းထားသည်ဆိုတာကို သိလိုက်ကြစမ်းပါခင်ဗျား…။ မတူကွဲပြားခြားမှုတွေဖြင့် လှပနေသည် စကြာဝဠာကြီးကို ငါတို့ပိုင်ဆိုင်သည်လို မင်းတို့ယူဆလိုက်လျှင် အလှမဲ့အကျည်းတန်ဖြစ်ရပ်ဆိုးများစွာဖြင့် စကြာဝဠာကြီးက စကားပြောလာကြမှာပေါ့။

လူသတ္တဝါအပေါင်းတို့ ငါတို့ရဲ့အိမ်စက်ရာ၊ နားခိုရာ၊ ပျော်ရွှင်စရာ စကြာဝဠာကြီးကို အလှတရားတွေနဲ့ လွှမ်းခြုံဖုံးအုပ်ထားဖို့၊ ပေးဆပ်သူတို့၏ နှလုံးသားလက်စုံများဖြင့် ပြုစုစောင့်ရှောက်ဖို့ လိုအပ်နေသည့် စကြာဝဠာကြီးပေါ့…။ ဒါကြောင့် မမေ့လျော့ကြပါနဲ့။ မေ့လျော့မှု၏ သင်ခန်းစာသည် တန်ဖိုးကြီးမားသည်ခင်ဗျာ။

လူသတ္တဝါအပေါင်းတို့ခင်ဗျာ စဉ်းစားသုံးသပ်ကြည့်လိုက်ပါ။ ဓမ္မလို့ တဆာဆာကြွေးကြော်ရင်း အဓမ္မမှုတွေသည် ကမ္ဘာကြီးပေါ်၌ သရုပ်ပြဆော့ကစားနေကြတယ်ဗျာ။ လူသတ္တဝါ

အပေါင်းက မတရားဘူးလို့ အော်ဟစ်နေချိန် လူမဟုတ်သည့် သတ္တဝါတွေက စစ်ပွဲတွေကို ခေါင်းစဉ်အမျိုးမျိုးတပ်ကာ လောက စင်မြင့်ပေါ်မှာ ဆော့ကစားနေကြတယ်။ ၄င်းစစ်ပွဲတွေရဲ့ရလဒ်ကို ငါမသိချင်ဘူးဟေ့။ ဖြစ်တည်ရသည့် အကြောင်းအရင်းတွေသည် ရိုးရှင်းလှပါတယ်။ ငွေကြေးနဲ့ အာဏာကို ဗဟိုပြုပြီး လူမျိုး ဘာသာယုံကြည်မှု နိုင်ငံဆိုတာကို ခေါင်းစဉ်တပ်လိုက်ပါတယ်။ ထပ်ဆင့်သိက္ခာတရားနှင့် တရားမျှတခြင်းလို့ ဟစ်ကြွေးပြပါ တယ်။ အမျိုးသားရေးကြွေးကြော်သံနှင့်အတူ အင်အားကြီးမား သူက အင်အားချည့်နဲ့သူကို တိုက်စားချေနင်းပါတော့သည်။

၄င်းဖြစ်စဉ်များ၏အောက်ဝယ် လူသတ္တဝါအများစုသည် နိုင်ထက်မှုတွေ၊ ဗိုလ်ကျရက်စက်မှုတွေ အဓမ္မမြောက် အနိုင်ကျင့် ခံရမှုများ ငိုသံမဲ့ခံစားနေရပါတော့သည်။ ဒါတွေဟာ ကုန်ထုတ် ကိရိယာ၏ ခွဲခြားပိုင်းဖြတ်မှု နိယာမသဘောတရားတွေကြောင့် လူမဟုတ်သည့်လူတွေဖြင့် ထွန်းကားလာကြသည်။ လူသတ္တဝါ အချင်းချင်း ပေါင်းကူးဆက်ဆံရ လွယ်ကူမှုအတွက် ကြားခံ ကုန်ထုတ်ကိရိယာတွေ ဖွံ့ဖြိုးလာသည်။ ဤလောက၌ ငါက မင်းထက်စွမ်းတယ်၊ ငါမှငါ၏တွန်းအားပြုရာ ကုန်ထုတ်ကိရိယာ တွေဖြင့် မွေးဖွားခဲ့ရင် ၄င်းကုန်ထုတ်ကိရိယာကို ငါမုန်းရမလား ခင်ဗျာ။

အိုး…ငါရဲ့ရှေ့က စမ်းချောင်းလေးရေ မင်းတစ်ယောက် ငါပြောနေတာကို သိချင်မှသိလိမ့်နေမယ်။ သေချာတာတစ်ခုက တော့ မင်းရဲ့ရေစီးသံတွေနဲ့အတူ ငါ့ရင်ထဲက စကားလုံးတွေသည် စကြာဝဠာကြီး၏ တစ်နေရာမှာရှင်သန်နေမည်ဟု ယုံကြည်နေမိ သည်။

အိုး…စကြာဝဠာကြီးရေ ငါအကြောက်ရွံ့ဆုံးသော အရာသည် ကမ္ဘာကြီးသာယာလှပဖို့ ပြောနေကြသည့် လူသားတွေ၊ ကမ္ဘာမြေကြီးငြိမ်းချမ်းရေးကို ပြောနေကြသည့် လူသားတွေ၊ ငါ့လူမျိုးအတွက်၊ ငါ့ဒေသအတွက်၊ ငါ့ကမ္ဘာကြီးအတွက်ဟု စကားလုံးလှလှတွေသုံးပြီး ပြောခဲ့ကြသည့် လူသားတွေသည် ငါနဲ့အတူ ငါ့နိုင်ငံတော်နှင့်အာဏာကို ဆုပ်ကိုင်ခွင့်ရလိုက်သည့်အခါ အဲဒီလိုလူသားသည် တိမ်မြုပ်နေသည့် အတ္တဝတ်ရုံလွှာကို ခြုံအုပ်ထားလိုက်ကြသည်။ ၎င်းတို့ရဲ့ ပါးစပ်ဖျားခွဲ အနှစ်မဲ့ စကားလုံးတွေကို တန်ဆာခြယ်လိုက်ကြသည်။ ဒါကြောင့် အမျိုးသားစီးပွားတိုးတက်ရေး ဓားတစ်လက်ကိုင်ကာ အဓမ္မပြုနိုင်ထက်ခြင်းသည် တရားမျှတမှုရှိပါသလား … မေးခွန်းထုတ်ကြည့်ပါရစေ။

ဤလောကကြီးထဲမှ လူသတ္တဝါအများစုသည် တရားမျှတမှုရရှိရေးဟု တဆာဆာ ငိုကြွေးတောင်းဆိုနေသည်။ တစ်ချိန်ထဲမှာဘဲ မိမိရဲ့ အနီးအနားသို့ မတရားမှု အဓမ္မကျင့်စဉ်တွေဟာ တရွေ့ရွေ့ပွတ်တိုက်မှုကို ခံရပါတယ်ခင်ဗျာ။ တစိမ့်စိမ့် စဉ်းစားသုံးသပ်ကြည့်လိုက်ပါ။ ခံစားခြင်းနဲ့ ခံစားခွင့်ရရှိသူတို့၏ အတ္တဝတ်ရုံလွှာအောက်ဝယ် အသက်ရှူသံတိုးတိုးကလေးဖြင့် အနှိပ်စက်ခံနေရသည့် လူသားထုကြီးသည် ထုထည်အပြည့်ကြီးထွားနေပါတယ် ခင်ဗျာ။

မင်းက မသိချင်တာလား၊ မသိချင်ယောင်ဆောင်နေတာလား အို လောကကြီးရေ…။ မင်းထွေးပိုက်ထားရသည့် ငါတို့ရဲ့ရှေ့က သတ္တလောကကြီး၏ ဓာတ်ခုံပေါ်မှာ ငါမမြင်ချင်သည့်၊ ငါတွေ့လိုက်ရသည့် မြင်ကွင်းအဖုံဖုံသည် ကြောက်စရာ၊ ထိန်လန့်

တုန်လှုပ်စရာ ရွံ့ရှာရှက်ဖွယ်စေသည်။ လူတစ်သောင်းရဲ့ ဂုတ်ပိုးပေါ်မှာ လူတစ်ဦးသည် ခွထိုင်စီးလို့ပြုံးနေတာကို တွေ့ရသည်။ လူများစွာ၏ ဂုတ်ပိုးပေါ်မှာ လူတစ်စုသည် ပြုံးလို့ရွှင်လို့ ကြွေပစ်တမ်းကစားနေသည်။ ထပ်ကာထပ်ကာ တွေ့လိုက်ရသည်။ ထိုအခါ တော်လှန်ရေးသီအိုရီတစ်ပုဒ်သည် အလိုလိုဖွားအံ့လာတာပေါ့ကွာ။ ငွေဖြစ်စဉ်ရဲ့ အခြားတစ်ဖက်က နောက်စာမျက်နှာကို လှန်ကြည့်လိုက်သည့်အခါ ငါသိလိုက်ရတာက ကမ္ဘာကြီးရေ … ပညာဆိုသည့် အသိပညာလက်နက်တစ်ခုသည် လူသတ္တဝါအပေါင်းတို့၏ ဘဝရုပ်ပုံလွှာတွေကို ရေးဆွဲပြနေတာကိုပေါ့။

ကပ္ပိယလုလင် ကိုသာကျော်သည် တဟားဟားဖြင့် အရူးတစ်ယောက်လို ရယ်သွမ်းလိုက်ပါသည်။ အားရပါးရ ရယ်မောနေရင်း သူ၏ရယ်လွှမ်းမှုကို တီခနဲ့ရပ်လိုက်ကာ သူ၏ အကျယ်လောင်ဆုံးသောအသံကြီးဖြင့် အလုံးစုံမတရားဘူးဟေ့ … မတရားမှုတွေကို ထမ်းပိုးထားရသည့် ကမ္ဘာကြီးရေ မင်းရဲ့ဘဝကို ငါသနားမိပါတယ်။ ဒါပေမယ့် မင်းကို သနားမိတာထက်ကို ငါတို့လူသားတွေအတွက် ပို၍သနားရမလို ဖြစ်နေသည့် ကမ္ဘာကြီးရေ … ဟု ဟစ်ကြွေးလိုက်သည်။ ဟစ်ကြွေးရင်း အားပါးတရ အသံထွက်၍ တဟားဟားဖြင့် ဟားတိုက်ရယ်သွမ်းနေသည်။

ထိုအချိန် အောင်သာရွာသို့ ကျန်းမာရေးအမှုထမ်းရန် ရောက်လာသည့် သူနာပြုဆရာမလေး စန်းစန်းဌေးသည် အရူးတစ်ယောက်ပမာ ဟားတိုက်ရယ်မောနေသည့် မြင်ကွင်းကို တွေ့လိုက်ရသောအခါ သူမ၏မျက်လုံးလေးများ ပြူးကျယ်သွားပါ

သည်။ ထိုအံ့ဩမှုနှင့်အတူ ထိတ်လန့်သွားပြီး အရှုးအဖြစ် ယူဆကာ သူမသည် အကြောက်တရားများနှင့်အတူ သူမ မောင်းနှင်လာသည့် ဆိုင်ကယ်အား စက်အရှိန်မြှင့်ကာ သူမ၏ ဆေးခန်းရှိရာသို့ မောင်းနှင်းသွားပါတော့သည်။

ကပ္ပိယလုလင် ကိုသာကျော်သည် အနီးအနားမှ ဆိုင်ကယ်သံကို မကြားလိုက်ပါ။ ဘာဖြစ်သွားသည်ကိုလည်း သူကိုယ်တိုင်ပင် မသိပါ။ သူသိလိုက်သည်က သူ၏ရှေ့၌ မြင်နေရသည့် တောင်တန်းကြီးသည် တောင်ကတုံးကြီးများ ဖြစ်နေသည်ကိုသာ သိလိုက်ပါသည်။ ထိုမှတစ်ဆင့် တောင်တန်းကြီး၏ အလှတရားကင်းမဲ့သွားပုံကို စေ့စေ့ကြည့်၍ ရင်မောနေပါသည်။ ဆုတ်ပြတ်ခန်းခြောက်နေသည့် သစ်တောကြီးကို ဂရုဏာစိတ်ဖြင့် စုပ်သပ်လိုက်ပါသည်။ ထိုခံစားမှုနှင့်အတူ သူ၏အာရုံဆီသို့ တစ်နေ့တခြား တိုးပွားလာသည့် လူဦးရေပေါက်ကွဲမှုအသံတွေ၊ ဖွံ့ဖြိုးမှုမညီမျှသည့် ကမ္ဘာကြီး၊ နေစရာနေရာမရှိတော့သည့် လူ့ကမ္ဘာကြီး၊ စားစရာမရှိ လျော့နည်းလာသည့် လူကမ္ဘာကြီး၊ ထားစရာနေရာမရှိသည် လူကမ္ဘာကြီး၊ ပြေးလွှားပုန်းရှောင်နေရသည့် လူကမ္ဘာကြီးတို့သည် တစ်ကမ္ဘာနဲ့ တစ်ကမ္ဘာ ပွတ်တိုက်ဆော့ကစားဖို့ အားယူနေကြပြီး လောကကြီးရေဟု သူ၏စိတ်ထဲမှ ရေရွတ်ရင်း သူ၏ မချိုချဥ်အပြုံးလေးနဲ့အတူ သူ၏အသံဖြင့် အို…လူသားအပေါင်းတို့ အယူအဆမတူကြလို့ သူနိုင်ကိုယ်နိုင် ငြင်းခုံသတ်ဖြတ်နေသည့် ပဋိပက္ခတွေကို ရပ်တန့်ပေးကြပါခင်ဗျာ။ ၄င်းသတ်ဖြတ်အနိုင်ယူမည့် အသံတွေကိုယ့်စား အပြစ်ကင်းမဲ့နေသည့် ကလေးငယ်လေးတွေ၏ ငိုသံတွေကို နားဆင်ကြည့်ကြပါခင်ဗျာ။ အင်အားကို ဗဟိုပြုအားထားသည့် အမျိုးသား

ရေး ဝတ်ရုံလွှာကို ခြုံထားသည့် လူသတ်ပွဲကျင်းပနေတာကို ရပ်နားကြပါတော့ ခင်ဗျာ။ ငွင်းဝိညာဉ်နှုတ် ကစားပွဲအသံများ၏ ကိုယ့်စား သက်ကြီးရွယ်အိုတို့၏ သံဝေဂညည်းတွားသံတွေကို နားဆင်ကြည့်ကြပါလား ခင်ဗျာ။ ဂုဏ်ရှိန်ပါဝါ ပြိုင်ကြသူတို့၊ ဥစ္စာရမ္မက် ငန်းငန်းတက်သူတို့၊ အာဏာပါဝါ ရူးသွပ်ကြသူတို့ ခင်ဗျာ သင်တို့ရှေ့၌ မညီမျှခြင်း ပျက်သုဉ်းနေသည့် လူမှုဘဝ ကြီးကို အပြုံးမပျက် ထမ်းပိုးထားရသည့် ကမ္ဘာကြီးကိုပင် တစ်ချက်လောက်တော့ ငဲ့ညှာသင့်တာပေါ့ဗျာ။

သတ္တလောကကြီး သင်အားမငယ်ပါနဲ့။ ကမ္ဘာကြီးနှင့် ပြဿနာဆိုတာ သဘာဝကျကျဆော့ကစားနေသည့် ဖွားဖက်တော် တွေပါဗျာ။ စကြာဝဠာကြီးရေ ဆန့်ကျင်ဘက်နှစ်ခုဟာ အမြဲ ယှဉ်တွဲတည်ရှိနေသည့် လောကကြီးဗျ။ ညီညွတ်မျှတရေးလို့ ဟစ်ကြွေးနေကြသည့်အချိန်မှာ ပကတိမျက်မှောက်ကာလမှာ ညီညွတ်ခြင်း ပျက်သုဉ်းနေလို့ပေါ့။ စကြာဝဠာကြီးရေ သင် ပိုက်ထွေးထားသည့် လောကကြီးမှာ ပြဿနာကို ဖန်တီးဆော့ ကစားကြသူတွေရဲ့ တခြားတစ်ဖက်မှာ ပြဿနာကို ဖြေရှင်းသူ တွေရှိနေပါတယ်။ အဲဒါတွေဟာ လူမှုဘဝဇာတ်ခုံပေါ်က ဓမ္မနှင့် အဓမ္မတို့၏ အားပြိုင်ပွဲကြီးပေါ့ ခင်ဗျာ။

ဒါပေမဲ့ လောကကြီးရေ ပြဿနာကို ဖန်တီးကြသူတွေ ပေါများသလောက် ပြဿနာကို ဖြေရှင်းကြမယ်သူတွေက နည်း ပါးလှပါတယ်ခင်ဗျာ။ ဓမ္မလို့ချီတက်ရင်း အဓမ္မမှုမြောက် စော် ကားခံနေရတာသည် တရားမျှတမှုလို့ခေါ်ဆိုရပါမလား။ မတရား ဘူးလို့ အော်ဟစ်နေချိန်မှာဘဲ ပြဿနာဆိုသည့် ပဋိပက္ခတွေသည် ကျွန်တော်တို့ထံသို့ တိုးရွေ့ဖို့ရပ်ကြည့်နေပါတယ် ခင်ဗျာ။

အိုး…သတ္တလောကကြီး မိုးကောင်းကင်ပေါ်က ငှက်အပေါင်းတို့သည် ဝေဟင်မှာလေဟုန်စီး၍ ပျံသန်းနေကြရင်း လွတ်လပ်မှုကို ရှာဖွေနေကြပါသည်။ ဒါပေမဲ့ ခွန်အားကြီးသူသည် နိုင်ထက်ဗိုလ်ကျမှုကို ဂုဏ်ယူစွာတန်ဖိုးထားကြသည်။ ဒါကြောင့် ခွန်အားနည်းသူတွေဟာ ပျံသန်းကြရင်း ကောင်းကင်ကြီးရဲ့ တစ်နေရာမှာ ပျောက်ကွယ်ရတာပေါ့။ ဒါတွေ ဖြေရှင်းနေရင်းပင် ပြန်ရှုပ်ထွေးလာသည့် သတ္တလောကကြီး၏ သရုပ်မှန်ဝါဒဟု ဖွင့်ဆိုပါရစေ။

သတ္တဝါအပေါင်းတို့ခင်ဗျာ … လူသတ္တဝါအများစုသည် မှန်နေသလား၊ မှားနေသလားဆိုသည့်အဖြေကို ထုတ်မကြည့်နိုင်ဘဲ လောက၏ တန်ခိုးရှင်ဟု ယုံကြည်သည့် ကုန်ထုတ်ကိရိယာနောက်သို့ ငမ်းငမ်းတက်လိုက်နေကြပါတယ်။ ၎င်းဖြစ်တည်မှုဘေးထွက်ဆိုးကျိုးသည် စကြာဝဠာကြီးထဲက ကမ္ဘာအစုဝေးများစွာ၌ငိုသံတွေဖြင့် သက်သေပြုပေးနေပါတယ်။

သတ္တလောကြီးခင်ဗျာ တပ်မက်မှုသည် ပြဿနာဆိုသည့် ပဋိပက္ခကို မွေးဖွားပါတယ် ခင်ဗျာ။ ပြဿနာ ဖြစ်တည်ရခြင်း၏ မူလအရင်းမြစ်တွေသည် သတ္တလောက၏ ရှေ့မှောက်၌ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖွံ့ဖြိုးနေပါတယ်။

လူသတ္တဝါတို့၏ ရင်ထဲနှလုံးသားထဲ ကိန်းဝပ်နေသည့် အတ္တစိတ်သည် သတ္တလောကကြီးတစ်ခုလုံးအတွက် ရွံ့စရာ၊ ကြောက်ရွံ့စရာအဖြစ် လှုပ်ရှားသက်ဝင်ဖို့ လှုံ့ဆော်နေပါတယ်။ သေချာပါတယ် ကမ္ဘာကြီးရေ။ အသိဉာဏ်ပညာ ရှိနေသူဖြစ်ဖြစ်၊ အသိဉာဏ်ပညာ ကင်းမဲ့နေသူဖြစ်ဖြစ်၊ အသိဉာဏ်ပညာ ထုံအနံ့ချာနေသည့်သူဖြစ်ဖြစ် သေချာသည့်ရလဒ်တစ်ခုကို ထုတ်ပြရ

လျှင် သူ၏ဘဝကို စေခိုင်းနေသည့် ထိုအတ္တစိတ်ပင်ဖြစ်သည်။ ဒါကြောင့် သူ၏အရှင်သခင်ဘဲ ဖြစ်နေတော့သည်။

သူပြောနေသော စကားကိုရပ်ကာ အရူးတစ်ယောက်ပမာ တဟားဟားဖြင့် ဟားတိုက်ရယ်မောလိုက်ပါသည်။ ရယ်လွှမ်းမှုနှင့်အတူ အတ္တနဲ့တည်ဆောက်ရတာသည် ဘဝကွဲဟု အော်ဟစ်ရင်း ရယ်လိုက်ပါသည်။ ၄င်းရယ်သွမ်းမှုနှင့်တူ စက်စုပ်ဖွယ်ရာ ကြောက်စရာအတ္တကြီးဟု ကြိမ်းဝါးသံသည် ချောင်းရေပြင်တစ်လျှောက် ဟိန်းထွက်သွားပါသည်။

သူ၏ရယ်သွမ်းဟားတိုက်မှုကို တခဲနဲ့ရပ်ကာ တည်ငြိမ်ပြတ်သားသော လေသံဖြင့် အတ္တနှင့် တည်ရှိလာသည့် သတ္တဝါလောကသားတို့ အတ္တစိတ်တွေကင်းဖို့ မတောင်းဆိုချင်ပါဘူးခင်ဗျာ။ ၄င်းအတ္တစိတ်ကို မျှတညီညွတ်စွာ မွေးဖွားကြဖို့ မျှော်လင့်မိပါတယ်။ ဒါကြောင့် အတ္တသည် မျှတညီညွတ်သည့် အတ္တဖြစ်ဖို့ တောင်းဆိုပါရစေ။

အို သတ္တလောကသားတို့ ကျွန်တော်ရဲ့တောင်းဆိုမှုကားမှားနေပါသလား။ နောက်တစ်ကြိမ် မှားနေသလားဟု ဟစ်အော်လိုက်သည်။ ထိုအော်သံနဲ့အတူ တိတ်ဆိတ်စွာ သူ၏ရှေ့မှ စမ်းချောင်းကလေးအား စူးစိုက်စွာငေးကြည့်နေပါသည်။

မကြာလိုက်ပါ။ သူ၏ မျက်နှာပြင်၌ မချိုမချဉ်အပြုံးလေးကို ပြုံးလိုက်ပါသည်။ ထိုအပြုံးလေးကြားမှ သူသည် လေသံပျော့ပျော့လေးဖြင့် အို…စမ်းချောင်းကလေးခင်ဗျာ ဘဝကို စေ့စေ့ကြည့်လိုက်သည့်အခါ ကျွန်တော်ခင်ဗျားကို အားနာမိပါသည်။ ခင်ဗျားကို ထမ်းပိုးထားရသည့် ကမ္ဘာကြီးကို ငဲ့ညှာမိပါသည်။ ကျွန်တော်တို့လို သတ္တဝါတွေကို အကျိုးပြုပေးနေသည့် ထိုစမ်း

ချောင်းကလေးကို လက်ခံထမ်းပိုးထားသည့် ကမ္ဘာကြီးခင်ဗျာ။ အတ္တဝတ်ရုံလွှာကြီးနှင့်အတူ သတ္တဝါတွေက မညှာမတာ ကမ္ဘာကြီးကို ငိုရအောင်၊ စမ်းချောင်းကလေးကို ရင်ကွဲအောင် အသုံးတော်ခံပျော်ပါးနေသည့် လူသတ္တတစ်စုကြောင့် ချိနဲ့နေသည့် အမိကမ္ဘာကြီးကို လူသတ္တဝါအများစုသည် ငြိမ်းချမ်းရေး ဝေါဟာရစကားလုံးကို လှလှပပထွေးပိုက်ထားပါတယ်။ ပေးဆပ်ခြင်းလက်တစ်စုံဖြင့် ဖြန့်ကျက်ယုယနေပါတယ်။ သို့သော် ကမ္ဘာကြီးရေ၊ စမ်းချောင်းကလေးရေ မင်းလည်း တို့တစ်တွေနဲ့အတူ ဝတ်ရုံလွှာ၏ ကကွက်ဆန်းတွေအောက် လူးလွန့်ငိုကြွေးနေရသည်မဟုတ်လား မေးပါရစေ သတ္တလောကကြီးရေ။

သတ္တလောကသားတို့ စကြာဝဠာကြီး၌ ငါမရှိဘူး၊ မင်းမရှိဘူးဟေ့။ ဒါပေမယ့် လောကဇာတ်ခုံ၌ ပေးဆပ်သူတို့၏ ကကွက်၊ တစ်ဖက်မှာ ခနဉစ္စာ၊ ပါဝါ၊ အာဏာ စွမ်းဆောင်မှုအရှိန်ဆိုသည် ငှင်းကုန်ထုတ်ကိရိယာသုံးခုသည် သတ္တလောကတစ်ခုလုံးကို ဆော့ကစားဖို့ လှုံ့ဆော်အားကောင်းနေပါသည်။

ဒါကြောင့် ငါ၏ရှေ့မှစမ်းချောင်းကလေးရေ မငိုလိုက်ပါနဲ့ ခင်ဗျာ။ မင်းရဲ့ငိုသံထက်မှာ မိုးကောင်းကင်ကြီးကလည်း အာဏာ၊ ခနဉစ္စာ၊ ပါဝါအရှိန်ဩဇာတို့၏ ဆော့ကစားမှုအောက်ဝယ် ငိုကြွေးမြည်တမ်းနေမှာပေါ့။ ဒါတွေဟာ အကြောင်းအကျိုး ဖြစ်တည်မှု သဘောတရားလို့ယူဆလျှင် ကမ္ဘာကြီးခင်ဗျာ ကျွန်တော်သည် ခင်ဗျားကိုပြောရပါလိမ့်မယ်၊ ခင်ဗျားဘဝသည် ထာဝရမငြိမ်းချမ်းသည့် ကမ္ဘာကြီးအဖြစ် ဖွင့်ဆိုရမှာပေါ့။ ငှင်းဖွင့်ချက်ရဲ့အနား ကမ္ဘာကြီးရေ မင်းရဲ့တန်ပြန်ထိုးနက်မှုကို မင်းက ကွဲပြားစွာမတုံ့ပြန်နိုင်ဘူးဟေ့ဟု ဟစ်ကြွေးသံနဲ့အတူသူ၏ ရှေ့မှ စမ်းချောင်း

ကလေးကို မျက်စတစ်ချက်ပစ်လိုက်သည်။ သူ၏ အလုပခဆုံး အပြုံးကို ပြုံးလိုက်ပါသည်။ ၄င်းအပြုံးလှလှလေးကို ထွေးပိုက်ကာ စမ်းချောင်းလေးနံဘေးရှိ သူ၏ဂေဟာဖြစ်သော တဲအိမ်လေးထဲသို့ ဝင်သွားပါတော့သည်။

နံရံမှ နာရီလက်တံလေးများသည် သူ၏အလုပ်ကို သူ့တာဝန် အတိုင်း လုပ်ကိုင်လှုပ်ရှားနေပါသည်။ အောင်သာရွာမှ လယ် လုပ်သားကြီးများသည် သူ့တာဝန် သူ့ဝတ္တရားကို ကျေပွန်အောင် ထမ်းဆောင်နေကြပါသည်။ ကပ္ပိယလုလင် ကိုသာကျော်သည် ရွာလယ်လမ်းတစ်လျှောက် ဆွမ်းခံကြွရာ ဆရာတော်နှင့် ကိုရင် လေးများ၏နောက်မှ ဆွမ်းချိုင့်ဆွဲကာ လိုက်ပါလာပါသည်။ သာယာဖြောင့်ဖြူးနေသည့် ရွာလယ်လမ်းမကြီးပေါ်မှ ကျောင်း သားလေး၏ ကြေးစည်ထုသံ ဒူဝေဝေ ဆွမ်းတော်ဖိုးဟု ကျောင်း သားလေး၏ ဟစ်ကြူးသံသည် ဟိန်းထွက်သွားပါသည်။ ဆွမ်း လောင်းနေသည့် ရွာသူရွာသားတို့၏ သဒ္ဓါစိတ်ကြည်ညိုသက်ဝင် မှု ရုပ်ပုံလွှာ၊ ရွာဦးကျောင်းဆရာတော်ကြီး၏ သီလဂုဏ်၊ ပညာ ဂုဏ်၊ သမာဓိဂုဏ်တို့၏ အရောင်တဖြာဖြာ၊ အလင်းတထိန်ထိန် တို့အား မြင်ရသူတို့၏ စိတ်နှလုံးဝယ် အေးချမ်းငြိမ်သက်စေပါ သည်။ ထိုအထဲမှ ရွာသူရွာသားအများစုသည် ကပ္ပိယလုလင် ကြီးအား ချစ်ခင်လေးစား တန်ဖိုးထားသည်ကို တွေ့ရသည့် လူအပေါင်းအဖို့ ပို၍အံ့ဩနေလိမ့်မည်။ ထိုအထဲမှ ဤကျေး လက်ရွာသို့ တာဝန်ဖြင့်အသစ်ရောက်လာသည့် သူနာပြုဆရာ မလေး စန်းစန်းဌေးသည် ပို၍အံ့ဩနေပါသည်။ ထိုအံ့ဩစိတ် ကလေးနှင့်အတူ သူမ၏ စိတ်ထဲ၌ နံနက်ခင်းဝေလီလင်းအချိန် တွေ့လိုက်ရသည့် ကပ္ပိယလုလင်၏ ရုပ်ပုံလွှာကို ပို၍ပို၍ သူမ၏ အာရုံဆီသို့ လွှမ်းမိုးနေတော့သည်။

ညနေခင်းအချိန်အခါဝယ် ကောင်းကင်မှ နေမင်းကြီး၏ အပူရှိန်သည် လျော့နည်းစပြုလာပါသည်။ ထိုအချိန်၌ ကပ္ပိယ လုလင် ကိုသာကျော်သည် ရွာ၏ အလယ်တည့်တည့်၌ ရှိနေသည့် ကိုသာမြတ်၏ လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိနေပါသည်။ ကိုသာကျော်သည် ၎င်းရွာမှ လူကြီးလူငယ်များဖြင့် စကားဝိုင်း ထဲ၌ စကားလက်ဆုံကြနေပါသည်။ ထိုစကားဝိုင်းထဲ၌ ဆိုင်ရှင် ကိုသာမြတ်တစ်ယောက်ပင် ပါနေသည်။ စကားဝိုင်းလေးဆီမှ အငြင်းအခုံအသံများကို ကပ္ပိယလုလင်တစ်ယောက် စိတ်ရှည် ရှည်ဖြင့် နားထောင်ပေးနေသည်။ သူ၏အပြုံးများကလည်း လှပ ဝေဆာနေပါသည်။

ထိုအချိန် ဆိုင်ရှင်ကိုသာမြတ်သည် ထွန်းအေးနှင့် ငထွန်းတို့ ငြင်းခုံမှုကြားကို ဝင်ဖျက်၍ ကပ္ပိယလုလင်အား တစ်ဆင့်ခံ သဘောဖြင့် မေးလိုက်သည်။

"ကပ္ပိယကြီး ငထွန်းက အစိုးရလုပ်သမျှ အမှန်တွေလို့ ပြောနေတယ်ခင်ဗျာ၊ ထွန်းအေးကလည်း မဟုတ်ဘူးတဲ့။ အစိုးရ လုပ်သမျှထဲမှာ အမှားတွေလည်းရှိနေတယ်လို့ ပြောနေတယ်။ ကျွန်တော်တို့လည်း ဘယ်သူမှားတယ် ဘယ်မှန်တယ်ဆိုတာကို မဆုံးဖြတ်နိုင်ဘူးခင်ဗျာ။ ဒီပြဿနာ၏ အရင်းအမြစ်ကိုသိပါရစေ"

ကပ္ပိယက အချိုသာဆုံး အပြုံးတစ်ချက်ကို ပြုံးလိုက်ပြီး ထိုအပြုံးအလေးနဲ့အတူ

"ကျွန်တော်ရဲ့အမြင် သဘောထားကို ပြောပါမယ်။ အစိုးရ ၏ အတတ်ပညာများစွာထဲမှ တစ်ခုအပါ အဝင်ဖြစ်သည့် ပညာ ရပ်သည် မာယာ (သို့) လိမ်ညာလှည့်ဖျားခြင်း အတတ်ပညာ တတ်မြောက်ဖို့ လိုပါတယ်။ အစိုးရတစ်ရပ်ကို ဦးမဆောင်ခင်

ကာလကပြောခဲ့သည့် ကတိစကားတွေကို ၅၀%/၅၀% တည်တဲ့ရင် ၄င်းအစိုးရကို ကတိတည်သည့် အစိုးရလို့ ပြောရမှာဘဲခင်ဗျ။ ဘာကြောင့်လဲဆိုတော့က ကတိမတည်သည့် အစိုးရတွေ ကမ္ဘာအနှံ့မှာ ရှိနေကြလို့ပေါ့ဗျာ''

ထွန်းအေးက ပြုံးနေရာမှပင်

''ဒါဆိုရင်တော့ ကျွန်တော် ပြောတာမှန်ပြီပေါ့နော်''

ငထွန်းက ပြုံးနေရာမှ သူ၏မျက်နှာ ရှုံ့မဲ့သွားပါသည်။ အင်အားမဲ့နေသော မျက်ဝန်းဖြင့် ကပ္ပိယလုလင်အား ငေးကြည့်နေပါသည်။

ကပ္ပိယက တည်ငြိမ်လျက်

''ညီငယ်မိတ်ဆွေတို့ အစိုးရတစ်ရပ်ဖြစ်လာလျှင် သူ့အစိုးရအာဏာရှင်သန်အားကောင်းဖို့၊ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုကာကွယ်ဖို့၊ ပရိယာယ်လိုပြောပြော လိမ်ညာလှည့်ဖျားခြင်းဘဲဆိုဆို ၄င်းအတတ်ပညာကို တံတားတစ်စင်းပမာ အသုံးချတတ်ရပါမယ်။ ၄င်းမာယာအတတ်ပညာကို ကိုင်ဆွဲအသုံးပြုတတ်မှသာလျှင် အစိုးရအဖွဲ့သည် ရှင်သန်အားကောင်းနေမှာပေါ့။ ဒါကြောင့်မှားတယ် မှန်တယ်ဆိုတာကို ပုံသေသက်သေပြုဖို့ ခက်နေတာသည် အစိုးရဘဲလေ။ အဓိကကျသည့် အစိုးရ၏တာဝန်က ၄င်းပြည်သူလူထုကို မငတ်အောင်ထားရှိဖို့၊ လုံခြုံအေးထွေးဖို့ဘဲ ဖြစ်တယ်။ ဒါမှသာလျှင် ပြည်သူလူထုသည် သူ၏ အစိုးရတစ်ရပ်ကိုလေးစားယုံကြည်နေမှာပေါ့''

ကိုသာမြတ်က

''ကပ္ပိယကြီးခင်ဗျာ အစိုးရတစ်ရပ် ကောင်းမွန်ဖို့၊ သန့်ရှင်းဖို့ ဘာလိုအပ်ပါသလဲ''

ကပ္ပိယက အပြုံးတွေ ဖြာကျလျက်

"ဟုတ်ကဲ့ခင်ဗျ ရိုးရိုးရှင်းရှင်းပြောရရင် အုပ်ချုပ်မည့် မင်းအစိုးရနဲ့ အုပ်ချုပ်ခံရမည့် ပြည်သူလူထုတို့ကြား နှစ်ဦးနှစ်ဖက် သဘောတူညီသည့် ပဋိညာဏ်စာချုပ်တစ်ခုလိုပါတယ်။ ၎င်းလိုအပ်သည့် ပဋိညာဏ်စာချုပ်သည် ညီညွတ်မျှတမှု ရှိနေခြင်း၊ မရှိနေခြင်းအပေါ် စံသတ်မှတ်ထားပြီး ဦးသာမြတ်မေးထားသည့် အဖြေက ထွက်ပေါ်လာပါလိမ့်မယ်၊ ကျွန်တော့်သဘောထားနဲ့ သိစွမ်းမှုကို မျှဝေပါမယ်။ ၎င်းပဋိညာဏ်စာချုပ်သည် သိက္ခာရှိရှိ အသက်ဝင်ဖြစ်ထွန်းရန် အပြန်အလှန် ထိမ်းကျောင်းထားသည့် ဥပဒေသအင်္ဂါရပ်များ ရှိရပါမယ်။ ညီညွတ်မျှတမှုအပေါ် အခြေခံသည့်အလုပ်နှင့် သဘောတရားများ ပါရှိရပါမည်။ ကတိစကား (သို့) တိကျရှင်းလင်းသည့် ဥပဒေအင်္ဂါရပ်များ ပါရှိရပါမည်။ ရှုထောင့်ပေါင်းစုံက ဘုံရပ်တည်ချက် တူညီသည့် ဥပဒေစာချုပ်ဖြစ်ပေါ်ဖို့ လိုအပ်ပါတယ်။ ဘာကြောင့် နိုင်ငံတော်က ညီညွတ်မျှတသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို မွေးဖွားပေးရသလဲ။ အုပ်စိုးသူ မင်းအစိုးရနှင့် အုပ်ချုပ်ခံ ပြည်သူလူထု၏ ဆက်သွယ်လမ်းဖြစ်သလို အစိုးရတစ်ရပ်သည် အစိုးရတစ်ရပ်နှင့် တူညီအောင်သွားနိုင်ဖို့ မွေးဖွားရတာပေါ့ဗျာ"

ငထွန်းက တပြုံးပြုံးဖြင့် နားထောင်နေရာမှ

"ဒါဆိုရင် ကပ္ပိယကြီးခင်ဗျာ အာဏာပိုင်အစိုးရများ၏ လုပ်ကိုင်ဆောင်ရွက်ချက်တွေ ဖြောင့်မတ်မှန်ကန်ဖို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ်မူတည်နေတာလား"

ကပ္ပိယက ပြုံးစိစိဖြစ်နေရာမှ ငထွန်း၏အမေးစကားကို နားထောင်ရင်း ရယ်သွမ်းလိုက်သည်။ သူ၏ရယ်သွမ်းမှုကိုရပ်ကာ ငထွန်းရဲ့ အမြင်သဘောထားကို မှန်ကန်တယ်လို့ ယူဆ၍

"အပြည့်အဝထောက်ခံတယ်ခင်ဗျာ။ ပြည်သူလူထုသည် အစိုးရတစ်ရပ်ကို မွေးဖွားပြီး တန်ဖိုးထားရသည့် ရည်ရွယ်ချက်သည် နိုင်ငံတော်၏ ယန္တရားအသီးသီးကို ဦးဆောင်စီမံဖို့၊ ညီညွတ်မျှတစွာ နိုင်ငံတော်၏ စီမံမှုကိုရရှိဖို့ အစိုးရတစ်ရပ်ကို မွေးဖွားကြတာပေါ့ဗျာ။ အစိုးရတစ်ရပ်ကို ပြည်သူလူထုက နိုင်ငံသူနိုင်ငံသားနဲ့ နိုင်ငံတော်အတွက် ဘာကြောင့်မွေးထုတ်ရသလဲ။ နိုင်ငံအချင်း ချင်းဆက်ဆံရေးအတွက် လွယ်ကူအောင်၊ နိုင်ငံသူနိုင်ငံသား အချင်းချင်း မတရားမှုပြုတာတွေကို တားဆီးကာကွယ်အောင်၊ နိုင်ငံတော်ကို တည်ငြိမ်စေအောင်၊ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်ကို ကာကွယ်ရန်၊ ဦးစီးဦးဆောင်ပြုနိုင်ဖို့ အစိုးရတစ်ရပ်ကို မွေးဖွားပေးလိုက်တာဘဲ။ ၄င်းဖြစ်တည်မှု၏ နောက်ဆက်တွဲပြဿနာသည် အချုပ်အခြာအာဏာဖြစ်လာသည်။ ၄င်းအစိုးရအဖွဲ့သည် ၄င်းနိုင်ငံတော်၏ အာဏာအရှိဆုံး အဖွဲ့ဖြစ်နေသည်။ ထိုကြောင့် အဆုံးအစမရှိသည့် အစိုးရတစ်ရပ်၏ အာဏာအင်အားစုကို ထိန်းကျောင်းဖို့အတွက် ၄င်းနိုင်ငံတော်၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ခု လိုအပ်လာတာပေါ့ဗျာ။ ၄င်းဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ အစိုးရတစ်ရပ်၏ အဆုံးအစမရှိသည့် အာဏာ၏စွမ်းအားကို ကန့်သက်ခွင့်၊ ထိန်းကျောင်းခွင့်ရှိဖို့အတွက် အပြန်အလှန်ထိမ်းကျောင်းမှု ယန္တရားတွေ တည်ရှိဖို့၊ ရှင်သန်ဖို့ လိုအပ်လာတာပေါ့ခင်ဗျာ။ အာဏာကို အပြန်အလှန်ထိန်းကျောင်းနိုင်သည့် ယန္တရားတွေမပါရှိသည့် နိုင်ငံတော်၌ အစိုးရသည် မတရားမှုတွေကို မွေးဖွားပေးနိုင်တဲ့ အဓိကရှေ့ဆောင်လမ်းပြပိုင်ရှင်လို့ ယူဆရပါမယ်။ နိုင်ငံတော်၏ နိုင်ငံယန္တရားအသီးသီး၌ ညီညွတ်မျှတမှုတွေ ပျက်စီးလာသည့်အခါ

ငှင်းနိုင်ငံတော်မှာ မင်းမဲ့စရိုက်လက္ခဏာတွေ ပေါများလာမယ်၊ နိုင်ထက်ဖိုလ်ကျမှုတွေ များပြားလာမယ်၊ အဂတိလိုက်စားမှုတွေ များလာမယ်၊ အခွင့်မပြုမှုနေထိုင်ခြင်းတွေ များပြားလာမယ့်အပြင် ဒီထက်အဆိုးရွားဆုံး အခြေအနေကတော့ ကြီးနိုင်ငယ်ညှင်း ပြုကြသည့် တောရိုင်းယဉ်ကျေးမှုတွေ ဖွံ့ဖြိုးလာသည့် လူတိရစ္ဆာန် ရွာကြီးအဖြစ် တွေ့နေရတော့မှာပေါ့ခင်ဗျာ။ ဒါကြောင့် ထွန်းအေး လည်း မမှားဘူး၊ ငထွန်းလည်း မမှားဘူးပေါ့ဗျာ။ ကိုယ်အတွေးကို အမြင်အရ မှန်နေကြတာပေါ့"

စကားဝိုင်းထဲရှိလူများအားလုံး ပြုံး၍နားထောင်နေကြသည်။ ထိုအထဲမှ ငထွန်းနဲ့ ထွန်းအေးလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေပြီး ပြုံး၍ ပီတိလှိုင်းကလေးများ ဖြာကျသွားတော့သည်။

ကိုသာမြတ်က ပြုံးနေသည့်ကြားမှ

"ကပ္ပိယကြီးခင်ဗျာ ယနေ့ကျွန်တော်တို့နိုင်ငံကို ဒီမိုကရေစီ နိုင်ငံတော်ဆီသို့ သွားနေကြပြီလို့ ပြောနေတာကို ကြားနေရပါ တယ်။ ဒီမိုကရေစီဆိုတာ ဘာပါလဲ။ ကျွန်တော်လည်း မသိပါဘူး ခင်ဗျာ။ ယခုတွေ့နေရတာတွေ၊ ကြားနေရတာတွေကို အခြေခံပြီး မေးပါရစေ။ ကျွန်တော်တို့ နိုင်ငံသားအများစုသည် ဂါဝရတရား တွေ ပျက်စီးနေကြတယ်၊ အရိုင်းစိုင်းစိတ်ကလေးများကို ရှေ့တန်း တင်ပြုမူနေကြတယ်၊ လူနားနှင့် မကြားဝံ့သည့်သတင်းများကို ကြားနေရသည်၊ စာနာနားလည်မှု ကင်းမဲ့သည့် မတရားနိုင်ထက် ဖိုလ်ကျမှုတွေသည် နိုင်ငံအနှံ့မှာ ထုနဲ့ထည်နှင့် ကြီးထွားနေပါ တယ်၊ ပြည်တွင်းစစ်ကလည်း ရှိနေပါတယ်၊ အစိုးရယန္တရား အသီးသီးမှာ အဂတိလိုက်စားမှု ပြဿနာသည်လည်း ကြီးထွားနေ

ပါတယ်။ အားကောင်းနေပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှု အဖွဲ့ကို သီးခြားဖွဲ့စည်းပြီး ဆောင်ရွက်နေရတယ်။ ဒါကြောင့် ကျွန်တော်ရဲ့ အမြင်သဘောထားသည် လူယဉ်ကျေးကစ၍ လူသားဆိုင်ရာ စာရိတ္တတရားတွေ ပျက်စီးနေသည့် ကျွန်တော်တို့နိုင်ငံကို တောသားအတွေး တောသားအမေးနဲ့ဘဲ မေးပါရစေ ကပ္ပိယလုလင်ကြီး။ ကျွန်တော်တို့နိုင်ငံကြီးက ကောင်းလာမှာလား ဒါမှမဟုတ် ဒီထက်ဆိုးလာမှာလား ဘာလုပ်သင့်လဲ ခင်ဗျ"

ကပ္ပိယက ဦးသာမြတ်၏ ပြောစကားများကို မျက်လုံးလေးပြူး၍ နားစိုက်ကာနားထောင်နေသည်။ ဦးသာမြတ်မေးလိုက်သည့် မေးခွန်းကြောင့် သူ၏မျက်ခုံးလေးများ ပင့်တက်သွားသည်။ သူ၏ မျက်လုံးလေးများသည် ဝိုင်းနေရာမှ ပြူးကျယ်သွားသည်။ ဦးသာမြတ်၏ အမေးအားဖြေရန် အားယူ၍ ပြုံးလိုက်ကာ

"ကျွန်တော်ရဲ့ သဘောထားအရ နိုင်ငံတော်အတွက် အချိန်ကာလတိုင်းဝယ် ကြောက်စရာပေါ့ခင်ဗျာ။ အနာဂတ်ကို တွေးကြည့်လိုက်ရင် သွေးပျက်မတက် ကြောက်စိတ်ပျက်စရာကြီးပေါ့။ ဒါကြောင့် လူသားဆိုင်ရာ ယဉ်ကျေးမှုပျက်စီးရင် နိုင်ငံတော်၏ တည်ငြိမ်ရှင်သန်ခြင်း ပျက်စီးပြီပေါ့ခင်ဗျာ။ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာတွေ ကွယ်ပျောက်ကြရင် လူမျိုးပျောက်ပြီပေါ့။ နာမ်မဲ့၊ ရုပ်မဲ့ဖြစ်သည့် ခေတ်ကိုပုံဖော်ပြီး မိမိ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာတွေကို မထိန်းသိမ်းကြရင် မကာကွယ်ကြရင် ရာစုသစ်၏ ခေတ်သစ်ကျေးကျွန် လူမျိုးတွေဖြင့် နေကြမှာပေါ့ ခင်ဗျာ"

ကပ္ပိယလုလင်၏ စကားအဆုံး၌ စကားဝိုင်းရှိ လူအားလုံးတို့၏ မျက်လုံးကလေးများသည် ကိုယ့်စီကိုယ်ငှဝိုင်းစက်လျက်

ထိတ်လန့်သွားလေသည်။ ထိုအထဲမှ ငထွန်းသည် 'ဟာခနဲ' အာမေဋိတ်သံထွက်လျက် တုန်လှုပ်သွားတော့သည်။ ထိုစိတ်ကလေးနှင့်အတူ ငထွန်းသည် ကပ္ပိယလုလင်အား

"ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေ ဘာလုပ်သင့်သလဲ၊ ဘာလုပ်ရမလဲ ခင်ဗျာ"

ဟု လေသံပျော့ပျော့လေးဖြင့် မေးလိုက်သည်။

ကပ္ပိယက မပြုံးမရယ်ဖြင့် တည်ငြိမ်လျက်ပင်။

"ငထွန်းရေ ပထမဆုံးလုပ်ရမှာသည် မိမိကိုယ်တိုင် လူသားဆိုင်ရာ ယဉ်ကျေးမှုတွေဖြစ်သည့် ဆင်ခြင်တုံတရားနှင့် စာနာနားလည်မှုကို ဖျက်စီးနှင်းခြေသူမဖြစ်အောင် စောင့်ထိန်းလိုက်နာဖို့ လိုအပ်တာပေါ့ကွာ။ ဒါထက်လုပ်ဆောင်ဖို့ လိုအပ်တာကတော့ ကာကွယ်စောင့်ရှောက်သူ၊ ရှေ့ဆောင်လမ်းပြသူအဖြစ် ကြိုးစားပြရမှာပေါ့။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိနိုင်ငံသားတွေအတွက် ဓလေ့ထုံးတမ်း အစဉ်အလာတွေကို တန်ဖိုးထားရလိမ့်မယ်၊ မြတ်မြတ်နိုးနိုး ကာကွယ်ထိန်းသိမ်းရလိမ့်မယ်၊ မိမိရဲ့ မြေကြီး၊ မိမိရဲ့ အသက်မွေးဝမ်းမှုတန်ဖိုး၊ မိမိရဲ့သံယံဇာတကို မိမိကိုယ်တိုင် ချစ်ရမယ်၊ ပြုစုမွေးဖွားရလိမ့်မယ်၊ မိမိရဲ့ ရပ်ရွာ၊ မိမိရဲ့ သက်မွေးမှုပထဝီအမွေနှစ်၊ မိမိရဲ့ ယဉ်ကျေးမှုနဲ့ ထုံးတမ်းအစဉ်အလာတွေကို မပျက်စီးဖို့၊ မရိုင်းသွားဖို့၊ ပျောက်ပျက်မသွားအောင် တာဝန်အရှိဆုံးလူသည် မိမိကိုယ့်တိုင်ပင်ဖြစ်သည်။ မိမိကိုယ်တိုင်မထိန်းသိမ်း၊ မကာကွယ်နိုင်၊ တန်ဖိုးမထားကြရင် ဘယ်သူက လာရောက်ကာကွယ်ပေးမှာလဲ၊ မိမိကိုယ်တိုင်ဘဲ ကာကွယ်ရမှာပေါ့ဗျာ။ ညီငယ်တို့ရေ မိမိနိုင်ငံ၏ ဂုဏ်သိက္ခာ၊ သဘာဝအလှတရား၊ ယဉ်ကျေးမှု ဓလေ့ထုံးအစဉ်အလာတွေကို အခြားတစ်ဖက်က

တိုက်စားနင်းခြေခံရလျှင် လွှမ်းမိုးသက်ရောက်လာသည့်အခါ နိုင်ငံတော်ကြီးသည် ဇာတိဂုဏ်ပျက်၍ နိုင်ငံပျောက်သွားပါလိမ့်မည်။ ဆက်ပြီးလေ့ထုံးတမ်းစဉ်လာတွေ ကွယ်ပျောက်သွားရင်း ၄င်းလူမျိုးပါ ပျောက်ကွယ်သွားပါလိမ့်မည်။ ဒါကြောင့် ညီငယ်တို့ရေ မိမိနိုင်ငံတော်နဲ့ မိမိလူမျိုးစုတွေ ရှင်သန်ဖွံ့ဖြိုးဖို့၊ ကာကွယ်နိုင်တာသည် နိုင်ငံသူနိုင်ငံသားတွေကလွဲလို့ ဘယ်သူရှိအုံးမှာလဲ။ ညီငယ်တို့ရေ နိုင်ငံတော် ခိုင်မာတောင့်တင်းဖို့၊ နိုင်ငံသူနိုင်ငံသားတွေ ပညာကို တန်ဖိုးထားခြင်းနဲ့ နိုင်ငံကိုအလုပ်အကျွေးပြုဖို့ အဓိကကျတာပေါ့ကွာ။ နိုင်ငံရဲ့ ကျေးဇူးတရားနဲ့ နိုင်ငံတော်တန်ဖိုးကို သိတတ်ဖို့လိုတာပေါ့။ နိုင်ငံသူနိုင်ငံသားတွေအနေနဲ့လည်း နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တရားမျှတမှုရှိသည် ဥပဒေကို လေးစားလိုက်နာဖို့ လိုအပ်ပါတယ်၊ မတရားဘူးလို့ယူဆရင် ကန့်ကွက်ဖို့ ဝတ္တရားလည်း ရှိပါတယ်။ ဒီဖြစ်စဉ်ကို ကြွယ်ဝဖွံ့ဖြိုးဖို့ ပညာရပ်တွေကြွယ်ဝတက်မြောက်ဖို့ အဓိကကြနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ပညာဉာဏ်ဖွံ့ဖြိုးမှုသည် လူသားတို့၏ အတွင်းခံတည်ရှိနေသည့် အရိုင်းစိတ်ကို ပြုပြင်ထိန်းကျောင်းနိုင်သည့် မှော်စွမ်းအင်ဖြစ်လို့ပေါ့ ခင်ဗျာ''

မောင်အေးက ကပ္ပိယ၏ စကားအပြတ်၌

''ဒါဆိုရင် တိရစ္ဆာန်လောကကြီးမှာ ဘာတွေထပ်ဖြစ်နေကြမှာလည်း ကပ္ပိယကြီး''

ကပ္ပိယက သူ၏မျက်နှာ၌ ပြုံးရိပ်သန်းကာ ရီဖြဲဖြဲဖြစ်သွားသည်။ သူ၏ အပြုံးလေးများကိုရပ်ကာ

''မောင်အေးရေ နိုင်ရာကိုစားပြီး ကြီးနိုင်ငယ်ညှင်းသည် အဓမ္မမှုတို့ ပျော်မွေ့ကျက်စားရာ မြေကြီးပေါ့ကွာ။ အင်အားကြီး

သူတို့က အင်အားနည်းသူတို့ကို နိုင်ထက်စီးနင်းဗိုလ်ကျသည့် အဓမ္မမှုဖြစ်စဉ်တွေ ကြီးစိုးနေသည့် လောကကြီးပေါ့။ ဒါထက် ပိုပြီးဖွင့်ဆိုရမယ်ဆိုရင် လူသားဆိုင်ရာ ဆင်ခြင်တုံတရားနှင့် စာနာနားလည်မှု ပျက်သုဉ်းသည့်အခါ တရားမျှတမှုနဲ့ ညီညွတ်မျှတခြင်းကင်းမဲ့နေသည့် လူ့ရွာကြီးအဖြစ် လှုပ်ရှားလာတာပေါ့။ ၄င်းလူ့ရွာ ၄င်းနိုင်ငံတော်မှာ ပြည်သူလူထုက ယုံကြည်လို့ အပ်နှံထားသည့်အာဏာ၊ တာဝန်တွေကို လက်နက်တစ်ခုဖြင့် မိမိဘဝရှင်သန်အားကောင်းရေးအတွက် အသုံးချသည့် ဖြစ်စဉ်တွေ နေရာဒေသ လူအလွှာအနှံ့မှာ ဖြစ်ထွန်းနေတာပေါ့။ ထိုအခါ အစိုးရတစ်ရပ်၏ ဂုဏ်သတ္တိသည် ပြောင်းလဲသွားတော့သည်။ ဘာကြောင့်လဲဆိုတော့ တရားမျှတမှုနှင့် ညီညွတ်မျှတခြင်း မရှိသည့် နိုင်ငံတော်၌ ၄င်းအစိုးသည် လက်နက်ကိုင်ပြီး တိုက်စားနေသူတို့ ထက်ပို၍ ကြောက်စရာကောင်းသည့် ယန္တရားစုကြီး ဖြစ်နေလို ပေါ့ဗျာ"

ထိုအချိန်၌ ရွာ၏အနောက်ပိုင်းတွင် နေထိုင်သည့် ငပွေတို့ လူတစ်စုသည် အရက်မူး၍ ရွာလမ်းမကြီးပေါ်၌ ကခုန်နေကြသည်။ ကပွဲယလုလင်သည် ပြောလက်စ စကားများကိုဖြတ်ကာ စကားဝိုင်းရှိ လူအားလုံးကို နှုတ်ဆက်လိုက်သည်။ နှုတ်ဆက်ပြီးပြီးခြင်း ဆိုင်ပြင်ဘက်သို့အရောက် ငပွေတို့လူစုနှင့် မျက်နှာချင်းဆိုင်တွေ့ကြသည်။ ငပွေတို့လူငယ်တစ်စုသည် သူတို့၏ ဦးခေါင်းလေးများကို ကိုယ့်စီငုံ၍ လူကောင်းများပမာ ခပ်သုတ်သုတ်လေး ရွာနောက်ဘက်သို့ လျှောက်သွားကြသည်။

ထိုမြင်ကွင်းအား အစအဆုံးငေးကြည့်နေသော သူနာပြုဆရာမလေး စန်းစန်းဌေးသည် သူမ၏နှုတ်ခမ်းများမှပင် အသံ

ထွက်ကာ ''ဟိုမှာ ဟိုမှာ''ဟု လက်ညှိုးထိုးကာ ''ကျွန်မ မနက်ကတွေ့လိုက်သည် ချောင်းဘေးနားက အရူးကြီး'' ဟု ပြောလိုက်သည်။ ထိုအခါ အနီးရှိ အရီးလှတို့ လူတစ်စုသည် ပြုံးဆက်ဆက်လေးဖြစ်ကာ တခစ်ခစ်ရယ်လိုက်ကြသည်။

သူတို့ရယ်သံကြောင့် ဆေးထိုးရန် လက်မှကိုင်ထားသည့် ဆေးထိုးအပ်ကို ကိုင်ထားလျက် အံ့သြစွာ ရပ်တန့်သွားသည်။ ထိုအခါ သူမနှင့်အတူ ဆေးကုသပေးရန် အဖော်ဖြစ်ပါလာသည့် မကြီးမြသည် ဆရာမလေး၏အဖြစ်ကိုရိပ်မိ၍ သူမ၏အပြုံးများနဲ့ ရယ်လွှမ်းမှုကိုတီခနဲ့ ရပ်ကာ ''မအံ့သြပါလိုက်ပါနဲ့ ကြောက်လည်း မကြောက်လိုက်ပါနဲ့ ဆရာမလေး၊ ကပ္ပိယလုလင်၏ တစ်မူထူးခြားမှုကို တွေ့လိုက်ရလို့ အရူးအဖြစ် ထင်မှတ်သွားတာပါ။ တကယ်တော့မရူးပါဘူး ဆရာမလေး။ သူက လူကောင်းတစ်ယောက်ပါ သဘောထားပြည့်ဝပြီး ရိုးသားဖြောင့်မတ်ပါသူပါ တဖြည်းဖြည်းနဲ့ ကပ္ပိယလုလင်၏အကြောင်းကို သိလာ၊ မြင်လာပါလိမ့်မယ် ဆရာမလေး'' ဟု ပြောပြလိုက်သည်။ ထိုအခါ အရီးလှသည် ''ဟုတ်ပ ဟုတ်ပ'' ဟုကျေးလက်လေသံဖြင့် မကြီးမြစကားအား ထောက်ခံလိုက်သည်။ အရီးလှကဆက်၍

''ဆရာမလေး ဒီရွာကိုတာဝန်ထမ်းဆောင်ဖို့ ရောက်ရှိလာအောင် အစီကစွမ်းဆောင်သူက ဆရာမလေးအရူးလို့ထင်လိုက်တဲ့ ကပ္ပိယလုလင်ဘဲ ဆရာမလေးရေ'' လို့ပြောလိုက်တော့သည်၊

ထိုအခါ စန်းစန်းဌေးတစ်ယောက် အံ့သြမှုအပြုံးများနှင့် ရောစပ်ကာ အားနာသွားသည့် မျက်ဝန်းရိပ်လေးများ ဖြာကျနေသည်။ သူမတစ်ယောက် သူမ၏စိတ်ကို ထိန်း၍ အရီးလှ၏ ခင်ပွန်းသည် လူနာအား ဆေးထိုးပေးလိုက်သည်။

လူနာအား ဆေးကုသပြီး၍ မကြီးမြအိမ်သို့ အပြန်လမ်း၌ သူနာပြုဆရာမလေး စန်းစန်းဌေးသည် အံ့ဩစိတ်ကလေးနဲ့အတူ ရွာ၏အနေအထားအား ဂရုစိုက်ကြည့်သည့်အခါ သူမတာဝန် ကျခဲ့ဖူးသည် ရွာများနဲ့မတူ သန့်ရှင်းသပ်ရပ်နေသည်။ စည်းစနစ် ကျနေသည်။ ထိုအခါ သူမ၏စိတ်ဝယ် ကပ္ပိယလုလင်နှင့် ဒီရွာ လေး၏ အကြောင်းတရားများကို ဒါထက်ပို၍ပင် သိချင်နေမိ တော့သည်။ ၎င်းသိချင်စိတ်ကလေးကို မြိုသိပ်ကာ သူမတည်းခို ရာ မကြီးမြအိမ်သို့ ရောက်လာပါတော့သည်။

မိုးကောင်းကင်ထက်မှ နေမင်းကြီးသည် ကမ္ဘာတစ်ဖက်ခြမ်း သို့ ဝင်လုလုအချိန်အခါဝယ် ထိုရွာကလေး၌ လယ်ယာတောမှ ပြန်တက်ချိန် ဖြစ်နေသည်။ ထိုကြောင့် ကပ္ပိယလုလင်၏ အပြန် လမ်းတစ်လျှောက်၌ နှုတ်ဆက်သူများ ပေါများလှ၍ ကပ္ပိယ လုလင်သည် အပြုံးများဖြင့် နှုတ်ဆက်ရင်း သူ၏နေထိုင်ရာ ရွာဦး ဘုန်းကြီးကျောင်းသို့ ရောက်လာသည်။ သူ၏ စံမြန်းရာကျောင်း ဝန်း၏ အနောက်ဘက်ထောင့်ရှိ တဲအိမ်လေးရှိရာသို့ တစိုက်မတ် မတ် တန်း၍သွားလိုက်သည်။

သူ၏တဲအိမ်လေးထဲ၌ ပက်လက်လှန်ရင်း သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ စာအုပ်ကြီးကို ဖတ်နေတော့သည်။ စာဖတ်နေရင်း သူ၏ အတွေးအာရုံဆီသို့ ဒီတော၊ ဒီတောင်၊ ဒီကမ္ဘာကြီး၏ အနာဂတ်ကာလ၏ ပျက်သုဉ်းကြေကွဲမည့် အသံဗလံများကို ကြား ယောင်နေမိတော့သည်။

□

## ဥယျာဉ်ရှာ

ကောင်းကင်မှ နေမင်း၏ အပူရှိန်သည် တရိပ်ရိပ်မြင့်တက်၍ လာနေပါသည်။ ထိုအချိန်ဝယ် အောင်သာရွာ၏ ကျေးလက်ဆေးပေးခန်းဆီ၌ သူနာပြုဆရာမလေး စန်းစန်းဌေးတစ်ယောက်ထဲ ရှိနေသည်။ ဆရာမလေးသည် သူ၏ အနီးအနားမှာရှိနေသည့် ဂျာနယ်နှင့် သတင်းစာပုံကြီးထဲမှ သတင်းစာများကို ဖတ်ရှုနေသည်။ သတင်းစာများကို တစ်စောင်ပြီးတစ်စောင် ဖတ်ရှုရင်း သူမ၏နှုတ်ဖျားမှ လေပူကလေးများကို မှုတ်ထုတ်ရင်း "ဟင်းအင်း"ပေါင်းများစွာဖြင့် ပင့်သက်ချနေပါသည်။

သတင်းစာဖတ်ရင်း သူမ၏မျက်လုံးများသည် ဝိုင်းသွားလိုက် ပြူးကျယ်သွားလိုက်ဖြစ်နေသည် တစ်ခါတစ်ရံ မျက်မှောက်ပင် ကြုတ်သွားပါသေးသည်။ သူမစာဖတ်နေရသည့် သတင်းစာမျက်နှာပေါ်မှ သတင်းများသည် သူမအား ရင်လေးစရာ၊ ထိတ်လန့်တုန်လှုပ်စရာ၊ ဝမ်းနည်းကြေကွယ်ဖွယ်ရာ၊ ရွံ့မုန်းစရာ သတင်းအများစုက လွှမ်းမိုးထား၍ ဖြစ်ပါသည်။

နောက်ထပ်တွေ့ရသည့်က ရေကြီးနေသော သတင်းတွေ၊ မုန်းတိုင်းထန်ပြီး ရေကြီးနေသောသတင်းတွေ၊ ငလျင်သတင်းတွေ၊ သဘာဝဘေး ဒဏ်ခက်မှုအောက် ဘဝပျက်သူတို့တွေ သေရသူတွေ၏ အသံများက စိတ်မချမ်းမြေ့ရသည့်ကြားဝယ် လူသားတွေ၏ ဆင်ခြင်တုံတရားနှင့် စာနာနားလည်မှု ကင်းမဲ့ခြင်းကြောင့်ဖြစ်ပေါ်ရသည့် စစ်ပွဲတွေ၊ အကြမ်းဖက်မှုတွေ၊ အဓမ္မပြုကျင့်မှုတွေ၊ လုယက်မှုတွေ ၄င်းပြဿနာ၏ ဆိုးမွေသည် နေရပ်စွန့်ခွာရသည့် ဒုက္ခသည်တွေ၊ သေပွဲဝင်ခဲ့သူတွေ ဒုက္ခိတတွေ ဘဝပြဿနာအဖုံဖုံကြားက လူသားဆိုင်ရာ လုံခြုံမှုကင်းမဲ့သွားရသမျှ သတင်းများသည် သတင်းစာမျက်နှာပေါ်၌ လွှမ်းမိုးခံနေရသည်။

ထိုကြောင့် သတင်းစာဖတ်နေရင်း သူနာပြုဆရာမလေး စန်းစန်းဋ္ဌေးသည် သူမ၏နှုတ်ခမ်းဖျားမှပင် "ဘုရား ဘုရား" အကြိမ်များစွာရွတ်ကာ ဘုရားတနေရပါတော့သည်။ ထိုသို့ဖြစ်နေစဉ် သတင်းစာပေါ်မှ သက်ငယ်မုဒိန်းမှုသတင်းများကို ဖတ်လိုက်ရ၍ သူမထံမှ မထင်မှတ်ထားသည့် "တောက်" တောက်ခေါက်သံတစ်ချက်ပင် ဟိန်းထွက်သွားပါသည်။ ထိုမှ သူမ၏အသိဉာဏ်ပညာဖြင့် စဉ်းစားဝေဖန်ကြည့်လိုက်သည်။ ထိုဝေဖန်ချက်သည် သူမနှုတ်ဖျားမှပင်ပွင့်ထွက်လာပါသည်။ "ဒါတွေဟာ တို့နိုင်ငံမှာ ဘာကြောင့်ဖြစ်နေရတာလဲ" ဟုသူမကို သူမ မေးခွန်းထုတ်လိုက်ပါသည်။ ထိုမေးခွန်းအား မိမိကိုယ့်တိုင် မိမိသိသလောက် ဉာဏ်ပညာဖြင့် အဖြေရှာကြည့်နေပါသည်။ အဖြေရှာမရ၍ သူမ၏နှုတ်ဖျားမှ "ဟင့်အင်း" ပေါင်းများစွာ ထွက်ပေါ်လာပါသည်။

သူမတစ်ယောက် သူမ၏မေးခွန်းမှ အဖြေကို သိချင်နေမိတော့သည်။ ဖွဲမလျော့ဘဲ သူမသိနိုင်တာကို သိအောင်ကြိုးစား၍

တွေးခေါ်ကြည့်ပါသည်။ သို့သော်လည်း လောကပြင်၏ မာယာ၊ လူ့အဖွဲ့အစည်းတို့၏ မာယာ၊ ဥစ္စာဓနာ၏ မာယာ၊ အာဏာ၏ မာယာ ၄င်းမာယာများစွာဖြင့် ထွေးပိုက်ခံထားရသည်။ လူ့ဘဝ တွေ၊ ပရိယာယ်မာယာလှိုင်းနဲ့ သတ်ပုတ်နေရသည့် လောကကြီး၊ မာယာတွေနဲ့ရောစပ်ကာ အဖြစ်အပျက်တွေကို ရိုးသားစွာနဲ့ ဆေး ကုသပေးနေသည့် သူနာပြုဆရာမလေး စန်းစန်းဌေးတစ်ယောက် နားလည်ရ ခက်ခဲနေပါလိမ့်မည်။ ဒီအတွက်ကြောင့် စဉ်းစားရင် မွန်းကြပ်လိုက်။ မွန်းကြပ်လာသည့်အခါ လေပူစလေးတွေကို တဖွားဖွားနဲ့ မှုတ်ထုတ်လိုက်နဲ့ ဖြစ်နေပါတော့တယ်။ ထိုမှ ဟင်အင်းပေါင်းများစွာဖြင့် သက်ပြင်းချရင်း အချိန်များ ကုန်ခဲ့ရ တော့သည်။

ကောင်းကင်မှ နေမင်းကြီးသည် မညှာမတာ ထိုးနှက်တိုက် ခိုက်နေပါသည်။ ထိုအချိန်အောက်ဝယ် ရွာဦးကျောင်းမှ ဆွမ်းခံ ကြွချိန်လည်း ကျော်လွန်ခဲ့ပါသည်။ ရွာလယ်လမ်းမကြီးပေါ်၌ မြို့တက်ကာ ဈေးရောင်းသွားသူ၊ ဈေးဝယ်သွားသူတို့ ကိုယ်စီပြန် လာနေကြသည်။ မကြီးမြတစ်ယောက် ထမင်းချိုင့်လေးကိုဆွဲကာ ကျေးလက်ဆေးပေးခန်းဆီသို့ ရောက်လာသည်။ ဆေးပေးခန်း ထဲမှ သူနာပြုဆရာမလေးက အပြုံးဖြင့် ဆီး၍ကြိုနေသည်။

နေ့လယ်စာထမင်းကို သုံးဆောင်လိုက်သည်။ ထမင်းစားပြီး မကြာ ဆေးပေးခန်း၌ လူနာများမရှိ၍ ဆရာမလေးနှင့် မကြီးမြတို့ နှစ်ဦးသည် အရှေ့ဘက်ခြမ်းမှာရှိနေသည့် ကျေးရွာစာကြည့်တိုက် သို့ သွားကြလေသည်။ သူမတို့နှစ်ဦး စာကြည့်တိုက်ထဲသို့ ဝင် သွားလိုက်သည့်အခါ ဆရာမလေးသည် အံ့သြခြင်းဝမ်းမြောက် ခြင်း အပြုံးများနဲ့အတူ ပီတိဖြာကျနေသည်။

ဆရာမလေးသည် စာကြည့်တိုက် ခေါင်းရင်းခြမ်းရှိနံရံတွင် ချိတ်ဆွဲထားသည် စာတန်းတိုကလေးအား ဖတ်လိုက်သည့်အခါ သူမတစ်ယောက် ပို၍ပင်အံ့သြသွားသည်။ သူမနှုတ်ဖျားမှ လိုက်၍ဆိုလိုက်မိသည်။ "ပြဿနာကို ဖြေရှင်းပေးနိုင်သည့် ပညာဉယျာဉ်တော်"ဆက်၍အနောက်ဖက်ခြမ်းရှိ နံရံဆီသို့ ကြည့်လိုက်သည့်အခါ ထိုစာတန်းတိုလေးအား လိုက်၍ဖတ်လိုက်ပါသည်။ "စာဖတ်ခြင်းဖြင့် ဘဝကို သင်ယူဖြတ်သန်းပါ" စာကြည့်တိုက်ဝင်ပေါက်နံရံပေါ်သို့ လှမ်းကြည့်လိုက်သောအခါ တွေ့လိုက်ရသည့်မှာ "သင့်ရဲ့ကံသည် အလုပ်တရားဖြစ်သည်" နောက်ထပ်စာပိုဒ်ကို ဆက်ဖတ်လိုက်ရာ "အနာဂတ်သာယာလှပဖို့ လက်နက်ဆန်းများစွာ ဤနေရာတွင်ရှိသည်" ထိုအခါ သူနာပြုဆရာမလေးစန်းစန်းဌေးတစ်ယောက် အံ့သြပြီးရင် ထပ်ကာထပ်ကာ အံ့သြနေရပါသည်။

ဆက်၍ ဆရာမလေးသည် စာကြည့်ခုံများ၊ စာအုပ်စဉ်များထားရှိပုံသည် သူတွေ့ရဖူးသည့် ကျေးရွာစာကြည့်တိုက်များနှင့် နှိုင်းယှဉ်ကြည့်လျှင် မိုးနဲ့မြေထုပမာဏ ကွာခြားနေပါသည်။ စာပေအမျိုးအစားအလိုက် ခွဲခြားထားပုံမှာ အံ့သြရပေသည်။ စာပေအမျိုးအစားနဲ့ ရေးသားသူ ဖော်ညွှန်း၍ ပြထားပုံမှာ စာဖတ်သူအတွက် ရွေးချယ်ရလွယ်ကူသလို စာအုပ်စာပေများထိန်းသိမ်းထားပုံမှာ စနစ်ရှိ၍ စည်းကမ်းကောင်းလှပါသည်။ ထိုအံ့သြမှုကို အနားမှပါလာသည့် ရွာခံလူ မကြီးမြသည် ပြုံးလိုက်ကာ "ဆရာမလေး ဒါထက်အံ့သြစရာကို ကျွန်မပြောပြမယ်" ဟုဆိုကာ စာကြည့်တိုက်အဖွဲ့ကတ်ရှိသူတွေဟာ နေအိမ်ကို (၇)ရက်တာမျှ ငှားယူလေ့လာနိုင်ခွင့်ပြုထားတယ်။ စာဖတ်သူ

အသင်းသားတစ်ဦးလျှင် လစဥ်အသင်းဝင်ကြေး (၃၀၀) ဖြင့် စာကြည့်တိုက်ရန်ပုံငွေကို ရှာဖွေပါတယ်။ စာကြည့်တိုက်ရန်ပုံငွေကို ဘဏ်အပ်ကာ ရရှိသည့်အတိုးကို စာကြည်တိုက်အတွက် လစဥ်သုံးငွေအဖြစ် ဖန်တီးထားပါတယ်။ စာကြည့်တိုက်မှူးတစ်ယောက်ကို ခန့်အပ်ပြီး လုပ်ခလစာသဘောမဟုတ် ထောက်ပံ့ငွေအဖြစ် တစ်လလုပ်ငွေ (၁၀၀၀၀၀) ကျပ်ဖြင့် တာဝန်ပေးထားတယ်။ ဆရာမလေးသည် မကြီးမြအား "ဒီရွာလူကြီးများသည် အမြော်အမြင်ရှိကြပြီး စေတနာကောင်းလိုက်တာ" ဟု ချီးကျူးစကားဆိုလိုက်သည့်အခါ မကြီးမြသည် "တခစ်ခစ်" ဖြင့် တိုးတိုးလေးရယ်၍ ပြုံးလိုက်သည် စာကြည့်တိုက် စာဖတ်ဆောင်ထဲမှ စာဖတ်နေကြသူတွေ မိမိအသံကြောင့် အနှောက်အယှက်ဖြစ်မှာစိုး၍ ဆရာမလေးနားဝသို့ကပ်ကာ လေသံတိုးတိုးလေးဖြင့် "ဆရာမလေး ရှူးနေတယ်လို့ ထင်လိုက်တဲ့ ကပ္ပိယလုလင်၏ လက်ရာစေတနာတွေပေါ့" ဟုပြောလိုက်သည်။ ထိုအခါ ဆရာမလေး စန်းစန်းဌေးသည် သူမ၏ အံ့သြမှုနှင့်အတူ သူမ၏မျက်ဝန်းပြင်၌ ရှက်သွေးနီနီလေးများပင် တဖြန်းဖြန်းထသွားခဲ့ပါသည်။ ထိုရှက်စိတ်ကလေးနဲ့အတူ သူမ၏ ရှေ့မှစာကြည့်တိုက်ဆောင်နံရံသို့ လှမ်းကြည့်မိလျက်ဖြစ်သွားသည်။ သူမ၏ မျက်ဝန်းလေးမှ မျက်လုံးကလေးများသည် ဝင်းပ၍ သွားသည်။ ၎င်းနံရံထက်၌ "သင်စာဖတ်ပြီးလို့ ပြန်သွားတဲ့အခါ လောကဓံကို ရင်ဆိုင်နိုင်ဖို့ ခွန်အားအသစ်တစ်ခု ရသွားပါလိမ့်မည်" ထိုစာတမ်းလေးကို ဖတ်ပြီးသည့်အခါ သူမသည်၏ စိတ်ထဲမှပင် စကားပြောလိုက်ပါသည်။ "ဒီမှာရေးထိုးထားတဲ့ ဒဿနတွေအားလုံးက ကပ္ပိလုလင်၏ ကိုယ်ပိုင်စကားလုံးများသာ ဖြစ်လိမ့်မည်"ဟု တစိမ့်စိမ့်

အတွေးများပေါ်လာကာ သူမတစ်ယောက် အချိုသာဆုံးအပြုံးကို ပြုံးလိုက်ပါတော့သည်။

စာကြည့်တိုက် စာဖတ်ခန်းထဲ၌ သတင်းစာဖတ်သူတွေ၊ ဂျာနယ်ဖတ်နေကြသူတွေ၊ ရသ၊ သုတ၊ ဘာသာရေး၊ နိုင်ငံရေး စာအုပ်အသီးသီးအား ဖတ်နေကြသူတွေထဲ၌ လူငယ်လူကြီးစုံစွာ တွေ့နေရပါသည်။ သူမ၏ စိတ်ထဲမှ "ဒါကြောင့် ဒီရွာကလူတွေဟာ ခေသူများမဟုတ်ကြတာ" ဟုရေရွတ်လိုက်သည်။ အနီးမှ မကြီးမြသည် စာကြည့်တိုက်မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စာအုပ်ကလေးဖတ်ရှုရန် အိမ်သို့ ငှားယူလိုက်ပါသည်။ သူမတို့ နှစ်ဦးသည် စာကြည့်တိုက်ထဲမှ ပြန်လည်၍ ထွက်လာခဲ့ကြပါသည်။ စာကြည့်တိုက်အပြင်သို့အရောက်တွင် ဆရာမလေးသည် ပြန်လှည့်ကြည့်ရင်း သူမ၏စိတ်ထဲ၌ "အသက်ဝင်လှပနေသည့် ပညာပြန့်ပွားရာ ကျောင်းကြီးတစ်ကျောင်း တည်ဆောက်ထားသည့် ထိုရွာကလေးပါလား" ဟု ရေရွတ်လိုက်သည်။ သူမ၏ စိတ်ထဲ၌ ဆေးပေးခန်းအဝင် ကပ္ပိယလုလင်ကြီးအား အားနာရှက်ရွံ့စိတ်ကလေးသည် သူမ၏ မျက်ဝန်းပေါ်သို့ တရိပ်ရိပ်ထင်လာခဲ့ပါသည်။ ထိုစိတ်ကလေးနဲ့အတူ ဆေးပေးခန်းလေးဆီသို့ ရောက်လာခဲ့တော့သည်။

ကျေးလက်ဆေးပေးခန်းလေးဆီသို့ လူနာများရောက် မလာခင်ဝယ် ဆရာမလေးသည် သူမသိချင်နေသည့် အကြောင်းအား မေးလိုက်သည်။

"ဘာကြောင့် ကပ္ပိယလုလင်ကို ရွာနောက်ပိုင်းက ဦးကျော်အေးက ဘာလို့မုန်းနေရတာလည်း မကြီးမြ"

ဆရာမလေး၏ မေးခွန်းကြောင့် သူမ၏ မျက်လုံးလေးများ ဝိုင်းပကာ ဆက်၍

"ဆရာမလေးက ဘယ်လိုကြောင့် သိနေတာလဲ"

ဟုပြန်၍ မေးခွန်းထုတ်လိုက်သည်။

"မကြီးမြရေ မနေ့က သူတို့အိမ်ဆေးကုသွားရင်း သူတို့ရဲ့ သဘောထားကို သိခဲ့ရတာပါ"

"ဆရာမလေးအမြင်ရှင်းဖို့ ပြောရမယ်ဆိုရင် မနာလိုစိတ်နဲ့ ရန်ဘက်အမြင် သဘောထားနေတာပေါ့။ တစ်ချိန်က သူတို့အုပ်စု က ဒီရွာမှာ ဆွေစဉ်မျိုးဆက်အလိုက် ရွာလူကြီးလုပ်စားလာတာ လေ။ အခုချိန်မှာ ရွာသူရွာသားတွေက မအတော့ဘူးလေ"

"ကပ္ပိယလုလင်က ဒီရွာမှာ ဘာတွေလုပ်ပေးနေလို့လဲ ပိုက်ဆံတွေ လှူလိုလား"

"ပိုက်ဆံမဟုတ်ပါဘူး ဆရာမလေး ဦးဆောင်မှုစွမ်းရည် ပါ"

"ဘာကိုဆိုလိုတာလည်း ဟင်"

"ဆရာမလေး နားလည်အောင် စာကြည့်တိုက် ဖြစ်ပေါ်လာ ပုံကို ပြောပြပါမယ်။ ရွာက လူငယ်လူကြီးမရွေး ဖော်ရွေစွာဆက် ဆံတယ်။ ပညာဉာဏ်ဖွံ့ဖြိုးဖို့ စာကြည့်တိုက် လိုအပ်ကြောင်း စည်းရုံးတယ်။ ရွာသူရွာသူသားတွေရဲ့ ပြဿနာကို ဝင်ရောက်ပြီး ဖြေရှင်းပေးတယ်၊ ကာကွယ်ပေးတယ်၊ အသိဉာဏ်ပါ ဖွင့်ပေး တယ်။ ဒီတော့ ရွာသူရွာသားတွေက ချစ်ခင်လေးစားကြတယ်။ တစ်နေရွာမှာ အလှူကြီးလုပ်တယ် ဆိုင်းတွေဗုံသံတွေနဲ့ပေါ့။ အကမင်းသမီးလည်း ပါတယ်။ အဲဒီအလှူကို အကြောင်းပြုပြီး နောက်ထပ်လှူကြသူတွေလည်း ပေါ်လာတယ်။ အဲဒီအခါ ကပ္ပိယ လုလင်က နောက်လှူမယ်သူတွေကို အကြောင်းအကျိုးနဲ့ ထောက် ပြတယ်။ အလှူမှာ ဆိုင်းနဲ့အကတွေအတွက် ပေးရတဲ့ငွေကို

ရွာမှာဖွံ့ဖြိုးရေးအတွက် မတည်စိုက်လှူကြမယ်ဆိုရင် အလှူကြီးနှစ်ခု တစ်ပြိုင်တည်း ပြုနိုင်တယ်ဆိုတဲ့အကြောင်းကို ပြောပြပြီး စည်းရုံးတယ်။ အဲဒီအလှူရှင်တွေ သဘောပေါက်သွားတယ်။ ဆိုင်းနဲ့အကအတွက် ကုန်ကျမဲ့ငွေတွေကို ကျေးရွာဖွံ့ဖြိုးရေးအတွက် လှူကြတယ်။ ကပ္ပိယလုလင်က ၎င်းတို့ကို ဖွံ့ဖြိုးရေးကော်မတီဖွဲ့ပြီး အဲဒီငွေကို ကျေးရွာအတွက် မတည်လိုက်တယ်။ နောက်ပိုင်း ရွာသူရွာသားတွေကလည်း ဝိုင်းပြီးလှူကြရင်း စာကြည့်တိုက်လေး စတင်ပေါ်လာတာပါဘဲ။ ကပ္ပိလုလင်က ဒီရွာလေးကို ဒီအဆင့်ထိဖြစ်အောင် လုပ်အား၊ ဉာဏ်အား၊ စေတနာအားတွေအပြည့်နဲ့ လုပ်ပေးနေသူပါ။

ကပ္ပိလုလင်အကြောင်းအား နားထောင်ရင်း ဆရာမလေး၏ မျက်ဝန်းပေါ်၌ ပြုံးရိပ်လေးများဖြာလျက် ပီတိဖြစ်နေသည်။ ထိုအချိန် ဆရာမလေးသည် ရွာလယ်လမ်းမကြီးပေါ်မှ အထုပ်ကြီးကို ကျောပေါ်တင်ကာ ရွာအနောက်ဘက်ဆီသို့ သွားနေသည့် ကပ္ပိယကြီးကို တွေ့လိုက်သည်။

၎င်းရဲ့နောက်မှကပ်လျက် အဖိုးအိုတစ်ဦး ခမောက်ဆောင်းကာ လိုက်ပါလာသည်။ ထိုမြင်ကွင်းကိုတွေ့လိုက်ရ၍ အံ့သြသွားသည့် ဆရာမလေးကို မကြီးမြသည် ပြုံး၍ "ဆရာမလေး ကပ္ပိယလုလင်ကို အံ့သြပြီး စိတ်ဝင်စားနေတာမလား။ သိပ်လည်း မအံ့သြပါနဲ့။ ဒါထက်ထူးခြားတွေသိရလျှင်" ဟုဆိုကာ "ကပ္ပိယလုလင်ရဲ့ ပရဟိတစိတ်က သန့်ရှင်းစင်ကြယ်ပါတယ်၊ အားနည်းသူကို ဖေးမဝိုင်းကူတယ်၊ ငွေကြေးနွမ်းပါးသူတွေ အိမ်ဆောက်လျှင် လုပ်အားနဲ့ အတတ်ပညာကို ပေါင်းစပ်ကူညီပေးတယ်" ထိုအချိန် ဆေးပေးခန်းထဲသို့ လူနာများရောက်လာကြသည်။

ပြောနေကြစကားများကိုရပ်ကာ တာဝန် ထမ်းဆောင်လိုက်ကြသည်။

ကပ္ပိယလုလင်သည် ရွာအနောက်ပိုင်းက ဘကြီးဌေး၏ မနိုင်မနင်း ထမ်းပိုးလာသည့် မြက်ထုပ်ကြီးကို လိုက်ပို့ပေးပြီး ပြန်လာခဲ့သည်။ သူ၏အပြန်ခရီး၌ ကိုမြတ်လှတို့၏ အိမ်ရှေ့ရေနွေးကြမ်းဝိုင်းသို့ ဝင်ထိုင်လိုက်သည်။ ညနေခင်းနေရောင်ခြည်နုနုလေးသည် လောကကို ပြုံးပြနှုတ်ဆက်နေချိန် ကပ္ပိယလုလင်သည် မာယာမပါသည့် အပြုံးများကိုဖြာလျက် ရှိနေသည်။

"ကပ္ပိယကြီး လာဗျာ လူကတော့စုံနေပြီး မနက်က မြို့နယ်ပိုင်းမှ လူကြီးများ ရောက်လာသည့်အကြောင်းကို ပြောနေကြတာဗျ"

ဟု အိမ်ရှင်ကိုမြတ်လှက ဧည့်ဝတ်ချေလိုက်သည်။

ကပ္ပိယက သူ၏အပြုံးကို ဆက်၍ပြုံးကာ "ဘာကိစ္စရှိလို့ မြို့နယ်ကလူကြီးတွေ ရောက်လာကြတာလဲဗျ"

ကိုမြတ်လှက "အဲ့··အဲ့" ထစ်ထစ်ငေါ့ငေါ့ဖြစ်လျက်

"သူတို့အစိုးရကာလ ကောင်းမွန်အောင် ဆောင်ရွက်ပေးနေကြောင်းပြောသွားသည့် လူထုတွေ့ဆုံပွဲလို့ ပြောသွားကြတယ်"

မောင်လှအေးက

"သူတို့ပြောသွားတာက ဘာလိုအပ်သလဲ။ လိုချင်တာကို တင်ပြပါလို့ ပြောသွားကြတယ်ခင်ဗျ"

မောင်လှထွေးက မဲ့ပြုံးပြုံးကာ

"ကျွန်တော်တို့လူထုက သူတောင်းစားလည်း မဟုတ်ဘူး။ အစိုးရကျွန်လည်း မဟုတ်ဘူးလေ။ ခိုင်းတိုင်းတာ လုပ်တတ်ရင် ကျွန်တော်တို့လယ်ယာထဲက နွားတွေဖြစ်ကုန်မှာပေါ့နော်"

ထိုအခါ စကားဝိုင်းထဲရှိလူများ "ဝါးခနဲ" ဖြင့် သံပြိုင်ရယ်လိုက်ကြသည်။

ကပ္ပိယက ပြုံးရုံသာပြုံး၍

"အစိုးရတစ်ရပ်၏ တာဝန်က လူထုကို ရှေ့ကဦးဆောင်သွားခြင်းဘဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် အဓိကကြသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပုံသဏ္ဍာန်တွေသည် လူထုဗဟိုပြုဆီသို့ လူထုအား တွဲယူ၍ခေါ်ဆောင်ချီတက်ရမှာပေါ့။ ဒါဟာ အစိုးရတာဝန်နဲ့ ဝတ္တရားတွေပေါ်ဗျာ။ အစိုးရယန္တရားအသီးသီးထံမှာ လုပ်ထုံးလုပ်နည်းနဲ့ နည်းဥပဒေတွေရှိပါတယ်။ ၄င်းလုပ်ထုံးလုပ်နည်းနဲ့ နည်းဥပဒေတွေ၏ စေခိုင်းမှုအတိုင်း လုပ်ရမှာ။ နိုင်ငံဝန်ထမ်းတိုင်း၏ တာဝန်နဲ့ဝတ္တရားဖြစ်ပါတယ်။ လူထုအတွက် တာဝန်နဲ့ ဝတ္တရားတစ်ခုရှိလာပါတယ်။ ၄င်းလုပ်ထုံးလုပ်နည်းနဲ့ နည်းဥပဒေတွေသည် ပြည်သူလူထုအတွက် တံတိုင်းအဖြစ် ရှင်သန်ဖို့ တံတားအဖြစ်တည်ရှိ ထိန်းကျောင်းရမည်သာ ဖြစ်ပါသည်။ ပြည်သူလူထုက သူတို့အစား ပြည်သူကိုယ်စားလှယ်တွေကို ရွေးပေးကြပါတယ်။ ၄င်းကိုယ်စားလှယ်ကြီး၏တာဝန်က အစိုးများ၏ လုပ်ထုံးလုပ်နည်းနှင့် နည်းဥပဒေတွေကို မှန်ကန်ဖို့၊ ရှင်သန်ဖို့ စောင်ကြည့်တည့်မတ်ပေးရမဲ့ လုပ်ငန်းစဉ်ဘဲဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ တာဝန်မဟုတ်ပါဘူး။ ပြည်သူလူထုရဲ့ ဝတ္တရားဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရနှင့် ကိုယ့်စားလှယ်တွေ၊ တရားရေးစနစ်တွေ၏ ပြည်သူလူထုအပေါ် တာဝန်ခံမှုနဲ့ တာဝန်ယူမှု တို့ကိုစောင့်ကြည့်ဖို့ ပြည်သူလူထုမှာ တာဝန်ဝတ္တရားရှိပါတယ်။ တောင်းခံရတာက ပြည်သူလူထုရဲ့ အလုပ်မဟုတ်ပါဘူး ခင်ဗျ။ ထောက်ပြခြင်း၊ ကန့်ကွက်ခြင်း၊ တောင်းဆိုခြင်း၊ သည် ပြည်သူလူထု၏ မွေးရာပါဝတ္တရားတွေပေါ့ခင်ဗျာ"

ကိုလှဖေက

''ကပ္ပိယခင်ဗျာ ကျွန်တော်တို့နိုင်ငံမှာ ပါတီတွေ များမနေဘူးလား၊ အဲ့ဒီလောက်များနေဖို့ရော လိုပါသလား''

ကပ္ပိယက ရယ်ရယ်မောမောဖြင့်

''ကိုကြီးလှဖေရေ ပါတီစုံမှတော့ ပါတီစုံသွားတာပေါ့ခင်ဗျာ။ နည်းခြင်းများခြင်းသည် နိုင်ငံအတွက် အဓိကပြဿနာမဟုတ်ပါဘူး ခင်ဗျာ။ လောကဓာတ်ခံပေါ်က လူသားတွေ ဆန္ဒမတူနိုင်ပါဘူး။ အယူအဆ မတူနိုင်ပါဘူး။ မတူတာတွေ ယှဉ်တွဲတည်ရှိနေတာကလည်း လောကရဲ့ နိယာမသဘောတရားပေါ့ခင်ဗျာ။ နိုင်ငံအတွက် လူ့ဓာတ်ခံအတွက် စိုးရိမ်စရာသည် မတူတာတွေကို တူရမည်ဆိုတဲ့စိတ်ဓာတ်၊ မတူတာကို ရန်သူအဖြစ်သတ်မှတ်လိုက်သည့် စိတ်ဓာတ်တွေသည် အတူတကွနေထိုင်ခြင်း၊ ငြိမ်းချမ်းရေးသဘောတရားကို ဆန့်ကျင်သူဘဲ ဖြစ်ပါတယ်။ အဲဒီသဘောတရားသည် လူ့အဖွဲ့အစည်းအတွက် မီးစဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် ရပ်နေသည့် လောကဓာတ်ခံပေါ်မှာ ယှဉ်တွဲတည်ရှိနေသည့် ဆန့်ကျင်ဘက်အမြင် အယူအဆနှစ်ခုသည် သူက တစ်လှည့်၊ ငါက တစ်လှည့်ပွတ်တိုက်တိုးဝှေ့ကာ ကပြနေကြတယ်။ မတူတာကို အပြန်အလှန်အသိအမှတ်ပြုပြီး လောကကောင်းကျိုးအတွက် ဘုံရပ်တည်ချက်တူညီအောင် ညှိနှိုင်းဖော်ဆောင်သည့် အလုပ်သဘောသည် နိုင်ငံရေးအယူအဆ သဘောတရားဘဲ ဖြစ်ပါတယ်။ ၄င်းဖြစ်စဉ်သည် နိုင်ငံရေးဆွေးနွေးပွဲသာဖြစ်ပါတယ်။ မတူတာတွေကို အပြစ်တင်ရှုတ်ချပြီး အပြုတ်တိုက်ရေး အယူအဆတွေသည် စစ်ရေးအယူအဆဘဲ ဖြစ်ပါတယ်။ သေချာတာတစ်ခုသည် စကြာဝဠာကြီးမှာ ဆန့်ကျင်သဘောတရား

နှစ်ခုသည် အတူယှဉ်တွဲကာ ဖြစ်တည်နေပါတယ်။ ဒါတွေဟာ အမဲလိုသတ်မှတ်မှုနောက်မှာ အဖြူဆိုတာကိုကပ်လျက် မွေးဖွား နေပါတယ်။ ဒါတွေဟာအမှားလို့ ယူဆချက်၏နောက်မှာ အမှန် ဆိုသည့် သဘောတရားတစ်ခုသည် ဖြစ်တည်ဖြစ်တည် ဖွားမြင် လာပါတယ်။ စစ်မက်ဖြစ်ပွားကြလိုသာလျှင် ငြိမ်းချမ်းရေးဆို သည့် လှပသည့် စကားလုံးတွေ မွေးဖွားလာတော့တာပေါ့။ အပူ နှင့်အတူ ရှင်သန်လာတာသည် အအေးဖြစ်နေတာပေါ့ခင်ဗျာ။ ဒါကြောင့် ညီငယ် မိတ်ဆွေကြီးများခင်ဗျာ မတူတာတွေကို လက်ခံလေးစားပေးခြင်းသာလျှင် စကြာဝဠာ၏ အလှတရားတစ်ခု ဟု ယူဆစေခြင်းပါတယ်။ ဒါဆိုရင် ငြိမ်းချမ်းရေးတေးသံတွေ သာယာနေမှာပေါ့ ခင်ဗျာ။

ကိုလှတင်က အပြုံးတွေနဲ့အတူ

"ကပ္ပိယခင်ဗျာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက် အဓိကသည် လူလား စနစ်လားဗျ"

ကပ္ပိယက ကိုလှတင်၏ တုံးတိတိမေးခွန်းကြောင့် သူ၏ မျက်လုံးလေးများပင် တွန့်တက်သွားသည်။ ရိဆက်ဆက် အပြုံး ကလေးပြုံးကာ

"လူနဲ့စနစ် နှစ်ခုလုံးကောင်းမွန်ရင် ပို၍ပျော်ရတာပေါ့ဗျာ။ ၄င်းနှစ်ခုထဲက တစ်ခုကို အဓိကထားရွေးရရင် နိုင်ငံတစ်နိုင်ငံ အတွက် စနစ်ကောင်းဖို့သာလျှင် အဓိကကျတယ်လို့ ယူဆမိပါ တယ်ခင်ဗျာ။ ဘာအတွက်ကြောင့် ယူဆရသလဲဆိုရင် စနစ်သည် အုပ်စိုးသူပုဂ္ဂိုလ်တို့အပေါ် ထိန်းကျောင်းတည်မတ်ခွင့် ပါဝါရှိလျှင် လူမကောင်းသော်လည်း စနစ်က လူထုဗဟိုပြုအားကောင်း၍ နိုင်ငံတိုးတက်နေးကွေးသော်လည်း နိုင်ငံအနာဂတ်နှင့် ပစ္စုပ္ပန်

တည့်တည့်၌ပင် ပျက်စီးမသွားနိုင်ပါဘူးခင်ဗျ။ အုပ်စိုးခွင့်ရသူ လူတစ်ချို့က ကောင်းသော်လည်း စနစ်ကမကောင်းသည့်အခါ ကောင်းတဲ့လူသည် အာဏာ၏ တိုက်စားထိုးနှက်မှုကြောင့် ပျက်စီးချည့်နဲ့ပြီး ရှေ့သို့မရောက်ဘဲ နောက်သို့တာဆွဲနေကြမှာ ပေါ့ဗျာ။ ဒါကြောင့် စနစ်နဲ့ လူသဟဇာတမျှတရင် နိုင်ငံအတွက် အလင်းရောင်ဘဲပေါ့"

ကိုမြတ်လုက

"ကပ္ပိယလေး ကျွန်တော်တို့နိုင်ငံမှာ သံယံဇာတပေါ ကြွယ်ဝပြီး ဘာကြောင့် ဆင်းရဲနေရတာလဲဗျ"

ကပ္ပိယက ကိုမြတ်လု၏ မေးခွန်းအား တန်းမဖြေဘဲ သောက် လက်စရေနွေးကြမ်းကို ကုန်အောင်သောက်လိုက်ပြီးမှ သူသည် 'တဟားဟား' ဖြင့် အားရပါးရ ရယ်မောလိုက်သည်။ နှစ်ခြိုက် ကာ ရယ်မောမှုကို တိခနဲ့ရပ်လိုက်ကာ လေသံပျော့ပျော့လေးဖြင့်

"ပညာမဲ့လို့ပေါ့ဗျာ။ အတန်းပညာကိုပြောတာ မဟုတ်ဘူး နော်။ သင်ယူလို့ခက်တဲ့ စဉ်းစားတွေးခေါ်နိုင်စွမ်းဖြစ်သည့် ဉာဏ် ပညာကင်းမဲ့တော့ ညီငယ်မိတ်ဆွေတို့ရေ ဆင်ခြင်တုံတရားနဲ့ စာနာနားလည်မှု မရှိကြတော့ဘူး။ ဒါကြောင့် မိုက်မိုက်ကန်းကန်း ပြုလုပ်နေထိုင်ကြတာပေါ့။ မိုက်ကန်းရိုင်းပြသူသည် ပညာဉာဏ် ၏ တန်ဖိုးကို မသိတော့ဘူး။ ၄င်းရဲ့ဘေးထွက်ဆိုးကျိုး ဆင်းရဲ တွင်းသည် နက်နက်ရှိုင်းရှိုင်း ကြုံတွေ့နေတာပေါ့။ ဒါကြောင့် ပညာခေတ်ကို ရောက်လေလေ ပညာမဲ့သူသည် နောက်ကျကျန် ရစ်လေဘဲပေါ့။ ပညာခေတ်နှင့် ပညာလူအဖွဲ့အစည်း၏ တန်ဖိုး ရှိမှုကို သာဓကတစ်ခုဖြင့် နှိုင်းယှဉ်ပြပါမယ်။ စဉ်းစားချင့်ချိန် ကြည့်ဖို့ပါ။ (၁၇) ရာစုမှာ လောကဓာတ်ပညာနဲ့ ပညာသင်ကြား

ရေးကျောင်းတွေ၊ စာကြည့်တိုက်ယဉ်ကျေးမှုတွေ ၄င်းပညာရေး အခွင့်အလမ်းတွေသည် တခြားနိုင်ငံကမ္ဘာ့မှာ ဖွံ့ဖြိုးနေကြပြီး ၄င်းနိုင်ငံ၏ နိုင်ငံရေးစခန်းတွေသည် လူထုဗဟိုပြုဆုံးဖြတ်မှု ပုံသဏ္ဍာန်ဆီသို့ ရွေ့လျားနေတယ်။ အဲဒီခေတ်ကာလ၌ ကျွန်တော်တို့နိုင်ငံမှာ စာကြည့်တိုက်ဆိုတာဘာလဲ၊ သင်ရိုးညွှန်းတမ်းဆိုတာ ဘာလဲ၊ စာသင်ကျောင်းဆိုတာဘာလည်း မေးခွန်းထုတ်စရာမရှိတဲ့ အချိန် နိုင်ငံတော်၌ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ လူမှုရေးစနစ် ကို ကြည့်လိုက်ပါ။ သက်ဦးဆံပိုင်ပဒေသရာဇ်စနစ် ဆွေစဉ်မျိုးဆက်၊ လူရာသွင်းတဲ့ဓလေ့၊ ပညာဆိုတာ ဆွေတော်မျိုးတော်လောက်ဘဲလို့ ယူဆချိန်ပေါ့ဗျာ။ ထူးချွန်တဲ့လူမှန်သမျှကို နိုင်ငံတော်အတွက် မကြည့်ဘူး၊ ကိုယ့်အတွက်ဘဲကိုယ့် ကြည့်တဲ့စိတ် ဓာတ်ကြောင့် ရန်သူဖြစ်နိုင်တယ်။ အင်အားမကြီးထွားခင် သတ်ပစ်၊ အရပ်ထဲက တဆင့်ကြားတဲ့ ဒဏ္ဍာရီ၊ ပုံပြင်တွေဘဲ နားထောင်ရတဲ့ခေတ်။ နိုင်ငံသူနိုင်ငံသားအများစုက စာမတတ်ကြဘူး၊ အုပ်ချုပ်သူမင်းအစိုးရများသည် အမြင်ကျဉ်း၍ ငါ့ရွာနဲ့ ငါ့နွားလောက်ဘဲ သိကြပါတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေ အကြောင်းနဲ့ ကမ္ဘာကြီးအကြောင်းကို မသိကြပါဘူး။ ဒါကြောင့် မြို့ပြယဉ်ကျေးမှုဆိုတာ ကျဉ်းမြောင်းပြီး ကျေးလက်ဓားမဦးချ လယ်ယာထွန်ယက်မှုအောက်မှာ ပျော်မွေ့နေကြပါတယ်။ သူရဲ့ ကောင်းကိုးကွယ်အားထားမှု စိတ်ယဉ်ကျေးမှု၏ လွှမ်းမိုးခံနေရပါတယ်။ ဒီကနေ့ (၂၁) ရာစုနည်းပညာ အလင်းခေတ်ကို ရောက်နေသည့် ကမ္ဘာကြီးမှာ နိုင်ငံအသီးသီးသည် သူပြိုင် ငါပြိုင် ဖြင့် ဆော့ကစားနေကြသည်။ ထိုအချိန် ကျွန်တော်တို့နိုင်ငံက ဘယ်နေရာ ဘယ်ဘဝ ဘယ်အခြေနေမှာဘဲဖြစ်ဖြစ် ရောက်ရှိနေ

သည့် နိုင်ငံသူနိုင်ငံသား အများစုသည် အနှစ်မပါသည့် ပညာရေးဝတ်ရုံလွှာအောက်မှာ လူးလွန့်မောရှိုက်နေရဆဲ ဖြစ်ပါသည်။ ယနေ့တိုင် သူရဲကောင်းကိုးကွယ်မှုဝါဒအောက်က ရုန်းမထွက်နိုင်သေးပါဘူး ခင်ဗျာ။ မျှော်တော်ယောင်ဝါဒမှိုင်းဆိုးတွေ တိုက်ကျွေးခံနေရဆဲ ဖြစ်ပါတယ်။ လွပ်လပ်ရေးရပြီးနောက် အစိုးရအဆက်ဆက်၏ ခိုင်မာတိကျမှုမရှိသည် အစမ်းသပ်ခံနိုင်ငံရေးယဉ်ကျေးမှု၊ စီးပွားရေးယဉ်ကျေးမှု၊ လူမှုရေးယဉ်ကျေးမှု ၎င်းအစမ်းသပ်ခံယဉ်ကျေးမှုများအောက်ဝယ် အိပ်ငွေ့ချခံနေရပါတယ် ခင်ဗျာ"

ကပ္ပိယလုလင်သည် သူ၏ပြောလက်စ စကားများကိုရပ်ကာ ရှေ့တည့်တည့်မှ ရေနွေးခွက်ထဲသို့ ရေနွေးကိုငှဲ့၍ သောက်နေသည်။ စကားဝိုင်းထဲရှိ လူအားလုံး နားစိုက်ထောင်ရင်း သူတို့၏ မျက်ခုံးလေးများ တွန့်တက်သွားသည်။ မျက်လုံးလေးများပင် ပြူးကျယ်၍ သူတို့၏ ရင်ထဲ၌ တွေဝေထိုင်းမှိုင်းမှုနှင့်အတူ မပြုံးနိုင် မရယ်နိုင် ရင်မောနေကြသည်။ ကပ္ပိယလုလင်သည် ရေနွေးကြမ်းပုဂံအား ရေနွေးကြမ်းဗန်းထဲသို့ ပြန်၍ချပြီး ဆက်ကာ

"ညီငယ်မိတ်ဆွေတို့ရေ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသား အများစု၏ စိတ်ထဲ၌ တစ်ကိုယ်ကောင်းဝါဒ ယဉ်ကျေးမှုသည် ကင်ဆာဆဲလ်ပမာ ၎င်းတို့၏ ရင်ထဲမှာအားကောင်းနေပါတယ်။ ဒါဟာ နိုင်ငံဖွံ့ဖြိုးစေမှုကို အားနည်းစေသည့် အကြောင်းအရင်း တစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားများ၏ အားနည်းချက်သည် စုပေါင်းတိုင်ပင်ဆောင်ရွက်မှုကိစ္စ အားနည်းနေခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုအလေ့အထ၊ အပြန်အလှန် အသိအမှတ်ပြုစိတ်ဓာတ်တို့ကြောင့် ဖြစ်ပါတယ်။ ၎င်းယဉ်ကျေးမှုများ မထွန်း

ကားသေးပါဘူး အားနည်းနေပါသေးတယ်။ ဒါကြောင့် ညီငယ် မိတ်ဆွေများခင်ဗျာ ၄င်းစိတ်ဓာတ်ဆိုး၊ ယဉ်ကျေးမှုဆိုးတွေ တစ်ဖက်ပိတ်အတွေးအခေါ်တွေကို ဆက်လက်ပြီး ဖက်တွယ်ထား မည်ဆိုလျှင် ကျွန်တော်တို့ လူအဖွဲ့အစည်းသည် (၂၁)ရာစုခေတ် တစ်ခေတ်သာ ကုန်ဆုံးသွားပါမယ်။ တခြားလူအဖွဲ့အစည်းများကို ယှဉ်ပြိုင်ကျော်လွှားဖို့ဝေးစွ ယှဉ်ပြိုင်ဖို့ခွန်အားမရှိဘဲ ခေတ်တစ် ခေတ်၏နောက်သို့သာ ပြတ်ကျန်ခဲ့ပါလိမ့်မယ်"

ကပ္ပိယ၏ စကားအဆုံးတွင် စကားဝိုင်းရှိ လူအားလုံး၏ ပါးစပ်များ အဟောင်းသားဖြင့် ငိုင်ကျသွားသည်။ ကိုလှအေးက ထစ်ထစ်ငေါ့ငေါ့ဖြင့်

"ကျွန်တော်တို့ရွာက ရွာသူရွာသားတွေက အရင်နဲ့မတူကြ တော့ဘူးနော်"

အနားရှိ လူအားလုံးနှစ်ခြိုက်သော ပီတိအပြုံးဖြင့် ပြုံးလိုက် ကြသည်။ ကိုလှအေးသည် သူ၏ပြောလက်စ စကားကိုဆက် လိုက်သည်။

"ကပ္ပိယခင်ဗျာ အဲဒါတွေဟာ စာဖတ်ကြလို့ပေါ့နော်"

ဟု သူ၏အမြင်ကို ဖွင့်ချလိုက်သည်။

ကပ္ပိယက အချိုမြိန်ဆုံးအပြုံးကို ပြုံး၍

"သိပ်မှန်တာပေါ့ခင်ဗျာ၊ စာဖတ်တော့ မအတော့ဘူးပေါ့။ စာဖတ်ခြင်း၏ ကျေးဇူးတရားပေါ့။ ညီငယ်မိတ်ဆွေတို့ရေ သိပ္ပံ ခေတ်လို့ဘဲပြောပြော၊ ဝိဇ္ဇာခေတ်လို့ဘဲ အဓိပ္ပာယ်ဖွင့်ဖွင့် ဗုဒ္ဓ ဘာသာဝင်မှန်ကြရင် သိပ္ပံ၏သဘောတရားကို ပို၍ပင်နားလည်ဖို့ သင့်ပါတယ်"

ကိုလှအေးက ကပ္ပိယ၏စကားကိုဖြတ်၍

“ဘာကြောင့်လဲခင်ဗျ ကပ္ပိယ၏ အမြင်သဘောထားကို သိပါရစေ”

ဟုမေးလိုက်သည်။

ကပ္ပိယက တည်တည်ငြိမ်ငြိမ်ဖြင့်ပင်

“ဗုဒ္ဓသာသနာ၏ အနှစ်သာရသည် သိပ္ပံထက် သိပ္ပံပိုကြလို့ပေါ့ခင်ဗျာ။ ဒီမှာရှိနေကြသည် ညီငယ်မိတ်ဆွေအပေါင်းတို့ စဉ်းစားပါ၊ သုံးသပ်ပါ၊ ဝေဖန်စိစစ်ကြပေါ့ဗျာ။ ဗုဒ္ဓ၏အဘိဓမ္မာသည် ဉာဏ်ပညာကို အဓိကထားအမှီပြုနေတာကို တွေ့ရတယ်၊ ဉာဏ်ပညာဖြင့် သတိဆင့်ကာ ဆင်ခြင်နိုင်သူသည် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမအောက်မှာ ရှိနေကြသူဖြစ်ပြီပေါ့ဗျာ၊ ဉာဏ်ပညာနဲ့ သတိယှဉ်တွဲပြီး ဘဝမှာနေထိုင်ပြုမူရပါမယ်။ ကိုယ်ပြုလုပ်လိုက်သည့် အကြောင်းတရားအပေါ်မှာ ကိုယ့်၏ခံစားပိုင်ခွင့် အကျိုးတရားသည် သက်ရောက်လာပါတယ်။ ဘယ်သူ့အတွက် ဘယ်သူက ကိုယ်စားမခံပါဘူး၊ ခံလိုလည်းမရပါဘူးခင်ဗျာ။ ကိုယ့်ပြုတာ ကိုယ့်ဘဲခံရတာဟု ဖွင့်ဆိုခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ စကြာဝဠာကြီးမှာ တန့်ပြန်သက်ရောက်မှုသဘောကို တွေ့ရပါတယ်။ ၎င်းသဘောတရားကို ဗုဒ္ဓဘုရားရှင်က ကြိုတင်သိမြင်ခဲ့တာပါ။ ဒါကြောင့် ဗုဒ္ဓဘုရားရှင်သည် သိပ္ပံထက်ပိုတယ်လို့ ပြောတာပေါ့ဗျာ”

သူ၏စကားစကိုရပ်ကာ ပြုံးလိုက်သည်။ ထိုအပြုံးလေးနဲ့ ဆက်၍ “ဒါပေမဲ့”ဟု စကားခံကာ ရီဖြဲဖြဲဖြင့်

“ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်အများစုသည် ဗုဒ္ဓဘုရားရှင်၏ အဆုံးမအောက်မှ ရုန်းထွက်နေကြသည်ဟု ယူဆမိပါတယ်။ ပါးစပ်ဖျားလေးဖြင့် ကိုးကွယ်ရမယ့် ဘာသာတရားမဟုတ်ပါဘူး၊

နှလုံးသားနဲ့ ဉာဏ်ပညာတွဲပြီး လိုက်နာကိုးကွယ်ရမဲ့ ဘာသာရေး လို့ ယုံကြည်သက်ဝင်မိပါတယ်။ ဒါကြောင့် ညီငယ်မိတ်ဆွေများ ခင်ဗျာ စာဖတ်ခြင်းသည် နာမ်ရုပ်တရားအတွက် အဟာရဖြစ်ပါ တယ်။ မြင်နေရသည့် ရုပ်တရားအတွက် အထောက်အပံ့ဖြစ်စေ ပါတယ်။ နာမ်ရုပ်တရား၏ စေ့ဆော်မှုနောက်က ရုပ်တရားသည် လိုက်ရပါတယ်။ ရုပ်တရားရဲ့ပြောင်းလဲမှုကို နာမ်ရုပ်တရားက ဆုံးဖြတ်ရပါတယ်။ ဒါကြောင့် ဆုံးဖြတ်ချက်ချရမဲ့ နာမ်ရုပ်တရား အတွက် အာဟာရဖြစ်သည်။ ဉာဏ်ပညာကိုဆင့်မဲ့ အသိပညာကို ရှာဖွေစားသောက်ဖို့ လိုအပ်ပါတယ် ခင်ဗျာ။ ညီငယ်မိတ်ဆွေတို့ ရေ မမြင်ရသည့် နာမ်ရုပ်တရားက သန့်ရှင်းစင်ကြယ်ပြီး လှပ နေသည်အခါ မြင်နေရသည့် ရုပ်တရားသည် ပို၍လှပနေပြီး ရှင်းလင်းတောက်ပနေတာပေါ့''

ကိုလှအေးက

''ကျွန်တော်တို့ရွာဟာ အရင်ကနဲ့မတူဘဲ ပို၍ဖွံ့ဖြိုးနေပါ တယ်။ ကျွန်တော်တို့ရွာကဲ့သို့ တခြားရွာများကိုလည်း ဖွံ့ဖြိုးစေ ချင်ပါတယ်ဗျာ။ ဒီရွာလေး ဒီလိုဖြစ်လာတာကလည်း ကပ္ပိယကြီး ရဲ့ ကျေးဇူးကြောင့်ပေါ့ ခင်ဗျာ''

ထိုအခါ စကားဝိုင်းထဲရှိ လူအားလုံး အသံပြိုင်ထွက်၍

''ဟုတ်တယ်ဗျ ဟုတ်တယ်ဗျ''

ဟုထောက်ခံလိုက်ကြသည်။

ကပ္ပိယက

''ကျွန်တော်တစ်ယောက်ထဲကြောင့်တော့ ဒီလိုတွေဖြစ် လာတာ မဟုတ်ပါဘူးခင်ဗျာ။ ရွာသူရွာသားအားလုံးက တိုး တက်ချင်သည့် စိတ်ဓာတ်နဲ့ ညီညွတ်ကြလို့ပါ၊ ဒါထက်လည်း

ညီညွတ်စေချင်ပါတယ်။ ညီငယ်မိတ်ဆွေတို့ခင်ဗျာ ကျွန်တော် ဘာကြောင့် ဒီလိုရပ်တည်ရသလဲဆိုသည့် သဘောထားကို ပြော ပြပါမယ်။ နိုင်ငံတစ်နိုင်ငံသည် ဖွံ့ဖြိုးမှုနဲ့ တည်ငြိမ်အေးချမ်း အတွက် ကျေးလက်ဒေသဖွံ့ဖြိုးမှ မြို့ပြဒေသ သာယာပါလိမ့်မယ်။ ကျေးလက်ဒေသ ချမ်းသာမှ နိုင်ငံချမ်းသာပြီးလို့ သတ်မှတ်နိုင်ပါ တယ်။ ကျေးလက်ဒေသဆင်းရဲလျှင် မြို့ပြယဉ်ကျေးမှုပျက်ယွင်း ကာ နိုင်ငံသည် မွဲနေပါလိမ့်မည်။ နိုင်ငံက ဆင်းရဲလေလေ မြို့ပြဒေသသည် မင်းမဲ့စရိုက်ဆန်နေပါလိမ်မယ်။ ဒါကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးဖို့အတွက် ကျေးလက်ကုန်ထုတ် လမ်းပန်း ဖွံ့ဖြိုးမှုသည် အဓိကနေရာမှာ ရှိနေပါတယ်။ နိုင်ငံတော်ကို မျှော်လင့်အားကိုးနေတာထက် မိမိဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံ လူထုသည် အဓိကကြပါတယ်။ ဒီအတွက်ကြောင့် ဒေသအတွင်း ရွာလေးရွာကို ချိတ်ဆက်ထားသည့် ကုန်ထုတ်လမ်းကို ကိုယ့်ထူ ကိုယ့်ထ စွမ်းဆောင်ကြတာပေါ့။ ဒါထက်ရွာလေးရွာကိုပေါင်းပြီး ဒေသတွင်း ဟိုင်းဝေးလမ်းမကြီးနှင့် ဆက်သွယ်သည့် ကျေးရွာ ကုန်ထုတ်လမ်းကို ဖောက်နိုင်ခဲ့ပြီးပေါ့ဗျာ။ ၎င်းရဲ့ရလဒ်အရ ဒေသထွက်ကုန် လေလွင့်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးလာပါတယ်၊ ပညာရေးနဲ့ ကျန်းမာရေးအတွက် အထောက်အကူရလာပါတယ်။ ၎င်းစိတ်ဓာတ်ကို အခြေခံပြီး ကျွန်တော်တို့ရဲ့ အားစိုက်ထုတ်မှု ကြောင့် ရွာလမ်းမကြီးမှာ ဆိုလာမီးနဲ့ အလင်းရလာပြီး ရွာသူ ရွာသားတွေသည် မျက်စိပွင့်နားပွင့်ဖြစ်လာပါတယ်။ အဲဒီရလဒ် သည် အခြားမဟုတ်ပါဘူးခင်ဗျာ။ လူမှုဘဝတိုးတက်ဖို့ ဆိုလာမီး ကို အသုံးပြုနေကြပါပြီ၊ မြေအောက်ရေထုတ်ယူသုံးစွဲမှုသည် ကျေးရွာ၏ ဖွံ့ဖြိုးမှုကို အားဖြစ်စေခဲ့ပါတယ်။ ၎င်းရလဒ်များ၏

တန်ဖိုးများထဲက တန်ဖိုးတစ်ခုသည် အချိန်ပိုထွက်လာပါတယ်။ ပိုထွက်လာသည့် အချိန်သည် စာဖတ်ခြင်း သို့မဟုတ် မိမိနှစ်သက်ရာပညာကို ရှာလို့ရတာပေါ့။ စာဖတ်ခြင်းဖြစ် ဘဝအလင်းတံခါးကို ဖွင့်ကြသူတွေသည် အတတ်ပညာနဲ့ အသိဉာဏ်ပညာ ဖွံ့ဖြိုးလာပါတယ်။ ၄င်း၏တန်ဖိုးသည် မိမိဘဝတည်ငြိမ်ဖွံ့ဖြိုးခြင်းပေါ့ဗျာ။

ကိုမြတ်လှက သူ၏မျက်ဝန်းမှ ကြည်နူးအပြုံးကိုပြုံး၍

"ဟုတ်ပ ကပ္ပိယ ပျော်လည်းပျော်ရပါတယ်။ တစ်ချိန်က အရူးထတာလားလို့ ပြောကြသည့် ရွာသားတွေလည်း နားလည်သွားကြပြီ။ ရွာ၏ကိုယ့်စား ကျေးဇူးတင်မိပါတယ်ခင်ဗျာ"

ကပ္ပိယက ရှက်ပြုံးလေးကိုပြုံး၍

"ကျွန်တော်တစ်ဦး၏ စွမ်းဆောင်မှုကြောင့် ဖြစ်ထွန်းလာတာ မဟုတ်ပါဘူးခင်ဗျာ။ မိတ်ဆွေတို့၏ ပရဟိတစိတ်ဓာတ်ကြောင့် ဖြစ်လာတာပါ။ မိတ်ဆွေတို့ရဲ့ လူမှုရေးစိတ်ဓာတ်တွေကြောင့် ကျေးရွာလေး ဖွံ့ဖြိုးနေတာပေါ့"

ကိုလှအေးက ချိုမြိန်သောအပြုံးများ ဝေဆာလျက်

"ဒီလိုတွေဖြစ်လာရတာက ကပ္ပိယ၏စွမ်းရည်ကြောင့်ပေါ့ဗျာ။ ဒါနဲ့ပြောရဦးမယ် ကပ္ပိယ ကျွန်တော်အဖွဲ့လေးက ရှေ့အပတ်လောက်မှာ ကျန်းမာရေးစောင့်ရှောက်မှု လူနာတင်ယာဉ်တစ်စီးရပြီဗျ။ ဒီဒေသက ရွာလေးရွာမက အဆင်ပြေမယ်လို့ထင်တာဘဲဗျာ"

ဟု သူ၏သဘောမှတ်ချက်ကိုပြောလိုက်သည်။

ကပ္ပိယက အပြုံးလှိုင်းကလေးများဖြာကျလျက်

"ကောင်းသောသတင်းစကားကို ကြားလိုက်ရ၍ ဝမ်းသာပီတိဖြစ်ရပါတယ်ခင်ဗျာ။ ဒီလို သတင်းကောင်းတွေကိုလည်း နိုင်ငံတစ်ဝန်းက ကြားချင်ပါတယ်ဗျာ"

မောင်လှဖေက

"ကပ္ပိယကြီးခင်ဗျာ ကျွန်တော်တို့စကားဝိုင်းလေးမသိမ်းခင် နားမျက်စိလေး ဖွင့်ပေးပါဦးခင်ဗျ"

ကပ္ပိယက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး

"မောင်လှဖေရေ သူကမှန်တယ် ငါကမှန်တယ်လို့ ငြင်းခုံနေရတာတွေသည် နိုင်ငံရေးလိုဆိုကြပေမယ့် ကျွန်တော်ဆန္ဒသည် နိုင်ငံရေးစနစ်တွေ၊ နိုင်ငံရေးဝါဒတွေကို ဘယ်ဟာမှားတယ်၊ ဘယ်ဟာမှန်တယ်ဆိုတာကို အငြင်းမပွားလိုတော့ပါဘူး ခင်ဗျာ။ ဒါပေမယ့် နိုင်ငံတော်အတွက် မျှော်လင့်နေမိတာတွေရှိပါတယ်။ ကျွန်တော်မျှော်လင့်ချက်သည် နိုင်ငံသူနိုင်ငံသားတို့၏ ဘဝလုံခြုံရေး အပြည့်အဝ ခံစားရရှိစေချင်ပါတယ်။ လူမှုဖူလုံရေးကဏ္ဍပေါင်းစုံကို ပြည်ဝစွာခံစားခွင့်ရရှိသည့် နိုင်ငံအဖြစ် မြင်မိပါသည်။ နိုင်ငံတော်၏ ယန္တရားတွေသည် ညီညွတ်မျှတစွာ လည်ပတ်ဖွံ့ဖြိုးနေသည့် နိုင်ငံနိုင်တစ်နိုင်ငံအဖြစ် သက်ဝင်စေချင်ပါသည်။ ညီငယ်မိတ်ဆွေတို့ရေ နိုင်ငံတစ်နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့အတွက် တီထွင်ကြံဆပိုင်ခွင့်ရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံတစ်နိုင်တည်ငြိမ်ဖို့နှင့် ဂုဏ်သိက္ခာရှိဖို့အတွက် နိုင်ငံအတွင်း၌ ကျင့်သုံးဖော်ဆောင်နေသည့် တရားဥပဒေနှင့် တရားရေးယန္တရားတို့သည် တိကျပြတ်သားပြီး ညီညွတ်မျှတဖို့လိုအပ်ပါတယ်။ နိုင်ငံတော်ကို ကာကွယ်နေကြသူတွေသည် နိုင်ငံသူနိုင်ငံသားတွေဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသူနိုင်ငံသားတွေသည် ပညာတတ်ကြဖို့လိုပါတယ်။ ဘာ

ကြောင့်လဲဆိုတော့ နိုင်ငံတော်ကိုအဓိက ကာကွယ်နိုင်မည့် လက်နက်သည် ပညာဖွံ့ဖြိုးမှုဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ပညာနှင့် ကာကွယ်မှု လုံခြုံပြီးတည်ငြိမ် ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ၄င်းယူဆချက်ကြောင့် နိုင်ငံသူနိုင်ငံသားတွေသည် သမိုင်းကို မအသွားအောင် စာဖတ်စေချင်ပါသည်။ နောက်ထပ်တိုက်တွန်းစကားသည် ပါတီစွဲ၊ ဝါဒစွဲကြောင့် ညီညွတ်တတ်ကြွန်းထနေသည့် ဒီကျေးရွာကို ဥမကွဲသိုက်မပျက်မိပါစေနဲ့ ခင်ဗျာ။ အစွန်းရောက်လျှင် ရွာနာပါလိမ့်မည်။ ညီညွတ်ရေးလက်နက်သာလျှင် အောင်မြင်မှု၏သခင် ဖြစ်ပါတယ်ခင်ဗျာ။ ကဲ…အားလုံးဘဲ ကျွန်တော်ကို ပြန်ခွင့်ပြုကြပါဦး"

ကပ္ပိလုလင်တစ်ယောက် မတ်တပ်ရပ်ကာ ဦးညွှတ်၍ နှုတ်ဆက်လိုက်သည်။ အားလုံးငေးကြည့်နေရင်း ကပ္ပိယလုလင် ပြန်သွားပါတော့သည်။

၄င်းရွာလေးသည် အမှောင်ထုကို ဆိုလာမီးများဖြင့် ဖြိုခွဲကာ တိတ်ဆိတ်ငြိမ်သက်နေပါသည်။ သူနာပြုဆရာမလေး စန်းစန်းမွှေးသည် သူ၏အိပ်ရာထက်၌ အိပ်မပျော်၍ လူးလိမ့်ကာဖြင့် ပါးစပ်ဖျားမှ လေပူစလေးများကို မှုတ်ထုတ်နေပါသည်။ ထိုအတွေးစလေးများကြားမှ ရွာဦးကျောင်းမှ ကပ္ပိယလုလင်ဘဝကို မေးခွန်းထုတ်ကြည့်နေပါသည်။ ထိုလုလင်သည် ဘယ်အရပ်၊ ဘယ်ဒေသကလဲ၊ ဘယ်သူ့သားလဲ၊ ဘယ်လိုလူစားလဲ၊ ဒီရွာ၏ ဇာတိမဟုတ်သလို၊ ဒီရွာသားလည်း မဟုတ်သည်ကို မကြီးမြထံမှ သိခဲ့ရပြီးပြီးဖြစ်သည်။ ဘာကြောင့်ဘာ ဒီရွာအတွက် ဘုန်းကြီးကျောင်းမှာ ကပ္ပိအဖြစ် လာ၍နေတာလဲ ငါသိအောင် ကြိုးစားမည်ဟု သူမ၏စိတ်ထဲ၌ ကြုံးဝါးလိုက်သည်။ ထိုသို့ကြုံးဝါးပြီးမှ

သူမှဖြစ်တည်နေသည့် စိတ်ကိုပြန်၍ သတိပြုမိသည့်အခါ သူမ ကိုယ့်သူမပြန်၍ပင် ရှက်စိတ်ကလေးများဝင်သွားသည်။ သူမ၏ နှုတ်ဖျားမှ 'အိုး…ငါဘာတွေတွေးနေမိပါလိမ့်' ဖြေညှင်းစွာ မြည်တွန်၍ ရှက်ပြုံးကလေးများ သူမ၏ မျက်ဝန်းပြင်အပေါ်သို့ ထင်ဟပ်နေတော့သည်။

သူမသည် ရှက်ပြုံးလေးနှင့်အတူ (၂၁)ရာစုခေတ်ကို ဖြတ်ကျော်နေချိန်မှာ ငါ၊ ငါလူမျိုး၊ ငါနိုင်ငံတော်သည် (၂၁) ရာစုခေတ်ပညာလမ်းသို့ လျှောက်လမ်းနေပြီလား။ သူမနေထိုင်သည့် အမိနိုင်ငံတော်မှ စက်တပ်ယာဉ်တွေကို ထုတ်လုပ်သုံးစွဲနိုင်ပြီလား။ 'ဟင်အင်း' လေယာဉ်ပျံတွေ၊ မီးရထားတွေရော။ 'ဟင်အင်း' ပို၍ဝေးနေတာပေါ့နော် ။သင်္ဘောကြီးတွေ 'အော်' 'ဟင်အင်း' မဖြစ်နိုင်တာ။ ဖြစ်နိုင်တာလေးတွေကို စဉ်းစားကြည့်လိုက်သည်။ နာရီ၊ ရေဒီယို၊ ကတ်ဆက်၊ တယ်လီဖုန်း၊ အကျီချုပ်သည့် အပ် ထုတ်လုပ်နိုင်ပြီးလား။ 'ဟင်အင်း' 'အို့ ဘုရား ဘုရား ဘုရား' ဘုရားပင် တနေရပြီးပေါ့။ ဒါဆိုတို့နိုင်ငံက ထွက်တာဘာရှိလဲ။ တွေ့လိုက်ရပါပြီး တွင်းထွက်သံယံဇာတတွေ၊ ရေထွက်သံယံဇာတတွေ၊ မြေပေါ်သံယံဇာတတွေရှိနေပါတယ်။ ဩော် ဘာလုပ်နေကြလဲ။ ကုန်ကြမ်းရောင်းစားသည့် နိုင်ငံအဆင့်၌သာ ရှိနေပါသလား။ ၎င်းသံယံဇာတတွေကို နိုင်ငံအတွက်အကျိုးရှိစွာ စနစ်တကျ အသုံးချနေပါသလား။ 'ဟင်အင်း' ဆို၍ သူမတစ်ယောက် ညည်းတွားလိုက်ပါသည်။

သူမတစ်ယောက် ဟင်အင်းတွေကြားထဲမှ သူမနေထိုင်သည့် မိခင်နိုင်ငံတော်ကြီးကို စေ့စေ့ကြည့်လိုက်သည်။ ထိုအခါသူမ၏ မျက်လုံးများ ပြူးကျယ်သွားသည်။ သူမ၏နှုတ်ဖျားမှပင် 'ငါ၏

နိုင်ငံသည် ဆင်းရဲမွဲတေ၍ ပြာပုံဘဝအဖြစ်သို့ ရောက်နေပါ သလား။ လူတစ်စုတို့သည် ထားစရာနေရာမရှိအောင် ချမ်းသာ ကြွယ်ဝနေကြသည်။ လူအများစုကတော့ စားစရာမရှိ နေစရာမရှိ ဖြစ်နေကြပါလား။ လူကိုလူကပေးသည့် အခွင့်မမှုအောက် ငုံ့ခံနေ ရသည်။ ဒါထက်သံယံဇာတအရင်းအမြစ်တွေ ကွယ်ပျောက်ကြ ရင်ဘာတွေဖြစ်လာမှာလဲ ကျွန်မသိချင်နေမိသည်' ဟု မေးခွန်း ထုတ်လိုက်သည်။

ငှင်းသိချင်စိတ်နဲ့အတူ သူမသည် '(၂၁) ရာစုမှာ ကျွန်မတို့ နိုင်ငံသည် ဘာဖြစ်လာမှာလဲ' ဟု သူမကိုယ့်သူမ မေးခွန်းထုတ် စဉ်းစားကြည့်လိုက်သည်။ သို့သော် သူမတစ်ယောက် အဖြေရှာ မရဘဲ ဖြစ်နေတော့သည်။ ထပ်၍ပင် '(၂၁) ရာစုမှာ ကမ္ဘာ ကြီးလည်း ဘယ်လိုဖြစ်နေမှာလဲ' ဟုသူမကို သူမကဘဲ ထပ်မေး လိုက်ပါသည်။ သူမတစ်ယောက် အဖြေမထုတ်နိုင်ဘဲ 'ဟင်အင်း' ပေါင်းများစွာချနေပါသည်။ သူမသည် ဟင်အင်းပေါင်းများစွာဖြင့် အတွေးများ ယောက်ရက်ခက်နေပါတော့သည်။

□

## ကပ္ပိယ၏ အလှူတရား

မိုးကောင်းကင်ထက်မှ နေမင်းကြီးသည် သူ၏အပူလှိုင်းဖြင့် မညှာမတာ ထိုးနှက်တိုက်ခိုက်နေပါသည်။ ဘေးနှစ်ဖက်၌ အရိပ်ရ အပင်ကြီးများ စီရီစွာစိုက်ပျိုးထားသည့် ရွာလယ်လမ်းမကြီးပေါ်၌ သွားလာသူများ ကင်းမဲ့၍ ငြိမ်သက်နေပါသည်။ ကပ္ပိယလှလင် သည် ရွာနောက်ပိုင်းရှိ ကိုလှမင်းတို့အိမ်မှ ဘုန်းကြီးကျောင်းသို့ အပြန် ရွာထိပ်အဝင်အထွက်၌ ရွာလယ်ပိုင်းမှ အဖွားအိုကြီး ဒေါ်တင်လှကို ဦးခေါင်းပေါ်တွင် မနိုင်တနိုင်ဖြင့် ရွက်လာသည့် နွားစာမြက်အထုပ်ကြီးနှင့်အတူ တွေ့လိုက်သည်အခါ ကပ္ပိယ လှလင်သည် အဖွားအိုထံမှ နွားစာထုပ်အား ကူမပေး၍ အဖွားအိမ် အရောက် လိုက်ပို့ပေးလေသည်။

ထိုမြင်ကွင်းအား ဘကြီးစောအိမ်၌ ဆေးကုပေးနေသည့် သူနာပြုဆရာမလေး စန်းစန်းမြွေးတစ်ယောက် အစအဆုံးတွေ့ လိုက်ရသောအခါ သူမတစ်ယောက် အံ့ဩမှင်သက်ဖြစ်သွား၍ ဆေးထိုးအပ်ကိုင်ထားရင်းပင် ငေးကြည့်နေမိသည်။ သူမ၏စိတ်ကို အလျှင်အမြန်သတိပြု၍ သူမတစ်ယောက် အပြုံးလေးများ ဝေဖြာ နေမိသည်။ ထို့နောက် သူမ၏တာဝန်အား စေတနာအပြည့်ဖြင့် ထမ်းဆောင်နေတော့သည်။

ကပ္ပိယလုလင်သည် အဖွားစောအိမ်မှပြန်အလာ၊ ဆရာလေး ကလည်း ဘကြီးစောအိမ်မှ ဆေးကုပြီးပြန်လာ သူတို့နှစ်ဦးလမ်း၌ မျက်နှာချင်းဆိုင် တွေ့လိုက်သည့်အခါ ဆရာမလေးအား ကပ္ပိယ လုလင်ကဦးစွာ ညှို့ဝတ်ပျူငှာသောအပြုံးဖြင့် နှုတ်ဆက်လိုက် သည်။ ဆရာမလေးကလည်း ပြန်လည်၍ ပြုံးပြနှုတ်ဆက်ရင်း ကပ္ပိယလုလင်အား သတိပြုစူးရှိုက်စွာကြည့်လိုက်သည်။ ဆရာမ လေးသည် အံ့ဩခြင်းများနှင့်အတူ သူမ၏မျက်ခုံးလေးများပင် တွန့်တက်၍သွားလေသည်။ ကပ္ပိယလုလင်၏ ခန္ဓာကိုယ်ပေါ်၌ ဝတ်ဆင်ထားသည့် အကျီသည် စုတ်တိစုတ်ချာနိုင်လွန်းပေသည်။ နေပူရှိန်အောက်နေသူဒဏ်ကို ကာကွရန် ထီး၊ ဦးထုပ်သည်မပါ။ ဖြစ်သလိုနေတတ်သည်ကို ဆရာမလေး သတိပြုမိလိုက်သည်။ ထိုအခါ သူမ၏ စိတ်ထဲတွင် 'သူက နေပူကြီးထဲကို အကာ အကွယ်မပါဘဲ ဘယ်ကိုသွားဦးမှာလဲ' ထိုမေးခွန်းနှင့်အတူ ဆက်ကာ 'ဟိုတစ်နေ့က ရွာနံဘေးရှိ ချောင်းထဲမှ အမှိုက်များ အား လိုက်လံဆယ်ယူနေသည်ကို တွေ့ရဖူးသည်။ ယခုလည်း နောက်ထပ်ဘာတွေလုပ်ဦးမှာလဲ' သူမ၏အမေးကို သူမတစ်

ယောက်တွေ၍ ပီတိအပြုံးများဝေဖြာလျက် ကျေးလက်ဆေးပေးခန်းဆီသို့ ရောက်ခဲ့လေတော့သည်။

ကပ္ပိယလုလင်သည် ရွာဦးဘုန်းကြီးကျောင်းသို့ တစိုက်မတ်မတ် ပြန်ရောက်လာလေသည်။ ကပ္ပိလုလင်၏ ပြန်အလာကိုတခြားရွာမှ လူငယ်နှစ်ဦးသည် စောင့်မျှော်နေကိုတွေ့ရသည်။ ကျောင်းဝင်း၏ အလယ်တည့်တည့်၌ မတ်စေ့ပုံပြုလုပ်ထားသည့်ကွပ်ပျစ်စင်ပေါ်တွင် မိမိအားစောင့်မျှော်နေသည့် လူငယ်နှစ်ဦးအားအပြုံးဖြင့် နှုတ်ဆက်၍ ထိုလူငယ်များရှိရာ ကွပ်ပျစ်ပေါ်သို့ဝင်ထိုင်လိုက်သည်။ ကပ္ပိလုလင်သည် ထိုလူငယ်နှစ်ဦးအား သူ၏မျက်ဝန်းမှ အားနာသောအပြုံးဖြင့် ပြုံးပြလျက်

"ဘယ်အချိန်ကထဲက ရောက်နေကြတာလဲ"

ဟုမေးလိုက်သည်။ ထိုလူငယ်နှစ်ဦးသည် အပြုံးပြိုင်တူပြုံးလျက်

"သိပ်မကြာသေးပါဘူး ခင်ဗျာ"

ထိုအခါ ကပ္ပိယလုလင်သည် ခင်ဗျာတို့ ကျေးရွာတွေရောအေးချမ်းပါရဲ့လား။

မောင်အေးက

"ကပ္ပိယ၏ ထားရှိတဲ့စေတနာကြောင့် အေးချမ်းပါတယ်ခင်ဗျာ"

မောင်လုက

"ကပ္ပိကြီးခင်ဗျာ ကျွန်တော်တို့နိုင်ငံမှာ သက်ငယ်မုဒိန်းမှုတွေ၊ လုယက်မှုတွေ၊ အကြမ်းဖက်သတ်ဖြတ်မှု သတင်းတွေကိုမကြာခဏ ဆိုသလိုကြားနေရပါတယ်။ ဘာကြောင့်ဖြစ်နေရတာပါလဲ။ ဒီဖြစ်စဉ်တွေကို နည်းပါးအောင် ဘာလုပ်ရမလဲခင်ဗျ။

ကပ္ပိယက မောင်အေး၏ မေးခွန်းအား နားစိုက်နားထောင်ရင်းပြုံး၍ ကျက်ပင်

"ညီညွတ်မှုတာသည့်စနစ် တရားဥပဒေစိုးမိုးမှု အားနည်းသည့် နိုင်ငံတိုင်းမှာ ဒီလိုဖြစ်ရပ်ဆိုးတွေ ရှိနေမှာပေါ့ခင်ဗျာ။ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာလေလေ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အဂတိလိုက်စားခြင်း ပြဿနာသည် ကြီးထွားလာသည်ကို တွေ့ရပါလိမ့်မည်။ အဂတိလိုက်စားမှုပြဿနာသည် ကြီးထွားလာသည်နှင့်အမျှ မင်းမဲ့စရိုက်ပြဿနာတွေသည် ၄င်းလူရှာ၍ ကြီးထွားနေပါမယ်။ ဘာတွေလုပ်ရမလဲဆိုတဲ့ ကျွန်တော်အမြင်ကို ပြောပြပါမယ်။ နိုင်ငံတော်၏ ယန္တရားကြီးသုံးခုရှိပါတယ်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး ၄င်းယန္တရားသုံးခုသည် ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှု ခိုင်ခိုင်မာမာဖွံ့ဖြိုးမှ အင်အားချိန်ခွင်လျှာညီမျှလျက်သက်ဝင်ဖြစ်တည်နေပါလိမ့်မည်။ ဒီမိုကရေစီစနစ်နှင့် လွဲချော်နေပြီး၊ ဒီမိုကရေစီသဏ္ဍာန်မျှသာ ဖွံ့ဖြိုးနေသည့် နိုင်ငံ၌ လူထုဗဟိုပြု ယဉ်ကျေးမှုမရှိသည့်အခါ နိုင်ငံတော်သည် အာဏာတည်မြဲရေးနှင့် အာဏာရရှိရေးအတွက် ကစားကွင်းကြီးအဖြစ်သက်ဝင်ဖြစ်တည်နေပါမယ်။ ထိုနိုင်ငံ၌ လူထုဘဝတွေသည် ပြဿနာအရပ်ရပ်နှင့် ကြုံတွေ့ရနိုင်ပါတယ်။ ဒီမိုကရေစီနိုင်ငံရေးစနစ် ထွန်းကားလာရင် ၄င်းပြဿနာတွေကို ထိန်းချုပ်ဖို့၊ ဟန့်တားဖို့ ၄င်းယန္တရားသုံးခုအတွက် အပြန်အလှန် ထိန်းကျောင်းထားနိုင်သည့် ဥပဒေရပ်များကို လိုအပ်ပါသည်။ အပြန်အလှန် ထိန်းကျောင်း တည်ဆောက်ထားနိုင်သည်နှင့်အမျှ ၄င်းပြဿနာတွေသည် နည်းပါးကင်းပျောက်ပါလိမ့်မည်။ နောက်ထပ်ဖြေရှင်းချက်ကို ညီငယ်တို့အား ဆွေးနွေးလိုပါတယ်။ ပညာဖြင့် တည်ဆောက်

ထားသော နိုင်ငံတော်ဖြစ်ဖို့လည်း လိုအပ်ပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်ဆင်းရဲမွဲတေမှု ကင်းပျောက်ပြီး စီးပွားရေးဖွံ့ဖြိုးဖို့ လိုအပ်ပါတယ်။

စီးပွားရေးဖွံ့ဖြိုးမှုမရှိလျှင် နိုင်ငံသူနိုင်ငံသားအများစုသည် ဆင်းရဲတွင်းငရဲသို့ ကျနေပါလိမ့်မယ်။ ဆင်းရဲမွဲတေမှု နက်ရှိုင်းလာလေလေ ရှေ့ကပြောခဲ့သည်အတိုင်း မင်းမဲ့စရိုက်ပြဿနာပေါင်းစုံဖြင့် သူတို့၏ဘဝထွက်ပေါက်တွေကို အစားထိုးကုသကြရပါလိမ့်မယ်။

ညီငယ်တို့ရေ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးစနစ်သည် နိုင်ငံတော်ပထဝီဝင်အနေအထား၊ လူမျိုးယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာပေါ် ဗဟိုပြုပြီး မတည်ဆောက်ထားသည့်အခါ လူထုဘဝနှင့် နိုင်ငံစီးပွားရေးသည် ပြဿနာများဖြင့် ကြုံတွေ့နေရမည်။ ၄င်းနိုင်ငံ၏စနစ်သည် အုပ်ချုပ်ခွင့်ရသူနှင့် အုပ်ချုပ်ခံရသူတို့ကြားဝယ် ညီညွတ်မှုတစ္စာ မတည်ဆောက်သည့်အခါ ၄င်းနိုင်ငံ၌ ပဋိပက္ခများစွာ ဖြစ်ပေါ်လာပါလိမ့်မည်။ ၄င်းပဋိပက္ခများ၏ နောက်မှာ တည်ငြိမ်မှုသည် တရွေ့ရွေ့ပျက်ပြားလာပါမည်။ ထိုနိုင်ငံသည် ဆင်းရဲပြီးဖွံ့ဖြိုးမှု နောက်ကျပါလိမ့်မည်။ ၄င်းရဲ့ ဘေးထွက်ဆိုးကျိုးကြောင့် နိုင်ငံသူနိုင်ငံသားအများစုသည် ဆင်းရဲခြင်းနှင့် ပညာအခွင့်အလမ်းများ ကင်းမဲ့ပါလိမ့်မည်။ နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးများကတော့ ကျန်းမာရေးချို့တဲ့မှုနှင့် အာဟာရချို့တဲ့မှု ပြဿနာရပ်များက ၄င်းလူ့အဖွဲ့အစည်းကို စိန်ခေါ်ခြိမ်းခြောက်နေပါလိမ့်မည်။ ထို့ကြောင့် ညီငယ်တို့ရေ ပညာမဲ့ လူ့အဖွဲ့အစည်းဖြစ်လျှင် နိုင်ငံတော်၏ ဇာတိဂုဏ်ပျက်စီးကြပြီးပေါ့။

မောင်လှအေးက အပြုံးတွေဖြာကြလျက်

"ကျွန်တော်တို့နိုင်ငံက အဲလိုအမျိုးအစားထဲ ရောက်နေပြီလားဗျာ။ နိုင်ငံတော်မှာလည်း နိုင်ထက်ဗိုလ်ကျမှုတွေသည် မကြားဝံ့စရာကြားနေရတယ် ခင်ဗျာ"

ကပ္ပိယက ဒါကတော့ ညီငယ်တို့ရဲ့ အမြင်သဘောထားပေါ့ အုပ်ချုပ်သူမင်းအစိုးရနဲ့ အုပ်ချုပ်ခံသူ ပြည်သူလူထုအကြားမှာ တည်ရှိ သက်ဝင်ဖြစ်ထွန်းနေသည့် တရားဥပဒေသည် ညီညွတ်မျှတမှုကင်းမဲ့နေလျှင် အဓမ္မမှုဖြစ်စဉ်တွေသည် ပေါပေါလျှံလျှံ ဖြစ်နေကြမှာပေါ့။

မောင်အေးက

"ကပ္ပိယကြီးခင်ဗျာ ဒါထက်နားလည်အောင် သိရအောင် ရှင်းပြပေးပါခင်ဗျာ"

ကပ္ပိယက မောင်လှအေး၏ စကားအဆုံးတွင် အားရပါးရ ရယ်ချပစ်လိုက်သည်။ ၎င်း၏ ရယ်သွမ်းမှုကို တိခနဲ့ရပ်ကာ

"ညီငယ်တို့ မကြာခဏ ကြားနေရမှာပေါ့။ တရားဥပဒေ စိုးမိုးရေး အော်သံတွေကိုလေ။ ဘာကြောင့်လဲဆိုတော့ အဖြေက ရှင်းပါတယ်၊ တရားဥပဒေ မစိုးမိုးလိုပေါ့ကွာ။ ဒါဆိုရင် ညီငယ်တို့ရေ စဉ်းစားစိစစ်ရမည့် အချက်အလက်တွေ ရှိနေပါတယ်။ ၎င်းလူအဖွဲ့အစည်းမှာ ဘာကြောင့်တရားဥပဒေစိုးမိုးမှုမရှိရသလဲ။ ကျွန်တော်၏ သဘောထားအမြင်သည် ရှင်းပါတယ်။ ၎င်းတရားဥပဒေဆိုသည် ကိရိယာတွင် လိုအပ်ချက်တွေ ရှိနေတယ်လို့ ယူဆမိပါတယ်။

ညီငယ်တို့ရေ ဘာကြောင့်တရားဥပဒေဆိုသည့် ကိရိယာကို မွေးဖွားကျင့်သုံးကြပါသလဲ။ လူလူချင်း အတူတကွ ငြိမ်းချမ်းစွာ

အတူယှဉ်တွဲနေထိုင်သည့်အခါ လုံခြုံအေးချမ်းဖို့အတွက် မွေးဖွားရခြင်းဖြစ်ပါတယ်။ ဒါထက်တစ်ဆင့်တက်ကြည့်ကြပါစို့။ အုပ်ချုပ်ရသူနှင့် အုပ်ချုပ်ခံရသူကြား အုပ်ချုပ်သူအချင်းချင်း၊ အုပ်ချုပ်ခံရသူအချင်းချင်း မတရားမှုတွေမဖြစ်အောင် အပြန်အလှန်ထိန်းကျောင်းမှု တည့်မတ်ကာကွယ်ပေးထားသည့် ပေါင်းစပ်ခြင်းကြားခံကိရိယာတစ်ခုအဖြစ် ယူဆမိပါတယ်။ ဒါကြောင့် နိုင်ငံတော်နှင့် လူရွာကြီး လုံခြုံဖွံ့ဖြိုးအေးချမ်းတည်ငြိမ်ဖို့အတွက် အသုံးပြုခံရမဲ့ ၎င်းကြားခံကိရိယာသည် ညီညွတ်မျှတမှုရှိစေရန် အထူးလိုအပ်ပါသည်။ ၎င်းကြားခံကိရိယာကို အသုံးပြုကြမဲ့ လူအဖွဲ့အစည်းအတွင်းမှ အသုံးပြုသူနှင့် အသုံးပြုခံထားရသူအားလုံး လက်ခံလေးစားဖို့၊ ကျင့်သုံးလိုက်နာဖို့ လိုအပ်ပါတယ်။ အထူးသတိပြုကာ စေတနာထားလုပ်ဆောင်ဖို့ လိုပါတယ်။ ဘာကြောင့်ဆိုတော့ ၎င်းကိရိယာသည် တရားမျှတမှုနှင့် ညီညွတ်မျှတမှု အင်္ဂါရပ်များပါရှိဖို့သာ ဖြစ်ပါတယ်။ ဒါမှသာလျှင် ၎င်းကြားခံကိရိယာဖြစ်သည့် တရားဥပဒေကြီးကို လူအဖွဲ့အစည်းက လိုက်နာကျင့်သုံးခံယူရာအဖြစ် အသုံးကျနေပါလိမ့်မည်။

မောင်အေးက ပိတ်အပြဲများဖြာလျက်

"တရားဥပဒေကြီးကို ကိုင်တွယ်အသုံးပြုကြမဲ့ လူနှင့် လူ့အဖွဲ့အစည်းကို ၎င်းတရားဥပဒေဆိုသည့် ကိရိယာဖြစ်ပင် ပြန်လည်ထိန်းကျောင်းထားရမယ်လို့ ကျွန်တော်နားလည် လိုက်ပါတယ်။ ဒါထက်သိလိုက်ရသည်က ၎င်းတရားဥပဒေကြီးသည် နှိပ်စက်ညှဉ်းပန်းသည့် ကိရိယာတစ်ခုမဖြစ်ဖို့ အထူးဂရုပြုမည်ဆိုတာကိုပါ သိလိုက်ရပါတယ်။ ဒါကြောင့် တရားဥပဒေအရ ပြစ်ဒဏ်ခံယူရတာထက် သိချင်တာသည် မတရားမှုတွေကို မပြု

လုပ်မိအောင်၊ နည်းပါးသွားအောင် ဘာလုပ်သင့်သလဲခင်ဗျာ။ ကပ္ပိယက ညီငယ်မိတ်ဆွေတို့ရေ လူဆိုတာ သင်ကြားခံသတ္တဝါ ဖြစ်သလို၊ သင်ကြားရလွယ်ကူသည့် သတ္တဝါအမျိုးအစားလည်း ဖြစ်ပါတယ်။ ဒါကြောင့် အရိုင်းကို အယဉ်ဖြစ်အောင် ပညာသည် သာလျှင် စွမ်းဆောင်နိုင်ပါတယ်။ လူသတ္တဝါတွေ ဉာဏ်ပညာ ရင့်ကျက်လာဖို့ဆိုရင် စာဖတ်ခြင်းကသာ များစွာအထောက်အကူ ပြုပါလိမ့်မယ်။ ဉာဏ်ပညာရင့်ကျက် ဖွံ့ဖြိုးဖို့အတွက် ညှိနှိုင်း ဆွေးနွေးခြင်းအလေ့အထနှင့် အမြင်သဘောထား ဖလှယ်ခြင်း သည့်သာ ပံပိုးမှုအဖြစ် ရရှိနိုင်ပါတယ်။ လောက၏ အမှောင်ထုကို အလင်းဖြင့် ဖြိုခွင်းနိုင်သည့် လက်နက်သည် ပညာပေါ်ဆင့်ထား သည့် သတိတရားဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ညီငယ်တို့ကို တိုက်တွန်းစေချင်တာသည် စာဖက်ကြဖို့ဘဲဖြစ်ပါတယ်။ ညီငယ် တို့ရေ အစိုးရကောင်း၏ စွမ်းရည်သည် အမိန့်အာဏာနာခံမှု မဟုတ်ပါဘူး ခင်ဗျာ။ ကျင့်ဝတ်သိက္ခာတန်ဖိုးထားခြင်း၊ တရား ဥပဒေကို လေးစားလိုက်နာခြင်းနှင့် လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ကိုင်ဆောင်ရွက်ခြင်းပင် ဖြစ်ပါတယ်။ ဘာကြောင့်လဲ နိုင်ငံ တစ်နိုင်ငံ တည်ငြိမ်ဖွံ့ဖြိုးအတွက် ကျင့်ဝတ်ဆိုင်ရာနီတိများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်မှုပေါ် မှီတည်နေပါ တယ်။ ဒီလိုပါဘဲ ညီငယ်တို့ရေ နိုင်ငံသူနိုင်ငံသားများကလည်း ကျင့်ဝတ်ဆိုင်ရာနီတိများကို နားလည်သိရှိခြင်းမှ လိုက်နာဆောင် ရွက်ဖို့လည်း လိုအပ်ပါတယ်။ သေချာပါတယ် ညီငယ်တို့ရေ ကျင့်ဝတ်ပျက်စီးလျှင် နိုင်ငံ၌ မင်းမဲ့စရိုက် ကြီးထွားနေပြီပေါ့။

မောင်အေးက

"ကပ္ပိယကြီး နိုင်ငံချမ်းသာဖို့အတွက် ဘာတွေလိုအပ်ပါ သလဲ။ ဘာလုပ်ရမလဲဗျာ"

ကပ္ပိယက ပြုံးနေရာမှ မျက်ခုံးလေးများပင် တွန့်တက်သွားသည်။ ထိုအပြုံးများကြားမှ ရယ်ဆက်ဆက်ကလေးဖြင့်

""စီးပွားရှာရမှာပေါ့။ ညီငယ်တို့ စီးပွားကိုဘာနဲ့ရှာရမလဲ မေးခွန်းတစ်ရပ် ထပ်ပေါ်လာပါလိမ့်မယ်။ ကဲ ညီငယ်တို့ရေ ကိုယ်ထံမှာဘာတွေရှိလဲ။ သူတို့နှစ်ဦးမျက်လုံးကလေးများ ပြိုင်တူပြူးကျယ်သွားကြသည်။ ထိုအခါ ကပ္ပိယလုလင်သည် ပြုံးဆက်ဆက်ကလေးပြုံး၍ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရင်းအနှီးဖြစ်သည့် ငွေနှင့်အတတ်ပညာ ဖြစ်ပါတယ်။ ထိုမှဆက်စပ်ကာ လိုအပ်လာသည့် တီထွင်ကြံဆမှုနှင့် လွတ်လပ်စွာတွေးခေါ်ပိုင်ခွင့် ရရှိဖို့ဖြစ်ပါတယ်။ ရိုးရိုးရှင်းရှင်းကလေး နှိုင်းပြရလျှင် အတတ်ပညာမရှိသည့်အခါ နိုင်ငံတော်မှ မဟုတ်ပါဘူး။ လူတစ်ဦးတစ်ယောက်အတွက်ပင် ဥစ္စာငွေကြေးရှာဖွေရာ၌ ခက်ခဲကြမ်းတမ်းပါလိမ့်မည်။ ကမ္ဘာကြီး၏ အတိတ်ကာလဆီသို့ ပြန်သွားကြည့်လိုက်ပါ။ စစ်တိုက်ပြီးငွေရှာသည့် နည်းစနစ်ကို အသုံးပြုခဲ့ကြပါသည်။ တစ်နည်းအားဖြင့် နယ်ချဲ့ပြီး စီးပွားရေးအမြတ်ထုတ်ခြင်းပေါ့။ (၂၀)ရာစု၌ ကမ္ဘာ့ရွာကြီးမှာ အယူအဆနဲ့ ပြောင်းလဲမှုတွေ များလာပါတယ်။ အတတ်ပညာနဲ့ငွေကို ပေါင်းစပ်ပြီး ငွေအရင်းတိုးပွားမှုဈေးကွက်ကို ရှာဖွေလာကြပါတယ်။ ၄င်းအယူဆတစ်ရပ်သည် ရပ်တန့်မတည်မြဲနေပါဘူး။ ညီငယ်တို့ရေ တရွေ့ရွေ့ပြောင်းလဲလာသည့် ဈေးကွက်ကို နည်းပညာဖြင့် ထိုးဖောက်လွှမ်းခြုံမဲ့ အယူအဆတစ်ရပ်နှင့် ဒေသရပ်ဝန်းကို ဗဟိုမပြုဘဲ လုပ်အားတန်ဖိုးအနည်းဆုံးဆီသို့ဆိုသည့် အယူဆတစ်ရပ်ပါ မွေးဖွားလာကြပါတယ်။ (၂၁) ရာစုမှာ နည်းပညာတိုက်ပွဲသည် ကမ္ဘာကြီးကို စိန်ခေါ်နေပါတယ်။ နည်းပညာဈေးကွက်ကို

ရှာဖွေနေပါတယ်။ ဒါကြောင့် ကမ္ဘာလူ့ရွာကြီးမှာ နည်းပညာဖွံ့ဖြိုးမှုအရှိန်ကို ထိန်းချုပ်ဖို့ခက်ခဲလာသည်ကို တွေ့ရပါလိမ့်မယ်ခင်ဗျာ။ လုံခြုံတယ်လို့ အထင်တရားသည် ၎င်းနည်းပညာ၏စွမ်းအားကြောင့် လုံခြုံမှုနှင့် ဖုံးကွယ်ခြင်းထဲတိုင်ကို နင်းချေနေပါမည်။ ဒါကြောင့် ကြီးမားတဲ့စစ်ပွဲတွေမရှိဘဲ ပါဝါအားပြိုင်မှုအောက် နည်းပညာစမ်းသပ်ကွင်းတွေ ဖြစ်လာပါလိမ့်မယ်။ စီးပွားရေးကြောင့် နိုင်ငံသိမ်းစစ်ပွဲတွေမရှိကြပေမဲ့ အမျိုးသားအကျိုးစီးပွားပုံသဏ္ဌာန်သစ်သည် အားကောင်းလာ၍ ဆင်းရဲချမ်းသာ ကွာဟမှုနှုန်းသည် ကမ္ဘာ့လူအဖွဲ့အစည်း၏ တည်ငြိမ်မှု ပုံသဏ္ဌာန်ကို စိန်ခေါ်နေလိမ့်မည်။ နိုင်ငံအလိုက် ကျွန်ပြုခေတ်တွေမရှိတော့ပေမဲ့ နည်းပညာဆန်းသပ်မှု၏အောက်မှာ (၂၁) ရာစုကာလ လူအဖွဲ့အစည်းကို စိန်ခေါ်လာမည့် ခေတ်သစ်ကျွန်လုပ်သားထုပြဿနာတွေ ဖြစ်ထွန်းလာပါလိမ့်မယ်။ နည်းပညာအသစ်ကို စဉ်ဆက်မပြတ်ဆုပ်ကိုင် ထားနိုင်သူတို့၏ အောက်ဝယ်ဈေးကွက်သစ်နှင့် လုပ်သားအရင်းမြစ်များ လိုအပ်လာပါလိမ့်မယ်။ ၎င်းလိုအပ်ချက်သည် နေရပ်ဒေသစွန့်ခွာမှုပြဿနာတွေ ဖြစ်ထွန်းလာပါလိမ့်မယ်။ နည်းပညာသစ်တို့၏ စိန်ခေါ်မှုတွေအောက် ကမ္ဘာလူ့ရွာကြီးအတွက် အကြီးမားဆုံးရင်ဆိုင်ရမည့် ပြဿနာသည် ဆင်းရဲချမ်းသာကွာဟမှုအရှိန် ကြီးထွားလာခြင်း ဖြစ်ပါတယ်။ ၎င်းပြဿနာတို့၏ ဘေးထွက်ဆိုးကျိုးသည် အစွန်းရောက်တွေးခေါ်မှု ပုံသဏ္ဌာန်သစ်များ မွေးဖွားအားကောင်းရာ ဥယျာဉ်မြေများအဖြစ် အားကောင်းလာပါလိမ့်မယ်။

ညီငယ်တို့ရေ စကြာဝဠာကြီး၏ တန့်ပြန်သက်ရောက်မှုသဘောတရားများစွာဖြင့် တည်ဆောက်ထားသည့် ကမ္ဘာဖြစ်ပါ

တယ်။ ကမ္ဘာ့လူဦးရေမြင့်တက်လာမှုနောက်မှာ မြို့ပြဆိုင်ရာ ချဲ့ထွင်မှုနှင့် သယံဇာတပြုန်းတီးမှု ပြဿနာများစွာ ဖြစ်ထွန်းလာပါတယ်။ ၎င်းပြဿနာများ၏ ဘေးထွက်ဆိုးကျိုးသည် စကြာဝဠာကြီး၏ ဂေဟာဆက်နွယ်မှု သဘောတရားများစွာသည် ပျက်စီးပျောက်ကွယ်ကြမည့် လမ်းစတစ်ဖွယ်ဖြစ်လာပါသည်။ ၎င်းဖြစ်စဉ်နှင့်အတူ လူသားတို့၏ ဆင်းရဲချမ်းသာကွာဟမှုကြီးသည် နက်နက်ရှိုင်းရှိုင်း မွေးဖွားလာပါတယ်။ လူသားဆိုင်ရာ ပြဿနာကြီးများကို ထိန်းညှိမှုသဘောတရားဖြင့် ထိန်းချုပ်ခြင်း၊ ထိမ်းကျောင်းခြင်းများ ပြုလုပ်ထားပါသည်။ သို့သော် ၎င်းထိန်းညှိမှုသဘောတရားများ ပျက်သုဉ်းရင် ကမ္ဘာလူရွာကြီးသည်၏ တည်ငြိမ်မှု ပျက်စီးကိန်းကြီးကို မိခင်စကြာဝဠာကြီးက သယ်ပိုးထမ်းရွက်ရပါလိမ့်မယ်။ သေချာပါတယ် ညီငယ်တို့ရေ။ ကျွန်တော်တို့နိုင်ငံသည် ချမ်းသာကြွယ်ဝသည့် နိုင်ငံတော်ဖြစ်ဖို့ အလှမ်းဝေးနေပါဦးမယ်"

မောင်လှက

"တိုင်းပြည်မဆင်းရဲစေချင်လျှင် ပြည်တွင်းစစ်တွေ မရှိဖို့လိုပါတယ်။ မြေအောက်ဂိုဏ်းတွေ မဖွံ့ဖြိုးဖို့လိုပါတယ်။ တရားဥပဒေစိုးမိုးမှု ရှိရပါမယ်။ လုပ်ထုံးလုပ်နည်းတွေ တိကျခိုင်မာရပါမယ်။ အဂတိလိုက်စားမှု နည်းပါးရပါမယ်။ ဒေသတွင်းလျှပ်စစ်စွမ်းအင် ဖွံ့ဖြိုးဖို့လိုပါတယ်။ ကုန်ထုတ်လမ်းတွေ ရှိရပါမယ်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရပါမယ်။ ဈေးကွက်စီးပွားရေးနှင့်အတူ နိုင်ငံပိုင်စီးပွားရေးများ အားကောင်းလာလျှင် နိုင်ငံချမ်းသာလာပါလိမ့်မယ်။

မောင်အေးက မျက်ခုံးလေးများပင် တွန့်ခေါက်သွားပါသည်။ အားငယ်ညှိုးနွမ်းသောမျက်နှာလေးဖြင့်

"ဒါဆိုရင် ကျွန်တော်တို့နိုင်ငံတော်သည် (၂၁) ရာစုမှာလည်း ကျန်ရစ်နေဦးမှာပေါ့နော်"

ကပ္ပိယက မချိတချိအပြုံးကလေးများဖြင့်

"သေချာတပ်အပ် မစွပ်စွဲလိုပါဘူး ညီငယ်တို့ရေ။ ဒါပေမဲ့ သေချာသည့် အဖြေတစ်ခုထွက်ဖို့ (၂၁) ရာစု၏ ခုံရုံးပေါ်ကို ကျွန်တော်တို့နိုင်ငံ၏ ပကတိအခြေနေကို တင်ကြည့်စိစစ်လိုက်ပါ။ ကျွန်တော်၏ သဘောထားသည် စိစစ်မဆုံးဖြတ်ခင် ရှုံးနေပါပြီခင်ဗျာ။ သို့သော် ညီငယ်တို့ရေ ငှင်းရှုံးနိမ့်မှုကိုသင်ခန်းစာယူကာ နိုင်ငံတော်ကို ချစ်မြတ်နိုးသည်စိတ်ဖြင့် နိုင်ငံသူနိုင်ငံသားအားလုံး ယခုကစ၍ စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တို့ဖြစ် ပြုပြင်နိုင်ကြမည်ဆိုလျှင် (၂၀၅၀) ခုနှစ်အရောက်မှာ လူရာအသွင်းခံရနိုင်ပါတယ်"

မောင်လှအေးက

"ကပ္ပိယ၏ နောက်ဆုံးစကားအရ လူရာအသွင်းခံရအောင် ဘာလုပ်ရမလဲခင်ဗျ"

ကပ္ပိယက ပြုံးရွှင်နေသောမျက်ဝန်းဖြင့် တဟားဟားဖြင့် ရယ်မောပစ်လိုက်သည်။ ထိုရယ်မောမှုကိုတိခနဲ့ရပ်ကာ

"ကျွန်တော်အမြင် သဘောထားနှင့် အယူအဆပေါ့ဗျာ။ အဘက်ဘက်မှ ယိုယွင်းပျက်စီးနေသည့် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသား အများစုအားပြုပြင်ရန် ကြီးမားနက်ရှိုင်းသည့် တန်ပြန်တော်လှန်ရေးတစ်ရပ်ကို ကြံကြံခိုင်မာစွာ ဆင်နွှဲရပါမည်။ ပထမဆုံးအနေဖြင့် နိုင်ငံတော်အတွင်း ဗျူရိုကရက်ယဉ်ကျေးမှု ယန္တရားကြီးကို ချေမှုန်းပစ်ရပါမယ်။ ဒဏ်ပေးစနစ်နှစ်ခုကို ကိုင်စွဲ၍ ဖြေရှင်းခြင်းဖြစ်ပါတယ်။ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူဆောင်ရွက်

ခြင်းကို ထိရောက်သောလက်နက်နှစ်ခုဖြင့် ယှဉ်တွဲ၍ကျင့်သုံးရပါမယ်။ ဥပဒေတုတ်နှင့် အာဏာတုတ်တို့ဖြစ် ပစ်သတ်ကိုင်တွယ်မှုအထိ လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ နိုင်ငံတွင်းက ထွက်ရှိသည့် သံယံဇာတနှင့် စားသောက်ကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းမှုကို နိုင်ငံတော်မှ ထိန်းချုပ်ကွပ်ကဲပြီး ပိတ်ပင်ရပါမယ်။ ပြည်တွင်းထုတ်လုပ်မှုဆီသို့ လှမ်းတက်နိုင်ဖို့ နိုင်ငံခြားမှတင်သွင်းသည့် ပစ္စည်းများကို ကန့်သတ်ဖို့လိုပါတယ်။ လူထုသည် သူရပ်နေရသည့် ဒေသတွင်းမှ ကုန်ထုတ်လုပ်မှုဆီသို့ ကိုယ့်တိုင်ကိုယ်ကျပြုလုပ်ရန် နိုင်ငံတော်သည် ပံ့ပိုးမှု ထောက်ကူမှုနှင့် ဆွဲဆောင်ခေါ်ယူရပါမယ်။ နည်းပညာသစ်ကို နိုင်ငံတော်မှ ဦးဆောင်မဲ့ ယန္တရားအဖွဲ့ကိုဖွဲ့စည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးမှုဆီသို့ ဦးတည်ခြင်း ဖြစ်ပါတယ်။ နည်းပညာဆိုင်ရာ ဒီပလိုမာသင်တန်းကျောင်းတွေကို ဒေသအနှံ့ ဖွင့်လှစ်သင်ကြားခြင်းဖြစ် လူသားအရင်းအမြစ်ကို တပြိုင်နက်ထဲမွေးထုတ်ရပါမယ်။ လူထု၏ လုပ်အားကို လူထုက တန်ဖိုးထားအောင် အခွင့်အလမ်း ပြန်ဖန်တီးသည့် လုပ်ငန်းစဉ်ဖြင့် ရှေ့သို့တက်လှမ်းရပါမယ်။

နိုင်ငံတော်ရှိပညာရေးကဏ္ဍတွေဒ္ဓ အလွှာစုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ပံပိုးပေးရပါမယ်။ ပုဂ္ဂလိက ပညာရေးစနစ်ကို အခွန်တိုးကောက်ပေးရပါမယ်။ ၄င်းရရှိသည့် ပညာရေးအခွန်ငွေအား နိုင်ငံတော်ပညာရေးယန္တရားဆီသို့ အထောက်အကူပြုရခြင်း ဖြစ်ပါတယ်။ ကျောင်းသားဗဟိုပြု ဖန်တီးခြင်းနှင့် သဘာဝမကျသည့် သင်ရိုးညွှန်းတမ်းများကို ပြုပြင်ရခြင်းများကို နိုင်ငံတော်မှပြုလုပ်ရမည်။ သင်ကြားရေးမှ သင်ယူမှုဆီသို့ ညွှန်ပြခြင်း ပညာရေးစနစ်ကို တည်ဆောက်မှသာလျှင် နိုင်ငံချမ်းသာပါလိမ့်မည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ (၇၀) ရာခိုင်နှုန်းလောက်ကို နိုင်ငံတော်မှ ထောက်ပံ့ပေး၍ အသေးစားကုသမှုအား နိုင်ငံတော်မှ ပြည့်ဝစွာ တာဝန်ယူသည့် စနစ်တရပ်ကို မွေးဖွားပေးရပါမယ်။ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကို ဗဟိုအစိုးရ၏ တိုက်ရိုက်ချုပ်ကိုင်မှုစနစ်ကို လျှော့ချပြီး ဒေသန္တရအစိုးရသို့ (၈၀) ရာခိုင်နှုန်းလောက် အာဏာအပ်နှင်းထားရမည်။ နောက်ဆုံး လုပ်ငန်းစဉ်သည် နိုင်ငံသူနိုင်ငံသားများ၏ ဦးနှောက်ကိုဆေးကျောပစ်ရမည်။ အဲဒါကတော့ ရိုးရှင်းပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် မြို့ပြဒေသအေးချမ်းဖို့အတွက် လူအများစုအား အလုပ်ရုံနှင့် လက်တွေ့လုပ်ငန်းများဆီသို့ ဆွဲခေါ်ရမည့် လုပ်ငန်းစဉ်များဖြစ်ပါတယ်။ ၄င်းသည် နိုင်ငံတော်အား ရှေ့ရိုက်ကုထုံးနည်းဖြစ်ပါတယ်။ တော်အောင်ထားပြီး ရှင်သန်အောင် လုပ်ယူသည့်နည်းစနစ်ဖြစ်ပါတယ်။ အိပ်ငိုက်နေသည့် ဦးနှောက်တွေကို တပ်လှန့်လှုံ့ဆော်ခြင်းနှင့် အိပ်မောကျနေသူတို့အား ဆုပေးဒဏ်ပေးစနစ်ဖြစ် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်သည့် ကုထုံးနည်းဖြစ်ပါတယ်။ ဒါကြောင့် လူထုဗဟိုပြုမည့် အစိုးရတစ်ရပ်ရှင်သန်ဖို့အဖက်ဖက်မှ ပျက်ယွင်းအားနည်းနေသည့် နိုင်ငံတော်အတွက် ပြန်လည်နိုးထရှင်သန်ဖို့ သတ်ဝံ့ဖို့လိုပါတယ်။ ငတ်ရဲဖို့လိုပါတယ်။ ဖြတ်ရဲဖို့လိုပါတယ်။ ဂုဏ်ပြုရဲဖို့လည်း ပြင်ဆင်ရပါမယ်။ ၄င်းကုထုံးနည်းမှ လိုအပ်ချက်များကို အစားထိုးနိုင်သည့် ရိက္ခာပစ္စည်းကြိုတင်စီမံသိုလှောင်ခြင်းနှင့် လုပ်သားလိုအပ်ချက် ရှာဖွေထားရေးကုထုံးနည်းစနစ်တွေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်သည့်အခါ ပြန်လည်ရှင်သန်လာမည့် နိုင်ငံတော်ကုထုံးဆေးခါးကြီးပဲပေါ့။

မောင်အေးက

"ကပ္ပိယကြီးခင်ဗျာ လူအခွင့်အရေးသမားတွေက လူအခွင့်အရေး ချိုးဖောက်နေကြပြီလို့ အော်ကုန်ကြမှာပေါ့"

ကပ္ပိယက တဟားဟားဖြင့် ရယ်မောရင်း သူ၏ ရယ်မောမှုကိုရပ်ကာ

"ညီငယ်တို့ရေ မာယာဝတ်ရုံလွှာအောက်မှာ လူးလွန့်ရုန်းကန်နေရတဲ့ ကမ္ဘာကြီးပါခင်ဗျာ။ အင်အားကြီးလာသူသည် အင်အားချည့်နဲ့သူအား နိုင်ထက်ဗိုလ်ကျသည့်အခါ ဘာတွေများခံရတဲ့သူက လုပ်နိုင်ခဲ့လို့လဲ။ အင်အားကြီးနေသူတွေက အင်အားချည့်နဲ့သူတွေကို သနားလိုပါဟုသော စကားလုံးကို လုပအောင်သုံးစွဲနေကြပါတယ်။ စာနာစိတ်ဖြင့် ကူညီတာပါလို့ ပြောကြပါလိမ့်မယ်။ ၄င်းစကားလုံးတွေ၏နောက်မှ အဓိကဖြစ်ရပ်မှန်သည် သူတို့၏ အမျိုးသားအကျိုးစီးပွားပေတံဖြင့် တိုင်းတာ၍ ပြီးခဲ့ပါပြီး။ ညီငယ်တို့ရေ အင်အားကြီးသူက အင်အားနည်းသူကိုပြုံး၍ နှုတ်ဆက်ချိန်မှာ အင်အားနည်းသူမှာလည်း မချိချိပြုံးပြုံးရင်းပင် အတွင်းကြေမဲ့ ဒဏ်ရာဒဏ်ချက်ကြောင့် ငိုသံတွေသည် ရင်ထဲမှာ ဆော့ကစားနေပါတယ်။ ညီငယ်တို့ရေ လူအခွင့်ရေးသမားတွေက သူတို့၏လက်မှာ လူအခွင့်ရေးဆိုင်းဘုတ်ကို ကိုင်ထားကြပါလိမ့်မယ့်။ တစ်ခါတစ်ရံ သူတို့တွေသည် လူသားချင်းစာနာထောက်ထားရေး ဆိုင်းဘုတ်များကိုလည်း ကိုင်စွဲကြမှာပေါ့။ ဒီလိုပါဘဲ ညီငယ်တို့ရေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆိုင်းဘုတ်များကိုလည်း ကိုင်ထားကြမှာဘဲလေ။ အာဏာကုန်ထုတ်ကိရိယာကို ရရှိထားကြသူတွေသည် ၄င်းတို့၏ အာဏာစက်များ ရှင်သန်ကြီးထွားရေးကို ပြုလုပ်နေကြပါတယ်။ မနေ့ညစ္စာ ကုန်ထုတ်

ကိရိယာကို ပိုင်ဆိုင်အသုံးပြုကြသူတွေသည် ၄င်း၏အကျိုးစီးပွား ရှင်သန်ရေးကို စဉ်းစားပြုလုပ်ကြပါတယ်။ ဒါပေမယ့် ညီငယ်တို့ရေ တူညီနေတာတစ်ခုရှိပါတယ်။ အင်အားချည့်နဲ့သူတို့အပေါ် ငြိမ်းချမ်းရေး၊ တရားမျှတရေးဆိုသည့် စကားလုံးလှလှလေးများကို လူရှေ့ထွက် စင်ပေါ်တက်ကာ ပြောတတ်ခြင်းဘဲဖြစ်ပါတယ်။ လက်တွေ့ကျသည့် လူသားဆိုင်ရာရပိုင်ခွင့်ကို လုပ်ဆောင်ပေးသူခေါင်းဆောင်တို့အား မာယာဝတ်ရုံလွှာခြုံထားကြသည့် လောဘသားကောင်တွေက အလှမကြည့်နိုင်ဘဲ လုပ်ကြံသတ်ဖြတ်ကြပါတော့တယ်။ ကျွန်တော်တို့နိုင်ငံ အနာဂတ်မှာ သာယာလှပဖို့ လောဘသားကောင်တွေသတ်လည်း ပြုံး၍သာခံမည့် ခေါင်းဆောင်နှင့် လူသားနီတိတွေ ပေါ်ထွန်းဖို့တော့ လိုတာပေါ့ခင်ဗျာ။

ထိုအချိန် သူနာပြုဆရာမလေး စန်းစန်းမွေးနှင့် မကြီးမြတို့သည် ထီးကိုဆောင်းကာ ရွာဦးဘုန်းကြီးကျောင်းဝင်းထဲသို့ လျှောက်လာနေကြသည်။ ဆရာမလေး၏ လက်တစ်ဖက်၌ ဆေးလွယ်အိတ်ကိုဆွဲလျက် အပြုံးကိုယ့်စီဖြင့် ကပ္ပိယလုလင်ထံသို့ ရောက်လာသည်။ ထိုအခါ မတ်စေ့ပုံခုံတန်းလျားပေါ်က နိုင်ငံရေးစကားဝိုင်းသည် တစ်ခန်းရပ်သွားသည်။ လူငယ်နှစ်ဦးသည် ကပ္ပိယလုလင်အား အပြုံးကိုယ့်စီပြုံးကာ နှုတ်ဆက်၍ ပြန်သွားကြသည်။ ကပ္ပိယက

"မကြီးမြတို့ ဘာကိစ္စရှိလို့လဲ ခင်ဗျ"

မကြီးမြက မချိုပြုံးသောမျက်ဝန်းဖြင့်

"ဆရာတော်က အခေါ်လွှတ်လို့ရောက်လာတာပါ။ ဒီမှာ ကပ္ပိယကိုတွေ့တာနဲ့ လာနှုတ်ဆက်တာပါ။ ကပ္ပိယသည် သူတို့နှစ်ဦးအား ရှေ့မှဦးဆောင်လျက် ဆရာတော်သီတင်းသုံးရာ

ကျောင်းကြီး၏ အပေါ်ထပ်ဆီသို့ ခေါ်ဆောင်သွားတော့သည်။ ဆရာမလေးသည် နောက်မှကပ်ပါလာသူလင်အား တိတ်တခိုး ခိုးကြည့်၍ အကဲခတ်နေသည်။ မကြီးမြသည် ထိုအဖြစ်အား မသိချင်ယောင်ဆောင်လျက် ပြုံးစိစိဖြင့် လိုက်ပါလာသည်။

ဆရာတော်သည် ပလက်ကုလားထိုင်ပေါ်၌ သီတင်းသုံးနေသည်။ သူတို့သုံးဦးသည် ဆရာတော်၏ရှေ့သို့ဦးလေးညွတ်လျက် ကျုံ့ကျုံ့လေး ဝင်ထိုင်လိုက်ကြသည်။ ထို့နောက် သုံးဦးသား ပြိုင်တူပင် ဆရာတော်အား ကန်တော့လိုက်ကြသည်။

ဆရာတော်သည် သူနာပြုဆရာမလေးအား မိမိခန္ဓာကိုယ့်မှ ခံစားနေရသည့် ဝေဒနာအကြောင်းအား ပြောပြလိုက်သည်။ ထိုအခါ ဆရာမလေးသည် ဆရာတော်အား လိုအပ်သည့် ဆေးဝါးကုသမှုအား ပြုလုပ်ပေးလိုက်သည်။ ဆေးကုသမှုပြီးသည့်အခါ ဆရာမလေးသည် ဦးသုံးကြိမ်ချကာ စိတ်ထဲမှတောင်းပန်စကားပင် ဆိုလိုက်ပါသည်။

"ဒကာမလေး ဒီရွာမှာ တာဝန်ထမ်းဆောင်ရတာ အစစအရာရာ အဆင်ပြေပါရဲ့လား"

"တင်ပါ့ဘုရား။ အတိုင်းအထက်အလွန် ညှို့ဝတ်ပြုဌာကြသည့်အတွက် ကျေနပ်ပီတိဖြစ်ရပါတယ်။ ဒါထက် တခြားရွာများနဲ့မတူဘဲ မျက်စိဖွင့် နားကြီးစရာတွေရှိနေသည့်အတွက် ပျော်ရွှင်နှစ်သက်မိပါတယ် ဘုရား။

"သာဓု သာဓု သာဓု။ ဆရာမလေးထံမှ နှစ်သက်ပျော်ရွှင်နေသည့် သတင်းစကားကိုကြားရ၍ ဒီရွာလေးအစား ကျေးဇူးတင်မိပါတယ်။ ဒကာမလေးအနေနဲ့ လိုအပ်သည့် အကြောင်းကြီးငယ်ကိစ္စတွေရှိခဲ့ရင်လည်း အားမနာပါနဲ့ အချိန်ခါမရွေးပြောပြပါ။

ဆရာတော်တို့ဘက်ကလည်း တစ်လှည့်ပြန်လည် ကူညီပေးလို့ရအောင်ပေါ့''

''တင်ပါ့ဘုရား။ ဆရာတော်ဘုရား၏ မေတ္တာရိပ်အောက်ဝယ် ဦးခိုက်ခိုလှုံခွင့်ရသည့်အတွက် ပြီးပြည့်စုံပါပြီ ဘုရား''

ဆရာတော်က အနားရှိ ကပ္ပိယလုလင်အား ဆရာမလေးလိုအပ်သမျှကို ကူညီပေးရန်၊ ကာကွယ်ပေးရန်အတွက် မိန့်ချွေလိုက်သည်

ဆရာမလေးသည် ထိုအခါ ရှက်အန်းအန်းဖြစ်သွားသည်။ အနားမှ မကြီးမြသည်လည်း သူ့အတွေးနှင့်သူ ပြုံးစိစိဖြစ်သွားသည်။

ဆရာတော်မှ နေသာသလိုနေရန် ပြောလိုက်သောအခါ သူတို့သုံးဦးသား စည်းကိုက်ဝါးကိုက် တိုင်ပင်စရာမလိုဘဲ ပြိုင်တူကန့်တော့လိုက်ကြသည်။ ထိုအခါ သူတို့သုံးဦးသည် ဦးခေါင်းညွတ် ကိုယ့်ကိုဝပ်၍ နောက်ကိုဆုတ်ကာဆုတ်ကာဖြင့် ကျောင်းကြီးအောက်သို့ ဆင်းလာခဲ့ကြသည်။

ကပ္ပိယလုလင်သည် ကျောင်းအောက်သို့အရောက် ကျောင်းပေါက်ဝသို့ ငေးကြည့်နေချိန် ဆရာမလေးမှ ကပ္ပိယလုလင်အား ရွှာဦးစေတီဘက်သို့ လိုက်ပို့ပေးပါလား။ ထိုအခါ မကြီးမြပင် အံ့ဩသွားသည်။ ကပ္ပိယလုလင်လည်း ပြုံးလျက်ပင် ရွာဦးဆုတောင်းပြည့်စေတီရှိရာသို့ ဦးဆောင်ကာ လျှောက်သွားပါတော့သည်။ ရွာဦးစေတီ၏ အနောက်ဘက်ရင်ပြင်မှ စေတီအားဖူးမျှော်လိုက်ကြသည်။ ဘုရားဝတ်ပြုပြီးသည့်အခါ ဆရာမလေးသည် သူ့အနားမှ ကပ္ပိယလုလင်အား

''ရှင်ဘာတွေ ဆုတောင်းနေတာလဲ''

ဟု မထင်မှတ်ထားသော မေးခွန်းအား ဆိုင်းမဆင့်ဗုံမဆင့် ပင် မေးလိုက်သည့်အခါ အနားမှ မကြီးမြတစ်ယောက်အံ့ဩလျက် သူမ၏မျက်လုံးလေးများပင် ပြူးကျယ်သွားပါသည်။

ကပ္ပိယက ရှက်ပြုံးလေးပြုံးလျက်

"ကျွန်တော်ကို မေးလိုက်တာလားခင်ဗျ"

ဆရာမလေးက တည်ငြိမ်သောအသံဖြင့်ပင် အသံခပ်ဆတ် ဆတ်ဖြင့် ဒီအနားမှာ ရှင့်ကိုမမေးလို့ ဘယ်သူ့ကို မေးရဦးမှာလဲ။

ကပ္ပိယက မာနမဲ့အပြုံးကိုပြုံးလျက်

"ကျွန်တော် ဆုမတောင်းတတ်ပါဘူး ခင်ဗျာ။ ဆုတောင်း တိုင်းသာ ပြည့်စုံနေမည်ဆိုလျှင် ဒုက္ခမရှိဘဲ သုခဘဲရှိနေမှာပေါ့ ခင်ဗျာ"

ဆရာမလေးက ကပ္ပိယလုလင်၏ တုံးတိတိအဖြေကြောင့် သူမ၏ မျက်ခုံးလေးများပင် တွန့်တက်သွားပြီး ချိုတချိုအပြုံးလေး ကို ပြုံး၍

"ဆုမတောင်းရင် ရှင်ကဘာလုပ်နေတာလဲ"

ကပ္ပိယက အချိုသာဆုံးအပြုံးကိုပြုံး၍

"ဆရာမလေးခင်ဗျာ သုံးလောကထွဋ်ထား မြတ်စွာဘုရား ရှင်အား ဝတ်ပြုကန်တော့သည့်အခါ မြတ်စွာဘုရားရှင်၏ ဂုဏ် တော်များဖြစ်သည့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြုကာ ဝန်ချကန်တော့ပါတယ်။ မြတ်စွာဘုရားအား ဝတ်ပြု ပြီးသည့်အခါ အကြောင်းပြုခြင်းကြောင့် အကျိုးဖြစ်ရသည် 'ကံ' ဆိုသည်အလုပ်တရား မိမိစိတ်သဏ္ဍာန်ဆင်ခြင်ပြီး နေလိုက်ပါတယ်"

"ရှင်က လူတစ်မျိုးဘဲနော်။ ထူးခြားနေတာလား။ ရူးသွပ် နေတာလားဆိုတာကို ကျွန်မမသိပါဘူး။ ရှင်က လူအများနှင့်

မတူဘဲ ခြားနားနေတာကိုတော့ သတိထားမိပါတယ်။ ရှင်ကိုယ် ရှင်ရော ဘယ်လိုလူလဲဆိုတာ သိရဲ့လား''

ကပ္ပိယက ဆရာမလေးထံမှ ရိုးသားဖြူစင်သည့် အရောင်မဲ့ စကားလုံးလေးများကို ကြားရသည့်အခါ ပီတိရွှန်းလန်းသော အပြုံးဖြင့် ပြုံးလျက်

''အရူးအမျိုးအစား အများကြီးထဲက အရူးတစ်မျိုးတော့ ဖြစ်နေပါတယ်။ ကျွန်တော်တို့ လူသားတွေသည် ကိုယ့်အတ္တကိုယ့်ဘဲ ရူးသွပ်နေကြသူတွေပါခင်ဗျာ။ ဗုဒ္ဓမြတ်စွာဘုရားရှင်က ဥပသကော၊ ဥမ္မာသကောတဲ့ သတ္တဝါတွေအားလုံးသည် အရူးတွေဘဲလို့ ဟောကြားခဲ့ပါတယ်''

''ဒါဆိုရင်ဟုဆိုကာပြုံးလျက် ကျွန်မလည်း အရူးထဲက အရူးတစ်ယောက်ပေါ့''

ကပ္ပိယက ပြုံးစိစိဖြစ်ကာ

''ဆရာမလေးကတော့ ဘယ်လိုရူးလဲဆိုတာကိုတော့ ကျွန်တော် မသိချင်တော့ပါဘူးခင်ဗျာ။ ဒါပေမဲ့ ဥစ္စာရူး၊ ဘဝင်ရူး၊ အာဏာရူး စသည့် ကုရခက်သည့် အရူးမဖြစ်ဖို့တော့ မျှော်လင့်မိပါတယ်''

ဆရာမလေး ကပ္ပိလုလင်၏ စကားအဆုံး၌ တခစ်ခစ်ရယ်၍

''ဟုတ်တာပေါ့ ရူးတာရူးပေါ့ ကိုယ်ရဲ့ပတ်ဝန်းကျင်ကို မထိခိုက်ဖို့တော့ လိုတာပေါ့နော်''

ကပ္ပိယက တည်ငြိမ်သောအပြုံးကိုပြုံးလျက်

''သိပ်မှန်တာပေါ့ခင်ဗျာ ရူးသွပ်ပိုင်ခွင့်ရှိပါတယ်။ အရူးပရမ်းပတာမဖြစ်မိဖို့တော့ လိုအပ်တာပေါခင်ဗျာ။ အရူးယုတ်တွေကြောင့် ကျွန်တော်တို့လူရွာကြီး မငိုရဖို့ပေါ့ခင်ဗျာ''

ဆရာမလေးက ပီတိအပြုံးလေးများဖြာကျလျက်

"ကပ္ပိယရှင့် ကျွန်မစိတ်ထဲမှာ သိချင်စိတ်က နိုးဆော်လို့ မေးရတာနော်"

ဟုဝန်ခံစကားကိုဆိုကာ

"ဘာကြောင့် ရှုးမိုက်သူတွေ၊ အရှုးယုတ်တွေက လူရာဝင်နေရတာလဲ"

ကပ္ပိယက

"ပညာရှင်အများစုက ဆိုမိန့်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရတစ်ရပ်၏ အရည်အချင်းကို ကြည့်ရှုပြီး ၄င်းနိုင်ငံတော်အတွင်း နိုင်ငံသားအများစု၏ အရည်အချင်းကို သိရပါလိမ့်မယ်ဟု ဖွင့်ဆိုခဲ့ပါတယ်။ အဲဒါကတော့ ပြည်သူလူထုနဲ့ ထိုက်တန်သည့် အစိုးရကိုဘဲ အများအားဖြင့်ရရှိကြပါတယ် ခင်ဗျာ"

"ဒါဆိုရင် နိုင်ငံသူနိုင်ငံသားအများစုက ပညာဉာဏ်ကင်းမဲ့ပြီး စဉ်းစားဆင်ခြင်မှု အသိစိတ်ဓာတ်အားနည်းနေလျှင် အစိုးရကောင်းကို ရရှိဖို့ခဲယဉ်းနေမှာပေါ့နော်"

ကပ္ပိယက သဘောကျနှစ်ခြိုက်စွာ ရယ်မောလိုက်ပါသည်။ ၄င်း၏ရယ်သွမ်းမှုကို တိခနဲ့ရပ်ကာ

"ဒါပေါ့ ဆရာမလေးရယ် သိပ်မှန်တာပေါ့ ခင်ဗျာ။ ပေးဆပ်သူများ၏ နိုင်ငံသည် ချမ်းသာကြွယ်ဝလို သာယာငြိမ်းချမ်းနေမှာပေါ့။ လိုချင်သူများများရှိနေလျှင် ၄င်းနိုင်ငံတည်ငြိမ်မှုပျက်ပြားကာ ဖွံ့ဖြိုးမှုကင်းမဲ့နေလိမ့်မည်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို တည်ဆောက်တာ ခေါင်းဆောင်သူတစ်ယောက်နှင့် မသက်ဆိုင်ပါဘူးခင်ဗျာ။ နောက်လိုက်များဖြစ်သည့် နိုင်ငံသူ နိုင်ငံသားတွေ၏ ပေးဆပ်အားကောင်းဖို့သာလျှင် အဓိကကျပါတယ်။ ပြည်သူလူထုက နိုင်ငံတော်အား ငါဘာလုပ်ပေး

ရမလဲ။ ၎င်းစိတ်ဓာတ်တွေ ခိုင်မာစွာအားကောင်းမှသာလျှင် နိုင်ငံတော်၏ အစိုးရကောင်းကို မွေးဖွားနိုင်မှာပေါ့။ နိုင်ငံတော် ဆီက ငါဘာရမလဲလို့ စပြီးစဉ်းစားရင် ကောက်ကျစ်ယုတ်မာပြီး အတ္တဆန်သည့် အစိုးရတစ်ရပ်ကို ရကြမှာပေါ့ခင်ဗျာ''

ဆရာမလေးက ပီတိအပြုံးများ ဖြာကျလျက်

''ရှင်ကပေးဆပ်သူလား ရယူသူလား''

ကပ္ပိယက ရယ်ရယ်မောမောဖြင့်ပင်

''ဆရာမလေးရဲ့မေးခွန်းကို ကျွန်တော်ဖြေပိုင်ခွင့် မရှိပါဘူး ခင်ဗျာ။ ကျွန်တော်နှင့်သက်ဆိုင်တဲ့ ပတ်ဝန်းကျင်ကသာ ပိုင်း ဖြတ်သတ်မှတ်ကြမှာပေါ့''

ဆရာမလေးသည် ကပ္ပိလုလင်၏ စကားအဆုံးတွင် သူမ တစ်ယောက်အသံထွက်၍ပင် ကျယ်လောင်စွာရယ်မောလိုက် သည်။ အနားရှိ မကြီးမြသည် မျက်လုံးကလေးအဝိုင်းသားဖြင့် ငေးကြည့်လျက် ကပ္ပိယလုလင်သည်လည်း ဆရာမလေးအား စေ့စေ့ကြည့်နေသည်။

၎င်းတို့သုံးဦးသည် ရှာဦးဆုတောင်းပြည့်စေတီဝန်းအတွင်းမှ ထွက်လာခဲ့ကြသည်။ သူနာပြုဆရာမလေး စန်းစန်းဌွေးသည် ပြုံးရွှန်းလျက်

''ရှင်နဲ့ စကားပြောခွင့်ရတာ ကျေနပ်ပီတိဖြစ်ရပါတယ် ကျေးဇူးလည်း တင်ပါတယ်။ ပြန်ခွင့်ပြုပါဦး''

ကျေးဇူးစကားများနှင့်အတူ ကပ္ပိလုလင်အား နှုတ်ဆက်ကာ ရွာထဲရှိ ကျေးလက်ဆေးပေးခန်းဆီသို့ ပြန်လာခဲ့ကြသည်။ ကပ္ပိလုလင်သည် ခေတ္တမျှငြိမ်သက်ကာ ဆရာမလေးတို့၏ အပြန် ကို ငေးကြည့်နေသည်။ ထိုအခါ သူ၏ရင်ဘတ်ထဲ၌ တစ်ကြိမ်

တစ်ခါမျှ မဖြစ်ဖူးသည့် 'တဒိန်းဒိန်း' ဖြင့် ရင်ခုန်နေသည်။ အရှေ့မှ မှုန်းရီဝေးဝါးမြင်ရသည်အထိ ကြည့်နေရာမှ ပြန်ခါနီး သူအား နှုတ်ဆက်ချိန် ဆရာမလေးက မျက်ခုံးလေးတွန့်ပြကာ မျက်ဆံပစ်၍ ပြောသွားသည့် ရုပ်ပုံလွှာသည် သူ၏ရင်ခွင်အား ရွာဦးကျောင်းမှ ကြေးစည်သံပမာ ဒူဝေဝေမြည်နေတော့သည်။

ဆရာမလေးသည် ဘေးမှ မကြီးမြကိုပင်မေ့ကာ အပြုံးများ ဖြာကြလျက် အိမ်ပေါက်ဝသို့ ရောက်မှန်းမသိ တွေး၍လျှောက်နေစဉ် အနားမှ မကြီးမြသည်

"အဟွတ် အဟွတ်"

ဖြင့်ချောင်းဟန့်သံပြုကာ

"အိမ်ကျော်နေပြီလေ ဆရာမလေး"

ထိုအခါ သူမ၏အတွေးများ ရပ်သွားကာ ရှက်ပြုံးလေးပြုံး၍

"မကြီးမြကလဲ..."

ဟုဆိုကာ နောက်ပြန်ဆုတ်၍ အိမ်ထဲသို့ အပြေးကလေး ဝင်သွားပါတော့သည်။

□

## ရွာဦးကျောင်းမှ ကပ္ပိယ

မိုးလရာသီကုန်ဆုံး၍ ဆောင်းဦးကာလသို့ တိုးဝှေ့နေချိန် မိုးစပါးများသည် လယ်ကွင်းထဲ အရောင်တဖြတ်ဖြတ်ဖြင့် ဝင်းမှည့်နေကြသည်။ ရွာ၏ မြောက်ပိုင်းမှ ကိုတာဝ၏ ဆန်စက်သည် မရပ်မနား အသက်ဝင် ရုန်းကန်နေရသည်။ ရွာလယ်ပိုင်းမှ ကိုလှထွေး၏ စက်ဆီဆုံဆီကြိတ်သံသည်လည်း တဂျုန်းဂျုန်း တဂျိဂျိအသံများဖြင့် မရပ်မနားလှုပ်ရှားနေသည်။ ရွာသူရွာသား တစ်ချို့သည်လည်း ကျေးရွာမှထွက်ရှိနေသည့် ကုန်ကြမ်းများကို ကုန်ချောအဖြင့် ထုတ်လုပ်ကာ မြို့ကြီးသို့တက်ရောက်ရောင်းချရန် ပြင်ဆင်နေကြသည်။ ၄င်းရွာလေးမှ တပိုင်တနိုင် လက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးလာပါသည်။ ထိုရွာလေးသည် ဖွံ့ဖြိုးသာယာနေ၏ ယဉ်ကျေးပျူငှာကြသည်၊ ရိုင်းပင်ကူညီကြသည်။ ထိုရွာလေးမှ ရွာဦးဘုန်းကြီးကျောင်းတွင် နေထိုင်သည့် ကပ္ပိယလုလင်ကိုလည်း ရွာမှရွာသူရွာသားများက ချစ်ခင်လေးစားကြသည်။

ထိုကပ္ပိယလုလင်သည် နံနက်ဝေလီလင်းအချိန်အခါဝယ် ပင်နီတိုက်ပုံကြီးကို ဝတ်ဆင်ကာ ရှာဦးဆုတောင်းပြည့်စေတီသို့ ရောက်လာပါသည်။ ကပ္ပိယလုလင်သည် နေလုံးကြီးထွက်ပေါ်လာမည့် အရှေ့ဘက်ဆီသို့ စေတီတော်အား ကျောပေးလျက် ကြည့်နေသည်။ သူတွေ့နေရသည်မှာ အလွန်မြင့်မားသည့် တောင်တန်းကြီး ဖြစ်ပါသည်။ သို့သော် ထိုတောင်တန်းကြီးသည် ယခုအခါ တောင်ဂတုံးကြီးအဖြစ်သို့ ရောက်ရှိနေပါသည်။ ထိုတောင်ဂတုံးကြီးဖြစ်နေသော တောင်တန်းကြီးကို ငေးမောကြည့်နေမိသည်။ ထိုအခါ သူ၏ရင်ဘတ်ထဲ၌ စို့တစ်တစ်ကြီး ဖြစ်လာပါသည်။ အသက်ရှူသံကိုပင် ကြောက်သလိုလို ဖြစ်နေပါသည်။ သူ၏မွန်းကြပ်မှုများကို နှုတ်မှဖွင့်ထုတ်ကာ အော်ဟစ်ပြောဆိုလိုက်သည်။

"အို့ လောကကြီးတွင်ရှိသော သူတော်ကောင်းအပေါင်းတို့ ကျွန်တော်တို့ ကမ္ဘာကြီးသည် လူယုတ်မာတို့၏ နိုင်ထက်ဗိုလ်ကျကာ ကြီးစိုးချယ်လှယ်မှုအောက် အသုံးတော်ခံကိရိယာအဖြစ် ခံစားနေရပါတကား။ စက်ဆုတ်ရွံ့ရှာဖွယ်ကောင်းသည် လူသတ္တဝါတွေသည် လုပသည့်စကားလုံးတွေကို ဝတ်ရုံလွှာအဖြစ် ခြုံလွှမ်းကာ နူးညံ့သိမ့်မွေ့သည့် ကမ္ဘာကြီးကို အဆိပ်မီးလျှံများဖြင့် လောင်တိုက်သွင်းနေကြပါတကား။ ရာစုခေတ်တွေပြောင်းလဲကာ လူသတ္တဝါတွေသည် ယဉ်ကျေးသိမ့်မွေ့လာကြသည်ဟု ထင်မြင်ယူဆပေမယ် အရိုင်းစိတ်များသည် ယဉ်ကျေးမှုဝတ်ရုံလွှာအောက်မှ ထိုးထွက်ကာ ရက်စက်ယုတ်မာမှု ပုံသဏ္ဌာန်သည် လိမ်မာပါးနပ်သည့်အတွက် ပို၍ပင်ကြောက်စရာကောင်းပါတကား။ တရားမျှတရေး ဝတ်ရုံလွှာပါးပါးလေးအောက်မှ အမဲ့ပြု

ရက်စက်နေကြသည့် လောကကြီးကို တစိမ့်စိမ့်ကြည့်ရင်း ဖြည်းဖြည်းခြင်း စဉ်းစား၍ကြည့်စမ်းပါ။ လူကမ္ဘာကြီးအတွက် ဘယ်လောက်အထိ တုန်လှုပ်စရာကောင်းသလဲ့ လူတစ်စုမျှသာရှိသည့် အင်အားကြီးသူတို့၏အောက် လူထုဘဝများစွာသည် အရုပ်ဆိုးပြီး အကျည်းတန်ဘဝဖြစ်သာ ရှင်သန်နေရတယ်။

လောကကြီးရေ ကမ္ဘာကြီး၏တစ်ဖက်၌ တရားမျှတရေးကို အော်ဟစ်နေကြတယ်ဗျ။ ကမ္ဘာကြီး၏ တစ်ခြားတစ်ဖက်မှာတော့ စစ်ပွဲတွေ၊ မတရားနိုင်ထက် မိုလ်ကျမှုတွေ၊ ဆင်းရဲချမ်းသာ ကွာဟမှုကြားက ဒုက္ခသည်တွေ နေရာမဲ့ပြဿနာဆိုးတွေသည် ကမ္ဘာကြီးကို တပ်လှန့်နှိုးဆော်နေကြပါတယ်။ လူတစ်ချို့က ကမ္ဘာကြီးကို သာယာလှပရေးလို့ တောင်းဆိုနေချိန်မှာ လောဘသားကောင်တို့၏ အတ္တဓားစကြာအောက် သံယံဇာတအရင်းမြစ်တွေသည်သာ တစ်စစီကြေမွနေပါပြီး။ ကမ္ဘာကြီးကို အသက်မပါတဲ့ စကားလုံးတွေဖြင့် တဆာဆာအော်ဟစ်နေချိန်၌ ကမ္ဘာကြီးသည် အက်စစ်မိုးတွေ ရွာချနေပါပြီး၊ ရေထိန်းတောတွေ ပျက်သုဉ်းကာ ငှင်းရေပြဿနာသည် ကမ္ဘာလူရွာကြီးကို ပြန်လည်၍ စိန်ခေါ်နေပါပြီ။ ဟော့ ဒါတွေဟာ စကြာဝဠာကြီး၏ တန်ပြန်သက်ရောက်မှုတွေအောက် အပူလှိုင်းတွေ၊ အအေးလှိုင်းတွေသည် သူတစ်လှည့် ငါတစ်လှည့်ဖြင့် ကမ္ဘာလူရွာကြီးကို လူသတ်စစ်ပုံသဏ္ဍာန်ပမာ ဆင်နွဲနေပါပြီ ကမ္ဘာကြီးရေ သင်ပိုင်ဆိုင်သမျှနေရာစုံမှာ ငါတို့ မကြားဖူးသေးသည့် သဘောတရား၏ တန်ပြန့်သက်ရောက်မှု စိန်ခေါ်သံတွေကို လူသားတွေ ကြားနေရပြီ ဟော့၊ မြင်နေရပြီခင်ဗျာ။ ဒါထက်ကြောက်စရာကောင်းသည့် ဖြစ်ရပ်ဆိုးကြီးထဲက တစ်ခု ကမ္ဘာကြီး၏ ကိုယ့်စားတွေထဲကပြောပါရစေ။ ငါတို့အနား

၌ မြင်နေရသည့် ငါတို့လူသားတွေအတွက် မရှိမဖြစ်လိုအပ်သည့် ရေကို အကြောင်းပြုခေါင်းစဉ်တပ်ကာ လူသတ်စစ်ပွဲကြီးများသည် လူကမ္ဘာကြီးကို စိန်ခေါ်လာလိမ့်မည်။ အဲဒီရေကမ္ဘာကဘဲ ကမ္ဘာ နေရာအနှံ့မှာ - သူ၏အားမာန်ဖြစ်သော ရေလှိုင်းကြီးများသည် တည်ငြိမ်နေသည့် လူ့မှုဘဝများစွာကို ဝါးမြိုပါလိမ့်မယ်။ ဒါကြောင့် မမြင်လိုက်ရတော့မည့် ရေနှင့် မြင်လိုက်ရမည့်ရေတွေကြောင့်ဘဲ ကမ္ဘာကြီးလည်း ပျက်သုဉ်းကြွေကြပါလိမ့်မယ်''

ဟုပြောပြီး ဟားတိုက်ရယ်မောလိုက်သည်။ အားရပါးရ ရယ်မောပြီးမှ လေသံပျော့ပျော့လေးဖြင့်

''လောကတစ်ခွင်မှ လူသတ္တဝါအပေါင်းတို့ တန်ပြန်သက်ရောက်မှုသဘောတရားများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် စကြာဝဠာကြီးဆိုတာကို ငါတို့မမေ့ကြနဲ့ လောကမညီမျှမှုဖြစ်စဉ်တွေ၏ တစ်ခြားတစ်ဖက်မှာ ပဋိပက္ခမီးလျှံတွေသည် အစဉ်ထာဝရ သင်တို့အနားမှာ တာစူနေတယ်ဟေ့။ လောက၏ သာယာမှုအတွက် ချည့်နှောင်ထားသည့် ဖိုင်းညှိမှုသဘောတရား ပျက်သုဉ်းသွားသည့်အခါ တန်ပြန်တော်လှန်ရေး သဘောတရားကြီးကို ထမ်းပိုးကြရမယ်ဗျို့။ လူသားနှင့် လူသားကမ္ဘာကြီးရေ ဖြည်းဖြည်းနှင့်မှန်မှန် စဉ်းစားကြည့်လိုက်ပါ။ အမျိုးသားအကျိုးစီးပွားရှေးရှုမှု၏ အနီးအနားတွင် တရွေ့ရွေ့ မွေးဖွားစိန်ခေါ်လာမည့် သဘောတရားသည် တန်ပြန်တုန့်ပြန်ခြင်း ပုံသဏ္ဍာန်သစ်တွေဘဲ ဖြစ်ပါတယ်။ စကြာဝဠာ၏အတွင်း၌ အမြင့်ဆုံးဖွံ့ဖြိုးတိုးတက်မှု၏ နောက်ဆုံးရလဒ်သည် ပျက်သုဉ်းပြိုကွဲခြင်းဘဲဟေ့။ ၄င်းနိယာမ သဘောတရားတွေကြားက လူကမ္ဘာကြီးရေ မင်းဘာဆက်လုပ်မှာလဲ။ ဖြေစရာမရှိသည့် လူနဲ့လူကမ္ဘာကြီးမှာ အင်အားကြီးမား

သူတို့သည် ၄င်းတို့ပိုင်ဆိုင်သည့် လောက၏ တန်ခိုးရှင်အဖြစ် ကုန်ထုတ်ကိရိယာအင်အားနှင့် ၄င်းတို့၏ အမျိုးသားအကျိုးစီးပွား ကို ဖန်တီးကြတယ်ပေ့ါ။

အင်အားချို့တဲ့သူတို့ကလည်း ခွန်အားမမျှပေမဲ့ ၄င်းတို့ရဲ့ အမွေမှုကိုတွန်းလှန်ကာ ရန်းကန်ကြတယ်ပေ့ါ နောက်ဆုံးဖြစ် တည်မှု ဆုံးဖြတ်ချက်ကြီးကို သဘာဝ၏ တရားရှင်ခုံရုံးကြီးက ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ၄င်းဆုံးဖြတ်ချက်များသည် ခင်ဗျား တို့၏ အနီးဆုံးနေရာတွေဆီသို့ ငလျင်တွေ၊ မုန်တိုင်းတွေ၊ မိုးကြီး ရေလျှံခြင်းတွေ၊ မိုးခေါင်ရေရှားခြင်းတွေ၊ အအေးလှိုင်းတွေ၊ အပူ လှိုင်းတွေ ရောက်ရှိလာပါတယ်။ နောက်ဆက်တွဲ ဘေးထွက် ဆိုးကျိုးတွေသည် အပိုဆုအဖြစ်ပေးလိုက်ပါတယ်။ ကမ္ဘာကပ်ဆိုး ဖြစ်သည့် အငတ်ဘေးနှင့် ကြုံတွေ့ရခြင်း၊ ရောဂါမျိုးစုံဖြင့် ကြုံ တွေ့ရခြင်း၊ အိမ်ခြေမဲ့ပြဿနာတွေ ကြီးထွားလာခြင်းဘဲ ဖြစ်ပါ တယ်။ ဒါတွေဟာ ကုန်ထုတ်ကိရိယာ၏ တန်ခိုးကြီးထွားလာမှု အောက် စကြာဝဠာကြီး၏ တန့်ပြန်သက်ရောက်မှုတွေဘဲဗျို့။ လူသားဆိုင်ရာ အသိဉာဏ်ပညာဆင်ခြင်တုံတရားနှင့် စာနာ နားလည်မှုကို ကိုးကွယ်ပါ။ ကမ္ဘာရွာကြီးကို ချစ်ပေးပါ။ သဘာဝ တရားကြီးကို လေးစားမြတ်နိုးတန်ဖိုးထားပါခင်ဗျာ။

အို့ လူသတ္တဝါအပေါင်းတို့ လူ့ရွာ၊ လူ့ကမ္ဘာ ငြိမ်းချမ်းသာ ယာဖို့ မိမိနိုင်ငံတော် ဦးစားပေးစဉ်းစားပိုင်ခွင့် ရှိပါတယ်။ အမျိုး သားရေး အစွန်းမရောက်ကြပါနဲ့ခင်ဗျာ။ လူမျိုးကို ရှေ့တန်းချစ်ခင် ကာကွယ်ခွင့်ရှိပါတယ်။ လူမျိုးကို ရှေ့တန်းမတင်ပါနဲ့ ခင်ဗျာ။ ဘာသာကို ယုံကြည်တန်ဖိုးထားခွင့်ရှိပါတယ်။ ဘာသာကို ရှေ့မှာ ထား ငါ့ဘာသာမှ ငါ့ဘာသာဟု အစွန်းမရောက်ပါစေနဲ့ခင်ဗျာ။

မိမိရဲ့စိတ်နှလုံးမှာ ကန့်သတ်ထားသည့် စည်းဘောင်ကိုကျော်၍ လူသားဝါဒ စိတ်ဓာတ်ယဉ်ကျေးမှုကို ကိုင်စွဲကြပါစို့လားဗျာ။

အို့ လူသတ္တဝါအပေါင်းတို့ လူတစ်ဦး၏ ဘဝကိုစေနိုင်ရာသည် သူ့ဘဝအတွက် တပ်မက်လိုမှု၊ ရယူလိုမှု ရယူခြင်းပင်ဖြစ်သည်။ ငွေးဖြစ်စဉ်ရဲ့ အနီးအနားမှာ နံရံပါးပါးလေးခံထားပါသည်။ အသိဉာဏ်ပညာဆိုင်ရာ ဆင်ခြင်တုံတရားနှင့် စာနာနားလည်မှုဘဲပေါ့။ ဒါပေမဲ့ သေချာပါတယ် ခင်ဗျာ စကြာဝဠာ၏ တန်ပြန့်သက်ရောက်မှု ခုံရုံးကြီးသည် ကမ္ဘာလူရွာကြီးအား ပွဲကိုင်စေ့ဆော်ပါလိမ့်မယ်"

သူ၏ ပြောဆိုမှုကိုရပ်ကာ တဟားဟားဖြင့် ရယ်သွမ်းပစ်လိုက်သည်။ ထိုရယ်သွမ်းမှုနဲ့အတူ သူ၏လက်နှစ်ဖက်ကိုမြှောက်ကာ

"ဟော့ လူ့ရွာနှင့် လူ့ကမ္ဘာကြီးရေ လူသတ္တဝါတို့၏ ရှုးသွပ်မှု၏အောက် ထိန်းညှိမှုသဘောတရားကြီး ပျက်စီးနေပြီးဟော့"

ဟု အသံကုန်ဟစ်ကြွေးလိုက်သည့်အချိန် ဘုရားဝင်းထဲသို့ ရွာအရှေ့ပိုင်းက မောင်လှအေးတစ်ယောက် ကပ္ပိယလုလင်ရှိရာသို့ ရောက်လာသည်။

မောင်လှအေးက အနားသို့ရောက်ရောက်ခြင်းပင်

"ကပ္ပိယကြီး ဘာလုပ်နေတာလဲဗျ"

ကပ္ပိယက ရီဆက်ဆက်အပြုံးလေးကိုပြုံး၍

"ဘာမှမဟုတ်ပါဘူး မောင်လှအေး ဒါနဲ့ ဘာကိစ္စရှိလို့လဲ"

"တောင်ပေါ်တက်မလို့ ကပ္ပိယကိုတွေ့လိုက်လို့ နှုတ်ဆက်ရင်း သိချင်တာလေးသိရအောင် မေးချင်လို့ပါခင်ဗျာ"

"ဘာအကြောင်းကိစ္စမလို့ ဒီလောက်တောင်သိချင်နေရတာလဲ"

"ကပ္ပိယကြီး ရွာထဲရောက်မလာတာကြာလို့ စိုးရိမ်တာက တစ်ကြောင်း၊ ရွာနောက်ပိုင်းက ကိုလှဖေတို့အုပ်စုနဲ့ ရွာအရှေ့ပိုင်းက ကိုမင်းထွေးတို့အုပ်စု သူပါတီက မကောင်းဘူး၊ ငါပါတီက ကောင်းတယ်၊ ငါတို့က ခိုးမစားဘူး၊ သူတို့က ခိုးစားတယ် ဆိုပြီး တစ်ဖက်နဲ့တစ်ဖက် စကားစစ်ထိုးပွဲဟာ ကျေးရွာအနှံ့ပြန့်နေတယ် ခင်ဗျ။ တစ်ရွာတည်းသားချင်းတွေဘဲဗျာ ဘာကြောင့် အဲလိုဖြစ်နေရတာလဲ"

"ဖြစ်တတ်တဲ့သဘောပါဘဲ။ ဒီမိုကရေစီစနစ်မှာ ပါတီမျိုးစုံ ရှိကြပါတယ်။ အသံပေါင်းစုံလည်း ထွက်နေမှာပေါ့။ မတူညီတဲ့ အသံတွေ ထွက်ရခြင်းသည် ဒီမိုကရေစီစနစ်တွင်းက ပါတီနိုင်ငံရေး၏ ဖြစ်ပျက်တတ်သည့် သဘောတရားပေါ့။ ဒါပေမဲ့ မောင်လှအေးရေ လိုတာထက်ပိုပြီး အစွန်းရောက်တွေးခေါ်မှုတွေ အားကောင်းလာရင် ရွာနာလိမ့်မယ်ဗျ။ မောင်လှအေးရေ အသိနဲ့ သတိရှိရမယ်နော်။ ပါတီစွဲခဲ့ရင် ဝါဒကိုအစွန်းရောက်ရင် ပုဂ္ဂိုလ်ကို ကိုးကွယ်ရင် ၎င်းလူရွာအတွက် မီးလျှံတွေပေါ့။ ဒီမိုကရေစီနိုင်ငံရေးစနစ်အရ ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးကြမည့် နိုင်ငံသူနိုင်ငံသားတွေသည် ပါတီစွဲမရှိဖို့နဲ့ ပုဂ္ဂိုလ်ကိုးကွယ်မှုကင်းရှင်းဖို့ အထူးသတိပြုရပါမယ်။ အမြဲတမ်းသတိရှိဖို့ အသိကြွယ်ရမှာသည် မတရားသည့်ဥပဒေကို ကန့်ကွက်ခြင်းနှင့် သိမြင်ဖို့လိုအပ်ပါတယ်။ နိုင်ငံသူနိုင်ငံသားတို့၏ ဝတ္တရားသည် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တရားဥပဒေကို လိုက်နာကျင့်ကြံ ဖို့လိုပါတယ်။ ဒါတွေဟာ ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုတွေပေါ့။ ဒါကြောင့် မောင်လှအေးရေး နိုင်ငံသူ နိုင်ငံသားတွေသည် အသိဉာဏ်ပညာဖြင့် စဉ်းစားဆုံးဖြတ်တဲ့ စိတ်ခံစားချက်အတိုင်း ပြုမူလုပ်ကိုင်သည့်အခါ ၎င်းတို့သည် ကျွန်အဖြစ်သို့ ရောက်ရှိကြလိမ့်မယ်"

“ဒါဆိုရင် နိုင်ငံသူနိုင်ငံသားတို့၏ သက်ဝင်မှုအပေါ် အစိုးရ တစ်ရပ်ရဲ့ ရပ်ပုံလွှာသည် သက်ရောက်နေတာပေါ့”

“မှန်တာပေါ့ မောင်လှအေးရေ ... နိုင်ငံသူနိုင်ငံသားတို့ရဲ့ တာဝန်က ဝေဖန်ပိုင်းဖြတ်နိုင်စွမ်းဖြင့် ရွေးချယ်မဲပေးတတ်ဖို့နဲ့ နိုင်ငံကိုဗဟိုပြုပြီး စွမ်းဆောင်ဖို့ပဲကွ။ ဒီလိုပါဘဲ မောင်လှအေး နိုင်ငံရေးပါတီတို့သည် မှားတာမှန်တာကို အဓိကမထားပါဘူး။ မိမိပါတီ အာဏာရရှိရေးသာလျှင် အဓိကကြသည့် ပန်းတိုင်ဖြစ်ပါ တယ်။ ဒီတော့ သူနိုင်ကိုယ်နိုင် ငြင်းခုံကြမှာပေါ့။ မောင်လှအေး ရေ စကားစစ်ထိုးပိုင်ခွင့်ရှိပါတယ်။ အကြမ်းဖက်ဖြေရှင်းပိုင်ခွင့် တော့ မရှိဘူးပေါ့။ ပုဂ္ဂိုလ်ရေးတိုက်ခိုက်ခြင်းဖြင့် မုန်းတီးစရာ မလုပ်အပ်ပါဘူး။ အယူအဆနဲ့ လုပ်ငန်းစဉ်ကို စစ်ကျော့ထောက်ပြ ပိုင်ခွင့်ရှိပါတယ်။ နိုင်ငံသူ နိုင်ငံသားများဘက်မှ တာဝန်နဲ့ဝတ္တရား သည် လူပုဂ္ဂိုလ်အား ကြည့်ပြီးမဲမပေးသင့်သလို မဆုံးဖြတ်မိပါ စေနဲ့။ ဘာကြောင့်လည်းဆိုတော့ လူပုဂ္ဂိုလ်ကိုကြည့်ပြီး ဆုံးဖြတ် ကြသည့်အခါမှာ အမှားများစွာထမ်းပိုးရသည်မှာ အများအားဖြင့် တွေ့ရှိလို့ပါဘဲ။ ဒါကြောင့် ဒီမိုကရေစီနိုင်ငံရေးစနစ်မှာ နိုင်ငံသူ နိုင်ငံသားတွေ အသိဉာဏ်ပညာရင့်ကျက်ဖို့ လိုအပ်တာပေါ့။ ဘာကြောင့်လည်းဆိုတော့ နိုင်ငံသူ နိုင်ငံသားတို့၏ ဝတ္တရားသည် မူဝါဒနဲ့ လုပ်ငန်းစဉ်ကိုကြည့်ပြီး ဆုံးဖြတ်တတ်ဖို့ပေါ့။ နိုင်ငံတော် ကို ဦးဆောင်နေတာသည် လူပုဂ္ဂိုလ်မဟုတ်ပါဘူး။ မူဝါဒနဲ့ ပေါ်လစီလုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။ မောင်လှအေးရေ ပြည်သူ့ ဆန္ဒကို ရွေးကောက်ပွဲရလဒ်ကိုခံယူရသည့် ဒီမိုကရေစီနိုင်ငံရေး စနစ်မှာ အစိုးရကောင်းကိုရရှိဖို့ ရွေးချယ်ပိုင်ခွင့်ရှိသည့် နိုင်ငံသူ နိုင်ငံသားတို့၏ ဆန္ဒမဲပေးမှု၏ အရည်အသွေး (၉၀%) တည်ရှိ နေတာပေါ့”

မောင်လှအေးက ခေါင်းလေးကိုပွတ်ရင်း

"ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားအချင်းချင်း ဘာကြောင့် စစ်တိုက်နေကြတာလဲ။ ဘာကြောင့် သောင်းကျန်းသူလို့ ပြောနေကြတာလဲ"

ကပ္ပိယက အားရပါးရ ရယ်လိုက်သည်။ ထိုရယ်သွမ်းမှုကို တိကနဲရပ်ကာ

"တစ်ဖက်နဲ့တစ်ဖက် ဘာကြောင့် စစ်ဖြစ်ကြသလဲဆိုရင် အကြမ်းထည်သဘောတရားအရဆိုရင် နှစ်ဦးနှစ်ဖက် ဆွေးနွေး ညှိနှိုင်းမှု မရသည့်အခါ ၎င်းတို့မှာရှိကြသည့် လက်နက်ဖြင့် အပြန်အလှန် ဖြေရှင်းကြတာပေါ့။ စစ်ဖြစ်ရတဲ့အကြောင်းတရား တွေသည် များစွာရှိနေပါလိမ့်မယ်။ ပြည်တွင်းစစ်သည် ညှိနှိုင်း ဖြေရှင်းမှသာလျှင် ထာဝရငြိမ်းချမ်းရေးရပါမယ်။ အပြုတ်တိုက် လမ်းစဉ်သည် အောင်မြင်ရန် ခဲယဉ်းပါတယ်။ အကျိုးစီးပွားပေါ် အခြေခံထားသည့် စစ်ပွဲတွေရှိသလို အယူဝါဒပေါ် အခြေခံသည့် စစ်ပွဲတွေလည်း ရှိပါတယ်။ လူမျိုးဒေသပေါ်အခြေခံသည့် စစ်ပွဲ တွေရှိသလို နယ်မြေလုစစ်ပွဲတွေလည်း ရှိပါတယ်။ စစ်ဖြစ်ရခြင်း ၏ ခေါင်းစဉ်ကို ဘယ်လိုတံဆိပ်အမျိုးအစားပဲ တတ်ကြပါစေ ၎င်းပြဿနာသည် စိုးရိမ်စရာမဟုတ်ပါ။ စစ်ပွဲဖြစ်ရခြင်း၏ နောက်ကွယ်မှာ အကျိုးစီးပွားပြဿနာများ ပါလာသည့်အခါ ဖြေရှင်းရခက်သည့် စစ်ပွဲတစ်ခုအသွင်သဏ္ဍာန်ဖြစ်လာပါလိမ့်မည်။ အဲဒီဖြစ်စဉ်များ၏ကြားဝယ် ဒေသခံပြည်သူလူထုနှင့် နိုင်ငံတော်၏ အနာဂတ်ဘဝကို ထိခိုက်ပါလိမ့်မယ်။ ဘာကြောင့်ပဲတိုက်တိုက် ပြည်တွင်းစစ်ကို စစ်တိုက်ပြီး ဖြေရှင်းလို့မရပါဘူး။ စစ်ပွဲတွေကို

ရပ်ပြီး ငြိမ်းချမ်းရေးစကားဝိုင်းပေါ် စကားပြောရှင်းဖြေရှင်းမှ လမ်းစပေါ်လိမ့်မယ်။ ၄င်းပြဿနာရဲ့ အဆုံးအဖြတ်ပိုင်ရှင်ဖြစ်သည့် နိုင်ငံသူနိုင်ငံသားဖြစ်ရင် ငြိမ်းချမ်းသွားမှာပေါ့။ လူမျိုးဒေသပေါ် အခြေခံပြီး တန်တူညီမျှမှုရရှိရေး စစ်ပွဲကိုသောင်းကျန်သူလို့ ခေါ်ဆိုသုံးစွဲရင် ၄င်းစစ်ပွဲတွေရပ်ပြီး ငြိမ်းချမ်းရေးရဖို့ အလှမ်းဝေးနေပါလိမ့်မယ်။ အယူအဆစစ်ပွဲသည် သက်ဆိုင်သူ လူထုက ပံ့ပိုးဖြေရှင်းတတ်၍ စစ်ကိုစစ်နဲ့ ပြီးစီးသွားတတ်တယ်။ ဒါကြောင့် မောင်လှအေးရေး ဘာကြောင့်ပဲစစ်ဖြစ်ကြပါစေ စစ်ပွဲကို ထမ်းပိုးရသည့် လူထုဘဝသည် ပြာပုံလူးရသည့်ခွေးဘဝထက် ဆိုးနေပါလိမ့်မယ်"

"ဒါဆိုရင် တန်းတူအခွင့်အရေးမရှိလို့ လက်နက်ကိုင်ပြီး တော်လှန်တာဟု ခေါင်းစဉ်တတ်ထားသည့် စစ်ပွဲကိုရပ်ပြီး ငြိမ်းချမ်းအောင် ဘာလုပ်သင့်သလဲ"

ကပ္ပိယက သူ၏ဦးခေါင်းလေးကို ပွတ်သပ်လျက်

"တန်းတူညီမျှမရှိလို့ စစ်ပွဲတွေဖြစ်နေကြတာဆိုလျှင် ၄င်းနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံဖြစ်အောင် အရင်လုပ်ရပါလိမ့်မယ်။ တန်းတူညီမျှ အခွင့်အရေးသည် ဒီမိုကရေစီ နိုင်ငံရေးယဉ်ကျေးမှုတွင်သာ ရှိနေ၍ ဖြစ်ပါတယ်။ စစ်ပွဲတွေကို ယာယီရပ်ဆိုင်းပြီး ဘက်နှစ်ဘက်ယုံကြည်မှု တည်ဆောက်ရပါမယ်။ ယုံကြည်မှုတည်ဆောက်ခြင်းကို ပံ့ပိုးပေးသည့် အသိအမှတ်ပြုယဉ်ကျေးမှုကို ပြုလုပ်ရပါမယ်။ ဘာသာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်ဒေသ သတ်မှတ်ချက်ဒါတွေကို ဖျက်ဆီးပစ်သည့် စစ်ပွဲသည် မပြီးစီးနိုင်ဘူးပေါ့။

ပထဝီအနေအထား ခြားနားမှု၊ လူမျိုးယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတွေ ဘာသာကိုးကွယ်မှု မတူညီကြသည့် နိုင်ငံသူနိုင်ငံသားတွေ ရှိတယ်။ နိုင်ငံတော်အားလုံး ပေါင်းစည်းပြီး အင်အားကြီးမားသည့်နိုင်ငံတော်ကို တည်ဆောက်သည့်အခါ ၄င်းနိုင်ငံတော်အတွက် ဖက်ထရယ်ဒီမိုကရက်တစ်စနစ်တွေ ခိုင်ခိုင်မာမာ ရှင်းရှင်းလင်းလင်းဖြင့် တည်ဆောက်ထားဖို့ လိုတာပေါ့"

"ကျွန်တော်နိုင်ငံသည် ဒီအတိုင်းဆိုရင် စီးပွားရေးဖွံ့ဖြိုးဖို့လွယ်ကူပါ့မလား"

"မောင်လှအေးရေ စစ်ပွဲတွေရှိသည့်နိုင်ငံ တရားဥပဒေစိုးမိုးမှုမရှိသည့် လူ့အဖွဲ့အစည်းမှာ အဂတိလိုက်စားမှု ပြဿနာသည် မရှိမဖြစ်ရှိနေမယ်။ ၄င်းနိုင်ငံမှ မဆင်းရဲရင် ကမ္ဘာမှာဘယ်နိုင်ငံမှ မဆင်းရဲတော့ဘူး။ ဘာကြောင့်လဲဟုဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှု တုန့်နှေးခြင်းနှင့် ဘဏ္ဍာငွေများ မီးရှို့နေခြင်းကြောင့်နိုင်ငံတွင်း ဘဏ္ဍာငွေလိုအပ်ချက်ရှိနေပါ၍ ဆင်းရဲတွင်းနက်နေပါဦးမယ်"

မောင်လှအေးက မျက်လုံးကလေးများ ဝိုင်းပလျက် စကားသံများသည် ဂတုံဂယင်ဖြင့်

"မညီညွတ်၊ မတည်ငြိမ်သည့်လူတွေ ဆင်းရဲတွင်းနက်နေမှာပေါ့နော်။ ကျွန်တော်တို့ဘဝတွေ ဩော်"

စကားစကိုဖြတ်ကာ

"ကပ္ပိယကြီး ကျွန်တော်ကိုသွားခွင့်ပြုပါဦး"

ဟု နှုတ်ဆက်စကားဆိုလျက်ပင် ထွက်ခွာသွားပါသည်။

ကောင်ကင်မှ နေမင်းကြီးသည် သူ၏တန်ခိုးအရှိန်ကိုလောကတခွင်ကို ထုတ်ပြဖို့ အားယူနေချိန် ကပ္ပိယလှလင်သည်

အရှေ့ဘက်မှ ထိုးထွက်လာသည့် နေမင်းကြီးအောက်မှ သစ်တော တွေ ပြန့်တီးခန်းခြောက်နေသည့် တောင်ဂတုံးကြီးကို စူးစိုက်စွာ ငေးမောစွာကြည့်နေသည်။ သူ၏ထံမှ အချိုသာဆုံး အပြုံး လှလှလေးကိုပြုံး၍

"လူသတ္တဝါအပေါင်းတို့ သင်တို့၏စိတ်ဝိညာဉ်ထဲမှာ အမြဲရှိနေတာသည် သူ့ထက်ငါဆိုသည့် အတ္တတန်ခိုးရှင်က ဦးဆောင်စေ့ဆော်နေပါသလား။ ၄င်းအတ္တတန်ခိုးရှင်ကို နှိုးဆွပေးသည့် အကြောင်းတရားသည် လူသတ္တဝါအပေါင်းတို့၏ အနီးနားမှာ ဖြစ်တည်နေသည့် ငါ့မိသားစု၊ ငါ့လူမျိုး၊ ငါ့နိုင်ငံ၊ ငါ့ဒေသ၊ ငါ့ဘာသာ"

ဟု အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။ ထို့နောက် သူ၏ရိသဲ့သဲ့အပြုံးကို ပြုံး၍

"အားပါးပါး တစ်ချိန်ကလည်း ၄င်းအကြောင်းတရားတွေကြောင့် စစ်မက်ဖြစ်ပွားခြင်း အကြောင်းတရားတွေ ဖြစ်ထွန်းခဲ့ကြတယ်။ ယနေ့ကာလမှာလည်း ဖြစ်နေကြဆဲ။ အနာဂတ်ကာလမှာလည်း ဒီလိုပဲဖြစ်နေကြမှာပေါ့။ အလွန်ကြောက်စရာကောင်းသည့် အတ္တတန်ခိုး ငါမှငါဆိုသည့် အစွန်းရောက် စိတ်ဝိညာဉ်ရိုင်းကြီးရေး ကျွန်တော်မျိုးသည် သင်၏မီးလျှံကြီးကို ကြောက်ရွံ့နေပါတကား"

သူ၏ဟစ်ကြွေးသံအား တိကနဲရပ်ကာ မာယာမဲ့ အပြုံးတစ်ချက်ကိုပြုံး၍ ရှာဦးကျောင်းဆရာတော်၏ ဆွမ်းခံကြွရာနောက်တော်ပါး ဆွမ်းချိုင့်ဆွဲရန် ဘုရားတင်တဲမှ ကျောင်းဝင်းထဲသို့ ပြန်သွားတော့သည်။

ညနေ နေဝင်ချိန်၌ ရာသီဥတုသည် အုပ်ဆိုင်း၍ ဝမ်းနည်းစရာကောင်းလှသည်။ ကျောင်းကြီးရှေ့ကွက်လပ်ပြင်၌ ကိုရင်လေးများနဲ့ ဘုန်းကြီးကျောင်းသားတို့သည် ကြွေပစ်တမ်းကစားနေကြသည်။ ကျောင်းကြီးပေါ် စင်္ကြံလမ်းပေါ်၌ ဆရာတော်နှင့် ကပ္ပိယလုလင်တို့သည် စကားလက်ဆုံကြနေသည်။

ဆရာတော်က

"ဟေ့ ကပ္ပိယလေး ကမ္ဘာကြီးက ဘဘုန်းတို့ကို အံ့ဩစရာတွေကို လုပ်ပြနေပြီနော်။ ဘဘုန်းတို့လူသားတွေရဲ့ မေ့လျော့နေတဲ့ စိတ်ရိုင်းတွေကို ခေါင်းလောင်းထိုးပြနေပြီ ကပ္ပိယလေး"

"တင်ပါ့ဘုရား ကြုံတွေ့ခံစားနေရပါတယ်ဘုရား"

"ကပ္ပိယလေး သဘာဝကပ်ဘေးဆိုးကြီးသည် ဘဘုန်းတို့ရဲ့ လူ့အသိုက်အမြုံကို တရွေ့ရွေ့ တိုးရွေ့နေပြီ ကပ္ပိယလေး။ ဒါပေမယ့် ရပ်တန့်လို့ခက်တဲ့ လောဘစိတ်ကို ရပ်တန့်ပစ်ဖို့ဆိုတာ လူသတ္တဝါတွေအတွက် ခက်ခဲလှသည့် လုပ်ငန်းစဉ်ပဲလေ"

"တင်ပါ့ဘုရား ၎င်းတို့ရဲ့ လောဘစိတ်သည် အဝီစိဇောက်ထိုးဖောက်ကြမဲ့ လူသတ္တဝါတချို့ကြောင့်ပါ ဘုရား။ စကြဝဠာကြီးက သတိပေးနေတာပါ ဘုရား။ ဒါပေမယ့် မရပ်ကြပါဘူးဘုရား။ ဆက်ပြီး သူတို့ရဲ့ သွေးတွေ ချွေးတွေ၊ အသားတွေကိုပါ မကျန် မညှာမတာ သတ်ဖြတ်ပိုင်းစားနေကြပါတယ် ဘုရား။ ဒါထက်ဆိုးနေကြတာသည် ကမ္ဘာကြီး၏ လှပသည့် ဥယျာဉ်ကြီးတွေ၊ သိမ်းမွေ့နူးညံ့သည့် ရေကန်တွေ၊ နက်ရှိုင်းဆန်းပြားသည့် ရေတံခွန်တွေ၊ မြစ်ကြီးတွေ၊ ချောင်းကလေးပါမကျန် သဘာဝတရားကြီး၏ ဂေဟစနစ်တွေကိုလဲ သားသတ်စင်ပေါ်တင်ပြီး ဂရုဏာမဲ့ ဆော့ကစားနေကြပါတယ်ဘုရား။ လောဘအပေါ်ကို

လောဘ၊ လောဘတွေ ထပ်ကာထပ်ကာဆင့်ပြီး မိခင်စကြဝဠာကြီးကို ဆော့ကစားနေကြပါတယ် ဘုရား''

''ဆော့ကစားကြသူတွေကလည်း လူတစ်စုလောက်ပဲ မဟုတ်လား''

''တင်ပါ့ဘုရား လူတစ်စု၏ မောဟစစ်မီးလျှံကြောင့် လူအများစုအတွက် ငရဲမင်း၏ စေတမာန်ပါ ဘုရား''

ဆရာတော်က တည်ငြိမ်လေးနက်သော အပြုံးကိုပြုံးလျက်

''မှန်ကန်ကောင်းမွန်သော စကားပေါ့။ ဒါထက်ကြောက်စရာကောင်းသည့် နမိတ်ဆိုးဆီသို့ သွားနေကြပြီလို့ ဘဘုန်းယူဆတယ်။ ယနေ့ ရုပ်ဝတ္ထုပစ္စည်းတွေ ဆန်းပြားတိုးတက်နေသည်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာ လူ့ယဉ်ကျေးမှုတွေ ဖွံ့ဖြိုးနေပြီလား။ ဆုတ်ယုတ်နေသလား။ ဘဘုန်းရဲ့ အမြင်သဘောထားသည် ယဉ်ယဉ်လေးနဲ့ ရိုင်းစိုင်းနေကြပြီလို့ ယူဆတယ်''

''တင်ပါ့ဘုရား တပည့်တော်၏ သဘောထားတစ်ခုပါထပ်ထည့်ပါရစေဟု ခွင့်တောင်းကာ ဆက်၍ လူအများစုသည် မောဟဝတ်ရုံပါးပါးလေးကို လွှမ်းခြုံအုပ်စိုးကာ ကရုဏာစကားလုံးကို ပါးစပ်ဖျားပေါ်တင်ပြီး ညစ်ညမ်းယုတ်မာနေကြပါတယ် ဘုရား''

''ဒုက္ခ ဒုက္ခ ဟုညည်းတွားရင်း လူ့ကမ္ဘာက (၂၁)ရာစုကို ကြိုဆိုနေကြပြီ။ (၂၁)ရာစု လူ့ကမ္ဘာကြီးမှာ ဘာတွေဖြစ်လာနိုင်သလဲ''

''တင်ပါ့ဘုရား (၂၁)ရာစုမှာ အမျိုးသားအကျိုးစီးပွားကာကွယ်ရေးယူဆချက် အားကောင်းလာမည်ဟု ယူဆပါတယ်။

အစွန်းရောက်ပြောကြပင်မယ့် တပည့်တော်၏ သဘောထားက တန်ပြန်တော်လှန်ရေး ပုံသဏ္ဌာန်အသစ်စီကို သွားလိမ့်မည်ဟု ယူဆပါတယ်။ ၄င်းဖြစ်စဉ်တို့၏ကြားမှာ လူထုဗဟိုပြုစဉ်းစားမှု ပုံစံသစ်တစ်ခု မွေးဖွားလာမည်ဟု ယူဆပါတယ်။ လူထုဘဝ၏ အခြေခံလုပ်အား တန်ဖိုးရပိုင်ခွင့်အသစ်စီကို သက်ဝင်ဖြစ်ထွန်း လာမည်ဟု ယူဆပါတယ်။ အဲဒါကို ခေတ်သစ်ကျွန်ဝါဒ၏ ပွဲတင်သံလို့ ပြောပါရစေ။ နည်းပညာသစ်တို့၏ အမြင့်ဆုံးရောက် မည်ဟု ယုံကြည်ပါတယ်။ သို့သော် ၄င်းနည်းပညာတွေ၏ အားပြိုင်မှုအောက် လူ့ရှာ လူ့ကမ္ဘာ၏ ပျက်ကိန်းညွှန်းဆီသို့ ခေါ် ဆောင်သွားမည်ဟု ယူဆပါတယ်ဘုရား"

"လူ့ရှာ လူ့ကမ္ဘာကြီးကို ဘယ်နှစ်ပိုင်းခွဲကြည့်လို့ရသလဲ။ ဘဘုန်းတို့ရဲ့ မြတ်စွာဘုရားရှင်က ဖြစ်ပြီးပျက်တဲ့ အနတ္တလောက လို့ ဖွင့်ဆိုခဲ့တယ်"

"တင်ပါ့ဘုရား တပည့်တော်တို့၏ လူ့ရှာ လူ့ကမ္ဘာကြီးကို ခွဲခြမ်းစိတ်ဖြာကြည့်သည့်အခါ ဖွံ့ဖြိုးမှုတွေ ပေါ်ကြွယ်ဝနေသည့် လူ့ကမ္ဘာဖွံ့ဖြိုးမှုအား မှာယူသုံးစွဲနိုင်သည့်လူ့ကမ္ဘာ၊ ဖွံ့ဖြိုးမှုတွေ သုံးစွဲခွင့်ရဖို့ အခွင့်အလမ်းတွေ ဖြစ်တည်စရှိနေသည့်ကမ္ဘာ၊ ဖွံ့ဖြိုးမှုတွေဆိတ်သုန်းပြီး ခံစားပိုင်ခွင့်မရှိသည့်ကမ္ဘာ လူ့ကမ္ဘာကြီး လေးမျိုးကို တွေ့ရပါလိမ့်မယ်ဘုရား။ ဒါထက်စိုးရိမ်စရာလည်း ရှိနေပါသည်ဘုရား။ ဖွံ့ဖြိုးမှုတွေ ဆိတ်သုန်းနေသည့် ကမ္ဘာ့ ဆင်းရဲမွဲတေမှုပြဿနာသည် အရှိန်အဟုန်ပြင်းပြင်းဖြင့် ကြီးထွား နေပါတယ်။ ၄င်းပြဿနာ၏ နောက်ဆက်တွဲရလဒ်သည် ပညာ အခွင့်အလမ်းကင်းမဲ့လျက် မင်းမဲ့စရိုက်ပြဿနာက ထပ်ဆင့် စိန်ခေါ်နေပါတယ် ဘုရား။ ၄င်းဖြစ်စဉ်များဖြင့် တွဲဖက်၍ ဖြစ်

တည်လာသည်မှာ တည်ငြိမ်မှုပျက်သုန်းလျက် လုံခြုံမှုကင်းမဲ့နေခြင်းပါ ဘုရား။ လူသတ္တဝါတို့အတွက် မရှိမဖြစ်လိုအပ်သည့် 'ရေ'ပြဿနာသည် (၂၁)ရာစုမှာ စိန်ခေါ်လာမည့် ပြဿနာတစ်ခုပါဘုရား။ ဒါကြောင့် နည်းပညာဆန်းသစ်ဖွံ့ဖြိုးမှု နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးသည် လူ့ကမ္ဘာ လူ့ရွာကို ပျက်သုန်းစေမည့်လက်ဆောင်ပဲဖြစ်ပါတယ်ဘုရား"

ဆရာတော်၏ မျက်ဝန်းပြင်၌ သတ္တဝါတွေအတွက် ရင်မောရသည့်အပြုံးနဲ့

"ကပ္ပိယရေ စကြာဝဠာ အနန္တမှာ ဖြစ်ပြီးလျှင် ပျက်ရမယ့်ပျက်စီးဖို့အတွက် ဖြစ်တည်ရတာကိုး။ ဒါပေမယ့် သတ္တဝါတွေအားလုံးလည်း သူ့အကြောင်းကြောင့် အကျိုးရတာကို ကဲ ကပ္ပိယရေ စကားဝိုင်းလေးနားလိုက်ကြစို့"

ထိုအခါ ကပ္ပိယလုလင်သည်

"တင်ပါ့ဘုရား"

ထူးလိုက်ရင်း ဝတ်သုံးကြိမ်ဦးချကန်တော့လိုက်သည်။ ဆရာတော်နားမှ ကျောင်းအောက်ဆီသို့ ဆင်းလာခဲ့သည်။ မှောင်စပြီးနေချိန်ဖြစ်၍ ကပ္ပိယလုလင်သည် ကျောင်းဝင်းထဲရှိ သူ၏တဲအိမ်လေးဆီသို့ တစိုက်မတ်မတ်တန်း၍ ပြန်သွားတော့သည်။

□

## အံ့ညြခြင်းမျက်မှန်တစ်စုံ

ဆောင်းရာသီကာလ ၄င်းအအေးဓာတ်တရိပ်ရိပ်ဆီ ရှူနေသည်။ ကောင်းကင်မှ ပြုတ်ကျလာသည့် နှင်းစက်ထွေးထွေးလေးများသည် နံနက်ခင်းအလှကို တမျိုးတဖုံလှပနေပေသည်။ ၄င်းနှင်းထုကြီးသည် ကြာကြာမရပ် တည်နိုင်ရှာပေ။ ကောင်းကင်ထက်မှ နေမင်းကြီး၏ အရှိန်အောက်၌ ကျဆုံးခဲ့ရပေသည်။

ထိုအချိန်၌ ရွာဦးကျောင်းမှ ဆွမ်းခံကြွလာသည့်ရှေ့မှ ကျောင်းသားလေး၏ ကြေးစည်သံသည် တလွင်လွင် သာယာနေသည်။ အနောက်မှလိုက်ပါလာသည့် ကပ္ပိယလုလင်၏ ဆွမ်းချိုင့်ဆွဲနေသည့် ရုပ်ပုံလွှာအား မတွေ့ရသည်မှာ (သုံး) ရက်မျှ ရှိနေသည်။ ဆရာမလေးသည် မနက်က ရွာဦးကျောင်းသို့လာရန် ခေါ်ထား၍ အတွေးများစွာ ဝင်နေပါသည်။ ထိုအတွေးစိတ်ကူးလေးနဲ့အတူ ကပ္ပိယလုလင်အား ဘာဖြစ်နေတာလဲဆိုသည့် စိုးရိမ်စိတ်လေးဖြစ်နေချိန် အခြားရွာမှ လူနာများရောက်လာသည်။

သူမတစ်ယောက် သူ၏အတွေးစများကို ခဏနဲ့ရပ်ကာ သူမ၏ တာဝန်အား စေတနာအပြည့်ဖြင့် ထမ်းဆောင်နေလိုက်သည်။ ဆေးပေးခန်းအနီး ရှေ့မျက်စောင်းထိုးတွင်ရှိနေသည့် စာကြည့်တိုက်ထဲမှ လူငယ်တစ်ချို့၏ စကားစစ်ထိုးပွဲလေးသည် တစ်ချက်တစ်ချက် ပြင်ပသို့ ဟိန်းထွက်နေပါသည်။ ဆရာမလေးသည် စာကြည့်တိုက်ဆီသို့ တစေ့တစောင်းကြည့်နေမိသည်။ ထိုအခါ ကပ္ပိယအား မတွေ့ရ၍ သူမ၏စိတ်ထဲမှ "ကပ္ပိယလုလင်တစ်ယောက် ဘာဖြစ်နေသလဲ" ထိုမေးခွန်းနှင့်အတူ နေလယ်ချိန်သို့ ရောက်ရန် စိတ်စောနေပါသည်။ သူမတစ်ယောက် ရက်စက်စွာ ပူပြင်းနေသည့် အပူရှိန်အောက်ဝယ် ရွာလယ်လမ်းမကြီးပေါ်၌ ထီးတစ်လက်ကို အကာအကွယ်ပြုလျက် အိပ်ကိုလက်ကဆွဲကာ ရွာဦးဘုန်းကြီးကျောင်းဆီသို့ သွားလေပြီ။ လမ်းတစ်လျှောက် လူသူလေးပါးရှင်းနေ၏။ ရွာအရှေ့ပိုင်းရှိ ကိုသာယု၏ နွားမခြံမှ နွားအော်သံတချို့ကား ထွက်လာနေသည်။

သူမတစ်ယောက်ထဲ ရွာဦးကျောင်းသို့ ရောက်လာပြီး ကျောင်းကြီးအပေါ်ထပ်ဆီသို့ တစိုက်မတ်မတ်တက်သွားသည်။ ဆရာတော်သည် ဘုရားခန်းရှေ့၌ သီတင်းသုံးနေသည်။ ဆရာတော်ထံရှေ့အရောက်သွားကာ ဆေးလွယ်အိတ်ဘေးနားသို့ချကာ ဝတ်ပြုလိုက်သည်။

"ဒါကာမလေး ရောက်လာပြီလား"

"တင်ပါ့ဘုရား ဆရာတော်အခေါ်လွှတ်လို့ ရောက်လာခဲ့ပါပြီဘုရား"

"အထွေအထူးတော့မဟုတ်ပါဘူး။ ကျောင်းက ကပ္ပိယ ဖျားနေလို့ပါ"

တဆက်တည်း ဆရာတော်သည် ကျောင်းသားတစ်ဦး အနား သို့လာရန် လှမ်းခေါ်လိုက်သည်။

ကျောင်းသားလေးက

''တင်ပါ့ဘုရား''

ထူးသံနဲ့အတူ အပြေးကလေး ရောက်လာသည်။

ဆရာတော်က အနားသို့ရောက်လာသည့်ကျောင်းသားအား

''ဒကာမလေးကို ကပ္ပိယရှိရာ တဲအိမ်လေးဆီသို့ ခေါ်သွား ပေးလိုက်ပါ''

''တင်ပါ့ဘုရား''

ဟုဆိုကာ အနားရှိဆေးလွယ်အိတ်ကလေးအား ဝိုင်းကူသယ် ဆောင်လျက် ကျောင်းအောက်သို့ ဆင်းလာခဲ့ပါသည်။

ဆရာမလေးက ဘုရားရှင်အား ဝတ်ချပြီးသည်နှင့် ဆရာ တော်အား ဝတ်ချကန်တော့လိုက်သည်။ ဆက်၍

''တပည့်တော်အား သွားခွင့်ပြုပါဦး''

ဟု လျှောက်ထားကာ ကျောင်းသားလေးနောက်သို့ လိုက် လာခဲ့ပါသည်။

တဲပေါက်ဝအရှေ့ရောက် ကျောင်းသားလေးသည် ဆရာမ လေးအား ဆေးလွယ်အိတ်အားပေး၍ ပြန်လာခဲ့သည်။ တဲထဲသို့ လှမ်းကြည့်လိုက်သည့်အခါ သူမ၏ မျက်လုံးကလေးများသည် ပြူးကျယ်လျက် အံ့သြနေသည်။ တဲထဲသို့ တက်လိုက်သည့်အခါ အံ့သြပြီးရင်း အံ့သြနေပါသည်။ သူမရှေ့၌ စာအုပ်ပုံတွေ ဖရိုဖရဲ ကြားမှ ကပ္ပိယလုလင်သည် အညာစောင်ပါးပါးလေးကိုခြုံလျက် အိပ်နေသည်။ တဲအိမ်ကလေးရှိအရာအားလုံးကို စပ်စုနေမိသည်။ ကြိုးတန်းပေါ်၌ ပုဆိုးသုံးထည်မျှနှင့် အင်္ကျီငါးထည်မျှသာ

တွေ့ရသည်။ ဖတ်စရာစာအုပ်ကလွဲ၍ တခြားဘာမှမရှိ။ သူမ ပြုံး၍ ထိုအပြုံးနဲ့အတူ ကပ္ပိယနားသို့ထိုင်ရင် ချောင်းဟပ်သံပြု လိုက်သည်။ အိပ်နေရာမှ ကပ္ပိယလုလင်သည် မျက်လုံးကလေးကို ဖွင့်ကြည့်လိုက်သည်။ ထိုအခါ ဆရာမလေးကို တွေ့လိုက်ရ၍ အားနာသွားသည်။

"ရှင်နိုးလာပြီလား"

"အားနာသောအပြုံးနဲ့အတူ ဟုတ်ကဲ့ခင်ဗျ"

"ရှင်နေမကောင်းဖြစ်လို့ ကျွန်မစမ်းသပ်ပါရစေ"

ဟု ခွင့်တောင်းကာ ဆေးကုသမှု စတင်လိုက်သည်။ ဆေးကုပြီးသည့်အခါ

"ရှင့်ကိုကြည့်ရတာ တော်တော်ခေါင်းကျောမာတဲ့လူဘဲ ရှင့်ရဲ့အဖျားက (၁၀၅)တောင်ရှိတယ်ရှင့်"

ငေါ့တော့တော့ပြောလျက် ဆက်ပြီး

"ဒါတောင် စာဖတ်မပျက်ဘူးနော်"

ဟု အံ့ညြစွာပြောလျက်

"ရှင်ကဘယ်လိုလူစားလဲ မသိပါဘူး ဒါပေမယ့် ရှင့်ကြည့် ရတာ ဒီအဖျားတွေကို ဂရုမစိုက်တဲ့ပုံပဲ"

ဟု မှတ်ချက်ပြုလိုက်သည်။

"ရှင်က ဒီရွာကလူတွေကို တော်တော်ချစ်တယ်နော်"

ကပ္ပိယက အသံထွက်၍ရယ်လိုက်သည်။ သူ၏ရယ်သွမ်းမှု ကို တိကနဲရပ်ကာ

"ကျွန်တော်က ဒီရွာမှ မဟုတ်ပါဘူး ခင်ဗျား။ လူသား အားလုံးကို လေးစားလျက် တန်ဖိုးထားပါတယ်။ ချစ်တာမုန်း တာကို ရင်ထဲသိပ်မထားတတ်ပါဘူး။ လူသားဆန်ချင်သည့် အတွက်ကြောင့် လူအလုပ်ကိုလုပ်ကြည့်ခြင်းပဲ ဖြစ်ပါတယ်"

ကပ္ပိယ၏ သဘောထားကို သိလိုက်ရသည့်အခါ သူမ၏ မျက်လုံးကလေးများ ဝိုင်းပလျက်အံ့ဩစွာဖြင့်

"ရှင်ကဘယ်နေရာ ဘယ်အရပ်မှာဘဲဖြစ်ဖြစ် ယခုလိုပဲ ပြုမူနေထိုင်မှာပေါ့"

"ကျွန်တော်အား မေးလိုက်သည့်ထင်မြင်ချက်အတိုင်းပါဘဲ။ ဆရာမလေး ကျွန်တော်ထိတွေ့ ဖြတ်သန်းနေရသည့် ခေတ်ဝန်းကျင်ကို ကျွန်တော်ထမ်းပိုးမှ ကျွန်တော်ရပိုင်ခွင့်ရှိသည့် လူ့တန်ဖိုးကို ထိုက်ထိုက်တန်တန် ပိုင်ဆိုင်ရမှာပေါ့"

ဆရာမလေးက ပီတိအပြုံးတစ်ချက်ကိုပြုံး၍

"ဒီရွာက ရှင့်ရဲ့ ဇာတိမဟုတ်သလို ရှင့်ဒေသလည်းမဟုတ်ဘူးလို့ ဘဘုန်းကြီးထံမှ သိရပါတယ်။ ရှင်နဲ့ဘဘုန်းက ဘာတော်စပ်သလဲ"

"ဆရာတော်က ကျွန်တော့်ရဲ့ဘဘုန်းကြီးပါ။ စိတ်ဖြေလက်ပျောက်ရောက်လာရင်း ရေမျောကမ်းတင်နေတာပေါ့"

"ရှင်က ဘာတွေလုပ်ခဲ့ဖူးတဲ့ လူလဲ"

သူမ၏ တဲ့တိုးအိုးပေါက်မေးလိုက်သော် စိတ်မဆိုးတဲ့အပြင် ဟတ်ဟတ်ပက်ပက် ရယ်မောလျက်

"ဘာမှမလုပ်တတ်ခဲ့လို့ ဘာမှမလုပ်ခဲ့ပါဘူး။ ယခုလည်း ကျွန်တော်ဘဝသည် ဘုန်းကြီးကျောင်းသား ကပ္ပိယတစ်ယောက်ပါခင်ဗျား ပိုင်ဆိုင်တာဘာမှမရှိ။ သေချာတာကျွန်တော်မှာ ဘာမှမရှိပါဘူးခင်ဗျာ"

ဆရာမလေးက ပီတိအပြုံးတွေဖြာကျလျက်

"ရှင့်မှာရှိပါတယ် တန်ဖိုးဖြတ်မရသည့် ရိုးသားဖြောင့်မတ်မှုဂုဏ်"

ဟုဆိုကာ ထပြန်ရန် ဆေးလွယ်အိတ်ကို လွယ်လိုက်သည်။ တဲပေါက်ဝအရောက် နောက်ပြန်လှည့်၍ မတ်တပ်ရပ်လျက်ပင်

"တိုင်းပြည်က ဆင်းရဲနေတယ်။ အခြေခံလူထုဘဝသည် မျှော်လင့်ချက်ထဲက လမ်းစပျောက်နေတယ်။ အစိုးရယန္တယား အသီးသီးမှာလည်း ဗျူရိုကရက်ညင်ဆိုတွေ ကြီးစိုးနေကြတယ်။ မင်းမဲ့စရိုက် ပြဿနာတွေကလည်း လူထုဘဝ လုံခြုံဖွံ့ဖြိုးမှုကို ထိခိုက်နေတယ်။ အဂတိလိုက်စားမှုပြဿနာသည် ကြောက်ခမန်း လိလိဖြစ်နေတယ်။ နိုင်ငံကိုဘယ်လိုကယ်တင်ရမလဲ။ ဘယ်သူ ကယ်တင်မှရမလဲ"

ကပ္ပိယက နားစိုက်ထောင်လျက် မျက်ခုံးလေးတွန့်ကာ

"ဆရာမလေးပြောသည့် အကြောက်တရားတွေနဲ့ ရင်ဆိုင် နေရသည့် နိုင်ငံကို ၄င်းနိုင်ငံသူနိုင်ငံသားတွေ တစ်ဦးချင်း ကယ်တင်မှ ရပါလိမ့်မယ်ခင်ဗျာ။ လူထုနိုင်ငံရေးကို အခြေပြုပြီး လူထုတော်လှန်ရေးပုံသဏ္ဍာန်ဖြင့် ဖြေရှင်းရလိမ့်မယ်။ လူထုက လူထုဝန်းကျင်ကို လူထုတရားစီရင်နည်းဖြင့် ဖြေရှင်းလျှင် လူထု ဗဟိုပြုနိုင်ငံရေးစီသို့ အရောက်လှမ်းပြီပေါ့ဗျာ။ အဲဒီဖြစ်စဉ်အတွက် လူထုထံ လူထုဘက်ပြောင်းလာအောင် တော်လှန်ရေးကြီး ပန်းတိုင် ရောက်ပြီပေါ့"

ဆရာမလေးက သူမ၏မျက်လုံးကလေးများ ပြူးကျယ် သွားလျက်

"ကျေးဇူးတင်ပါတယ်ရှင်"

ကျေးဇူးတင် စကားကိုပြောရင်း သူမပြန်သွားပါသည်။ တဲထဲ၌ ကျန်ခဲ့သည်။ ကပ္ပိယလုလင်သည် သူ၏ရင်ဘတ်ပေါ် လက်ကလေးတင်ကာ ပြုံးနေရစ်တော့သည်။

ငှင်းညချမ်းအချိန် မိုးကောင်းကင်ထက်မှ ဖိုးလမင်းကြီးသည် သူမအား လှောင်ပြောင်နေသကဲ့သို့ ထိန်ထိန်သာနေသည်။ ထို ဖိုးလမင်းကြီးအား မော့ကြည့်နေသည့် သူမတစ်ယောက် ကပ္ပိယ လုလင်၏ မျက်ဝန်းကြီးအား မြင်ယောင်နေပါသည်။ ထိုစိတ်ကူး ယဉ်အတွေးစိတ်ကလေးနဲ့အတူ သူမ၏ အိပ်ယာထက်ပေါ်မှ ဖိုးလမင်းကြီးကို မော့ကြည့်နေရင်း သူမတစ်ယောက်ထဲပင် စကားပြောနေသည်။ ကပ္ပိယနှင့်မတူသည့် ကပ္ပိယပါလား။ ဘုန်းကြီးကျောင်းသားနှင့် မတူသည့် ဘုန်းကြီးကျောင်းသားပါ လား။ သူမသိတာသည် အလွန်ရှားပါးလှပါသည်။ ရွာသား တချို့ထံမှ သူ့အကြောင်းအား သိလိုက်ရသည့်အခါ သူမတစ် ယောက် အံ့ဩခဲ့ရသည်။ သူမကိုယ်တိုင် စကားပြောခွင့်ကြုံ လိုက်ရသည့်အခါ သူမတစ်ယောက်ပို၍ အံ့ဩနေပါသည်။ ကျွန်မကိုကျွန်မ ယခုအချိန်ထိလည်း ပြုံးနေမိပါသည်။ ကျွန်မ၏ အပြုံးကြားကဘဲ သူ့ကိုယ်သူ ဘာလုပ်ခဲ့သည့်လူစားပါလို့ ထုတ် ပြောမည့်သူ လူစားမျိုးမဟုတ်သလို သူဘာလုပ်နေသလဲဆိုတာကို ထုတ်မပြောဘဲ မိမိကိုယ်ကို ဝေဖန်စစ်ကြောနေမည့် လူစားမျိုး ဆိုတာကို ကျွန်မသိလိုက်ရပါသည်။ ယခုအခါ ကျွန်မ၏စိတ်ကို စိုးမိုးထားသည့် စိတ်ကလေးသည် သူ၏အနားသို့ တရွေ့ရွေ့ တိုးနေပါတော့သည်ဟု ရေရွတ်ရင်းပြုံးလိုက်သည်။ သူမ၏စိတ်ကို သူမတစ်ယောက် ပြန်စစ်ကြည့်ရင်း သူမသည် သူမ၏အတွေး ယာဉ်ရထားကြီးကိုစီးကာ ငှင်းလသာည၏ ဗိမ္မာန်ဆီသို့ စီးမျော နေတော့သည်။

□

## လုလင်ပျို၏ စေတနာ

အောင်သာရွာလေး၌ ဝမ်းနည်းစရာကိစ္စတစ်ခု ဖြစ်နေသည်။ သေခြင်းတရားကို မလွန်ဆန်နိုင်၍ သေမင်း၏ ခေါ်ရာနောက်သို့ ရွာအရှေ့ပိုင်းမှ ဒေါ်ဖွားရီတစ်ယောက် သူ့မိသားစုနှင့် သူ့ရွာ သူ့မြို့ သူ့နိုင်ငံအား နှုတ်ဆက်ထွက်ခွာသွားသည်။ ရွာမှကာလသားတစ်သိုက်သည် ဒေါ်ဖွားရီ၏ရုပ်ကလပ်အား ရွာအနောက်ဘက်ရှိ သုသာန်သို့ ပို့ဆောင်ရန် ဆိုင်းပြင်းနေကြသည်။

မိုးကောင်းကင်ထက်၌ နေမင်းကြီးသည် မညှာမတာ ထိုးနှက်နေသည်။ ထိုအချိန် နာရေးအိမ်မှ ကြေးစည်ထုသံထက် ရွာဆော်ကိုလှကို၏ ဗျို့ဟစ်သံကရှေ့မှ ထွက်ပေါ်လာပါသည်။ သူ့နောက်မှ မိနစ်အနည်းငယ်ခြားကာ ကြေးစည်ထုသံ ထွက်ပေါ်လာပါသည်။ နာရေးအိမ်သို့ အသုဘပို့ဆောင်ရန် ဆရာမလေးသည် မကြီးမြနှင့်အတူ လိုက်ပါပို့ဆောင်ပါသည်။

အဖွားအ၏ရုပ်ကလပ်အား ရွာမှကာလသားများသည် ထမ်းစဉ် ထိုး၍ ထမ်းလိုက်ကြသည်။ လူငယ်နှစ်ဦး၏ ကြေးစည်ထုသံ နောက်မှ လိုက်လာသည် ရုပ်ကလာပ်၏အနောက်မှ ရွာသူရွာသား များတန်းစီ၍ လိုက်ပါပို့ဆောင်ကြသည်။

ဆရာမလေးသည် အောင်သာရွာ၏သင်္ချိုင်းအား အဝေးမှ မြင်လိုက်ရသည့်အခါ သူမ၏မျက်ဝန်းမှ အံ့သြရိပ်ကလေးများ သန်းကာ သူမ၏မျက်လုံးများပင် ပြူးကျယ်သွားပါသည်။ ရွာပတ် ဝန်းကျင်တစ်ခုလုံး သန့်ရှင်း၍ သာယာလှပနေပါသည်။ ရွာ သင်္ချိုင်း၏ ပတ်ဝန်းကျင်၌လည်း သန့်ရှင်းနေပါသည်။ သာယာ ကြည်နူးဖွယ်ကောင်းလှသည့် ရှုခင်းသဖွယ်တွေ့ရ၍ ဆရာမလေး တစ်ယောက် အံ့သြပြီးရင်း အံ့သြနေပါသည်။

တရွေ့ရွေ့ဖြင့် ငိုသံတွေနှဲ့ သယ်ပိုးလာသည့် ဒေါ်ဖွားရီ၏ ရုပ်ကလာပ်သည် သင်္ချိုင်းဝသို့ရောက်လာသည့်အခါ နောက်မှ ပို့ဆောင်သူ ပရိသတ်အား ဆပ်ပြာထုတ်များကို တစ်ယောက် တစ်ထုပ်ကမ်းနေပါသည်။ ဆရာမလေးသည် ဆပ်ပြာထုတ်ကို လှမ်းယူရင်း အောင်သာရွာ၏ ခေတ်မှီနေသည့် ရွာမီးသင်္ဂြိုလ်စက် ကြီးကို တွေ့လိုက်ရသည့်အခါ သူမတစ်ချိန်က တာဝန်ကျခဲ့သည့် ကျေးရွာဒေသများနှင့် ခြားနားနေသည်ကို တွေ့လိုက်ရသည့် အတွက် သူမတစ်ယောက် ဂုဏ်ယူဝမ်းမြောက်နေမိသည်။

ငှင်းသင်္ချိုင်းနှင့်ကပ်လျက် ကျေးရွာ၏ အမှိုက်ကန်နဲ့ယှဉ်၍ အမှိုက်မီးရှို့ကန်ပါ ပြုလုပ်ထားသည်မှာ အံ့သြလိုက်ရသည်။ သူမ မြင်လိုက်ရသည့် မီးခိုးထွက်အခေါင်းတိုင်ကြီးနှစ်ခုသည် ထန်းပင် ကြီးပမာယှဉ်၍ လွင့်လွင့်မားမား ဝံ့ကြွားနေသည်ကို တွေ့လိုက်ရ

သည်။ ထို့အတူ အဖွားရီအား မီးသင်္ဂြိုလ်ရန် ဝိုင်းဝန်းလုပ်ကိုင်ပေးသူများကြား၌ ကပ္ပိယလုလင်အား တွေ့လိုက်ရသည့်အခါ အံ့ဩခြင်း ရင်ခုန်ခြင်းများသည် သူမ၏ရင်ခွင်ထဲ စစ်ခင်းနေကြသည်။ အနားမှ မကြီးမြသည် အပျိုကြီးတောသူပင်မယ့်အပါး။ ဆရာမလေး၏ရင်ခုန်သံအား ကြားနေရပါသည်။ ဆရာမလေးသည် မကြီးမြအား

"စနစ်တကျရှိပြီး သန့်ရှင်းသပ်ရပ်နေတယ်နော်"

မကြီးမြသည် ပြုံးလျက်

"ဆရာမလေးရေ ဒီလိုဖြစ်လာအောင် ကြိုးစားဆောင်ရွက်သူက ကပ္ပိယလုလင်ပေါ့"

ထိုအခါ မီးသင်္ဂြိုလ်စက်ရှေ့ ကပ္ပိယလုလင်အား လှမ်း၍ကြည့်ကာ ပြုံးနေပါတော့သည်။

နာရေးပို့ဆောင်ပြီးပြန်အလာ ဆရာမလေး၏အတွေးအားလုံး ပီတိ၊ နှစ်လိုမှုတွေ ရောပွမ်းလျက် ပြန်လာခဲ့သည်။ နာရေးရှင်များသည် ဝမ်းနည်းခြင်း၊ ငိုကြွေးမှုများနှင့် ပြန်လာကြသလို လိုက်ပါပို့ဆောင်သူများသည် အတွေးစုံအငြင်ခုံဖြင့် ကောင်းခြင်းဆိုးခြင်းများစွာကို ပြောဆိုရင်း ပြန်လာခဲ့ကြသည်။ ကပ္ပိယလုလင်တို့အုပ်စုသည် ပက်စာခွာသိမ်း မီးသင်္ဂြိုလ်ပြီးမှ ပြန်လာရန် နေရစ်ခဲ့ကြသည်။

ညနေခင်းချိန်ခါဝယ် ကပ္ပိယလုလင်သည် ကျောင်းကြီး၏ရှေ့ကွပ်ပစ်စင်ပေါ်၌ ရေနွေးကြမ်းတစ်အိုးဖြင့် အနားယူနေသည်။ ထိုအချိန် ရွာ၏ဘေးမှ တခြားရွာသားလူငယ်တစ်စု ကပ္ပိယလုလင်ရှိရာသို့ ရောက်လာကြသည်။ အပြုံးတွေကိုယ်စီကိုယ်င

ုး၍ နှုတ်ဆက်ကာ ကပ္ပိယလုလင်အနားသို့ဝိုင်းဖွဲ့၍ ထိုင်လိုက်
ကြသည်။ ထိုအချိန်၌ ကျေးရွာမှ အရေးပေါ်လူနာတင်ယာဉ်သည်
ချက်ပေးဥသြသံနှင့်အတူ အရှိန်ပြင်းစွာ မောင်းနှင်သွားသည်။
ကပ္ပိယလုလင်သည် သူအတွေးနှင့်တူပြုံးလျက်

"ဒီကညီငယ်မိတ်ဆွေတို့ ခင်ဗျားတို့ရဲ့ ကျေးရွာတွေကော
အေးချမ်းသာယာကြရဲ့လား"

တင်မောင်ဆွေက

"ကပ္ပိယရဲ့စေတနာကြောင့် ဖွံ့ဖြိုးပြီးသာယာနေပါတယ်"

"ဒါဖြင့် လာရင်းကိစ္စရှိကြလား"

တင်မောင်ဆွေက

"အထွေအထူးတော့ မရှိပါဘူးခင်ဗျာ။ လမ်းကြုံတာက
တစ်ကြောင်း သိချင်တာကလည်းရှိနေတော့ လာရတာပေါ့ခင်ဗျာ"

ကိုလှတင်က အပြုံးတွေဖြာကျလျက်

"ကပ္ပိယကြီး အရှေ့ဘက်တောင်ခြေနား လှိုဏ်ချိုင့်ကြီးကို
ရေလှောင်ကန်ဖြစ်အောင် လုပ်မယ်အကြောင်းကြားရလို့ ဝမ်းသာ
ရင်း ထောက်ခံပူးပေါင်းချင်တယ်ဗျာ။ ကျုပ်တို့ရွာတွေဘက်က
လည်း လိုအပ်တာကူညီဆောင်ရွက်မည့်အကြောင်း ပြောပါရစေ
ကူညီပါရစေဗျာ"

ကပ္ပိယက ပီတိအပြုံးတွေဖြာကျလျက်

"ယခုကဲ့သို့ ရွာပတ်ဝန်းကျင်ရွာတွေက ပူးပေါင်းဆောင်
ရွက်မည့် သတင်းကောင်းကို ကြားရသည့်အတွက် ဝမ်းသာပီတိ
ဖြစ်ရသလို ခွန်အားများလည်း ပိုမိုရှိသွားစေတယ်ခင်ဗျာ။ ရွာလေး
ရွာ တစိတ်တဝမ်းတည်းဖြစ်တော့ မြန်မြန်ဆန်ဆန် ပြီးမြောက်
တာပေါ့ခင်ဗျာ"

ကိုလှတင်က

“ကျုပ်တို့က ကပ္ပိယကြီးရဲ့ကျေးဇူးကို မမေ့ရပါဘူးခင်ဗျာ။ ကပ္ပိယရဲ့စေတနာ ရိုင်းပင်းတဲ့ စိတ်ဓာတ်တွေကြောင့် ကျုပ်တို့ အပိုင် ရွာလေးရွာဟာ စည်းလုံးကြတယ်၊ ဖွံ့ဖြိုးကြတယ်ဗျာ။ ဒါကြောင့် ကျေးဇူးတင်ရတာပေါ့”

မောင်တင်က

“ကျုပ်မသိလို့ မေးပါရစေ”

စကားခံ၍

“ရွာနဲ့အဝေးကြီးခင်ဗျာ။ အဲဒီတောင်ခြေက ချိုင့်ကြီးရေ ရှိတော့ ဘာလုပ်လို့ရမှာလဲ”

ကပ္ပိယက ပြုံးလျက်

“ညီငယ်ရေ၊ ရေကန်ကြီးရှိရင် ငှင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မယ်။ ငှင်းပတ်ဝန်းကျင်က လူနေမှုဘဝတွေအတွက် တဖက်တလမ်းမှ အထောက်အကူရမှာပေါ့။ ကောင်းကင်မှလာသည့် မိုးရေတချို့ကို သိမ်းဆည်းနိုင်တာပေါ့။ ငှင်းရလဒ်မှ ရေသွင်းစိုက်ပျိုးရေးကို ပြုလုပ်နိုင်ပြီး မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာမယ်။ သွယ်ဝိုက်ကုန်တွင် မွေးမြူရေးလုပ်ငန်းအတွက်လည်း အထောက်အကူဖြစ်တာပေါ့။ ဒေသတွင်း စားကုန်ထုတ်လုပ်စိုက်ပျိုးမှုအတွက် အသုံးပြုခွင့်ရသလို ရေထွက်ကုန်ပစ္စည်းလည်း ပေါကြွယ်ဝလာမှာပေါ့ ညီငယ်ရေး။ ဒီဖြစ်စဉ်ရလဒ်ဟာ အလုပ်အကိုင် အခွင့်အလမ်း တိုးပွားလာတာပေါ့”

မောင်တင်က

“ငွေရှင်၊ လယ်ရှင်တွေဘဲပို၍ ချမ်းသာကြမှာပေါ့”

ကပ္ပိယက

''ညီငယ်ရေ မတူညီနိုင်တာကို တူညီအောင်ညှိမဲ့အစား။ မိမိလည်း အကျိုးခံစားခွင့်ရရှိဖို့ မိမိရဲ့ဉာဏ်ပညာနဲ့ ဝီရိယကို အသုံးချရမှာပေါ့။ အလုပ်အကိုင်အခွင့်အလမ်း ဖြစ်ပေါ်မှုမှာ လုပ်အားရောင်းသူနဲ့ ဝယ်သူဆိုတာ ဖြစ်တည်လာပါမယ်။ လုပ်အားရောင်းစားသူသည် လုပ်အားတန်ဖိုးရရှိရေးဟာ အဓိကကျပါတယ်။ နောက်ထပ်ကြိုးစားရင် တပိုင်တနိုင် ဝင်ငွေတည်ဆောက်ရေးအတွက်လည်း ဖြစ်တည်သက်ဝင်နေပါတယ်။ တံငါသည်လုပ်ငန်းနှင့် အိမ်တွင်းစိုက်ပျိုးမှုလုပ်ငန်းလည်း အသုံးပြုခွင့်ရပေမှာပေါ့ ညီငယ်။ ၎င်းရဲ့ရလဒ်သည် ဝင်ငွေယိုစီးမှုကို ထိမ်းထားနိုင်တာပေါ့''

မောင်တင်က

''ကျုပ်သဘောပေါက်သွားပြီ။ စုပေါင်းပိုင်ဆိုင်သည့် ဘုံပစ္စည်းကို မိမိရဲ့စွမ်းရည်နဲ့ ဝီရိယပေါ်မှာဘဲ ရပိုင်ခွင့်သည် ဖြစ်တည်သက်ဝင်နေတာပေါ့နော်။

ကပ္ပိယက

''ဒါပေါ့ညီငယ်ရေ ... ဘဝဆိုတာ အချိန်ပေါ်မှာသွားနေတာပေါ့ကွာ။ အချိန်ကို အသုံးချမှုပေါ်မှာဘဲ ဖြစ်တည်မှု သဘောတရားဖြစ်လာတာပေါ့။ အချိန်ဟာ ရွေ့လျားတဲ့သဘောတရားတစ်ခုပေါ့။ အလုပ်ကလည်း ပြောင်းလဲသည့်ဖြစ်စဉ်တစ်ခုပါဘဲ။ ရပ်မနေပါဘူး။ နိမ့်လိုက်မြင့်လိုက်သွားနေတာကိုက ဘဝပါဘဲ ညီငယ်ရေ။

ကိုလှတင်က

"ကပ္ပိယရဲ့ကျေးဇူးကြောင့် ရွာလေးရွာက ရွာသူရွာသား အများစုလည်း ဉာဏ်မျက်စိပွင့်နေကြလို့ ကြက်ခြံတွေ၊ ဆိတ်ခြံတွေ၊ ဝက်ခြံတွေ၊ နွားခြံတွေ ပေါများလာပါတယ်။ အိမ်တွင်းမှု လုပ်ငန်းတချို့လည်း ဖွံ့ဖြိုးနေကြပြီး ရေချိုးခုံဘေးမှာ စားပင်တွေ စိုက်ပျိုးကြလို့ စားဝတ်နေရေးလည်း ချောင်လည်နေကြပြီ ကျေးဇူး တင်တယ်ဗျာ။ လူငယ်လူကြီးတွေလည်း စာဖတ်နေကြပြီဗျ။ ကပ္ပိယရဲ့ ကျေးဇူးတွေပဲဗျို့"

ကပ္ပိယက ရှက်ပြုံးလေးကိုပြုံးကာ

"ကျွန်တော့်ကြောင့်ဆိုသည့် အကြောင်းပြချက်တစ်ခုထဲကြောင့် မဟုတ်ပါဘူးခင်ဗျာ။ မိတ်ဆွေတို့ရဲ့ သင်ယူခြင်းသည့် စိတ်ဓာတ်နဲ့ ကြိုးစားမှုပေါ် မူတည်နေတာပါ။ ဒါထက်ပိုပြီး ကြိုးစားဆောင်ရွက်ကြပါ။ စည်းလုံးညီညွတ်ကြပါ ခင်ဗျာ။ မြို့ပြ သာယာဖွံ့ဖြိုးဖို့အတွက် ကျေးလက်ဒေသတည်ငြိမ် ဖွံ့ဖြိုးမှသာ ဖြစ်ပါတယ်။ ဒါကြောင့် ညီငယ်မိတ်ဆွေတို့ရေ တိုင်းပြည်နိုင်ငံ ကြွယ်ဝမှ နိုင်ငံသူနိုင်ငံသားတို့၏ ဘဝဖွံ့ဖြိုးမှုတွေ သာယာပါလိမ့်မယ်။ အများအတွက် အနာဂတ်ကာလအတွက်လို့ ယူဆပြီး ဖြစ်တည်သက်ဝင်နေသည့် လုပ်ငန်းစဉ်နှင့် လုပ်ဆောင်မှုတိုင်သည် ငါ့အတွက်လည်း အကျိုးပြုနေသည်ဆိုတာကို သတိပြုစေချင်ပါတယ်"

ဟု စကားစကိုသတ်၍ ရေနွေးတစ်ခွက်သောက်လိုက်သည်။

ရောက်လာကြသူအားလုံး အပြုံးကိုယ်စီကိုယ်ငှဖြင့် ပြုံးရွှင်လျက် ကပ္ပိယလုလင်အား ဦးညွှတ်ကာ နှုတ်ဆက်လိုက်သည်။

လသာဆောင်ထက်မှ ဆရာတော်ကိုလည်း မြေပြင်မှတစ်ဆင့် ဝတ်ချကန်တော့၍ ပြန်သွားကြသည်။

ဝရန်တာထက်မှ ဘကြီးဘုန်းကြီးသည် ပီတိအပြုံးတွေဖြာ ကျလျက် သာဓု သာဓု သာဓု သုံးကြိမ်ဆုပေးကာ မိမိ၏အခန်း ဆောင်ဆီသို့ ပြန်ကြွသွားတော့သည်။

ကပ္ပိယလုလင်သည် နေမင်းကြီးအနောက်ဖက်သို့ ဝင်လုလု အချိန် ကျောင်းကြီးကွက်လပ်တွင် ဆော့ကစားနေကြသည့် ကိုရင်လေးများနှင့် ဘုန်းကြီးကျောင်းသားလေးများ၏ ကစားပွဲကို ကြည့်ရင်းပြုံးလျက်

"ဘာမှမသိတာသည် ဘာမှမရှိသည်ဘဝအတွက် ပျော်နေရ တာသည် ဘဝပါလား"

ဟု ရေရွတ်ရင်း ရေနွေးဇန်းကိုသိမ်းလျက် သူ၏ တဲအိမ် လေးဆီသို့ ပြန်သွားပါတော့သည်။

□

## သူမနှင့် လုလင်

အောင်သာရွာ၏ ကျေးလက်ဆေးပေးခန်းတွင် လူနာများ မရှိ၍ တိတ်ဆိတ်ငြိမ်သက်နေပါသည်။ ဆေးပေးခန်း၏ လမ်းတစ်ဖက်၌ရှိနေသည့် စာကြည့်တိုက်ဆီမှ စာပေဆွေးနွေးသံများ အယူအဆငြင်းခုံသံများသည် တစ်ချက်တစ်ချက် လေနုတ်သား၏ သယ်ဆောင်လာမှုကြောင့် ဆရာမလေးတစ်ယောက် မမြင်ရသော်လည်း ကြားနေရပါသည်။ ဆေးပေးခန်းထဲမှ ဆရာမလေးသည် ၎င်းအသံများအား မကြားတချက် ကြားတချက်ဖြင့် ကြားမှပင် ပီတိအပြုံးလေးများဖြာလျက် အတွေးစိတ်ကူးများ စီးမျောနေပါသည်။

၎င်းအတွေးစိတ်ကူးထဲ၌ ကပ္ပိယလုလင်၏ ရုပ်ပုံလွှာလေးသည် ရာခိုင်နှုန်းများစွာ စိုးမိုးနေပါသည်။ ထိုအတွေးစလေးကို လက်တွေ့အကောင်အထည်ဖော်ရန် သူမတစ်ယောက် မရှက်နိုင်တော့ပါ။ ဟန်မဆောင်နိုင်တော့ရှာပေ။ သူမ၏ စိတ်နှလုံးထဲမှ ကပ္ပိယလုလင်တဲ သွားရောက်ရန် လှုံ့ဆော်မှုအားကောင်းနေပါ၍ ဆေးခန်းတံခါးကို ခေတ္တပိတ်၍ ကပ္ပိယလုလင်နေထိုင်ရာ ရွာဦးကျောင်းဆီသို့ သွားလေသည်။

ရွာလယ်လမ်းမကြီးပေါ်၌ ထီးကလေးကိုဆောင်းကာ တစ်ယောက်ထဲ လမ်းလျှောက်လာရင်း ရွာထိပ်တံခါးဝအရောက်၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်နှင့် မျက်နှာချင်းဆိုင် တွေ့လိုက်သည်။ ထိုအခါ သူမတစ်ယောက် အပြုံးနဲ့အတူ နှုတ်ဆက်စကားကို ဆိုလိုက်ပါသည်။

အပြန်အလှန်နှုတ်ဆက်ကာ သူမတစ်ယောက် လျှောက်လာလိုက်သည်မှာ ရွာဦးကျောင်းဝင်ပေါက်ဆီသို့ ရောက်လာသည်။ ထိုအခါ သူမကျောင်းဝင်းအတွင်းဆီသို့ မျက်စိကစားလိုက်သည့်အခါ သူမခံစားချက်များ ပြည့်ဝသွားလေပြီ။ ကျောင်းကြီးရှေ့ ကွပ်ပျစ်ခုံပေါ်တွင် တစ်ယောက်တည်း စာဖတ်နေသည့် ကပ္ပိယလုလင်အား တွေ့လိုက်ရသည့်အတွက်ကြောင့် ဖြစ်ပါသည်။ သူမတစ်ယောက် ကပ္ပိယလုလင်ရှိရာသို့ တစိုက်မတ်မတ်လျှောက်သွားလိုက်သည်။ စာအုပ်ထဲ၌ ချာန်ဝင်နေသည့် ကပ္ပိယလုလင်၏ အနားသို့ရောက်မှ သူမသည် "အဟတ် အဟတ်" ချောင်းဟပ်သံဖြင့် အသံပြုလိုက်သည်။ ထိုအခါ စာဖတ်နေသည့် ကပ္ပိယလုလင်သည် ချောင်းဟပ်သံ ကြားရာသို့ မော့ကြည့်လိုက်သည်။ ထိုအခါ ချောင်းဟပ်သံပိုင်ရှင်သည် ဆရာမလေး စန်းစန်းဌေးဖြစ်နေသည်။ မထင်မှတ်ထားသည့်အတွက် သူ၏အံ့ဩမှုအပြုံးနဲ့အတူ သူ၏ရင်ခုန်သံကြားဝယ် ဆရာမလေးအပြုံးက လွှမ်းခြုံနေပါသည်။ ဖတ်လက်စ စာအုပ်ကလေးကို ဘေးကိုချကာ ဝင်ထိုင်ရန် ဖိတ်ခေါ်လိုက်ပါသည်။ ဆရာမလေးသည် ကပ္ပိယလုလင်ညွှန်ပြရာသို့ ဝင်ထိုင်လိုက်သည်။ နှစ်ဦးသား ရင်ခုန်သံများ ပြိုင်ပွဲဝင်နေကြတော့သည်။

ကပ္ပိယက ရှက်ပြုံးကလေးကိုပြုံးလျက်

"ကိစ္စရှိလို့လား ဆရာမလေး"

ဆရာမလေးက ကပ္ပိယ၏ တုံးတိတိမေးခွန်းကြောင့် ရှက်အန်းအန်းဖြစ်ကာ

"ကိစ္စရှိမှ လာရမှာလားရှင်။ လမ်းကြုံလို့ဝင်လာခဲ့တာပေါ့"

ဟု ငေါ့တော့တော့ပြောလိုက်ပြီး ဆက်၍

"ကျွန်မသိချင်တာလေးများကို သိချင်စိတ်ကန္နီးဆွလို့ ဝင်လာတာပေါ့ရှင်"

ကပ္ပိယက အပြုံးမပျက်ပြုံးလျက်

"ကျွန်တော်က အရာရာမသိနိုင်ပါဘူး ဆရာမလေး။ ဒါပေမယ့် ယခုလို ဆရာမလေးနဲ့ စကားပြောခွင့် ဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာလျက် ပြောချင်နေမိပါတယ်ခင်ဗျာ"

ဆရာမလေးက ကပ္ပိယထံမှ အဓိပ္ပါယ်များစွာပါနေသည့် စကားလုံးတွေကို ကြားလိုက်ရသည့်အခါ ရှက်ပြုံးကလေးကို ပြုံးလျက်ပင်

"ကျွန်မတို့နိုင်ငံက သယံဇာတပစ္စည်းတွေ ပေါများတယ်၊ စိုက်ပျိုးမြေတွေလည်း ကြွယ်ဝတယ်၊ ကုန်းတွင်းထွက်ပေါက်နဲ့ ရေကြောင်းထွက်ပေါက်လည်း ရှိနေတယ်။ ပထဝီနိုင်ငံရေး အားကောင်းနေပါလျက် ဘာကြောင့် ကျွန်မတို့နိုင်ငံသည် ဆင်းရဲမွဲတေနေရတာလဲရှင့်"

ကပ္ပိယက

"နိုင်ငံတစ်နိုင်ငံ ဆင်းရဲရသည့် ပြဿနာတွေများစွာ ရှိပါတယ်။ နိုင်ငံသူနိုင်ငံသားအချင်းချင်း စစ်ဖြစ်နေလျှင် နိုင်ငံဆင်းရဲပါတယ်။ နိုင်ငံသူနိုင်ငံသားအများစု ပညာမဲ့နေလျှင် နိုင်ငံတော်ကြီး ဆင်းရဲပါမယ်။ နိုင်ငံခေါင်းဆောင်တွေ စီမံခန့်ခွဲမှုမတတ်လျှင်

နိုင်ငံတော် ဆင်းရဲပါမယ်။ ဝင်ငွေထွက်ငွေ အညီအမျှမသုံးစွဲသည့် နိုင်ငံသည် ခေါင်းကြီးကိုယ်သေးသည့်နိုင်ငံပေါ့ ဆင်းရဲနေပါမယ်။ အဂတိလိုက်စားမှု ကြီးထွားသည့်နိုင်ငံသည် ဆင်းရဲနေပါမယ်။ နိုင်ငံသူ နိုင်ငံသားတို့၏ တန်ဖိုးကို တန်ဖိုးမထားသည့် နိုင်ငံသည် ဆင်းရဲတွင်းနက်နေပါမယ်။ ဒါကြောင့် စီမံခန့်ခွဲမှုသည် အတတ်ပညာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံ့ယန္တယားတွေသည် အသီးသီး သက်ဝင်လှုပ်ရှားနေကြပါတယ်။ ၎င်းယန္တယားအသီးသီးကို မောင်းနှင်ကြမည့် ခေါင်းဆောင်သူတွေရှိကြဖို့ လိုအပ်ပါတယ်။ သေချာတာတစ်ခုက နိုင်ငံတော်မှာ နိုင်ငံသူ နိုင်ငံသားများဟာ မရှိမဖြစ်တည်ရှိနေခြင်းပင် ဖြစ်ပါတယ်။ နိုင်ငံတော်မှာ ပထဝီပိုင်နက်ရှိပါတယ်။ အချုပ်အခြာအာဏာဆိုတာရှိလာပါတယ်။ ဘယ်လိုအာဏာလည်းဆိုတာကို မေးခွန်းထုတ်ယူရပါမယ်။ နိုင်ငံသူ နိုင်ငံသားအများစုထံမှ ဆင်းသက်လာသည့်အာဏာလား၊ လူတစ်စု အဖွဲ့တစ်ခုထံမှ ဆင်းသက်လာသည့်အာဏာလား။ ၎င်းအာဏာဆင်းသက်မှုပေါ်မှာလည်း နိုင်ငံ၏ဆင်းရဲခြင်း ချမ်းသာခြင်းဆီကို ပုံဖော်နိုင်ပါတယ်။ ဒါကြောင့် ၎င်းနိုင်ငံသူနိုင်ငံသားတွေထံ၌ ပညာရပ်ဆိုင်ရာ စွမ်းရည်အမျိုးမျိုးဖွံ့ဖြိုးမှသာလျှင် ၎င်းနိုင်ငံတော်သည် တည်ငြိမ်ပြီးအေးချမ်း ဖွံ့ဖြိုးနေပါမယ်။ ဒီလိုပါဘဲခင်ဗျာ ၎င်းနိုင်ငံတော်ကြီး အဲဒီလိုဖြစ်လာဖို့အတွက် လိုအပ်ချက်သည် ၎င်းနိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုကြမည့် ခေါင်းဆောင်အသီးသီး၏ စီမံခန့်ခွဲမှု ခေါင်းဆောင်အတတ်ပညာ စွမ်းရည်မြင့်မားနက်ရှိုင်းမှ ၎င်းနိုင်ငံတော်သည် ဖွံ့ဖြိုးကြွယ်ဝပါလိမ့်မယ်။ ၎င်းယူဆချက်ကို ပြည့်မီဖို့ ဖြည့်စွက်ရမည့်သဘောတရားသည် ၎င်းနိုင်ငံနှင့် သက်ဆိုင်သူအားလုံး မိမိ

နိုင်ငံတော်ကိုချစ်ဖို့ စေတနာကောင်းထားဖို့သာလျှင် အဓိက ကျနေပါတယ်ခင်ဗျာ"

"ကျွန်မတို့တိုင်းပြည် ဘာကြောင့်စစ်ပွဲတွေရှိနေရတာလဲ။ ဖြစ်ပွားနေသည့် စစ်ပွဲတွေကလည်း နိုင်ငံသားအချင်းချင်း ဖြစ်နေကြသည့် စစ်ပွဲတွေဖြစ်တော့ ဆုံးရှုံးမှုနစ်ဖက်စလုံးက ကျွန်မတို့ နိုင်ငံရဲ့ ဓနဥစ္စာတွေဘဲလေ။ ဒါကြောင့် နိုင်ငံသားအချင်းချင်း စစ်တိုက်စရာလိုလို့လား"

"စစ်ဖြစ်သူတို့သည် ခေါင်းစဉ်တတ်ကြပါတယ်။ စကားလုံးအလှလေးတွေကို သုံးစွဲကြပါတယ်။ ဒါပေမယ့် စစ်ပွဲသက်တမ်းရှည်လာသည်နှင့်အမျှ ၎င်းနိုင်ငံတော်မှာ စစ်ဝါဒီတွေ မွေးဖွားလာကြပါတယ်။ စစ်ဘုရင်ဝါဒ အားကောင်းလာပါတယ်။ ၎င်းပြဿနာ၏ ဆိုးမွေသည် ဒေသခံနိုင်ငံသူ နိုင်ငံသားတွေပဲ ခံစားရပါတယ်။ ဒါကစစ်ပွဲရဲ့ အကျိုးရလဒ်တချို့ဖြစ်ပါတယ်။ ၎င်းစစ်ပွဲကိုရပ်ဖို့ စစ်တိုက်ရင်းရပ်ဖို့ ခက်ခဲပါတယ်။ ပြည်သူလူထုကို ဗဟိုပြုပြီး သက်ဆိုင်ရာအားလုံးသည် နိုင်ငံရေးစားပွဲဝိုင်းဖြင့်သာ ဖြေရှင်းရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖြစ်ရပ်နဲ့ ဖြစ်တည်မှုကြားမှာ ပြဿနာအရင်းအမြစ်ဆိုတာတွေ ရှိနေပါတယ်။ ဒါတွေကို ပြဿနာလို့ ယူဆသတ်မှတ်ကြရင် ဖြေရှင်းနည်းကို ရှာရပါလိမ့်မယ်။ ၎င်းဖြေရှင်းနည်းသည် ငြိမ်းချမ်းတဲ့ ဖြေရှင်းနည်းဖြစ်ဖို့ အဓိကကျလာပါတယ်။ ၎င်းဖြေရှင်းနည်းသည် နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်းသည့် ဖြေရှင်းနည်းဖြစ်ပါတယ်။ ပြဿနာကို ဆုံထားပြီး ဖြေလျှော့မှု၊ အသိအမှတ်ပြုသူ၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အဖြေရှာကြည့်ရပါမယ်။ အဲဒီဘောင်ထဲကနေ ဖြာထွက်ပြီးပြဿနာကို အနိုင်ယူဖို့ အင်အား

ကို ဗဟိုပြုပြီး ဖြေရှင်းကြမယ်ဆိုလျှင် ၎င်းပြဿနာရပ်တွေသည် ပို၍ပို၍ နက်ရှိုင်းကျယ်ပြန့်လာပါမယ်။ ၎င်းသဘောတရားကို အခြေပြုပြီး ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခတွေသည် ပို၍ပို၍ နက်ရှိုင်းပြီး ပို၍ပို၍ပင် ရှုပ်ထွေးလာပါတယ်။ စကားလုံးတွေရဲ့နောက်ကွယ်မှာ မဖြူစင်မှုတွေနဲ့ မာယာမီးအိမ်များ ထွန်းညှိနေတာကို တွေ့ရပါတယ်။ ပထဝီဝင်နိုင်ငံရေးအရနှင့် သမိုင်းရဲ့ဆိုးမွေတို့၏ ဘေးထွက်ဆိုးကျိုးဖြစ်သည့် စစ်ဝါဒီအတွေးအခေါ်များ မွေးဖွားအားကောင်းနေပါတယ်။ ၎င်းဖြစ်စဉ်ရဲ့ကြားမှာ တရှေ့ရှေ့ကြီးထွားနေတာသည် တရားမဝင် ကုန်ပစ္စည်းထုတ်လုပ် ရောင်းချမှုနဲ့ ငွေမဲခွာချမှု ပြဿနာများသည် အမြစ်တွယ်သလို ကြီးထွားရှင်သန်နေပါတယ်။ ပြည်တွင်းပဋိပက္ခတွေကြားမှာ လူဆိုးဂိုဏ်းတွေရဲ့ လှုပ်ရှားမှုသည် နိုင်ငံတော်၏ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုကို ခြိမ်းခြောက်လာပါတယ်။ ဒါတွေဟာ စစ်ရဲ့ပဋိပက္ခကြားက မီးလျှံများပဲဖြစ်ပါတယ်။ ဒီပြဿနာတွေ ငြိမ်းချမ်းဖို့ (၂၁)ရာစု နိုင်ငံရေးယဉ်ကျေးမှုကာလမှာ အားကောင်းလာသည့် လူထုဗဟိုပြုတွေးခေါ်မှု ပုံစံသစ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကို ဖက်ထရယ်ဒီမိုကရက်တစ် ပြည်ထောင်စုစနစ်ဆီသို့ လျှောက်လှမ်းဖို့ လိုအပ်နေပါပြီ။ ကိုယ်တိုင်လိုလားတောင်းတပြီး မြတ်နိုးသည့် စံအိမ်ကြီးဖြစ်ဖို့ နိုင်ငံရေးနည်းလမ်းကို ကျော်ပြီး စစ်ရေးနည်းဖြင့် ဖြေရှင်းခဲ့တာကြာခဲ့ပါပြီ။ ဒါကို မှန်တယ်လို့စကားကောင်းအောင် စကားလုံးအသစ်အဆန်းတွေနဲ့ ပြောနေကြမည့်အစား နိုင်ငံရေးဆွေးနွေးပွဲအတွက် စစ်ရေးစွမ်းဆောင်မှုတံခါးချပ်ကြီးကို အတူတကွ ပိတ်ပစ်ရမှာပေါ့။ ဒါမှမဟုတ်ဘဲ နိုင်ငံရေးဆွေးနွေးပွဲ တံခါးချပ်ကြီးပိတ်လို့ထားရင်

ဒေသခံတွေရဲ့ဘဝတွေသည် ဆင်းရဲမွဲတေကျသလို နိုင်ငံတော်လည်း မွဲပြာကျနေဦးမှာပေါ့"

"ကျွန်မတို့နိုင်ငံတော်မှာ ဖက်ထရယ်ပြည်ထောင်စုစစ်ဖြစ်ဖို့ ဘာကြောင့်လိုအပ်နေတာလဲ"

"နိုင်ငံတော်မှာရှိသည့် နိုင်ငံသူနိုင်ငံသားတွေမှာ သမိုင်းအရ ဒေသကွဲပြားမှု၊ လူမျိုးမတူညီခြင်း၊ ဘာသာစကားကွဲပြားမှု၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းစဉ်လာ၊ မတူညီမှု၊ ခြားနားမှုတွေနဲ့ တည်ဆောက်ထားသည့် နိုင်ငံမှာ ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်နိုင်ဖို့အတွက် လိုအပ်သည့် နိုင်ငံယဉ်ကျေးမှုသည် ဖက်ထရယ် စနစ်ပင်ဖြစ်ပါတယ်။ ၎င်းနိုင်ငံရေး၏ အဓိကကျသည့် အနှစ်သာရသည် အပြန်အလှန်လေးစားမှု၊ အသိအမှတ်ပြုခြင်း၊ အပြန်အလှန် တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် စောင့်ရှောက်ပိုင်ခွင့်ရှိသည်။ ဒါကြောင့် ၎င်းနိုင်ငံရေးယဉ်ကျေးမှုကို မွေးဖွားပေးနိုင်သည့် နိုင်ငံရေးစနစ်ကြီးဖြစ်နေတာကြောင့် လိုအပ်တာပေါ့ခင်ဗျာ"

ဆရာမလေးက ကပ္ပိယလုလင်အား မခို့တရိုခိုး၍ ကြည့်ရင်းပြုံး၍

"နိုင်ငံတစ်နိုင်ငံသည် တည်တည်ငြိမ်ငြိမ် တိုးတက်ဖို့သည် ဘာတွေလိုအပ်သလဲ၊ နောက်ထပ်သိချင်တာသည် နိုင်ငံ၏အလုပ်တရားက ဘာလဲ"

ကပ္ပိယက ဆရာမလေးရဲ့အမေးကို ကျွန်တော်ရဲ့ သဘောထားအရ ဖြေရှင်းပြရလျှင် ရိုးရှင်းပါတယ်ခင်ဗျာ။ နိုင်ငံတော်၏ အလုပ်တရားသည် တရားဥပဒေစိုးမိုးမှုဘဲ ဖြစ်ပါတယ်။ နိုင်ငံတော်ကြွယ်ဝဖို့ ပညာရှင်တွေမွေးဖွားဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်

ချမ်းသာဖို့ နိုင်ငံသူနိုင်ငံသားတွေ ပညာတတ်ဖို့လိုပါတယ်။ ၄င်းဖြစ်စဉ်တွေနဲ့အတူ နိုင်ငံတော်မှာ ပညာအခွင့်အလမ်းများ ပွင့်လင်းမြင်သာစွာ အားကောင်းရပါတယ်။ ပညာရပ်ဆိုင်ရာဥယျာဉ်တွေ လက်စုံဖွံ့ဖြိုးရပါတယ်။ လျှပ်စစ်စွမ်းအင်ပေါများခြင်း၊ ကုန်ထုတ်လမ်းတွေ ဖောက်လုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာဥပဒေတွေ ရှင်းလင်းပြတ်သားရင် နိုင်ငံတော်ကြီး ချမ်းသာပြီပေါ့ဗျာ။ ဒါကြောင့် အပြောအမြင်ကြီးမားပြီး စိတ်ထားကောင်းသည့် နိုင်ငံခေါင်းဆောင်နှင့် ခေါင်းဆောင်အသီးသီးတွေ မွေးဖွားဖို့တော့ လိုအပ်တာပေါ့ ခင်ဗျာ"

"ဘာမှမရှိသည့်နိုင်ငံအတွက် ၄င်းနိုင်ငံတော်ကြီး တိုးတတ်ဖွံ့ဖြိုးဖို့ ဘာလုပ်ချင်ပါသလဲ"

"ပထမဆုံး ပြုလုပ်ရမည့်အရာသည် ပိတ်ဆို့ထားသည့် တံခါးပေါက်တွေကို ဖွင့်ပစ်ရပါမယ်။ တင်ကြပ်စွာချည်ငင်ထားသည့် ကြိုးများကို ဖြေလျှော့ပစ်ရပါမယ်။ ဘာမှမရှိတဲ့အတွက် မြေငှားစနစ်ကို အသုံးပြုပြီး နိုင်ငံတော်ခြား ရင်းနှီးမြှုပ်နှံမှုကို ပိတ်ရပါမယ်။ အခွန်ဟာ နိုင်ငံရဲ့ငွေကြေးစနစ်ဖြစ်လို့ပါ။ ၄င်းရင်းနှီးမြှုပ်နှံမှုအား နှစ်အလိုက်ငှားရမ်းခြင်း၊ လုပ်အားရောင်းနိုင်ငံအဖြစ်နဲ့ စတင်ရပ်တည်ရပါမယ်။ ရရှိတဲ့အခွန်ငွေကို ပညာရေးရင်းနှီးမြှုပ်နှံမှုမှာ သုံးစွဲရပါမယ်။ အပေးအယူစီးပွားရေးပုံစံကို နိုင်ငံအတွက် အသုံးပြုရမှာဖြစ်ပါတယ်။ ပထမဆုံးပေးရတဲ့ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံသူနိုင်ငံသားတို့၏ နည်းပညာနဲ့ လုပ်အားအခွင့်အလမ်းရှိမှုပေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရပါမယ်။ နှစ်ရှည်စီမံကိန်း အဆောက်အဦးကြီးတွေကို နိုင်ငံခြားချေးငွေဖြင့် မတည်ဆောက်မိဖို့ အထူးသိပြုရပါမယ်။ ၄င်းပြဿနာ

သည် နိုင်ငံခြားသြဇာခံ ကြွေးမြီဝန်ထုပ်ကြီးကို ထမ်းပိုးရနိုင်သလိုပဲဖြစ်ပါတယ်။ ဘာကြောင့်လည်း ချေးငွေရဲ့နောက်မှာ အတိုးယူမှုပြဿနာ ရှိလာပါတယ်။ ၄င်းဘေးထွက်ဆိုးကျိုးနဲ့အတူ လူသားအရင်းအမြစ် အားနည်းမှုအပေါ် ၄င်းစီမံကိန်းကြီးတွေသည် အနိုင်ယူသွားပြီး နိုင်ငံစီးပွားရေးသည် ချောက်ထဲသို့ ဆွဲချသွားပါသည်။ ၄င်းနိုင်ငံကြီးတို့၏ ချယ်လှယ်မှုအောက် နိုင်ငံရဲ့ ဈေးကွက်သစ်များလည်း ကျဆုံးရပါမယ်။ ဒါကြောင့် ဘာမှမရှိတဲ့ နိုင်ငံအတွက် ၄င်းစီမံကိန်းကြီးများကို အထူးသတိပြုသင့်ပါတယ်ခင်ဗျာ။ ထိုဖြစ်စဉ်ကြောင့် ခြေလှမ်းစိတ်စိတ်ဖြစ်သည့်ဒေသတွင် စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုတွေကို ထိန်းညှိမှုသဘောတရားကို အခြေပြုပြီး ပေါင်းစပ်ကာ ထူထောင်ရပါမယ်။ နိုင်ငံတွင်းကလုပ်အားကို နိုင်ငံတွင်းမှာ ရောင်းစားပြီး ဈေးကွက်နှင့် အတတ်ပညာကို ရှာဖွေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ပြီး နိုင်ငံစီးပွားရေးကို ရှာဖွေချင်သည့် ဘာမှမရှိသေးသည့်နိုင်ငံအတွက် စဉ်းစားစရာများပင် ဖြစ်ပါတယ်။ ဆရာမလေးရေ ၄င်းအခွင့်အလမ်းတွေရရှိဖို့နဲ့ ဘေးထွက်ဆိုးကျိုးများကို အကောင်အထည်မဖော်မိဖို့ နိုင်ငံအတွင်းက စနစ်နဲ့ခေါင်းဆောင်မှု အရည်အချင်းပေါ် မူတည်တာပေါ့ဗျာ။ ဆရာမလေးရေ နိုင်ငံတော်၏ အဓိကပြဿနာသည် နှစ်ရှည်စီမံကိန်းကြီးတွေ အခြေခံလူထုကို ဗဟိုမပြုသည့် စီမံကိန်းတွေ၊ ရုပ်ပြဖွံ့ဖြိုးမှုသာ အားကောင်းပြီး ရေရှည်အကျိုးမပြုနိုင်တဲ့ စီမံကိန်းတွေ ချေးငွေကိုအမှီပြုပြီး ဆောင်ရွက်ရသည့် စီမံကိန်းများသည် နိုင်ငံ၏ အနာဂတ်ကာလထိ အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် အထူးသတိပြုသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့

ရင်းနှီးမြှုပ်နှံမှုဈေးငွေထောင်ချောက်က ကြီးမားနက်ရှိုင်းလို့ပဲဖြစ်ပါတယ်။ နောက်ထပ်လက်ငင်း ရင်ဆိုင်ရမည့် ဘေးထွက်ဆိုးကျိုးသည် ဒေသခံနိုင်ငံသားတို့၏ ဘဝတွေဖြိုချခံရခြင်းနှင့် နိုင်ငံအတွက် အကျိုးအမြတ်မညီမျှမှုပဲဖြစ်ပါတယ်။ ၄င်းဖြစ်စဉ်တွေရှိနေသည့်အချိန်မှာဘဲ ဆရာမလေးပြောသည့် နိုင်ငံအမျိုးအစားမှာစီမံခန့်ခွဲမှု ဉာဏ်ပညာမရှိသည့် ခေါင်းဆောင် မိမိအာဏာ ရှင်သန်ရေးနှင့် မိမိအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ၄င်းအာဏာအားရှုးသွပ်ခြင်း၏နောက်မှာ ရှေ့ကပြောခဲ့သည့် စီမံကိန်းကြီးတွေရုပ်ပြဆိုင်ရာ ဖွံ့ဖြိုးပုံသဏ္ဍာန်တွေဖြင့် ပြည်သူလူထု၏စိတ်ကိုလိမ်ညာလှည့်ဖျားလျက် မိမိအာဏာရှင်သန်ရေးကို ရှူးသွပ်နေကြသည့် အာဏာရှူးကြသူတို့ကို ပြည်သူလူထုကြီးသည် သတိထားစောင့်ကြည့်ဖို့တော့ လိုနေတာပေါ့"

ဆရာမလေးက ကပ္ပိယ၏စကားအဆုံး၌ "တခစ်ခစ်"ဖြင့် အသံထွက်၍ ရယ်ပြုံးပြုံးကာ

"ရှင်ကို ကျွန်မဘက်မြင်ရတာ လူထုလူဆန်းတစ်ယောက်အဖြစ် မြင်မိတာပဲရှင်"

သူတို့နှစ်ဦး စကားဝိုင်းလေးသည် ခေတ္တမျှငြိမ်သက်ကာနှစ်ဦးသားရင်ခုန်သံတွေ ပြိုင်နေကြသည်။ ရှက်ကိုးရှက်ကန်းဖြစ်၍ ရှက်ပြုံးကလေးများ ပြိုင်တူပြုံးလိုက်ကြသည်။

ဆရာမလေးက သူမ၏ရှက်ပြုံးလေးကို သိမ်းဆည်းကာ

"ကျွန်မတို့နိုင်ငံက စနစ်ကြောင့် ဆင်းရဲနေတာလား၊ ခေါင်းဆောင်မကောင်းလို့ ဆင်းရဲနေတာလား၊ ပြည်သူလူထုညံ့ဖျင်းလို့ ဆင်းရဲနေတာလား"

ကပ္ပိယက မထင်မှတ်ထားသည့် မေးခွန်းကြောင့် သူ၏ ဦးခေါင်းလေးကို ပွတ်သပ်လျက်

"ဆရာမလေးရဲ့ မေးခွန်းသုံးခုစလုံးနှင့် သက်ဆိုင်နေပါတယ်။ ၎င်းမေးခွန်း သုံးခုစလုံးသည် တစ်ခုကိုမှီပြီး တစ်ခုက မွေးဖွားရသည့် သဘောတရားကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆင်းရဲတွင်းအနက်ကြီးမှ လွတ်မြောက်ဖို့အတွက် လူ၊ စနစ်၊ ခေါင်းဆောင် အကြောင်းသုံးခုသည် ညီညွတ်မျှတဖို့ လိုနေပါပြီခင်ဗျာ။ နိုင်ငံသူ နိုင်ငံသားများသည် အမိနိုင်ငံတော်ကို နှလုံးသားဖြင့် စချစ်တတ်ဖို့လိုနေပါပြီခင်ဗျာ။ နိုင်ငံသူနိုင်ငံသားများ၏ ဝတ္တရားဖြစ်သည့် မိခင်နိုင်ငံအပေါ်သစ္စာရှိဖို့ နိုင်ငံတော်ကို တန်ဖိုးထားတတ်ဖို့ နိုင်ငံတော်ကို အလုပ်အကျွေးပြုဖို့လိုနေကြောင်းပါခင်ဗျာ"

"ဒါက အမိနိုင်ငံတော်၏ အသက်ပေါ့နော်"

"ဟုတ်ပါတယ် နိုင်ငံတော်အတွင်းမှာ ကျေးလက်ဒေသနှင့် မြို့ပြဒေသဆိုတာရှိပါတယ်။ ပြည်သူလူထုသည် မိမိဒေသ မိမိလူမျိုးကိုချစ်တတ်ဖို့ မြတ်နိုးတန်ဖိုးထားတတ်ဖို့ လိုပါတယ်။ ချစ်တတ်လျှင် ချစ်မျက်စိနဲ့ ကြည့်တတ်လာပါမယ်။ ထိုစိတ်ကလေးသည် မိမိရဲ့တာဝန်နဲ့ ဝတ္တရားကို သိလာပါလိမ့်မယ်။ ၎င်းသိရှိနားလည်မှုအနားမှာ မြတ်နိုးခင်တွယ်မှု မွေးဖွားလာပါမယ်။ ထိုအခါ မိမိဘာလုပ်ရမလဲဆိုတာကို လုပ်ရမှန်းသိလာပါလိမ့်မယ်။ တန်ဖိုးထားသည့် စိတ်ဓာတ်ရှင်သန်လာလျှင် ကိုယ့်သမိုင်းဖြစ်သည့် လူ့သမိုင်းကို မိမိကိုယ်တိုင် ရေးထိုးကြမှာပေါ့။ ဒါပေမယ့် ဆရာမလေးရေ အပြန်အလှန်သက်ရောက်မှု သဘောတရားအရ ၎င်းဖြစ်စဉ်နှင့် စိတ်ဖြစ်စဉ်မှုသဘောတွေသည်

လူ၊ လူ့ရွာ၊ လူ့အဖွဲ့အစည်းအတွင်းမှာ မွေးဖွားဖို့အတွက် အဓိက ဖန်တီးရှင်သည် စနစ်ဖြစ်ပါတယ်။ စနစ်နဲ့အတူ ခေါင်းဆောင်၏ စံနမူနာပြု ပြသနိုင်ဖို့လိုပါတယ်။ ဒါကြောင့် စနစ်၊ ခေါင်းဆောင်မှု တို့၏ ဘက်စုံညီညွတ်မျှတမှုသာလျှင် လူထုယန္တယားကြီးအတွက် စွမ်းအင်အဖြစ်တည်ရှိနေပါမယ်။ သို့သော် ဆရာမလေးရေ သတိပြုစရာရှိပါတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ကို မွေးဖွားနိုင်ရုံဖြင့် နိုင်ငံ၏ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးခရီးစဉ်တွေဟာ မအောင်မြင်သေးပါဘူး ခင်ဗျာ။ နိုင်ငံတော်၏ နိုင်ငံအရေးဆိုသည်များကို တစ်ယောက်ကောင်းလို့ တစ်ယောက်တည်းသွားလို့ မရသည့် လူထုယန္တရားကြီး ဖြစ်ပါသည်။ ဒါကြောင့် ခေါင်းဆောင်ကောင်းများ၏အနားမှာ ပတ်ဝန်းကျင်ကောင်းနှင့် နောက်လိုက်ကောင်းတွေ ရှင်သန်ဖွံ့ဖြိုးနေဖို့ လိုပါတယ်"

ဆရာမလေးသည် ကျေနပ်အားရသည့် အပြုံးနှင့်ရောစပ်ကာ ပီတိလှိုင်းကလေးများသည် ရင်ဖိုကာ မျက်စတစ်ချက်ပင့်၍ ကပ္ပိယလုလင်အား နှုတ်ဆက်ကာ ပြန်သွားတော့သည်။

ကပ္ပိယလုလင်သည် လက်ထဲမှ ရေနွေးကြမ်းပန်းကန်ကို ကိုင်ထားလျက် သူ၏ရင်ထဲ၌ ဟာတစ်တစ်စို့ တော့တော့ကြီး ဖြစ်၍ ကျန်ခဲ့သည်။

□

## ရောင်ခြည်ထွန်းမည့် ကျောက်မြေ

ဆောင်းရာသီ၏ အရက်စက်ဆုံး နှင်းမှုန်တွေကြားဝယ် ဆရာ မလေးစန်းစန်းဌေးသည် မကြီးမြနှင့်အတူ ဆိုင်ကယ်တစ်စီးဖြင့် သပြေရွာရှိ မွေးလူနာထံသို့ ဒုန်းစိုင်းနှင်လေပြီ။

နံနက်ဝေလီဝေလင်းအချိန် သူမ၏ဆေးပညာဖြင့် လူ့ဘောင်လောကဆီသို့ လူသားတစ်ဦးချောမွေ့စွာ ရောက်ရှိလာပါသည်။ ထိုအချိန်၌ တခြားလူနာရှင်တစ်ဦး၏ ခေါင်းဆောင်ရာသို့ ထပ်မံရောက်ရှိသွားပါသည်။ ဆရာမလေးသည် ၄င်းရွာကလေး၏ ဖွံ့ဖြိုးမှုနှင့် သာယာမှုကိုတွေ့ရ၍ ပီတိဖြာလျက် ရင်ထဲ၌ ကျေနပ်နေရပါသည်။ ၄င်းရွာ၌ လူနာရှင်ငါးဦးမျှ ကုသပေးလိုက်ရပါသည်။ ထိုအခါဝယ် ၄င်းရွာသားများထံမှ အောင်သာရွာမှ ကပ္ပိယလုလင်အား လေးစားကြည်ညိုမှုသတင်းစကားများ ကြားရသည့်အခါ ဆရာမလေးတစ်ယောက် ပီတိအပြုံးလေးပြုံးလိုက်ပါသည်။ ထိုအပြုံး၏အဓိပ္ပါယ်အား မကြီးမြတစ်ယောက်သာလျှင် သိနိုင်ရှာပေသည်။

နေမွန်းတည့်ချိန်ကျော်မှ ရွာ၏ ကျေးလက်ဆေးပေးခန်းလေးဆီသို့ ပြန်ရောက်လာကြသည်။ လမ်းတစ်လျှောက် မကြီးမြသည် ဆိုင်ကယ်နောက်မှနေ၍ ကပ္ပိယလုလင်၏ ရွာလေးရွာချိတ်ဆက်ထားသည့် ယခုမောင်းနှင်ခွင့်ရသည့် လမ်းအကြောင်းနှင့် လမ်းဘေးနှစ်ဖက်မှ အရိပ်ရအပင်များအကြောင်းပါ သိလိုက်ရ၍ ပီတိအပြုံးလေးပြုံးချိန် မကြီးမြက ကပ္ပိယလုလင်၏ စည်းရုံးစကားအပြောနဲ့အတူ လက်တွေ့ကိုယ်တိုင်ကိုယ်ကျ အတူလည်းပါဝင်ဆောင်ရွက်ခဲ့သည့်အခါ ရွာသူရွာသားအများစုသည် တပေါင်းတစည်းတည်း ပါလာကြသည့်အကြောင်း ပြောပြလိုက်သည့်အခါဆရာမလေးသည် ထပ်ဆင့်အပြုံးနဲ့အတူ ရယ်လိုက်ချိန် ဆိုင်ကယ်လေးယိုင်နွဲ့သွားသည်။ ထိုအခါ မကြီးမြသည် ရယ်သွမ်းလျက်

"သတိထားပြီး မောင်းဦးနော်။ ကပ္ပိယရဲ့မျက်နှာကြီးကိုမြင်ယောင်ပြီး လမ်းဘေးက အရိပ်ရအပင်တွေကို ဝင်တိုက်မိဦးမယ်"

ဟု ငေါ့တော့တော့ပြောလိုက်သည့်အခါ ရှက်ပြုံးလေးများပြုံးလျက်

"အို မကြီးမြကလဲ"

ဟု နှုတ်ခမ်းလေးဆူကာ သူမ၏မျက်နှာပေါ်၌ ရှက်သွေးနီမြန်းသွားပါတော့သည်။

ဆေးပေးခန်းရှေ့ ရပ်လိုက်သည်နှင့် ဆေးပေးခန်းရှေ့၌ကပ္ပိယလုလင်အား မထင်မှတ်ဘဲတွေ့လိုက်ရသည်။ သူမ၏ရင်တွေ တဒုန်းဒုန်းခုန်နေပါသည်။ ဆိုင်ကယ်စက်သံသည် ရပ်သွားသော်လည်း သူမ၏နှလုံးခုန်သည် တဂျုန်းဂျုန်းဖြင့် မြည်နေ

ပါသည်။ ဆိုင်ကယ်နောက်မှ ဆင်းလိုက်သည့် မကြီးမြသည် ကပ္ပိယလုလင်အား

"ဘာကိစ္စရှိလို့လဲရှင့်"

ဟု မေးလိုက်ပါသည်။ ကပ္ပိယလုလင်သည် တည်ငြိမ်လျက်

"ကျောင်းကကိုရင်လေး နေထိုင်မကောင်းလို့ ဆရာတော်က အားတဲ့အချိန်လာပေးရန် မိန့်လိုက်လို့ပါခင်ဗျာ"

ဆရာမလေးသည် ပီတိအပြုံးလှလှလေးကို ပြုံး၍

"ဟုတ်ကဲ့ ကပ္ပိယကျွန်မသွားလိုက်ပါ့မယ်ရှင်"

ထိုအချိန်၌ ကပ္ပိယလုလင်သည် အဓိပ္ပါယ်ပြည့်ဝသော မျက်လုံးတစ်စုံဖြင့် ခိုးကြည့်လိုက်ပါသည်။ ထိုအကြည့်နှင့်အတူ အနားမှထွက်သွားပါသည်။ ၎င်းတို့နှစ်ဦး၏ ရင်ထဲက စကားသံများကို ရိပ်စားမိသည့် မကြီးမြသည် သဘောကျနှစ်ခြိုက်စွာ ရယ်သွမ်းပါတော့သည်။

ကပ္ပိယရောက်သည့် ရွာလယ်ပိုင်းက ကိုသာမြတ်၏ လက်ဖက်ရည်ဆိုင်လေးဆီသို့ ရောက်လာပါသည်။ ၎င်းလက်ဖက်ရည်ဆိုင်ထဲ၌ လူငယ်ကာလသားတစ်သိုက် ဝိုင်းဖွဲ့၍ စကားပြောနေကြသည်။ ထိုလူငယ်လေးများသည် ကပ္ပိယလုလင်အား တွေ့လိုက်ကြသည့်အခါ အားလုံးကနှုတ်ဆက်၍ သူတို့စကားဝိုင်းဆီသို့ ဖိတ်ခေါ်လိုက်ကြသည်။ ကပ္ပိယလုလင်လည်း ထိုလူငယ်လေးများကြားသို့ ဝင်ထိုင်လိုက်တော့သည်။

မောင်အေးက

"ကပ္ပိယကြီးခင်ဗျာ။ ကျွန်တော်တို့ သိလိုတာလေးများကို သိရအောင် မေးပါရစေ"

ကပ္ပိယက ရေနွေးတစ်ခွက်ကို မော့သောက်လျက်ပြုံး၍ပင် လက်ခံလိုက်သည်။

မောင်ထင်က

"ကပ္ပိယကြီးခင်ဗျာ နိုင်ငံသားတစ်ယောက်ဖြစ်ဖို့ တော်တော်ခက်နေပြီဗျ။ နိုင်ငံသားမှတ်ပုံတင်လုပ်ရတာ နတ်ဖြစ်ကျင့်စဉ်ထက်တောင် ခက်နေတယ်ဗျ။ ငွေလမ်းခင်းရင်တော့ အဖြူလည်း မရှိတော့ဘူး၊ အမဲလလည်း မရှိတော့ဘူးဗျ။ ကိုယ့်မြေကိုယ့်ရေမှာ ကြီးပြင်းတဲ့ ကျုပ်တို့ဘဝက ငွေလောက်တန်ဖိုးမရှိဖြစ်နေပြီ။ ငွေနဲ့လျှောက်ရသည့် လမ်းတွေဖြစ်နေသည့် နိုင်ငံကို ဘယ်လိုကယ်မှရမလဲ။ ဘယ်သူကယ်မှ ရမှာလဲခင်ဗျာ။

ညီငယ်ရဲ့မေးခွန်းကို အဖြေပေးတာမဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော်သဘောထားကို ပြောတာပါ ခင်ဗျာ။ ၄င်းပြဿနာတွေသည် ဗဟိုအစိုးရကပင် ထိန်းချုပ်ဖို့ခက်သည်ဖြစ်စေ သို့မဟုတ် ဗဟိုယန္တယားကြီးကလည်း အဂတိလိုက်စား နွံအိုင်ထဲ ကျွံဝင်နေရင် ပြည်သူလူထုဘဝသည် လူကိုလူကပြုတဲ့ ဒုက္ခသည်ပို၍ကြီးမားနက်ရှိုင်းနေပါပြီ။ ဒီတော့ ၄င်းပြဿနာကို ဖြေရှင်းရမည့်သူသည် ပြည်သူလူထုသာလျှင် ဖြစ်ပါတယ်။ ဒီတော့ လူထုသည် ဗျူရိုကရက်ယန္တယားကြီးကို မဆက်ဆံရေးလမ်းစဉ်ကို အသုံးပြုပြီး ညီညွတ်ရေးလက်နက်ဖြင့် တိုက်ပွဲဝင်ရမှာပေါ့ခင်ဗျာ။ အဂတိပေးသူသည် လူထု၏သစ္စာဖောက်အဖြစ် သတ်မှတ်ရင် အဂတိယူသူသည် နိုင်ငံ၏ရန်သူအဖြစ် ယူဆကာ မဆက်ဆံရေးနှင့် မလိုက်နာရေးလုပ်ငန်းစဉ်ဖြင့် တိုက်ပွဲဝင်ရမည်ဟု ယူဆတယ်။ သို့သော် လူထု ယန္တယားကြီးကိုယ်တိုင်က ထိန်းကျောင်းမှုပျက်ရင် နိုင်ငံ၏အနာဂတ်လည်း ပျက်သုန်းပြီလို့ ယုံကြည်မိတယ် ခင်ဗျာ"

မောင်အေးက

"နိုင်ငံတွင်းမှာ လူမိုက်အုပ်စုတွေ၊ မြေအောက်ဂိုဏ်းတွေရဲ့ မှောင်ခိုစီးပွားရေး အားကောင်းနေပြီး လူသတ်မှု၊ မုဒိမ်းမှု အမှုတချို့သည် တရားဥပဒေအောက်က လွတ်ထွက်နေသည့် နိုင်ငံကို ဘယ်လိုသတ်မှတ်ရပါမလဲ။ ဘယ်နည်းလမ်းဖြင့် ပြင်ရမလဲ"

ကပ္ပိယက အားရပါးရရယ်ပစ်လိုက်သည်။ သူ၏ ရယ်သွမ်းမှုကို တိကနဲရပ်ကာ

"ညီငယ်တို့ရေ ၄င်းနိုင်ငံအတွင်းမှာ ဖြစ်ပျက်နေသည့် နိုင်ငံရေးအခြေအနေကို အကြမ်းဖျင်းအရ -

(၁) အစိုးရယန္တယားအတွင်းမှာ အင်းအားချိနဲ့နေသည့် နိုင်ငံလည်းဖြစ်နိုင်ပါတယ်။

(၂) အစိုးရယန္တယားအတွင်းမှာ အာဏာလွန်ဆွဲမှုပြိုင်ပွဲများ အားကောင်းနေသည့် နိုင်ငံလည်း ဖြစ်နိုင်ပါတယ်။

(၃) အစိုးရယန္တယား၏ထိပ်ဆုံးမှာ အာဏာပိုင်၏အာဏာ သက်ရောက်မှုပျက်စီးနေသည့် နိုင်ငံလည်း ဖြစ်နိုင်ပါတယ်။

(၄) အစိုးရယန္တယားအသီးသီးမှာ အဂတိလိုက်စားမှုနှင့် အာဏာဝယ်ယူရေးပြဿနာများ ကြီးထွားနေသည့်နိုင်ငံလည်း ဖြစ်နိုင်ပါတယ်။

၄င်းနိုင်ငံကို တရားဥပဒေစိုးမိုးမှု မရှိသည့်နိုင်ငံ၊ လုပ်ထုံးလုပ်နည်းများမရှိသည့် ကြုံရာကျပမ်းပြုလုပ်နေသည့် နိုင်ငံအဖြစ် သတ်မှတ်ကြမှာပေါ့။ ၄င်းနိုင်ငံမှာ ၄င်းပြဿနာရပ်များသည် တနေ့တခြား ကြီးထွားနက်ရှိုင်းလာသည့်အခါ ၄င်းပြည်သူလူထုကြီးသည် တန်ပြန်တော်လှန်ရေး အသွင်သဏ္ဍာန်များဖြင့် ဖြေရှင်းမှုတွေ ပေါ်ပေါက်လာနိုင်ပါတယ်။ ပြည်သူလူထုသည် သူ၏ အာဏာကို

သူကိုယ်တိုင် သုံးစွဲခြင်းလုပ်ငန်းစဉ်များ ပေါ်ထွန်းလာလိမ့်မည်။ အဲဒီအခါ အခမ္မမှုဖြင့် အာဏာနှင့် ငွေကြေးပိုင်ဆိုင်သူတို့က ပြည်သူလူထုကြီးကို အကြမ်းဖက်လှုပ်ရှားသူတို့ဟု ပြစ်တင်စွပ်စွဲကြလိမ့်မယ်။ ဒါဟာ အမှန်တရားမဟုတ်ပါဘူး။ ပြည်သူလူထု၏ တန်ပြန်တော်လှန်ရေး လှုပ်ရှားမှုသီအိုရီသည် အဖြေတစ်ခုရဖို့အတွက် လမ်းခင်းပေးခြင်း ဖြစ်လိမ့်မည်။

မောင်ထင်က

"ဒါဆိုရင် တန်ပြန်တော်လှန်ရေးလူထုလှုပ်ရှားမှု အားအင်ကောင်းကောင်းဖွံ့ဖြိုးဖို့ ဘာတွေလိုအပ်သလဲ"

ကပ္ပိယက

"အုပ်ချုပ်ခံလူထု (သို့မဟုတ်) အဖိနှိပ်ခံလူထုအလွှာ အသီးသီးသည် ငါ့ဘဝရဲ့ပြဿနာကို နားလည်သိရှိဖို့လိုပါတယ်။ ဒီအတွက် ပြည်သူလူထုကြီးကို နိုင်ငံရေးမျက်စိပွင့်အောင် နိုင်ငံရေးလူသားနီတိတွေက လမ်းဖွင့်နိုင်ဖို့လိုပါတယ်။ လူထုရဲ့လက်နက်ကတော့ နှလုံးရည်နှင့် ညီညွတ်ရေးစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။

မောင်လှဖေက

"ညီညွတ်ရေးစိတ်ဓာတ်ဆိုတာ ဘာကိုဆိုလိုတာလဲခင်ဗျာ"

**ကပ္ပိယက**

"ညီညွတ်ရေးစိတ်ဓာတ်ဆိုတာ အဖိနှိပ်ခံလူတန်းစားအချင်းချင်း အပြန်အလှန်နားလည်မှုနှင့် အသိအမှတ်ပြုသည့် စိတ်ဓာတ်ရှင်သန်မှ အဖိနှိပ်ခံလူထု ညီညွတ်ရေးဆိုတာ ဖြစ်လာပါမယ်။ အဖိနှိပ်ခံလူထု ညီညွတ်ရေးစိတ်ဓာတ် ရှင်သန်ခြင်းနှင့် ခိုင်မာအားကောင်းဖို့ ရှောင်ကျဉ်ရမည့်အချက်သည် နိုင်ငံမရှိဘူး၊ ဒေသမရှိဘူး၊ လူမျိုးမရှိဘူး၊ ဘာသာမရှိဘူး ညီညွတ်မှုစိတ်ဓာတ်၏

အရင်းခံသည် အဖိနှိပ်ခံလူသားဆိုင်ရာ အယူအဆသဘော တရားကို လက်ခံယုံကြည်ဖို့ပင်ဖြစ်ပါတယ်။ နောက်ထပ် အဖိနှိပ်ခံလူထု သိထားရမယ့် သဘောတရားသည် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံသူ ဆိုသည့် ဖြစ်တည်မှုသဘောတရားကို ရှင်းရှင်းလင်းလင်း နားလည်ထားဖို့ပဲဖြစ်ပါတယ်။ အနီးစပ်ဆုံးသဘောတရားတစ်ခုကို နှိုင်းဆပြရလျှင် တခြားဒေသမှ ဖိနှိပ်ခံလုပ်သားလူထု၏ ဒုက္ခနှင့် ပြဿနာသည် လုပ်သားလူထုတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် ပြဿနာရပ်အဖြစ် လက်ခံပြီး ရင်ဆိုင်ခြင်းကို လုပ်သားလူထု သို့မဟုတ် အဖိနှိပ်ခံလူထု ညီညွတ်ရေးစိတ်ဓာတ်ပင် ဖြစ်တာပေါ့။ အဖိနှိပ်ခံလူထုညီညွတ်ရေး စွမ်းအားသည်သာလျှင် လူသားဆိုင်ရာ ငြိမ်းချမ်းရေးတံခါးဖွင့်ခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဖိနှိပ်ခံလူထု၏ ညီညွတ်ရေးလက်နက်သည် *မည်သည့်အခမ္မမှုကိုမဆို တွန်းလှန်ရင်း* အောင်ပွဲခံပါမယ်။ ၄င်းအပြင် အယူအဆ သဘောထားအရ အဖိနှိပ်ခံလူထု၏ လူသားဆိုင်ရာညီညွတ်ရေးစိတ်ဓာတ်သည် ကမ္ဘာ့ငြိမ်းချမ်းရေး၏ ခွန်အားရှင်အဖြစ် ယုံကြည်ရမှာပေါ့”

မောင်လှအေးက

“ကျွန်တော်တို့ရဲ့ ဘဝတွေလုံခြုံဖို့ ဖွံ့ဖြိုးဖို့ ဘာလုပ်ရမှာလဲ”

ကပ္ပိယက

“နိုင်ငံသူနိုင်ငံသားတွေ အလုပ်လုပ်ဖို့လိုပါတယ်။ အလုပ်ရဲ့အနားမှာ ပညာရှာရမယ် ညီငယ်ရေ။ ပညာမှာလည်း အသိပညာနဲ့ အတတ်ပညာတွေ တတ်မြောက်ဖို့လိုပါတယ်။ အဓိကအချက်သည် မိမိနိုင်ငံ၏ နိုင်ငံရေးစနစ်ကောင်းတစ်ခု ဖြစ်ထွန်းအောင် လုပ်ဆောင်ရမှာပေါ့”

မောင်တင်က

"နိုင်ငံရေးစနစ်ကောင်းဆိုတာ ဘာကိုပြောတာလဲ"

ကပ္ပိယက

"ပြည်သူထုထုကိုဗဟိုပြုပြီး တည်ဆောက်ထားသည့် နိုင်ငံရေးစနစ်ကို ပြောတာပေါ့။ နိုင်ငံယန္တယားအသီးသီးကို လည်ပတ်သည့်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစနစ်တွေကို ပြောတာပေါ့"

မောင်လှအေးက

"၎င်းစနစ်သည် ဘယ်လိုစနစ်အမျိုးအစားလဲ"

ကပ္ပိယက

"၎င်းအခွင့်အလမ်းတွေရှိတဲ့စနစ် ရှင်သန်ခွင့်ရသည့်စနစ်သည် ဒီမိုကရေစီစနစ်ပင် ဖြစ်ပါတယ်"

မောင်ထင်က

"ယခုလည်း ကျွန်တော်တို့နိုင်ငံက ဒီမိုကရေစီစနစ်နဲ့ သွားနေပြီမဟုတ်လား"

ကပ္ပိယက

"စကားလုံးတွေနဲ့ တိုင်းပြည်ကိုတည်ဆောက်ရင် စကားတွေဘဲ ပန်းတိုင်ရောက်ပြီး အနှာဂတ်မဲ့နေသည့် တိုင်းပြည်တစ်ခုဖြစ်နေမှာပေါ့ဗျာ"

မောင်လှအေးက

"ဒီမိုကရေစီစနစ် ထွန်းကားအောင် ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေ ဘာလုပ်ရမလဲခင်ဗျ"

ကပ္ပိယက

ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုကို လိုက်နာကျင့်သုံးရမယ့်တာဝန်ရှိသလို ဗျူရိုကရက်ညွှင်စိုးများကိုလည်း ဆန့်ကျင်ဖို့ လိုပါ

တယ်။ တိကျပြီး မျှတညီညွတ်တဲ့ တရားဥပဒေကို လေးစား လိုက်နာရပါမယ်။ မတရားသည့် ဥပဒေများကိုလည်း ကန့်ကွက် ဖျက်သိမ်းနိုင်ဖို့ တာဝန်လည်း ရှိနေပါတယ်။ ၄င်းဖြစ်စဉ်နှစ်ခုကို ပြည်သူလူထုသည် နိုင်ငံရေးဉာဏ်မျက်စိဖြင့် တာဝန်ကျေပွန်ဖို့ လိုပါတယ်ခင်ဗျာ"

မောင်ထင်က

"ဒါဆိုရင် အုပ်ချုပ်ခံ ပြည်သူလူထုညီညွတ်ရေးသည် ဒီမို ကရေစီရှင်သန်ရေးအတွက် အဓိကပေါ့နော်"

ကဗွိယက သဘောကျနှစ်ချိုက်စွာ ဟားတိုက်ရယ်မောပစ် လိုက်သည်။ သူ၏ရယ်သံသည် ၄င်းဆိုင်အပြင်အထိ ဟိန်းထွက် သွားပါသည်။ ထိုရယ်သွမ်းမှုကိုတိကာနဲရပ်ကာ

"သိပ်ကိုမှန်ကန်တိကျသည့် သဘောတရားပေါ့ ညီငယ်တို့ ရေ။ ဘယ်စနစ်၊ ဘယ်ဝါဒ၊ ဘယ်သူအုပ်ချုပ်မှုအောက်မှာပဲ ဖြစ်ဖြစ် အုပ်ချုပ်ခံပြည်သူလူထုဘဝ လုံခြုံဖို့အတွက် တည်ငြိမ်စွာ ရှင်သန်နိုင်ဖို့ နိုင်ငံရေးဉာဏ်မျက်စိကို ဖွင့်ရပါမယ်။ တော်လှန်ရေး အသိစိတ်ဓာတ် ရှိရပါမယ်။ ညီညွတ်ရေးသတိ ရှိနေမှသာလျှင် အုပ်ချုပ်ခံလူထုအလွှာ အသီးသီးအတွက် မဟာတံတိုင်းကြီး ရှိနေ မှာပေါ့။ ဒါမှမဟုတ်ဘဲ အဖိနှိပ်ခံအချင်းချင်း မာယာတွေနဲ့ လမ်း ဖွင့်ပေးထားသည့် စားကျက်ကျဉ်းကျဉ်းလေးကိုလုပြီး သူ့ဟာ ငါ့ဟာဟုဆိုကာ ရန်ထောင်နေကြမယ်ဆိုရင် လူလူချင်း ကျွန်ပြုခံ ရဦးမှာပေါ့"

ဟု စကားစကိုသတ်ကာ နှုတ်ဆက်၍ ထပြန်လာခဲ့သည်။ သူတို့အားလုံး မျက်လုံးအဝိုင်းသားဖြင့် လက်ဖက်ရည်ဆိုင်ထဲ၌ ကျန်ရစ်ခဲ့ကြသည်။

ထိုအချိန်၌ ရွာအနောက်ပိုင်းက ကိုသာဝ၏ဆန်စက်မှ စက်လည်သံသည် တဂျုန်းဂျုန်းဖြင့် ဟိန်းထွက်နေသည်။ ရွာတောင်ပိုင်းမှ ကိုလှဖေ၏ လက်ဆုံဆီကြိတ်သံကလည်း မရပ်မနား တကျိကျိဖြင့် ရှုန်းနေသည်။ ရွာအရှေ့ပိုင်းမှ ကိုထွန်းအေး၏ နွားခြံမှ နို့ခဲများကလည်း မြို့တော်ဆီသို့ ချီတက်နေပါတယ်။ ကိုမင်းကြက်ခြံ၊ လှလှမော်၏ ဆိတ်ခြံတွေနဲ့ စည်ဖြိုးနေသလို ရွာလယ်ပိုင်းက အဖွားမြ၏ ဆန်အိုးထဲ၌ ကြွက်ကလေးများသည် ဆော့ကစားနေကြသည်။ ရွာအရှေ့ဖျားက ကိုတုတ်ကြီးတို့၏ မိသားစုငါးဦး ထမင်းဝိုင်းမှ ချဉ်ပေါင်ဟင်းနှင့် ငပိရည်ကျိုသည် ရှုံ့မဲ့မဲ့ပြုံးပြနေသည်။ ဒီကနေ့ဖတ်လိုက်ရသည့် သတင်းစာပေါ်မှ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးမှုအညွှန်းကိန်းသည် အားကောင်းယောင်သန်းနေသည်။ ကပ္ပိယလုလင်သည် ရင်မောစွာ မျက်ဆလေးများမှုန်ထုတ်လိုက်သည်။ ရွာထိပ်တံခါးပေါက်ဆီသို့ ရောက်လာပြီး ထိုအချိန်ရွာဦးကျောင်းမှ ဆေးကုသပြီး၍ ပြန်လာခဲ့ကြသည့် ဆရာမလေး၊ မကြီးမြတို့နှင့် မျက်နှာချင်းဆိုင်တွေ့လိုက်ကြသည်။ အပြုံးတွေကိုယ်စီပြုံးလျက် သူတို့နှစ်ဦးရင်ခုန်သံများ စစ်ခင်းမှုသည် သူတို့မျက်ဝန်းပေါ်သို့ တရွေ့ရွေ့ထင်ဟပ်လာသမျှ တဦးနှင့်တစ်ဦး မပွင့်တပွင့်နှုတ်ဆက်ကာ ရင်ခုန်သံတွေကို တိတ်တခိုးသယ်ဆောင်နေချိန်အနီးရှိ မကြီးမြသည် ချောင်းဟပ်သံဖြင့် သတိပေးလိုက်သည်။ ထိုချောင်းဟပ်သံကြောင့် သူတို့နှစ်ဦး ရှက်ပြုံးကလေးများ ကိုယ်စီပြုံးလျက်။ ထိုအပြုံးများဖြင့်သာ အပြန်အလှန်နှုတ်ဆက်ကြရင်း ကျောခိုင်းကာ ဆက်လျှောက်သွားကြသည်။

ဆရာမလေးအား မကြီးမြက

"ဆရာမလေး ရေ့မှာလမ်းနော် ခလုတ်တိုက်ဦးမယ်"

ဟု စလိုက်သည်။ ထိုအခါ ဆရာမလေးတစ်ယောက် ရှက်သွေးနီနီဖြန်းလျက်

"အိုး မကြီးမြကလည်း ဘာဖြစ်နေလဲမသိဘူး"

ဟု ပြောရင်း ခပ်သုတ်သုတ်ကလေး ဆက်လျှောက်သွားတော့သည်။

နေမင်းကြီးသည် မကြာခင်ကွယ်ပျောက် ပျောက်ကွယ်ပါတော့မည်။ ရွာလမ်းမကြီး၏ ဘေးနှစ်ဖက်ရှိ ဆိုလာလမ်းမီးတိုင်များသည် ထိန်ထိန်လင်းဝင်းပနေပါသည်။ ရွာဦးကျောင်းကြီးမှာလည်း ဆိုလာမီးများဖြင့် တောက်ပထိန်လင်းနေပါသည်။ ထိုညအခါဝယ် အောင်သာရွာ၌ ဘာဖြစ်နေသည်ကို ကပ္ပိယလုလင်တစ်ယောက် မသိချင်တော့ပေ။ ထိုအချိန်သည် သူ၏စာဖတ်ခြင်းသို့မဟုတ် စာရေးခြင်း၌သာ လူ၏စိတ်ခွန်အားကို နှစ်မြှုပ်ထားပါသည်။ ဒီနေ့ညတွင် သူ၏စိတ်ကလေးများသည် သူမ၏အပြုံးများက လွှမ်းခြုံရင်ဆိုင်၍ မေ့ပစ်ဖို့ကြိုးစားရင်း တရစ်ရစ်ထလာသည်။ ရင်ခုန်သံများက သူ၏အသိအာရုံပေါ်သို့ လွှမ်းရစ်ဝဲပျံ့နေတော့သည်။

□

## ကျောင်းကြီးဆီမှ ပဲ့တင်သံ

မြန်မာတို့၏ တန်ဆောင်မုန်းလရာသီဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့၏ မဟာဘုံကထိန်လှူဒါန်းပွဲသည် အောင်သာရွာလေး၌ လွှမ်းမိုးနေပါသည်။ ရွာမှလူကြီးသူမကစ၍ လူငယ်ကာလသားကာလသမီးများပါ တက်ကြွလျက် မဟာဘုံကထိန်ပွဲအတွက် အလုပ်ရှုပ်နေကြသည်။

ရွာဦးကျောင်းမှ ကပ္ပိယလုလင်သည် ဘယ်မှမသွားဘဲ ကျောင်းနှင့် ဘုရားစင်၌သာ အချိန်ကုန်နေသည်။ ယခုအခါ ရွာဦးစေတီတော်တန်ဆောင်းအောက်ထဲ၌ ကပ္ပိယလုလင်သည် သခင်မြသန်း၏ တို့အမျိုးသားတိုင်းပြည် ဝတ္ထုစာအုပ်အားဖတ်နေသည်။ ထိုအချိန်၌ လယ်ယာတောမှပြန်တက်လာသည့် ကိုသာအေးသည် ကပ္ပိယလုလင် အားတွေ့လိုက်သည်။ ထိုအခါ ကပ္ပိယလုလင်ရှိရာ စေတီတန်ဆောင်းထဲသို့ ဝင်လာပါသည်။ မြတ်ဘုရားအား ဝတ်သုံးကြိမ်ဦးချလိုက်ပါသည်။ ပြီးမှ ကပ္ပိယလုလင်အား နှုတ်ဆက်ကာ ဝင်ထိုင်လိုက်သည်။ ကပ္ပိယလုလင်သည် ဖတ်လက်စစာအုပ်အား ဘေးသို့ချကာ ပြုံး၍နှုတ်ဆက်လိုက်သည်။

ကိုသာအေးက

"ဒီနှစ်သီးနှံဈေးတွေက မတည်ငြိမ်ဘူး ခင်ဗျာ။ ဈေးက လည်း အနှိပ်ခံရတယ်ဗျ။ ညည်းညူသံဖြင့်ပြော၍ ဆက်ကာ ဘာကြောင့်စပါးဈေးက စပါးပေါ်ချိန်ကြရင် ဈေးနှိမ်ခံနေရတာ လဲ"

ကပ္ပိယက

"အဓိကပြဿနာက စိုက်ပျိုးသူတို့ရဲ့ ကုန်လှောင်နိုင်မှု အား နည်းချက်အပေါ် ရောင်းဝယ်ရေးသမားတွေက ဈေးကစားတာ ပေါ့။ ကုန်ထုတ်နဲ့အတူ ဈေးကွက်ဖွံ့ဖြိုးရပါမယ်။ ဈေးကွက်ဝင် ကုန်ထုတ်ပစ္စည်းဖြစ်ဖို့ပဲ လိုပါတယ်။ ဈေးကွက်ကျဉ်းမြောင်း သည့်အခါ ကုန်သွယ်မှုရောင်းဝယ်ရေးသမားတွေရဲ့ ဈေးကစားမှု ကို ကုန်ထုတ်သူက ခံရပါတယ်ခင်ဗျာ။ ဒါကြောင့် ဈေးကွက် ဖွံ့ဖြိုးမှသာလျှင် ထုတ်လုပ်သူရဲ့ဘဝက တည်ငြိမ်ပါတယ်ခင်ဗျာ"

"ဈေးကွက်ကိုဘယ်သူချဲ့ရမလဲ။ ဘယ်လိုချဲ့ရင်ရမလဲ"

"ဈေးကွက်ကို လယ်လုပ်သူက ချဲ့ထွင်ဖို့ ရှာဖွေဖို့ ခက်ခဲပါ တယ်ခင်ဗျာ။ ဈေးကွက်ကို ထုတ်လုပ်သူအသင်းကြီးက ရှာဖွေကြ သလို အဓိကတာဝန်အရှိဆုံးသည် အစိုးရဖြစ်ပါတယ်။ ဒါကြောင့် အစိုးရသည် ဈေးကွက်ရှာဖွေရေးနှင့် ကုန်ထုတ်လုပ်မှုညှိနှိုင်းရေး နည်းပညာသစ်များ ပံ့ပိုးရေးများအတွက် တာဝန်ရှိပါတယ်။ ထုတ် လုပ်သူက ကုန်ပစ္စည်းအရည်အသွေး ကောင်းမွန်ရေးကို အစဉ် တစိုက်အားထုတ်ဖို့လိုသလို အစိုးရဘက်ကလည်း နည်းပညာ သစ်များကို ပံ့ပိုးကူညီပေးရမည့် တာဝန်ရှိနေပါတယ် ခင်ဗျာ။ ဒီဖြစ်စဉ်အတိုင်းသွားရင် နှစ်စဉ်မဆုံးရှုံးပါဘူး ခင်ဗျာ။ ဈေးကွက်

နဲ့ ကုန်ထုတ်ပမာဏကို အစိုးရက ညှိနှိုင်းလမ်းညွှန်ပေးနိုင်လျှင် နိုင်ငံလည်း ချမ်းသာနေပြီပေါ့။

"အစိုးရက စပါးဈေးသတ်မှတ်ပေးရင် စပါးဈေးနှုန်း မတည်ငြိမ်ဘူးလား"

ကပ္ပိယက ဟားတိုက်ရယ်မောလိုက်ပါသည်။ အားရပါးရ ရယ်မောပြီးမှ ပြုံးလိုက်ကာ ကိုသာအေးရေ အစိုးရသတ်မှတ်လို့ ရတိုင်းတာ ဈေးနှုန်းတည်ငြိမ်နေရင် ဈေးကွက်ဆိုတာ မလိုတော့ပါဘူး။ ဒါဆိုရင် ဈေးကွက် စီးပွားရေးစနစ်ပျက်ပြီး အာဏာကျွန်လုပ်သားဈေးကွက် စီးပွားရေးဖြစ်နေမှာပေါ့ဗျာ။ ဈေးနှုန်းကို ထိန်းညှိဖို့ ကုန်ထုတ်ပမာဏကို ထိန်းညှိဖို့သာလျှင် အစိုးရက ဝင်ရောက်လုပ်ကိုင်ရပါမယ်။ ဒါကတော့ ကြားဖြတ်ဝယ်ယူရေး မဟာဗျူဟာဖြစ်ပါတယ်။ ထိန်းညှိမှုသဘောတရားပေါ့။ ကင်းမွန် ပြ၍ ရစ်မြူးအူထချိန် လူထုဘဝမျက်နှာများသည် ရေးစရာ မှင်မရှိ၍ ကုန်ခံရင်း ရုန်းကန်းရမည့် လူဘဝမှ တွန်းကန်ရင်း ပွင့်အံ ကြပါစို့ဟု တင်ပြရင်း ငိုသံများကို အားဆေးအဖြစ်ခံယူ၍ မုန်တိုင်း လာဟဲ့ ငါလည်းဘာလဲဟု နိစ္စနိဂုံးသတ်ပါရစေ"

"လယ်ယာမြေကို စပါးကလွဲ၍ အခြားကုန်ပစ္စည်းကို ပြောင်းမစိုက်ရဘူးတဲ့။ တခြားကုန်ပစ္စည်းစိုက်ခဲ့ရင် ဆန်စပါး မရှိဘဲ စားနပ်ရိက္ခာအတွက် စိုးရိမ်ရကြောင်းပြောကြတယ်။ ဘယ်အရာက အမှန်ဖြစ်မလဲခင်ဗျာ"

"ကိုသာအေးရဲ့ အမေးပုစ္ဆာရဲ့ အဖြေဖြစ်ချင်မှလည်း ဖြစ်မှာပေါ့။ ကျွန်တော့်ရဲ့သဘောထားသည် လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ခွင့်ပေးရမယ်လို့ ယူဆပါတယ်။ လွတ်လပ်စွာ တီထွင်ကြံဆပိုင်ခွင့်ရှိရမယ်လို့ ယူဆပါတယ်။ လွတ်လပ်စွာ တွေးခေါ်

ပိုင်ခွင့်ရှိရပါမယ်။ ဒါမစိုက်နဲ့ ဒါကိုစိုက်ရမယ်။ ဒါကိုမလုပ်နဲ့ ဒါကိုလုပ်ရမယ်။ ဒါတွေမပြောနဲ့ ဒါဘဲပြောရမယ်ဆိုတာ ပြည်သူလူထုသည် နိုင်ငံ၏ကျွန်လုပ်သားများ မဟုတ်ပါဘူးခင်ဗျာ။ နိုင်ငံ၏ သားကောင်းရတနာသခင်များပင် ဖြစ်ပါတယ်။ ဈေးကွက်ကို ကြည့်ပြီး နိုင်ငံလုပ်သားထုက အလုပ်လုပ် တတ်အောင်သင်ကြားပံ့ပိုးရမဲ့ တာဝန်သည်သာ အစိုးရထံမှာရှိပါတယ်။ ဈေးကွက်လိုအပ်ချက်ကို ထုတ်လုပ်သူက တီထွင်ကြံဆပြီး ထုတ်လုပ်ကြပါတယ်။ ဈေးကွက်မရှိဘဲ ကုန်ထုတ်ကိုထုတ်ပြီး ဘယ်သူမှ စီးပွားပျက်မခံပါဘူး ခင်ဗျာ။ ဒါကြောင့် လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်သာလျှင် နိုင်ငံစီးပွားရေး အားကောင်းပါလိမ့်မယ်။

"ကျွန်တော်တို့ဘဝက သစ်ပင်စိုက်ခွင့်ရှိပါတယ်။ သစ်ပင်ခုတ်ခွင့်မရှိဘူး ဖြစ်နေတယ်။ ဒီတော့ ကိုယ်စိုက်ပြီး ကိုယ်မခံစားရဘူးခြင်းအတူတူ မစိုက်တော့ဘူးဗျာ"

ကပ္ပိယက ရှိသဲ့သဲ့အပြုံးကိုပြုံးလျက်

"ကိုသာအေး မမှားပါဘူးဗျာ။ မှားနေတာက နိုင်ငံတော်ပဲ ဖြစ်ပါလိမ့်မယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးဖို့အတွက် တရားဝင်သစ်တောစိုက်ပျိုးခွင့်နှင့် ထုတ်လုပ်ရောင်းချခွင့်ရှိဖို့ လိုအပ်ပါတယ်။ နောက်ထပ် မည်သည့်သစ်တောထွက်ပစ္စည်းကို မဆိုပေါ့ဗျာ။ နိုင်ငံတော်ရဲ့တာဝန်က အခွန်ကောက်ခံမှုနှင့် နည်းပညာပံ့ပိုးမှုပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဝတ္တရားက ကာကွယ်ပေးခြင်းနှင့် ပံ့ပိုးထောက်ကူပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကိုသာအေးရေ အရာရာတိုင်းကို ငါ့အစိုးရနဲ့ တိုက်ရိုက်သက်ဆိုင်သည်ဟု ယူဆဆောင်ရွက်လျှင် ၎င်းနိုင်ငံသည် စီးပွားရေး

နိမ့်ကျမယ်။ လူမှုရေးကိုယ်ကျင့်သိက္ခာ ပျက်ပြားနေမည်ဟု ယူဆပါတယ်''

''ကျွန်တော်တို့ လယ်သမားများရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ ဘာလုပ်ရမလဲ ခင်ဗျာ''

''ဒေသကုန်ထုတ်လမ်းတွေတည်ရှိဖို့ လိုပါတယ်။ ထုတ်ကုန်ပစ္စည်း အရည်အသွေးပြည့်မီဖို့ နည်းပညာသစ်များ ဖွံ့ဖြိုးအားကောင်းဖို့ လိုပါတယ်။ လျှပ်စစ်စွမ်းအင်ဖူလုံဖို့ လိုပါတယ်။ ဈေးကွက်ဖွံ့ဖြိုးရပါမယ်။ လယ်ယာကုန်ထုတ် အင်အားစုအသင်းလိုက်ဆောင်ရွက်မှု အားကောင်းဖို့ လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှုငွေကြေးတို့ပေါ့ဗျာ။ ၄င်းအချက်အလက်များနဲ့ ပြည့်စုံလျှင် ကျေးလက်ဒေသ ဖွံ့ဖြိုးပါလိမ့်မယ်။ ၄င်းကျေးလက်နေလူထုဘဝလည်း သာယာငြိမ်းချမ်းနေမှာပေါ့''

''ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးနှင့် မွေးမြူရေးပါ လုပ်ကိုင်ဆောင်ရွက်လို့ရသည့် နိုင်ငံလို့ ပြောကြပါတယ်ခင်ဗျာ။ ဘယ်လိုမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ရမလဲ''

''မိမိဒေသအနေအထားပေါ်မှာ မွေးမြူရေးဇုံတွေကို တည်ဆောက်ရမှာပေါ့။ ၄င်းမွေးမြူရေးလုပ်ငန်းနဲ့အတူ ကုန်ချောထုတ်လုပ်နိုင်မှုအထိ ဆောင်ရွက်ဖို့လိုပါတယ်။ ကုန်ကြမ်းရောင်းနိုင်ငံထက် ကုန်ချောထုတ်နိုင်ငံအဆင့်ထိဖြစ်အောင် ဆောင်ရွက်သင့်ပါတယ်။ တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းတွေ ကျေးလက်ဒေသတွေမှာ ဖွံ့ဖြိုးအားကောင်းဖို့လိုပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးလျှင် နေရပ်စွန့်ခွာမှုပြဿနာ လျော့နည်းသွားမှာပေါ့''

''နိုင်ငံတစ်ခုမှာ ကျေးလက်လူထုက များသလား။ မြို့ပြလူထုက များသလား''

"ကျေးလက်လူထုက များပါတယ်ခင်ဗျာ။ ဒါကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးသည့်နိုင်ငံမှာ ပြည်သူလူထုဘဝအများစုသည် ဆင်းရဲတွင်းနက်နေတာပေါ့"

"ဒါဆိုရင် ပြည်သူ့အင်အားသည် ကျေးလက်ဒေသမှာ တည်ရှိနေတာပေါ့နော်"

"သွယ်ဝိုက်ဖွင့်ဆိုနိုင်ပါတယ်။ ကျေးလက်မှ မြို့ပြဆိုသို့သာ သွားနေခြင်းဖြစ်ပါတယ်။ ဒါကြောင့် မြို့ပြယဉ်ကျေးမှု ဖွံ့ဖြိုးဖို့လည်း လိုအပ်တာပေါ့ဗျာ"

"ကျွန်တော်တို့လူထုဘဝတွေ လုံခြုံနွေးထွေးဖို့အတွက် ဘယ်လိုအစိုးရရှိမှ ဖြစ်မှာလဲ"

"လူမှုဖူလုံရေးအပြည့်အဝပေးတဲ့ အစိုးရ၊ ပညာရေးနဲ့ ကျန်းမာရေးအသုံးစရိတ်ကို သုံးစွဲသည့် အစိုးရ၊ အဂတိလိုက်စားမှုမရှိတဲ့ အစိုးရတစ်ခုရလျှင် လူထုဘဝ လုံခြုံမှာပေါ့ဗျာ"

ကိုသာအေးတစ်ယောက် အပြုံးပီတိတွေမျိုချရင်း သူ၏ အပြုံးနဲ့အတူ ကပွိယလုလင်အား နှုတ်ဆက်ကာ ပြန်သွားတော့သည်။ ကပွိယလုလင်သည် မတ်တပ်ရပ်ကာ ရွာဦးစေတီတော်၏ အုတ်တံတိုင်ကြီးပေါ် လက်ထောက်ရင်း အောင်သာရွာကြီးအား စူးစိုက်စွာ ငေးကြည့်နေသည်။ ထိုအကြည့်စိတ်ဝယ်ကြားမှ သူ၏ အတွေးပုံရိပ်လွှာ၌ စကားပြောနေပြီ။

"သြော် ငါ့ရဲ့ရှေ့က ဒီရွာလေးက တရွေ့ရွေ့ဖွံ့ဖြိုးလာနေပြီ၊ ပြေးရင်းလွှားရင်း ရုန်းကန်နေကြရသည့် ဘဝအစုတွေကလည်း များပြားနေပါလား။ ဘာကိုကြောက်လို့ ကြောက်မှန်းမသိသည့် လူတွေကလည်း ရှိနေကြပါလား။ ငါသာလျှင် ထိပ်ဆုံးရောက်နေသူလို့ အထင်ရှိသူတွေလည်း ရှိနေကြတယ်။ အလွှာစုံဒုက္ခအဖုံဖုံ

ဘဲဟော့ ဒါမှလောကစံပေါ့။ လောကစံ၏ မျက်လှည့်ဆရာအောက်မှာ မျှော်လင့်ခြင်း စိတ်ခံစားချက်နှင့် မျှော်မှန်းချက် စိတ်အလျှင်တွေကို ဘဝရဲ့မျက်နှာစာရှေ့မှာထားပြီး မောရင်နားရပ် ပန်းတိုင်အရောက် လျှောက်လှမ်းမည်ဆိုသည့် လူသတ္တဝါတိုင်းပါဘဲ။ လောကစံဇာတ်ခုံပေါ်မှာ တတ်မတ်လိုမှုအားကြီးသူတွေလည်း ထုနဲ့ထည်နဲ့ အပြည့်ပါပဲလား။ ပြိုင်လိုနိုင်ထက်လိုမှု ပြင်းထန်ကြသူတွေလည်း ထုနဲ့ထည်နဲ့ရှိနေကြပါလား။ ကျော်ဇောလိုမှု အားကောင်းကောင်းနဲ့ နေထိုင်လိုသူတွေလည်း ထုနဲ့ထည်နဲ့တည်ရှိနေပါလား။ ၎င်းအကြောင်းတရားသုံးခုသည် အပြန်အလှန် တွန်းအားပြုလှျက် ကြီးထွားနေကြပါတကား။

အို ၎င်းစိတ်ဓာတ်တရားများသည် အားအင်နွမ်းပါးသူ၊ အားအင်မရှိသူတွေကို ခွန်အားကြီးမားသူ စွမ်းအားကြီးထွားသူတို့က နိုင်ထက်ဗိုလ်ကျလျက် အဓမ္မမှုမြောက်စွာ အနိုင်ယူနေကြပါတကား။ တကယ်တော့ လောကစံဇာတ်ခုံပေါ်က ခွန်အားမဲ့နွမ်းပါးသူတို့၏ ဘဝတွေသည် အလင်းမဲ့ ခွန်အားမဲ့ နွမ်းပါးသူတို့၏ ဘဝတွေသည် အလင်းမဲ့အိမ်ကြီးထဲမှ ကျွန်အစေခံမျှသာ ရှင်သန်နေရပါတကား။

ဘုရား ... ဘုရား ... ဘုရား ... တလျှက် သူ၏ နှုတ်ဖျားမှပင် လေမှုတ်စလေးများကို မှုတ်ထုတ်နေပါသည်။ ထိုလေမှုတ်စလေးများနဲ့အတူ မတရားမှုတွေကလည်း မရပ်မနားဖြစ်တည်သက်ဝင်နေကြပါတကား။ မတရားမှုကို ခံလိုက်ရသူတို့သည် အဖိနှိပ်ခံလူထုဘဝတွေပါလား။ ဒါတွေဟာ တော်လှန်ရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးဆိုတာကြီးကို မကြားဘူးသူ

မကြားဝံ့သူတွေရှိနေသ၍ ဖိနှိပ်မှု ရက်စက်မှုဆိုတာကြီးသည် လောကခံ၏ စေတမာန်တပ်သားတစ်ဦးအဖြစ် ရှိမှာပေါ့"

ပြောဆိုတွေးတောမှုကိုရပ်ကာ ကျောင်းဝင်းထဲပြန်လာ၍ ကျောင်းသန့်ရှင်းရေးကို ပြုလုပ်နေတော့သည်။

ဒီကနေ့ညနေ နေဝင်ချိန် ကပ္ပိယလုလင်သည် ဆရာတော်နှင့် ကျောင်းကြီးအပေါ်ထပ် လသာဆောင်၌ စကားလက်ဆုံကြနေသည်။ ကျောင်းကွက်လပ်ပြင်၌ ကိုရင်လေးနှင့် ကျောင်းသားလေးများ ဆော့ကစားနေကြသည်။

"ကပ္ပိယလေးရေ ချုတ်လို့ဟောပြီးခါနီးပြီလား ဘာအခက်အခဲပြန်ရှိနေသလဲ"

"ကြိုးစားဆဲပါဘုရား။ အဆုံးမသတ်နိုင်သေးပါဘူးဘုရား"

"ထပ်၍ ဘာအခက်အခဲတွေ ရှိနေလို့ပါသလဲ"

"ပြည့်စုံလုံလောက်ပါတယ်ဘုရား။ တပည့်တော်က ကိုယ်နေတဲ့အရပ် မျက်စိပွင့်ဖို့ စည်းရုံးရင်းမှ ပရဟိတလုပ်ငန်းများဘက် အချိန်ပေးရတာ များများသွားလို့ပါ ဘုရား"

"သာဓု၊ သာဓု၊ သာဓု သုံးကြိမ်ခေါ်၍ ကပ္ပိယရဲ့လုပ်ရပ်နဲ့ စေတနာမွန်မြတ် သန့်ရှင်းပါတယ်။ ကုသိုလ်တရားတွေ အများကြီးရမှာပါ"

"တင်ပါ့ဘုရား လူသားတစ်ဦးဝတ္တရားကို ကျေပွန်ချင်ရုံ သက်သက်ပါ ဘုရား။

"တို့နိုင်ငံက ဒကာ ဒကာမတွေက အချင်းချင်းကိုးချောပြီး ဘာကြောင့်ရန်ဖြစ်နေကြသလဲ။ ဘုန်းကြီးတော့ တခြားကိစ္စတွေ မစဉ်းစားတတ်ပါဘူး။ ဒါပေမယ့် အချင်းချင်းရန်ဖြစ်နေကြရင် တိုင်းပြည်အတွက် အလုပ်မဖြစ်ပါဘူးကွာ"

"တင်ပါ့ဘုရား တပည့်တော်ရဲ့အမြင် သဘောထားအရ ဥစ္စာစနေနှင့် အာဏာအဆိပ်သင့်နေ၍ ငှင်းဝေဒနာစိတ်ကြောင့် လူစိတ်ပျောက်နေကြတာ ဖြစ်နေတာလို့ ယူဆမိပါတယ်ဘုရား။

ဆရာတော်က ခေါင်းတဆတ်ဆတ်ညိတ်လျက်။

"ဒါကလည်း မက်မောစရာအဖြစ် ယူဆကြသည့် လူ့ဘဝ ရကောင်းတဲ့ ကာမဂုဏ်ခံစားမှုပစ္စည်းတစ်မျိုးဆိုတော့ သတ္တဝါတွေ မက်မောကြမှာပေါ့။ သတ္တဝါတွေဟာ အရူးအဖြစ် သတ်မှတ်ခံရသည့် အရူးအမျိုးအစားများစွာထဲက သတ်မှတ်ခံ အရူးတစ်မျိုးဘဲကိုး"

"တင်ပါ့ဘုရား သတ္တဝါတိုင်း ရူးသွပ်ခွင့်ရှိပါတယ်။ ရူးလည်း ရူးနိုင်ပါတယ်။ ဒါပေမယ့် မိမိရဲ့ အရူးပိုးက လူအများကို အဆိပ်မသင့်စေဖို့တော့ မျှော်လင့်မိပါတယ်ဘုရား။ အာဏာရူးသွပ်သူတို့၏အောက်မှာ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားတွေ ရှိပါတယ်။ ဥစ္စာစနေ ရူးသွပ်သူတို့၏အနားမှာ လူ၊ လူ့ရွာကြီး ရှိနေပါတယ် ဘုရား။ သူတို့ရဲ့အရူးလက်နက်သည် လူသတ်လက်နက်အဖြစ် သက်ဝင်ဖြစ်တည်ခဲ့လျှင် နိုင်ငံတော်လည်း ဘေးသင့်ခံရပါမယ် ဘုရား။ လူ့ရွာကြီးလည်း သုသာန်တစ်စပြင်ကြီးဖြစ်၍ နေမှာပါ ဘုရား။

ဆရာတော်က မျက်လုံးများဝိုင်းပလျက်

"ဒါလည်း ဟုတ်နေတာပဲကိုး"

"တင်ပါ့ဘုရား တပည့်တော်ရဲ့ကျောပြင်မှာ ထောင်ဒဏ်ရာဒဏ်ချက်တွေနဲ့ပါ ဘုရား"

"ခွန်အားကြီးသူ ဒကာ ဒကာမတွေ လူသားဆန်ပါစေ။ သတ္တဝါအများစုလည်း မတရားဘေးမှ လွတ်ကင်းကြပါစေ"

မေတ္တာပို့သလိုက်သည်။

“ဒီနှစ်ကထိန်ကို ဘယ်ရက်မှာ လာခင်းကြမှာလဲဘုရား”

“တန်ဆောင်မုန်းလပြည့်နေ့မှာ ကထိန်ခင်းကြလိမ့်မယ် ဒကာ”

“တင်ပါ့ဘုရား တပည့်တော်ဘက်က ဘာလုပ်ထားပေးရမလဲ ဘုရား။ တပည့်တော်အား မိန့်တော်မူပါဘုရား”

“ဒီနှစ်ကထိန်ကို ရွာကလူကြီးလူငယ်တွေ စုပေါင်းပြီး တာဝန်ယူထားကြတယ် ကပ္ပိယ။ ဒါကြောင့် တာဝန်ပေးစရာ မရှိပါဘူး”

“တင်ပါ့ဘုရား တပည့်တော်အတွက် ဝန်ပေါ့သွားတာပေါ့ ဘုရား”

“ကပ္ပိယလေး သဘာဝပတ်ဝန်းကျင် ဂေဟာစနစ်တွေ ပျက်ယွင်းနေကြပြီလို့ အသံတွေထွက်နေတယ်။ ဘယ်နိုင်ငံတွေ ပျက်နေကြတာလဲ။

“တင်ပါ့ဘုရား။ လူ့ကမ္ဘာကြီးတစ်ခုလုံးနီးနီး ပျက်နေတာပါ ဘုရား။ လူသတ္တဝါတချို့၏ ဆင်ခြင်တုံတရားကင်းမဲ့မှုအောက်၌ သဘာဝအရင်းအမြစ် ဖြစ်တည်မှုပုံသဏ္ဌာန်များ ပျက်သုန်းနေပါပြီ ဘုရား။ ဒါကြောင့်လည်း စကြာဝဠာကြီးဘက်က အသံတိုးတိုးကတဖုံ အသံကျယ်ကျယ်ကတစ်မျိုးဖြင့် တန်ပြန်သက်ရောက်မှု ပြယုဒ်တွေ မရပ်မနား သရုပ်ပြနေကြပါပြီ ဘုရား”

“ဘယ်လိုလူတွေက ဘယ်လောက်ထိမိုက်ကန်းပြီး ဆင်ခြင်တုံတရား ကင်းမဲ့နေကြတာလဲ။

“တင်ပါ့ဘုရား ဥစ္စာခွန်အား အာဏာခွန်အားကြီးမားသူတို့၏ ဆင်ခြင်တုံတရားကင်းမဲ့မှုသည် နှိုင်းပြစရာမရှိ ပြင်းထန်နေကြ

ပါတယ်ဘုရား။ ကြီးကျယ်ခမ်းနားသည့် စင်မြင့်ပေါ်တက်လို့ စကားလုံးလှလှလေးတွေကို သုံးစွဲပြီး လူကြားကောင်းအောင် ဂရုဏာတေးသီချင်းများကို ဆိုပြကြပါတယ်။ အဲဒီသရုပ်ပြကွက် နောက်မှာ ရေနံ့တွေ၊ ဓာတ်ငွေ့တွေ၊ ကျောက်မီးသွေးတွေ၊ သဘာဝ တွင်းထွက်ပစ္စည်းများကို ကမ္ဘာကြီးရဲ့ဝမ်းဗိုက်ထဲကနေ မညှာ မတာ ဖောက်ထုတ်နေကြပါတယ်။ စကြာဝဠာကြီးကို ဓာတ် ပေါင်းဖိုတွေ အဆိပ်မီးခိုးတွေနဲ့ တိုက်ကြတာပေါ့။ သစ်တောတွေ လည်း ကြီးကျယ်ခမ်းနားသူတို့၏ တန်ဆာအောက်မှာ ငိုနေရပါပြီ။ မြစ်တွေ၊ ချောင်းတွေ၊ ပင်လယ်ပါမကျန် သူတို့က နင်ချေဖျက်စီး လို့ ကြေမွနေပါပြီဘုရား"

"တယ်လည်း အသိမဲ့မိုက်ကန်းနေကြသည့် သတ္တဝါတွေ ပါလား။ ရုပ်တရားတွေမလှပလို့ ဘာမှမဖြစ်ပါဘူး။ မျှတအောင် စားမှ အသက်ရှင်ရတဲ့တန်ဖိုးရှိတာပါ။ အခုတော့ အကြောင်း တရားတွေ ဆိုးလိုက်ကြတော့ ဒီတော့ အကျိုးတရားတွေကလည်း ဆိုးရွားလာဦးမှာပေါ့"

"တင်ပါ့ဘုရား တန်ပြန်သက်ရောက်မှု သဘောတရားတွေနဲ့ ချည်ဆိုင်းထားသည့် လူနဲ့လူ့ကမ္ဘာကြီးသည် ယခုအခါ မရဏ၏ ပွဲတင်သံတေးသီချင်းတွေကို သီဆိုပြနေပါပြီ ဘုရား"

"ခေါင်းတဆတ်ဆတ်ညိတ်လျှက် ဩော် တယ်လည်းမိုက် သည့် သတ္တဝါတွေ အသိသတိတရားတွေ မေ့လျော့နေကြပြီပေါ့။ အဝိဇ္ဇာမသိမှုတဏှာကြောင့် ဇာတိရုပ်ဖြစ်လာတယ်။ နာမ်ရုပ်နား မှာ ဒုက္ခနဲ့ သေခြင်းတရားနှစ်ခုက တိုးဝှေ့ရင်း ရင်ဆိုင်ရတယ်။ ရုပ်၊ နာမ်ရဲ့ဖောက်ပြန်တဲ့သဘောကို မသိမှုကြောင့် တဏှာဖြစ်ရ တော့ ဖြစ်ပြီးပျက်လို့ ပျက်ပြီးဖြစ်နေကြတာပေါ့။ အို သတ္တဝါ

အပေါင်းတို့ ကျန်းမာကျပါစေ၊ ချမ်းသာကြပါစေဟု မေတ္တာပို့လိုက်သည်။ ဆရာတော်က ကပ္ပိယလေး နားချေဦး”

ဟု မိန့်လိုက်သည်။ ထိုအခါ ကပ္ပိယလုလင်သည် ဆရာတော်အား ဝတ်သုံးကြိမ်ဦးချကာ ကန်တော့လိုက်သည်။ ကန်တော့ပြီးသည်နှင့် ဖြေးညှင်းစွာ ကျောင်းအောက်သို့ ဆင်းလာခဲ့သည်။ ကျောင်းပေါက်ဝမှ ရွာဘက်ဆီသို့ငေးကြည့်ရင်း သူ၏စိတ်ထဲ၌ ဆရာမလေး၏ ရုပ်ပုံလွှာအား မြင်ယောင်လာရသည်။ ထိုရွာလေးဆီမှ ဆိုလာမီးများဖြင့် ထိန်လင်းနေသည်။ ရွာကလေးကို ငေးကြည့်ရင်း ပြုံးလိုက်ကာ သူ၏အပြုံးတွေနဲ့အတူ သူ၏တဲအိမ်ကလေးဆီသို့ ပြန်သွားခဲ့ပါသည်။ တဲအိမ်ထဲ၌ ကပ္ပိယလုလင်သည် ညစာကို စားသုံးနေတော့သည်။

စားသောက်ပြီးစီးသည့်အခါ သူ၏နေ့စဉ်လုပ်နေကြ အဘိဓမ္မာစာအုပ်ကြီးအတွက် ရေးသားမှုပြုနေသည်။ ဆက်၍မရေးဘဲ ရေးပြီးသည့်စာပိုဒ်မှ စကားလုံးတချို့ကို အသံထွက်၍ပင် ပြန်ဖတ်လိုက်ပါသည်။ စနစ်မရှိသည့် တိုင်းပြည်သည် လမ်းမရှိသည့် ဝဂ်ဘာနှင့်တူနေ၏။ အနားဆုတ်ပြတ်နေသည့် ပုဆိုးတစ်ထည် ဝတ်လိုက်ရသည့်အခါ မလုံခြုံကွဲအက်ကြသလို နယ်စပ်ဒေသမဖွံ့ဖြိုးသည့်အခါ နိုင်ငံ၏လုံခြုံမှုလည်း စိုးရိမ်ရပေ၏။ ဘဝကို ဘဝနဲ့ မကြည့်ကြဘဲ ဘဝကို ငါနဲ့ကြည့်သည့် လူတွေများများရှိသည့် တိုင်းပြည်၌ ငရဲပြည်ကဲ့သို့ ပူလောင်နေလိမ့်မည်။ စကားလုံးလှလှလေးများကို အရေခြုံသုံးစွဲသူ၏လူအပေါ်မှာ ထင်ပေါ်၍တည်ရှိနေသည့်နိုင်ငံ၌ အငတ်ဘေးဒုက္ခသည် ပြဿနာမတည်ငြိမ်မှု ထုနဲ့ထည်နဲ့ဖြစ်တည်နေလိမ့်မည်။ အယူအဆတွေဟာ ဆင့်ကဲပြောင်းလဲလာသည့် သဘောတရားအရဆိုလျှင် ပထမဆုံး

ဖြစ်တည်မှုသည် အသစ်တဖန် ပြန်မွေးဖွားလာလိမ့်မည်။ မတရားမှုတွေ ကြီးထွားသည့် လူ့အဖွဲ့အစည်းမှာ တရားမျှတမှုအတွက် တိုက်ပွဲဝင်ကြမည့် လူသားနီတိတွေ မွေးဖွားကြမှာပေါ့။ တရားမျှတမှုကို တောင့်တရင်း တရားမျှတမှုမရှိသည့် လူ့ရွာ လူ့ကမ္ဘာသည် တိရိစ္ဆာန်ရွာကြီးပမာ သက်ဝင်ဖြစ်ထွန်းနေလိမ့်မည်။

နိုင်ငံတော်မှာ အာဏာအရှိဆုံးသူသည် လက်နက်နှင့် ငွေကြေးကိုင်ဆွဲခွင့်ရှိသူပင် ဖြစ်သည်။ လက်နက်ကို ကန့်သတ်ခွင့်မရှိသည့် အာဏာသည် ၄င်းလက်နက်မှ အစမ္မကြောက်တရားခံဖြစ်ပြီပေါ့။ လက်နက်ကြောင့် ငွေလုံးငွေရင်းဖြစ်တည်သည်။ ငွေလုံးငွေရင်းကြောင့် လက်နက်ကိုပိုင်ဆိုင်သည်။ ထိုသဘောတရားကြားမှာ လူ့ရွာသည် သချိုင်းမြေဖြစ်လိမ့်မည်။ ပညာဖြင့် လျှောက်လှမ်းရသည့်လမ်းထက် မည်သည့်လမ်းမှ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုကို မရနိုင်ပါ။ ပညာလက်နက်သာလျှင် အင်အားဖွံ့ဖြိုးသည်။ ပညာတန်ဖိုးကင်းမဲ့လျှင် နိုင်ငံ၌ လူသားဆိုင်ရာ ယဉ်ကျေးမှုနင်းချေခံရနိုင်ဖွယ်ရှိသည်။ နိုင်ငံတော်၏ အင်အားအရှိဆုံး ယန္တယားသည် နိုင်ငံသူနိုင်ငံသား ဖြစ်သည်။ ထိုအခါ ၄င်းအင်အားဖွံ့ဖြိုးဖို့ ညီညွတ်ရေးလက်နက် လိုအပ်သည်။ နိုင်ငံတော်ခိုင်မာတောင့်တင်းဖို့ ၄င်းနိုင်ငံသူနိုင်ငံသားတွေ ပညာအလှူခံ တတ်မြောက်ကြွယ်ဝဖို့ လိုအပ်သည်။ ကောင်းကင်ကြီးမှာ လမင်းကြီး ထိန်ထိန်သာရင် မြေပြင်နဲ့ ဝေဟင်မှာ လင်းဒင်္ဂက်တွေ ပျော်လို့မိစ္ဆာတွေ မြူးကြတာပေါ့။ တစ်ဖက်မှာတော့ ကြယ်တွေ ဥက္ကာခဲတွေသည် မှေးမှိန်နေရဦးမှာပေါ့။ ကောင်းကင်မှ လမင်းကွယ်ပျောက်ရင် မြေပြင်မှာ ဇီးကွက်များသည် လမ်းသစ်ရှာလို့ပေါ့။ ကောင်းကင်ထက်မှာလည်း ကြယ်ကလေးတွေ ဥက္ကာခဲတွေ လင်းလက်တောက်ပ

ကြပြီပေါ့။ နိရာမသဘောတရားတစ်ခုက ဒီလိုပြောပါတယ်။ မျှော်လင့်ချက်ကင်းမဲ့ ပျောက်ကွယ်သွားသည့်အခါ တော်လှန်ရေးသီအိုရီတစ်ပုဒ်ကို မွေးဖွားကြတာပေါ့။ ငွေကြောင့်လက်နက်ကိုဖြစ်တည်သည်။ လက်နက်ကြောင့် ငွေကိုရရှိသည်။ ၄င်းနိရာမသဘောတရားသည် မညီမျှမှုလမ်းကြောင်းပေါ်က မွေးဖွားလာသည့် ကိန်းဂဏန်းပျက် နိရာမသဘောတရားဖြစ်ပါတယ်။ ညီမျှမှုထိန်းညှိခြင်းလမ်းကြောင်းပေါ်သို့ တင်ကြည့်လိုက်သည့်အခါ ၄င်းနိရာမသဘောတရားသည် လူ့ရှာလူ့ကမ္ဘာ၏ ရုပ်ပြရုပ်ကြွင်းပြတိုက်တစ်ခုမျှသာ ဖြစ်သွားပါလိမ့်မည်။ ဒါကြောင့် အလကားရရင် တန်ဖိုးကင်းမဲ့တတ်ပါတယ်။ ပေးဆပ်ပြီးမှ ရရှိသည့်အလင်းအိမ်ကပို၍ လှပခန့်ညားနေတာပေါ့ဟု ရေရွတ်ရင်း ပြုံးလိုက်သည်။ ထိုအပြုံးနဲ့အတူ ရယ်သွမ်းလိုက်ပါသည်။ သူ၏ရယ်သွမ်းမှုကို တိကနဲရပ်ကာ အိပ်စက်ဖို့ သူ၏စာအုပ်အား အိပ်ယာဘေးတွင် ချလိုက်ပါသည်။ သူ၏အိပ်စက်ခြင်းလည်း ဤသို့ပင် ဖြစ်နေသည်။

□

## စေတနာပန်းများ ဝေဝေဆာ

နေ့လည်ခင်းအချိန်အခါဝယ် မိုးကောင်းကင်ကြီးဆီမှ ရောက်လာသည့် အပူရှိန်သည် အောင်သာရွာအား မညှာမတာ ထိုးနှက်နေပါသည်။ ထိုအပူရှိန်အောက်ဝယ် ၄င်းရွာကလေးသည် တိတ်ဆိတ်ငြိမ်သက်နေပါသည်။ ထိုအချိန်ဝယ် ကျေးလက်ဆေးပေးခန်း၌ ဆရာမလေးတစ်ဦးထဲပင် ရှိနေသည်။ သူမတစ်ယောက် သတင်းစာများ ဖတ်နေရင်း မိမိနိုင်ငံ၏ နိုင်ငံရေးပြဿနာများသည် ငြိမ်းချမ်းချော့မွေ့စွာ အကောင်းတရားဘက်သို့ ဦးတည်မသွားဘဲ နိုင်ငံအတွက် အကျိုးယုတ်စေရာ ဖြစ်ရပ်ဆိုးများဆီသို့ ပြန်လည်ဦးတည်နေပုံကို သိလိုက်ရသည့်အခါ သူမတစ်ယောက် "ဟင့်အင်း"ပင် ချနေမိပါသည်။ မညီညွတ်မှုတွေ၊ ဘက်ကန်မှုတွေ၊ အားပြိုင်လွန်ဆွဲမှုတွေကို ရိပ်စားမိလိုက်သည့်အခါ သူမ၏ လက်ဖျားများသည် သတင်းစာကိုင်လျက်ပင် တုန်ရင်သွားပါသည်။ ထိုအချိန်ဝယ် ဆေးပေးခန်းလေးဆီသို့ လူနာတစ်ဦးအား ခေါ်ဆောင်၍ ကပ္ပိယလုလင်တစ်ယောက် ရောက်ရှိလာပါသည်။ ထိုလူနာအား ကပ္ပိယမှ လိုအပ်သည့် ပြင်ပဆေးဝါးများကို ဝယ်ယူလာပါသည်။ အားဆေးပုလင်းသွင်းရန်ဖြစ်၍ ဆရာမလေးသည် ထိုလူနာအား ဆေးသွင်းပေးရန် ပြုလုပ်ပေးနေသည်။ ကပ္ပိယလုလင်သည် အနားမှဝိုင်းကူ၍ လိုအပ်သည်များကို လုပ်ဆောင်၍ ပေးနေပါသည်။

သူတို့နှစ်ဦးသည် ဆေးသွင်းလူနာ၏ အနားမှာပင်ထိုင်လျက် ဆရာမလေးသည်

"ရှင်နဲ့ဘယ်မှာတွေ့တာလဲ"

ဟု မေးလိုက်သည်။ လူနာရှင်သည် တခြားရွာမှဖြစ်ကြောင်း ကပ္ပိယလုလင်က ပြောလိုက်သည့်အခါ ပို၍အံ့ဩသွားပါသည်။ ထိုအံ့ဩလျက်

"ရှင်ပြန်ပို့ရမှာပေါ့"

ဟု မေးလိုက်သည်။

ကပ္ပိယလုလင်သည် အပြုံးမပျက်

"ပြန်ပို့ပေးရမှာပေါ့ ခင်ဗျာ"

ဟု လေသံဖျော့ဖျော့လေးဖြင့် ဖြေလိုက်သည်။

"ဒါနဲ့ကျွန်မသိချင်နေတဲ့ အကြောင်းတွေကို လူနာဘေး ထားပြီး မေးပါရစေ"

"ရပါတယ်ခင်ဗျာ။ အားမနာပါနဲ့ နားထောင်ခွင့်ရတော့ ဗဟုသုတပွားတာပေါ့ ခင်ဗျာ"

"အစိုးရလို့ခေါ်သည့် အစိုးရအတွက် အာဏာသက်ရောက်မှုအတွက် ဘာတွေလိုအပ်သလဲ"

"လက်နက်နဲ့ ငွေဥစ္စာ လိုအပ်ပါတယ်ခင်ဗျာ။ လက်နက်ကိုင်ယန္တယားကို ပိုင်ဆိုင်သူသာလျှင် အာဏာ၏ အသက်ဝိညာဉ်ကို ဆုတ်ကိုင်ချယ်လှယ်နိုင်မည်ဟု ယူဆပါတယ်ခင်ဗျာ"

"အာဏာမရှိတဲ့ အစိုးရဆိုတာ ဘယ်လိုအစိုးရမျိုးလဲ"

"လက်နက်ကိုင် ယန္တယားနှင့် ငွေဥစ္စာ မရှိတဲ့အစိုးရသည် အာဏာမရှိပါဘူးခင်ဗျာ။ အာဏာ၏ အသက်သည် လုပ်ပိုင်ခွင့်ပေါ် မူတည်ပါတယ် ခင်ဗျာ"

"ဒါဆိုရင် အာဏာသက်ရောက်မှုမရှိသည့်အစိုးရ၊ အာဏာသက်ရောက်မှုအားနည်းသည့် အစိုးရအောက်မှ ၄င်းလူ့ရွာကြီး၌ ဘာတွေဖြစ်လာနိုင်သလဲ"

"လက်နက်ပိုင်ဆိုင်သူရဲ့ ကြီးစိုးမှုကို ခံရမယ်။ တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် အဂတိလိုက်စားမှု ကြီးထွားနေပါမယ်။ ၄င်းပြဿနာကြီးများနဲ့အတူ မြေအောက်ဂိုဏ်းသားများ ဖွံ့ဖြိုးတွင်ကျယ်ပြီး ဥပဒေမဲ့စီးပွားရေး လုပ်ငန်းများ ရဲတင်းပေါ်များပါမယ်။ အကြမ်းဖက်အခမ္မမှု မင်းမဲ့စရိုက်များ စိုးမိုးနေမှာပေါ့"

"ပြည်သူလူထုဘဝငြိမ်းချမ်းဖို့ အာဏာကို ဘယ်သူပိုင်ရမှာရမှာလဲ"

"နိုင်ငံတော်၏အာဏာကို မူလပိုင်ရှင်သည် ပြည်သူလူထုသာလျှင် ဖြစ်ပါတယ်။ ပြည်သူကပေး ဘယ်သူ့ထံ အာဏာရှိရမှာပေါ့။ ပြည်သူလူထုက ပေးအပ်သည့် တဆင့်ခံအာဏာပိုင်ရှင်ထံ အာဏာသက်ရောက်မှုရှိမှ ပြည်သူလူထုဘဝအတွက် အလင်းဖြစ်မှာပေါ့။ အာဏာ၏ သက်ဝင်မှုသဘောတရားသည် ပြည်သူလူထုနှင့် ကျောခိုင်းခဲ့မယ်ဆိုလျှင် လူတစ်စုအဖွဲ့တစ်ခု လူတစ်ဦးထံ၌ သက်ရောက်နေမည်ဆိုလျှင် ၄င်းပြည်သူထုထု၏ ဘဝများစွာသည် ချားရဟတ်လို ချာချာလည်နေမှာပေါ့ခင်ဗျာ။ တနည်းပြောရရင် ပြည်သူလူထုဘဝသည် နွားချည်တိုင်မှာ အချည်ခံနေရသည့် နွားပမာဖြစ်နေမှာပေါ့ ခင်ဗျာ"

"ဒါဆိုရင် ပြည်သူလူထုထံအာဏာရှင်သန်ဖို့ ဘာလုပ်ရမလဲ"

"ပြည်သူလူထုကို ဗဟိုပြုသည့် ဒီမိုကရေစီစနစ်ထွန်းကားဖို့ ပြုလုပ်ရမှာပေါ့။ ဒီအတွက် လူထုက လူထုချင်းချိတ်ဆက်မှုပညာနှင့် ညီညွတ်ရေးလက်နက် လိုပါတယ်ခင်ဗျာ။ ပြည်သူ

လူထုက အသိပညာအတတ်ပညာဖွံ့ဖြိုးမှ ပြည်သူလူထုသည် မိမိရဲ့အာဏာကို အသုံးချနိုင်မှာပေါ့ဗျာ။ ဒါကြောင့် နိုင်ငံရေး မျက်စိပွင့်ဖို့အတွက် ပညာစွမ်းရည်ကြွယ်ဝဖို့ လိုနေတာပေါ့ခင်ဗျာ"

"ပြည်သူလူထုက အစိုးရအား မိမိလိုလားချက်အတွက် ဆန္ဒပြတောင်းဆိုရင် အစိုးရဘက်က ညှိနှိုင်းဖြေလျှော့မှုမရှိ ပြေလည်မှုမရသည့်အခါ ငြိမ်းချမ်းစွာဆန္ဒပြရာမှ မရသည့်အတွက် မိမိရဲ့နီးစပ်ရာ ကိရိယာများကိုအသုံးပြုပြီး တိုက်ခိုက်ခုခံခဲ့ကြသည်။ မင်းအစိုးရများဘက်ကလည်း ညှိနှိုင်းမှုဖြေလျှော့မှုကို ဗဟိုမပြုဘဲ အာဏာနဲ့ လုပ်ပိုင်ခွင့်ကိုအသုံးချကာ လက်နက်ကို ဗဟိုပြုနှိပ်ကွပ်ကြမည်ဆိုလျှင် ၄င်းဖြစ်တည်မှု ဘက်နှစ်ဘက်သည် ဘယ်သူ့ကိုအကြမ်းဖက်လို့ သတ်မှတ်မလဲ၊ အဲဒီဖြစ်ရပ်များကို အကြမ်းဖက်လို့ခေါ်မလား"

"ကျွန်တော်ရဲ့ယူဆပုံက ရိုးရှင်းပါတယ်ခင်ဗျာ။ ၄င်းဖြစ်စဉ် နှစ်ဖက်စလုံးသည် အကြမ်းဖက်မှု မြောက်ပါတယ်ခင်ဗျာ။ မင်းအစိုးရများသည် ပြည်သူလူထု၏ဆန္ဒနှင့် လုပ်ပိုင်ခွင့် စိတ်ပိုင်းဆိုင်ရာလူ့ယဉ်ကျေးမှုအား အဓမ္မနည်းစနစ်ဖြင့် စတင်ပြုမှုဆောင်ရွက်ခြင်းဟု ယူဆပါတယ်။ ဒုတိယအဆင့်သည် မလွဲအာဏာကို အသုံးပြုလျက် လက်နက်ကိုဗဟိုပြုကာ လူသားဆိုင်ရာယဉ်ကျေးမှုကို အဓမ္မစော်ကားခြင်းပင် ဖြစ်ပါတယ်။ ပြည်သူလူထုသည် သူ့ရဲ့အာဏာရှင်သန်ဖို့ ထွက်ပေါက်ရှာဖွေခြင်းအဖြစ် ယူဆပါတယ်။ ပြဿနာကို လူထုစားပွဲခုံပေါ်တင်ပြီး ညှိနှိုင်းရမဲ့ ပြည်တွင်းပြဿနာဖြစ်ပါတယ်။ ဖြေလျှော့မှုနဲ့ ပေါင်းစည်းခြင်းသဘောတရားဖြင့် ဖြေရှင်းရမှာပေါ့။ ဒါပေမယ့် နှစ်ဖက်စလုံးက ဖြေလျှော့မှုမရှိ တင်းမာစွာတိုက်ခိုက်လျှင် ၄င်းဖြစ်စဉ်ကို လူသား

ဆိုင်ရာ ယဉ်ကျေးမှုသဘောတရားလို့ အဓမ္မပြုမှုသည့် အကြမ်းဖက်မှုလုပ်ရပ်အဖြစ် ယူဆပါရစေ"

"ရှင့်ရဲ့အကျိုးစီးပွားမပါဘဲ ဒီရွာလေးရွာကို ဘာကြောင့်ဖွံ့ဖြိုးကြီးပွားချင်တာလဲ"

ကပ္ပိယက ပြုံးလျက်

"နိုင်ငံသားဝတ္တရားကျေပွန်ခြင်းသည် နိုင်ငံသား စိတ်ဓာတ်ကြောင့်ပါ ဆရာမ၊ မိမိနဲ့သက်ဆိုင်သည့် နိုင်ငံတော်သည် ကမ္ဘာ့နိုင်ငံများ၏ အလယ်မှာ ဝင့်ကြွားဂုဏ်ယူဖို့အတွက် ပြုလုပ်ပေးတာပါ။ ဆရာမလေးခင်ဗျာ ကျေးလက်ဒေသဖွံ့ဖြိုးသာယာမှသာလျှင် မြို့ပြဒေသသည် တည်ငြိမ်ဖွံ့ဖြိုးပါလိမ့်မယ်။ ဒါမှသာလျှင် နိုင်ငံတော်လည်း သာယာငြိမ်းချမ်းနေမှာပေါ့။ နိုင်ငံကချမ်းသာမှ လူထုဘဝလုံခြုံနွေးထွေးပါတယ် ခင်ဗျာ။ ဒါဆိုရင် ကျွန်တော်ဘဝလည်း လုံခြုံပြီပေါ့ခင်ဗျာ"

"နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်အရာက အရေးကြီးဆုံးလဲ ဘာတွေလိုအပ်သလဲ"

"နိုင်ငံသူနိုင်ငံသားအားလုံး ပညာနဲ့စေတနာ လိုအပ်ပါတယ်။ ဝီရိယနဲ့ကြိုးစားအားထုတ်မှု လိုအပ်ပါတယ် ခင်ဗျာ"

"ပညာတတ်ရင် ဘာရမလဲ"

"ငွေကြေးနေနှင့် ဈေးကွက်၏ မူလအရင်းအမြစ်သည် ပညာပေါ်သာ အခြေခံပြီး ဖြစ်တည်နေပါတယ်။ ဒါကြောင့် ပညာနဲ့ ငွေပေါင်းစပ်လျှင် ဈေးကွက်ဖွံ့ဖြိုးပြီး တည်ငြိမ်တိုးတက်တာပေါ့။ ပညာနဲ့ရှာမှ ဝင်ငွေဖွံ့ဖြိုးတာပေါ့ခင်ဗျာ"

"ဒါဆိုရင် ပညာမဲ့သည့် နိုင်ငံတော်မှာ ဘာတွေဖြစ်လို့ဘယ်လိုနေရမလဲ။

"ဉာဏ်ပညာကင်းမဲ့လို့ ဉာဏ်ပညာမွဲချာလျှင် နိုင်ငံသည် ဆင်းရဲပါမည်။ ပြည်သူလူထုသည် ကျွန်ဖြစ်နေမှာပေါ့။ ၎င်းဘေးထွက်ဆိုးကျိုးဖြစ်သည့် သဘာဝတရား၏ တိုက်ခိုက်မှုကို ခုခံမကာကွယ်နိုင်ဘဲ ကျရှုံးရတာပေါ့။ စာရိတ္တတွေ ပျက်သုဉ်းပြီး တောရိုင်းယဉ်ကျေးမှုတွေ ထွန်းကားသည့် တိရိစ္ဆာန်ရှာနဲ့မခြားနေထိုင်ရမှာပေါ့"

"ကျွန်မတို့လူ့ရွာကြီးက သဘာဝသယံဇာတ ပေါကြွယ်ဝပြီး ဘာကြောင့်ဆင်းရဲနေတာလဲ"

"သဘာဝသယံဇာတ အရင်းအမြစ်တွေ ရေရှည်ဖွံ့ဖြိုးအသုံးချခွင့်နှင့် သဘာဝဂေဟစနစ်တွေ ရှင်သန်ကာကွယ်ဖို့အတွက် လက်နက်သည် ပညာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်ဖွံ့ဖြိုးဖို့အတွက် ၎င်းနိုင်ငံမှာ ပညာလူ့အဖွဲ့အစည်းတွေ ဖြစ်ထွန်းရှင်သန်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပညာနှင့် စီမံခန့်ခွဲမှုမတတ်ရင် ဆင်းရဲမွဲတေမှုပြဿနာကို ရင်ဆိုင်ရမှာပေါ့"

"အာဏာရရင်လူတွေက စိတ်ဓာတ်တွေပြောင်းလဲသွားကြတာ ဘာကြောင့်လဲ"

"အာဏာသည် လူသတ္တဝါတို့၏ ရင်ထဲမှာရှိနေသည့် လောဘမီးလျှံကို ပံ့ပိုးပေးနိုင်သည့်တန်ခိုးရှင် ဖြစ်လို့ပေါ့။ ဆရာမလေးရေ ၎င်းအာဏာဖြစ်တည်မှု၏ နောက်ကွယ်မှာ လောကဓံရဲ့မာယာတွေလည်း ရှိနေတယ်။ ဒီတန်ခိုးရှင်ကို လူအများစုသည် မုန်းတီးလျက်ခင်မင်တပ်မက်ကြပါတယ်။ ဒါကြောင့်အာဏာသည် လူသတ္တဝါတို့၏ အသိဉာဏ်ကို အဆိပ်သင့်စေသည့် ဓာတ်ပစ္စည်းတစ်ခုလည်း ဖြစ်ပါတယ်။ ၎င်းအာဏာ၏ စေခိုင်းမှုဖြစ်စဉ်သည် တန်ခိုးရှင်တစ်ဦး ဖြစ်သွားနိုင်ခြင်းကြောင့် အာဏာသည် လောက၏

အကောင်းမွန်ဆုံး အမြင့်မြတ်ဆုံး စည်းစိမ်ဥစ္စာသိုက်ကြီး ဖြစ်ပါတယ်။ ဒါကြောင့် သူ၏ဆိုးကျိုးကြောင့် မုန်းတီးရွံရှာကြသော်လည်း လူအများသည် ငွေအာဏာကို ခင်မင်ကြတယ်။ တပ်မက်ကြတယ်။ ကိုးကွယ်ကြတာပေါ့"

"ဒါဆိုရင် ဘရိတ်ပေါက်သည့်အာဏာကို တန့်သတ်နိုင်ဖို့ ထိန်းချုပ်ဟန့်တားနိုင်ဖို့ အလွဲသုံးစားမလုပ်နိုင်အောင် ဆိုနေတာပေါ့နော်"

ကပ္ပိယက ပြုံး၍

"လိုအပ်ဘာပေါ့ ဆရာမလေး ဘာကြောင့်လိုအပ်ရသလဲဆိုရင် ငွေအာဏာ၏ သဘောသက်ရောက်မှုသည် အကန့်အသတ်မဲ့ တန်ဖိုးဖြစ်ထွန်းနိုင်သည့် လူလုပ်ကိရိယာ ဖြစ်နေလို့ပါဘဲ။ ဒါကြောင့် ငွေအာဏာပိုင်ဆိုင်ခွင့်ကို တစ်နေရာထဲမှာ စုပုံ၍မထားဘဲ လူထုကိုဗဟိုပြုပြီး အပြန်အလှန်ထိန်းကျောင်းမှု သဘောတရားပါသည့် ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ကို မွေးဖွားကြတာပေါ့။ ငွေနိုင်ငံရေးစနစ်ထဲမှာ အစိုးရယန္တယား အသီးသီးကို တည်ဆောက်ပြီး အပြန်အလှန်ထိန်းကျောင်းခွင့် အာဏာရှိသည့် နိုင်ငံရေးအယူအဆတစ်ရပ်ကိုပါ မွေးဖွားလာကြပြီ ဆရာမလေး"

"အပြန်အလှန်ထိန်းကျောင်းမှု သဘောတရားဆိုတာ ဘာကိုဆိုလိုတာလဲရှင်"

"ငွေနိုင်ငံယဉ်ကျေးမှုသည် လူထုဗဟိုပြု ဒီမိုကရေစီနိုင်ငံရေးစနစ်မှသာလျှင် ဖွံ့ဖြိုးနိုင်ပါတယ်။ ဒီမိုကရေစီစနစ်မှာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာဆိုသည့် အာဏာသုံးရပ်ခွဲပြီး တည်ဆောက်ထားတာကို တွေ့ရပါ

လိမ့်မယ်။ ၄င်းယန္တယားများနဲ့ သီးခြားတည်ရှိဖွံ့ဖြိုးနေသည့် စာပေ စာနယ်ဇင်းယန္တယား၊ လူထုဗဟိုပြု လူမှုအဖွဲ့အစည်းယန္တယား တွေသည် ကဏ္ဍအလိုက်တာဝန်နှင့် ဝတ္တရားတွေကို လှုပ်ရှားကြ ပါတယ်။ ၄င်းယန္တယားစုငါးခုသည် အပြန်အလှန်ထိန်းကျောင်းမှု တွေ တည်ရှိမည့်ဂုဏ်အင်္ဂါရပ်တွေ ရှင်သန်ခွင့်ရှိမှသာလျှင် အာဏာ ၏ အစွန်းရောက်သက်ဝင် ဖြစ်ထွန်းမှုတွေကို တားဆီးနိုင်ပါမယ်။ ဒါကြောင့် ၄င်းယန္တယားကြီးငါးခုသည် အပြန်အလှန်ထိန်းကျောင်း နိုင်ဖို့အတွက် ၄င်းယန္တယားများ၏ တစ်ခုခြင်းဆီမှာ ရှိနေရမည်။ ပိုင်ဆိုင်ထားရမည်။ လုပ်ပိုင်ခွင့်တန်ဖိုးထားမှု စွမ်းရည်၊ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်တွေနှင့် ရှင်သန်လှုပ်ရှားခွင့်တော့ ရှိနေရမှာပေါ့"

"အာဏာရှင်တွေ မမွေးဖွားဖို့ ဘာလုပ်ရမလဲ"

"အာဏာရဲ့စေရာ လက်နက်ဖြစ်၍ လက်နက်ယန္တယားကို တစ်ဦးထဲထိန်းချုပ်ခြင်းကို ပယ်ဖျက်ပြီး ကော်မတီနဲ့ ထိန်းကျောင်း ကာ ကောင်စီဖြင့်အုပ်ချုပ်လျှင် အာဏာရှင်မွေးဖွားဖို့ ခဲယဉ်းပါ လိမ့်မည်။ ပုဂ္ဂိုလ်မခွဲဖို့နှင့် ပါတီခွဲတင်ဖို့လိုပါတယ်။ အဓိက အကျဆုံးသည် နိုင်ငံသူနိုင်ငံသားအားလုံး နိုင်ငံရေးမျက်စိနဲ့ နိုင်ငံရေးအသိဉာဏ်ရင့်ကျက်ဖို့ပဲ ဖြစ်ပါတယ်"

"အင်အားကြီးသူတို့ရဲ့ကြားက အင်အားချိနဲ့သူသည် ဘယ်ပုံ သဏ္ဌာန်ဖြင့် ရပ်တည်ရမလဲ"

"ရိုးရှင်းပါတယ် ခင်ဗျာ။ အပျော့ပြောင်းဆုံး နှုတ်ဆက်ရ ပါမယ်။ ကိုယ်ဖြင့်မပေါင်းဘဲ စိတ်နဲ့သာပေါင်းရပါမယ်။ အင်အား ကြီးသူကို စိတ်နဲ့ကိုယ်ပါပေါင်းရင် သေချာတာ သူ၏ကျွန်အစေ အပါး ဖြစ်သွားနိုင်ပါတယ်။ ပေးသမျှယူ၍ မဖြစ်တာသည် အရင်း နှီးဆုံးလူထံမှ ဖြစ်သည့်သဘောတရားအရ ကျွန်ဖြစ်စေမည့်

အပေးအယူအား ရှောင်ကြဉ်ရပါမည်။ နောက်ဆုံးတစ်ချက်သည် သူ့ထံမှ ငွေကြေးနေ ချေးငှားမယူမိပါစေနှင့်။ ကြွေးကျွံသည့်အခါ ကျွန်ဖြစ်တတ်လို့ပေါ့။ နောက်ထပ်သတိပြုရမှာသည် အင်အားနည်းသူတို့၌ မိသားစုညီညွတ်ရှိဖို့ အထူးလိုအပ်ပါသည်။ မိသားစု အချင်းချင်း ရန်မီးပွားလျှင် ငှင်းအင်အားကြီးသူဝင်ရောက်ကာ ရှုပ်ထွေးမှုကို ခံရမည်မှာ သေချာသည့် သဘောတရားပေါ့"

ဆရာမလေးသည် ပြုံး၍ ပီတိဖြာသော မျက်ဝန်းကြားမှ ကပ္ပိယလုလင်အား မျက်စပစ်ကာ

"စကားလည်း ပြောကောင်းပါတယ်။ လူနာလည်း ဆေးသွင်းလို့ ပြီးသွားပြီး ရှင်လည်း ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ဦးနော်"

ဟု ပြောလိုက်သည်။

ကပ္ပိယလုလင်သည် အပြုံးကို ထွေးပိုက်၍ လူနာကို ရွာအရောက်ပို့ရန် ဆေးပေးခန်းထဲမှ ထွက်ခွာလာခဲ့ကြတော့သည်။

□

## ရင်ခုန်သံစကားများ

နှင်းမှုန်ဖွားလေးများနှင့်အတူ ရွာဦးဘုန်းကြီးကျောင်း၏ အနောက်ဖက် ကွက်လပ်ပြင်၌ အောင်သာရွာမှ ရွာဆော်စားဖိုမှူး ကြီးများသည် မီးတောက်ကြီးများကြားဝယ် ချွေးသံတရွှဲရွှဲဖြင့် ချက်ပြုတ်ကြော်လှော်နေကြသည်။ တစ်ညလုံး မနားတမ်း လုပ် ကိုင်နေကြသည်။

ကပ္ပိယလုလင်သည် တစ်နေရာထဲ၌မရှိ အပြုံးများဖြင့် နှုတ် ဆက်စကားများကို ပြောဆိုနေပါသည်။ နှင်းပေါက်လေးများ ပျောက်၍ ကောင်းကင်မှအပူရှိန်သည် တရိပ်ရိပ်ဖြင့်တက်လာချိန် ရွာဦးကျောင်းဆရာတော်၏ ဆွမ်းခံချိန်အရောက် ရွာထဲမှ ကာလ သားတစ်သိုက်၏ ဒိုးပတ်သံတို့သည် ရွာပြင်ဆီသို့ ဟိန်းထွက်လာ ပါသည်။ ၄င်းဆိုင်းသံ ဗုံသံများကို ကြားလိုက်ရသည့် ကပ္ပိယ လုလင်တစ်ယောက် ကျောင်းဝင်အပေါက်စီသို့ လျှောက်သွားလိုက် ပါသည်။

ကျောင်းပေါက်ဝမှ မတ်တပ်ရပ်လျက် အသံရှိရာဆီသို့ ငေးမျှော်၍ ကြည့်နေပါသည်။ မကြာပါ ရွာထဲမှ ကာလသား ကာလသမီးများသည် ရွာဦးကျောင်း၌ မဟာဘုံကထိန် ခင်းကျင်းရန် ပဒေသာပင်များကို သယ်ဆောင်ကာ အိုးစည်ဒိုးပတ်သံ တကျိမ်းကျိမ်း အကပဒေသာပါ ကခုန်၍ ရွာဦးကျောင်းဆီသို့ လျှောက်လာနေကြသည်။ ထိုအုပ်စုထဲမှ အပျိုထိန်းကြီး မကြီးမြနှင့်အတူ ဆရာမလေးသည် ယှဉ်တွဲ၍ ဘေးမှကပ်လျက်လိုက်ပါလာသည်ကို ကပ္ပိယလုလင်တစ်ယောက် တွေ့လိုက်ရသည်။

ထိုအခါ ကပ္ပိယလုလင်သည် ရင်တွေခုန်လျက် ပီတိအပြုံးများဖြင့် မဟာဘုံကထိန်အတန်းကြီးနှင့်အတူ ဆရာမလေးအား မျက်တောင်မခတ်ပဲ အားစိုက်လျက်ငေးမောစွာ လှမ်းကြည့်နေသည်။ ဆရာမလေး၏ အလှတရားများသည် အိပ်ပျော်နေသည့် သူ၏ အချစ်ဘုရင်အား လှုပ်နှိုးနေတော့သည်။

ကျောင်းပေါက်ဝဆီသို့ နီးကပ်လာလေလေ ကပ္ပိယ၏ မျက်လုံးအိမ်၌ မဟာဘုံကထိန်၏ အလှတရားကိုကျော်၍ ဆရာမလေး၏ အလှတရားတွေက ပို၍လှပနေပါသည်။ အဘိဓမ္မာဆရာကြီး၏ သဘောတရားတွေပေါ် ဆရာမလေး၏ အလှတရားတွေက စီးမျှောလျက် ကပ္ပိယလုလင်၏ ရင်ခုန်သံများသည် ဒိုးပတ်သံများပင် ရှုံးနိမ့်သွားပါတော့သည်။

သူ၏ရှေ့နားသို့ မဟာဘုံကထိန်တန်းနှင့်အတူ ဖြတ်လျှောက်သွားသည့် ဆရာမလေးအား သူ၏အဓိပ္ပါယ်ပြည့်ဝသော အပြုံးတစ်ချက် စူးရှသည့်မျက်ဝန်းမှ အချစ်မြှားတစ်စင်းအား ပစ်လွှတ်လိုက်ပါသည်။ ဆရာမလေးသည် ထိုမြှားအား အပြုံးဖြင့် ကြိုလျက် သူမ၏မျက်ဝန်းမှ မျက်စတစ်ချက် ပစ်ခတ်လိုက်ပါ

သည်။ ထိုအခါ ရင်ခုန်သံနဲ့အတူ ရှက်ပြုံးလေးပြုံးကာ ကပ္ပိယ လုလင်တစ်ယောက် သုတ်ခြေတင်ကာ ကျောင်းကြီးပေါ်သို့ တက်သွားပါသည်။

မကြာပါ ကျောင်းဝင်းထဲမှ အိုးစည်ဒိုးပတ်သံများ တိတ်ဆိတ်သွားပါသည်။ လှူဖွယ်ပစ္စည်းများကို ကျောင်းကြီးပေါ်သို့ လူငယ်လေးများ သယ်ဆောင်နေကြသည်။ ထိုအခါ ကပ္ပိယ လုလင်သည် ကျောင်းအောက်သို့ ပြန်လည်၍ ဆင်းလာပါသည်။ ကျောင်းအောက်ထပ်တွင် ဆရာမလေးနှင့် မကြီးမြတို့သည် မတ်တပ်ရပ်လျက် ပဒေသာပင်ပစ္စည်းများကို ငေးကြည့်နေချိန် ကပ္ပိယလုလင်သည် အနားသို့လျှောက်သွား၍ သူ၏ရှက်ရွံ့ရွံ့အပြုံးလေးဖြင့် နှုတ်ဆက်လိုက်သည်။ ဆရာမလေးကလည်း ပီတိအပြုံးတွေကြားကြလျက် သူတို့နှစ်ဦးအပြုံးတွေကြား မျက်လုံးများဖြင့် ချစ်စကားများပြောနေချိန် အနီးနားရှိ မကြီးမြသည် ပြုံးဆတ်ဆတ်ကလေး ပြုံးလိုက်ကာ ရယ်သံတိုးတိုးကလေးနဲ့အတူ

"မျက်လုံးပေါက်ထွက်ပြီး ခလုတ်တိုက်ဦးမယ်နော်"

ဟု ငေါ့တော့တော့လေး နောက်လိုက်ပါသည်။ ထိုအခါ သူတို့နှစ်ဦးသည် သံပြိုင်တူထွက်၍

"မကြီးမြကလဲ"

ဟုဆိုလိုက်ကာ ရှက်ပြုံးကလေးများ ကိုယ်စီကိုယ်စီ ပြုံးလိုက်သည်။ ထိုရှက်ပြုံးလေးကို ထွေးပိုက်ကာ ကပ္ပိယလုလင်သည် နှုတ်ဆက်ကာ ခပ်သွက်သွက်ကလေး ထွက်သွားသည်။ ရွာဦးကျောင်းစေတီတော်ရှိရာသို့ ထွက်သွားသည့် ကပ္ပိယလုလင်၏ ကျောပြင်ကြီးကို ငေးကြည့်ရင်း ပြုံး၍သာ ဆရာမလေး ကျေနပ်ခဲ့သည်။

ထိုအချိန်ဝယ် ကျောင်းကြီးပေါ်မှ တရားပေးသံများသည် ဟိန်းထွက်လာပါသည်။ ကျောင်းကြီး၏ အောက်ထပ်တွင် ပရိသတ်များ ကျွေးမွေးနေပါသည်။ ထမင်းဝိုင်းတချို့အား တရားနာပရိသတ်များ အသင့်စားသုံးနိုင်ရန် ပြင်ဆင်ထားလိုက်ကြသည်။ ဆရာတော်များ ဘုန်းပေးနိုင်ရန်လည်း အသင့်ပြင်ဆင်ထားကြသည်။ တရားနာပြီးစီးသည့်အခါ ဧည့်ခံကျွေးမွေးမှုသည် အဆက်မပြတ် ဧည့်ခံနေရသည်။ ထိုအခါ ကပ္ပိယလုလင်သည် မိမိတဲအိမ်လေးဆီသို့ ပြန်သွားပါသည်။

အားလုံးပြီးစီးသွားသည့်အခါ သိမ်းဆည်းရန် လူငယ်တချို့နှင့် ဆရာမလေးတစ်ယောက်တည်းသာ ကျန်တော့သည်။ ထိုအခါ ဆရာမလေးသည် ကပ္ပိယလုလင်ရှိရာ တဲအိမ်ကလေးဆီသို့ သွားခဲ့ပါသည်။ တဲပေါက်ဝအရောက် မတ်တပ်ရပ်ကာ "အဟာတ် အဟာတ်" ချောင်းဟပ်သံပြု၍ အချက်ပေးလိုက်သည်။ ထိုချောင်းဟပ်သံကြောင့် သူ၏ရေးသားနေသော စာအုပ်ကို ဖုံးအုပ်ကာ အသံလာရာဆီသို့ သမင်လည်ပြန်ကြည့်လိုက်ပါသည်။ မထင်မှတ်ထားသည့် မြင်ကွင်းကြောင့် သူ၏အံ့သြမှုသည် မျက်ဝန်းပြင်ပေါ်သို့ ထင်ဟပ်သွားပါသည်။ တဲပေါက်ဝမှသူ့အား အပြုံးများဖြင့် စိုက်ကြည့်နေသည့် ဆရာမလေးအား အပြုံးဖြင့် နှုတ်ဆက်ကာ တဲပေါက်ဝဆီကို ထလာပါသည်။ ဆရာမလေးအား သူ၏တဲနံဘေးရှိ တန်းလျားခုံလေးဆီသို့ထိုင်ရန် ဖိတ်ကြားလိုက်သည်။ သူလည်း ငှင်းနေရာ၌ ဝင်ထိုင်လိုက်ပါသည်။ သူတို့နှစ်ဦး၏ ရန်ခုန်သံများကို ရှေ့မှစီးဆင်းနေသည့် စမ်းချောင်းကလေးက သယ်ဆောင်ပေးနေသည်။ အနားတဝိုက်မှ ကျေးငှက်ကလေးများသည် ချစ်တေးများကို ဆိုနေသည်။ တစ်ဦးနဲ့တစ်ဦး ရှက်တွန်း

တွန်းဖြစ်နေချိန် ကပ္ပိယလုလင်သည် အနူးညံ့ဆုံးလေသံဖျော့ဖျော့လေးဖြင့် ထစ်ငေါ့စွာ

"ဆရာမလေး ဘာကိစ္စများရှိပါသလဲ။ ကျွန်တော်ကူညီနိုင်တာရှိရင် ကူညီပေးပါ့မယ်"

ဆရာမလေးက စိတ်ကူးယဉ်စိတ်ကလေးကို သတိပြုမိကာ ရှက်ပြုံးလေးတစ်ချက်ကိုပြုံးလို့ ငေါ့တော့တော့ လေသံဖြင့်

"ကိစ္စရှိမှ လာခွင့်ရှိတာလား၊ ရှင်နေရာက သာယာအေးချမ်းလိုက်တာရှင်။ ဒါနဲ့ ရှင်ဘာစာတွေ ရေးနေတာလဲ"

ကပ္ပိယက ရှက်ပြုံးလေးပြုံးလျက်

"ဒီလိုသဘောမရှိပါဘူး ခင်ဗျာ။ လာလည်လို့ရပါတယ်။ ဟိုရေးဒီရေးပါဘဲ ခင်ဗျာ"

ဆရာမလေးက ပီတိအပြုံးလေးကိုပြုံးလျက်

"ရှင်စိတ်ဓာတ်ကို ကျွန်မသိပါတယ်။ ဘာစာတွေရေးနေတယ်ဆိုတာကိုလည်း သိထားပါတယ်။ ရှင့်ရဲ့အကြောင်းတချို့ကို ဘဘုန်းထံမှ သိထားပါတယ်ရှင်"

"ဟာဗျာ"

ဟု သူ၏နှုတ်ဖျားမှ ရေရွတ်ကာ ရှက်သွေးလေးများဖြန်းလျက်

"ဟာဗျာ ဒုက္ခ ပါဘဲ"

ဟု စိုးရိမ်စိတ်ကလေးများပေါ်လွင်သွားသည်။

ဆရာမလေးက ကပ္ပိယလုလင်အား ပြုံးကြည့်နေရာမှ တခစ်ခစ်ဖြင့် ရယ်သံလွှမ်းလျက်

"ရှင့်ကြည့်ရတာ အဲလိုကြတော့လည်း ကလေးတစ်ယောက်လိုပါပဲလား။ ရှင်စိတ်မပူပါနဲ့ ကျွန်မဘယ်သူမှ လျှောက်မပြောပါဘူး။ အဘိဓမ္မာသဘောတရားဆရာကြီးရှင့်"

ပြောလိုက်ရင်း သူမ၏စိတ်ထဲမှ ဩော် တယ်လည်းရိုးသားသည့် လူပါလား။

"ဆရာမလေးခင်ဗျာ ကျွန်တော်က အဘိဓမ္မာဆရာကြီး မဟုတ်ပါဘူး။ သင်ယူနေသည့် လူသတ္တဝါပါခင်ဗျာ"

"ကျွန်မတို့လူ့ရွာမှာ တနေ့တခြား အန္တရာယ်ဖြစ်ရပ်ဆန်းတွေ များများဖြစ်လာနေတယ်လို့ ထင်မြင်မိပါတယ်။ ၎င်းအန္တရာယ်တွေ ဘာကြောင့်ဖြစ်နေကြတာလဲ"

"အတ္တကြောင့် ဖြစ်လာရတာသည် ဘဝဖြစ်ပါတယ်။ ၎င်းအတ္တစိတ်သည် မျှတညီညွတ်သည့် အတ္တစိတ်ကို ဖြစ်တည်နေသလား။ ဒါမှမဟုတ် နိုင်ထက်စီးနင်း ဗိုလ်ကျချင်သည့် အတ္တဖြစ်သလား။ ဘဝသရုပ်ဖော်ကာ ၎င်းအတ္တနှစ်ခု၏ လွန်ဆွဲပွဲက ဖြစ်ပေါ်လာသည့် ရလဒ်ကြောင့်လို့ ယူဆပါတယ်။ ညီညွတ်မျှတမှု မထားရှိနိုင်သည့် အတ္တစိတ်သဘောထားက ဦးဆောင်နေသည်။ လူ၊ လူ့ရွာ၊ လူ့ကမ္ဘာမှာ ဖြစ်တည်သက်ဝင်နေသည့် ရလဒ်သည် မကောင်းမှုနိမိတ်ဆိုးဘဲ ဖြစ်နေကြမှာပေါ့။ လူဆိုတာ လူသားဆိုင်ရာ အသိဉာဏ်ပညာဖြစ်သည့် ဆင်ခြင်တုံတရားနှင့် စာနာနားလည်မှုရှိမှ လူလို့ခေါ်ထိုက်ပါတယ် ခင်ဗျာ။ ယနေ့သတ်မှတ်ထားတဲ့ လူ့အဖွဲ့အစည်းဘောင်ထဲမှာ လူရဲ့အနားမှာ မျိုးရိုးဆိုတာကို ဖန်တီးသတ်မှတ်ထားကြတယ်။ မျိုးရိုးဇာတိအနားမှာ မလေ့ထုံးတမ်းစဉ်လာကို မွေးဖွားထားကြတယ်။ ၎င်းဖြစ်တည်မှု အစုအစည်းနားမှာ နယ်မြေဒေသဆိုတာကို တည်ဆောက်လာကြပါတယ်။ ဆက်စပ်ပြီး ဖြစ်တည်သက်ဝင် ဖြစ်ထွန်းလာသည်မှာ နိုင်ငံတော်ပဲ ဖြစ်ပါတယ်။ ၎င်းနိုင်ငံတော်နဲ့အတူ ယှဉ်တွဲမွေးဖွားလာသည့် သဘောတရားသည် အမျိုးသားအကျိုးစီးပွား

ရှင်သန်အားကောင်းရေးနှင့် ကာကွယ်ရေး အယူအဆဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေဟာ လူ၊ လူ့ရွာ၊ လူ့ကမ္ဘာ၏ သက်ဝင်ဖြစ်ထွန်းမှု ပုံသဏ္ဍာန်ပေါ့။ ဒါထက် ထူးခြားပြောင်မြောက်လှသည့် ကိုးကွယ် ယုံကြည်မှုဆိုင်ရာ သဘောတရားဖြစ်ပါတယ်။ လူတစ်ဦးချင်း ဆိုင်ရာ ကိုးကွယ်ယုံကြည်မှုဖြစ်ပါတယ်။ လူ၊ လူ့ရွာ၊ လူ့ကမ္ဘာ အတွက် သတိပြုစရာအကြောင်းတစ်ခုကိုလည်း တွေ့ရပါတယ်။ အစွန်းရောက် ယုံကြည်ကိုးကွယ်မှုသည် ကြီးမားနက်ရှိုင်းသည့် ပဋိပက္ခနှင့် စစ်မီးလျှံကိုပင် တောက်လောင်စေပါတယ်။ ဘာသာ တရားသည် လူသားဆိုင်ရာ ဂုဏ်သတ္တိပြည့်ဝဖို့ ပေါ်ထွန်းလာ သည့် လူ့ရွာငြိမ်းချမ်းရေးအတွက် ငြိမ်းရေးယဉ်ကျေးမှုတစ်ရပ် အဖြစ် အခြေခံမွေးဖွားလာသည်ဟု ယူဆပါတယ်။ ယနေ့ (၂၁) ရာစုမတိုင်ခင်ကတည်းကစ၍ ကိုးကွယ်ယုံကြည်မှု ဘာသာတရား သည် သီးခြားနိုင်ငံအဖြစ် အယူအဆကို ကျော်ဖြတ်နေပါပြီ။ လူမျိုးမရှိတော့ပါဘူး။ တစ်ဦးခြင်းဆိုင်ရာ ကိုးကွယ်ယုံကြည်မှုနှင့် ညီညွတ်မျှတခြင်းဆိုင်ရာ တရားခွင်ပေါ်မှာ "စံ" ထား၍ လွတ် လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိနေပါပြီ ဆရာမလေး။

ဒါပေမယ့် လူ၊ လူ့ရွာ၊ လူ့ကမ္ဘာကြီး၏ နေရာဒေသတိုင်း တော့ မဟုတ်သေးပါဘူး ခင်ဗျာ။ လူ၊ လူ့ရွာ၊ လူ့ကမ္ဘာထဲက လူဆိုသည့်လူသားဆိုင်ရာ အသိုက်အမြုံကြားမှာ မတူကွဲပြားမှု ဆိုသည့် စည်းကြိုးများက တုတ်စည်းထားဆဲပါ။ ၄င်းခြားနားချက် ကန့်သတ်မှုဘောင်နှင့် လူသားတို့၏ မွေးရာပါအတ္တစိတ်သည် အသိဉာဏ် ပညာကင်းမဲ့စွာ ပေါင်းစပ်လိုက်သည့်အခါ ဖြစ်ပေါ် လာသည့် ဖြစ်စဉ်နဲ့ ဖြစ်ရပ်များသည် အကျိုးမဲ့ဆုတ်ယုတ်ခြင်း အကြောင်းတရားများပင် ဖြစ်ပါတယ်။ ဒါကြောင့် အချိန်ကာလ

တိုင်း ညီညွတ်မျှတစွာ ဖြစ်ထွန်းမည့်ကမ္ဘာကြီး မဟုတ်သလို ညီညွတ်မျှတရေး စကားလုံးကို မွေးဖွားတောင်းဆိုကြတာပေါ့"

"ကမ္ဘာကြီးမှာ ထာဝရငြိမ်းချမ်းရေးဆိုတာ ရှိနေပါသလား"

ကပ္ပိယက တဟားဟားဖြင့် ရယ်လွှမ်းလိုက်သည်။ သူ၏ ရယ်လွှမ်းမှုကို တိကာနဲရပ်ကာ

"ငြိမ်းချမ်းရေးမရှိလို့ ငြိမ်းချမ်းရေးကို တောင်းဆိုနေရသည့် ကမ္ဘာကြီးမှာ အလွယ်တစ်ခုဖြစ်နေပါတယ်။ ဘာကြောင့်လည်းဆိုတော့ အတ္တကိုယ်စီနှင့် ဘဝတွေကို စီးချင်းထိုးနေကြသည့် လောကဓာတ်ခုံကြီးမှာ ငြိမ်းချမ်းရေးဆိုတာ တောင်းဆိုမှုအတွက် မွေးဖွားလာသည့် စကားလုံးသာ ဖြစ်နေမှာပေါ့"

"ဒါဆိုရင် ကုလသမဂ္ဂကြီးသည် ဘယ်လိုအဖွဲ့အစည်းလဲ။ ဘာလုပ်ပေးနိုင်သလဲ"

"လူ့ကမ္ဘာမှာ ကုလသမဂ္ဂအဖွဲ့အစည်းကြီးသည် လူ့ရွာပေါင်းစုံပါဝင်သည့် အကြီးမားဆုံးအဖွဲ့အစည်းကြီး ဖြစ်ပါတယ်။ ၎င်းအဖွဲ့အစည်းကြီး၏တာဝန်က နိုင်ငံအချင်းချင်းကြားက ပဋိပက္ခကို ကြားဝင်ကာ စေ့စပ်ညှိနှိုင်းပေးရသည့် အဖွဲ့အဖြစ်မြင်သလို နိုင်ငံအတွင်းမှာဖြစ်ပေါ်လာသည့် လူသားဆိုင်ရာ ဒုက္ခတွေကို ကူညီခြင်း စေ့စပ်ခြင်း ပြုလုပ်ပေးပါတယ်။ ဒါကြောင့် လူများကြားက စေ့စပ်ဖြန်ဖြေရေးအဖွဲ့ကြီးလို့ မြင်ပါတယ်"

"ဒါဆိုရင် လူ့ကမ္ဘာမှာ ကုလသမဂ္ဂအဖွဲ့အစည်းကြီးသည် အာဏာအရှိဆုံးပေါ့နော်"

"အဲဒီလောက်ထိ တထစ်ချကောက်ချက်ချလို့ မရနိုင်ပါဘူးခင်ဗျာ။ ကုလသမဂ္ဂအဖွဲ့အစည်းကြီးနားမှာ လုံခြုံရေးကောင်စီတစ်ခု ဖွဲ့ထားပါတယ်။ ၎င်းအဖွဲ့မှာ ကြီးငါးကြီးဆိုတာ ရှိနေပါတယ်ခင်ဗျာ"

"ဒါဆိုရင် ကုလသမဂ္ဂအဖွဲ့အစည်းကြီးကို ဘယ်သူက ဦးဆောင်နေတာလဲ"

"ကုလသမဂ္ဂအဖွဲ့ဝင်ညီလာခံကနေ ၎င်းအဖွဲ့အစည်းကြီးကို ဦးဆောင်တာဝန်ယူမည့် အထွေထွေ အတွင်းရေးမှူးချုပ်ကို ရွေးဖွားပါတယ်။ ၎င်းပုဂ္ဂိုလ်သည် ၎င်းယန္တယားကြီးကို ငါးနှစ် တာဝန်ယူပြီး ဦးဆောင်ရတာပေါ့။ ၎င်းတာဝန်ကို ငါးနှစ်တစ်ကြိမ် ရွေးချယ်ကြတာပေါ့။ ဒါပေမယ့် ထိုပုဂ္ဂိုလ်ရဲ့ လုပ်ပိုင်ခွင့် အာဏာသည် သတ်မှတ်မှုန်ကြဲ့ရတတ်ပါတယ်"

"ဒါဆိုရင် အာဏာအရှိဆုံး ကမ္ဘာ့ခေါင်းဆောင်ပေါ့"

"ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးမှာ အာဏာရှိတယ်လို့ ကျွန်တော်ရဲ့ယူဆချက်အရ မထင်မြင်မိပါဘူးခင်ဗျာ။ ညှိနှိုင်း ဆောင်ရွက်ပေးရသည့် ကိုယ်စားလှယ်အမြင်သာ ရှိနေတယ်လို့ ယူဆပါတယ် ခင်ဗျာ"

"ဒါဆိုရင် ကုလသမဂ္ဂကြီးသည် ပါဝါမရှိ၊ အာဏာမရှိသည့် ညှိနှိုင်းရေးရုပ်ပြ သက်သက်ပေါ့"

"ယူဆလို့ရနိုင်သည့်အကြောင်းတရားပါ"

"ဒီလိုသာဆိုရင် ကုလသမဂ္ဂအဖွဲ့ရဲ့ လက်အောက်ခံ အဖွဲ့ အစည်းတွေလည်း ပါဝါနဲ့အာဏာ သတ်ရောက်မှုနည်းပါးနေမှာပေါ့"

"ရုပ်ပြဆိုင်ရာ အစွမ်းသတ္တိနဲ့အတူ လေသေနတ်တော့ ပိုင်ဆိုင်ထားကြပါတယ်"

"ဒါဆိုရင် ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်တိုင်းမှာ တရား မျှတမှုရှိဖို့ ခက်ခဲနေမှာပေါ့"

"မှန်ကန်တဲ့ယူဆချက်အဖြစ် အကျုံးဝင်နိုင်ပါတယ်။ လူဆို တာလည်း ထိန်းကွပ်မှုမရှိရင် အဂတိလိုက်စားတတ်ပါတယ်"

"ဒါဆိုရင် လူ့ကမ္ဘာမှာ အာဏာအသက်ရောက်ဆုံးက ဘယ်သူလဲ"

"ငွေကြေးဥစ္စာဓနနှင့် လူသတ်လက်နက်ကို ကြွယ်ဝပေါလျံပြီး ထက်မြက်မှုကို ပိုင်ဆိုင်တဲ့နိုင်ငံသည် ကမ္ဘာ့ရေးရာများ၌ အာဏာသက်ရောက်မှုရှိနေတာကို တွေ့ရပါလိမ့်မည်။

"ဒီလိုတားမြစ်နေရင် ကုလသမဂ္ဂကြီးသည် ငွေကုန်ပြီး ခရီးမရောက်တော့ဘူးနော်"

"တပ်အပ်ယူဆလို့ မရပါဘူး။ သွယ်ဝိုက်အားဖြင့် မှန်ပါတယ်။ ဒါပေမယ့် ခရီးတစ်ခုတော့ ရောက်မှာပါ။ အရောက်သင့်ဆုံး ခရီးစဉ်တော့ ဖြစ်ချင်မှဖြစ်နေမှာပေါ့ ခင်ဗျာ"

"ကုလသမဂ္ဂကြီးသည် နိုင်ငံတွေရဲ့ပြဿနာတွေကို အထူးကိုယ်စားလှယ်ခန့်အပ်ပြီး ဆောင်ရွက်နေကြတယ်။ တစ်နှစ်တစ်ခါ ညီလာခံတွေ ကျင်းပတယ်။ ဆုံးဖြတ်ချက်တွေ ချကြတယ်။ နိုင်ငံရေးကိစ္စတွေကို အလုပ်လုပ်နေကြတာရှင်။ ဒါထက် ဘာလုပ်ပေးရဦးမလဲ"

ဆရာမလေး၏ စကားအဆုံး၌ တဟားဟားဖြင့် ဟားတိုက်ရယ်မောပစ်လိုက်ပါသည်။ သူ၏ ရယ်သွမ်းမှုကို တိကနဲ ရပ်ကာ

"ကျွန်တော့်ရဲ့အမြင်သဘောထားကို ပြောပါ့မယ်။ ၎င်းကုလသမဂ္ဂအဖွဲ့အစည်းကြီးကို အင်အားကြီးမားသူတို့ရဲ့ လက်နက်တစ်ခုအဖြစ် မြင်မိပါတယ်ခင်ဗျာ။ ဘာကြောင့်လဲဆိုရင် အင်အားနည်းပါးသည့် နိုင်ငံအချင်းချင်း ပဋိပက္ခစစ်ပွဲနှင့် ပြဿနာအထွေထွေဖြစ်ခဲ့ရင် ၎င်းကုလသမဂ္ဂအဖွဲ့အစည်းကြီးသည် အသက်ဝိညာဉ်ရှိသလိုလို ထင်ရပေမယ့် အင်အားကြီးသူနိုင်ငံများရဲ့

လိုလားစေရတဲ့ စေတမာန်အဖြစ်သာ သက်ဝင်ဖြစ်ထွန်းသွားပါတယ်။ အင်အားနည်းသည့်နိုင်ငံနှင့် အင်အားကြီးသူနိုင်ငံတို့ အချင်းချင်း ပြဿနာပဋိပက္ခ စစ်ပွဲဖြစ်ပွားလျှင် ကုလသမဂ္ဂ အဖွဲ့အစည်းကြီးသည် အသက်ဝိညာဉ်မရှိသည့် ရုပ်ပြကျားပေါ ကြီးတစ်ကောင် ဖြစ်သွားပါတယ်။ အင်အားကြီးမားသူ နိုင်ငံ အချင်းချင်းပြဿနာပဋိပက္ခ စစ်မက်ဖြစ်ပွားလျှင် ၄င်းကုလသမဂ္ဂ အဖွဲ့အစည်းကြီးသည် ရေပေါ်မှာ အရုပ်ရေးကြည့်လို့ မရသည့် ရေဆေးကျားကြီး ဖြစ်သွားပါတယ်ခင်ဗျာ။ တကယ်တော့ ကုလသမဂ္ဂကြီးသည် လူ၊ လူ့ရွာ၊ လူ့ကမ္ဘာငြိမ်းချမ်းရေးအတွက် သမိုင်း ရုပ်ကြွင်းပြတိုက်ထဲက ရုပ်ပြအဖြစ် တည်ရှိနေသည့် တဒင်္ဂတစ်ခု အဖြစ် ယူဆမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ၄င်းကုလသမဂ္ဂ အဖွဲ့အစည်းကြီးသည် အင်အားကြီးမားသူနိုင်ငံ အဖွဲ့အစည်းကြီး တို့၏ ကျွန်ဖွားရုံစေတမာန်တော်အဖြစ် ရှင်သန်လှုပ်ရှားနေရ သည့်ယူဆချက်ကြောင့်ပေါ့ ဆရာမလေးရေ။ လူ၊ လူ့ရွာ၊ လူ့ ကမ္ဘာကြီးမှာ အမှားအမှန် အနိုင်အရှုံးကို ခွဲခြားနိုင်တာ ငွေနဲ့ လက်နက်ပဲ ဖြစ်ပါတယ်။

"ဒါဆိုရင် ကုလသမဂ္ဂကြီးမရှိရင် စစ်တွေဖြစ်မှာပေါ့"

"ကုလသမဂ္ဂကြီးသည် ကမ္ဘာကိုငြိမ်းချမ်းရေး ဝတ်ရုံလွှာ ခြုံပြထားတာပါ။ ၄င်းရဲ့ရုပ်ပြဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် အင်အား ကြီးသူတို့က သူတို့ရဲ့ဓားတွေကို သူတို့သွေးနေကြမှာပေါ့။ စစ်ကို အနိုင်အရှုံးနဲ့ ကစားတဲ့ကာလမှာ အကျိုးမရှိဘဲစစ်ကို ဘယ်မှ မတိုက်ပါဘူး ခင်ဗျာ။ စစ်ရှုံးနိုင်တဲ့ စစ်ပွဲကိုး။ ၄င်းပုဂ္ဂိုလ်နိုင်ငံ တွေကစ မတိုက်ပါဘူးခင်ဗျာ။ ယခုဖြစ်မဲ့ စစ်ပွဲသည် အကျိုး မရှိတဲ့ ကမ္ဘာပျက်စစ်ပွဲကြီး ဖြစ်နေလို့ပေါ့ ခင်ဗျာ"

"ဒါဆိုရင် ကမ္ဘာမှာဘယ်နိုင်ငံက အင်အားအကြီးဆုံးလဲ"

"ကုလသမဂ္ဂအဖွဲ့အစည်းကြီး၏ အထက်မှာရှိနေသည့် ကြီးငါးကြီးပါခင်ဗျာ"

"ကြီးငါးကြီးဆိုတာဘာလဲ"

"ကြီးငါးကြီးဆိုတာ လုံခြုံရေးကောင်စီ၏ ဗဟိုအာဏာ သုံးနိုင်သည့် ငါးနိုင်ငံကိုပြောတာပါ။ ၄င်းနိုင်ငံတွေသည် အမေရိကန်၊ ရုရှား၊ တရုတ်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတွေပေါ့။ နောက် ထပ်စဉ်းစား ဖြည့်စွက်ရမည့် ဖြစ်စဉ်များလည်း ရှိပါတယ်။ မဟာမိတ်နိုင်ငံများ ပေါင်းစည်းထားသည့် အဖွဲ့အစည်းတွေပါ။ သို့သော် နေတိုးမဟာမိတ်အဖွဲ့ကလွဲ၍ တခြားအဖွဲ့တွေဟာ ရုပ်ပြ သက်ရောက်မှုလောက်ပဲ ရှိပါတယ်။ ပါဝါအင်အားကြီးမားသည့် အဖွဲ့အစည်းအဖြစ် မရှင်သန်သေးပါဘူး။ နေတိုးအဖွဲ့ချုပ်သည် အင်အားကောင်းပြီး လက်ဆောင်ထင်ဆဲပါ ခင်ဗျာ။

"ဒီလိုသာဆိုရင် လူ၊ လူ့ရွာ၊ လူ့ကမ္ဘာကြီးမှာ အလွန် ကြောက်စရာကောင်းသည့်စစ်ပွဲတွေ ဖြစ်မလာနိုင်ဘူးလို့ ပြောရ ခက်မှာပေါ့နော်"

"သေချာပါတယ် ခင်ဗျာ။ မတည်ငြိမ်သည့် ကမ္ဘာကြီးမှာ ကမ္ဘာ့စစ်မီးလျှံကြီးတွေက မတောက်ဘူးလို့ မပြောနိုင်ပါဘူး။ နိုင်ငံတွေရဲ့ စစ်ရေးပြင်ဆင်ထားမှုသည် ကြောက်ခမန်းလိလိ ဖြစ်တည်နေပါတယ်။ ကမ္ဘာပျက်မည့် လက်နက်တွေကလည်း အစဉ်သင့်အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် ကမ္ဘာကြီးဟာ မီးလောင်ဖိုးပေါ်မှာ ရောက်နေပါတယ်။ ဘယ်လိုအရှုးတစ် ယောက်က မီးစပစ်လိုက်ရင် ကမ္ဘာကြီးလည်း ငိုရမှာပေါ့ဗျာ"

"ယခုပြောပုံအရဆိုရင် လူ့ကမ္ဘာကြီးသည် အင်အားကြီး ထွားသူတို့၏ ဆော့ကစားမှုကို ခံနေရတာလား"

“မှန်ကန်သည့် ယူဆချက်ပါခင်ဗျာ။ လူ၊ လူ့ရွာ၊ လူ့ကမ္ဘာကြီးမှာ အင်အားကြီးထွားသူတွေဟာ သူတို့၏အင်အားတွေ ပြည့်စုံကြွယ်ဝဖို့ အင်အားချိနဲ့သူတွေကို ချိုးနှိမ်ပြီးရင်း နံလန်မထူအောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရဲ့ လူအရေးအားလုံးကို ဆော့ကစားကြပါတယ် ခင်ဗျာ။ ၎င်းတို့ရဲ့ အကြင်နာမဲ့ ဆော့ကစားမှုအောက်က လူထုဘဝတွေသည် အလှမဲ့ငိုကြွေးရပြီပေါ့”

“ဒါဆိုရင် လူ့ကမ္ဘာကြီးထဲ လူများစုရဲ့ ဘဝတွေသည် လူတစ်စု၏အောက်မှာ ပြုသမျှနေတာလား”

“ဒါထက်ဆိုးဝါးစွာ ခံစားနေရပါတယ်ခင်ဗျာ။ လူ့ကမ္ဘာကြီးကို စိစစ်သုံးသပ်၍ ခွဲခြမ်းစိတ်ဖြာကြည့်လိုက်သည့်အခါ လူ၊ လူ့ရွာ၊ လူ့ကမ္ဘာကြီးမှာ လေးကမ္ဘာမြင်နေရပါတယ်။

(၁) ထားစရာမရှိပေါလျှံ ကြွယ်ဝနေသည့်ကမ္ဘာတစ်ခု

(၂) စားစရာမရှိသည့် လူ့ကမ္ဘာတစ်ခု

(၃) နေစရာနဲ့ စားစရာပါမရှိသည့် လူ့ကမ္ဘာ တစ်ခု

(၄) စားစရာနဲ့ နေစရာရှိသေည်လည်း လုံခြုံနွေးထွေးမှုမရှိသည့် ကမ္ဘာတစ်ခုဆိုသည့် ၎င်းလူ့ကမ္ဘာကြီးလေးခုကို တွေ့မြင်ပါလိမ့်မည်။ အမိစကြာဝဠာကြီးကို လူသားနဲ့ အခြားသတ္တဝါတိုင်းက ပိုင်ဆိုင်ကြပေမယ့် အင်အားကြီးထွားသူတို့၏ နိုင်ထက်ဗိုလ်ကျစိုးမိုးမှုအောက်မှာ လူအများစုကြီးသည် မွေးရာပါလူသားဆိုင်ရာရပိုင်ခွင့်သည် ကျဆုံးနေရပါတယ်။ အဲဒီဖြစ်စဉ်ကြီးထွားရခြင်းသည် နယ်နမိတ်နားကနေ ထိုးဖောက်လာသည့် အမျိုးသားအကျိုးစီးပွား ရှင်သန်အားကောင်းရေးအယူအဆ စိုးမိုးနေဆဲ အားကောင်းနေလျှင် ၎င်းလူ့ရွာ လူ့ကမ္ဘာကြီးမှာ လေးကမ္ဘာအပြင် နောက်ထပ်ကြောက်စရာကောင်းသည့် ပဋိပက္ခများနှင့် လုံးထွေးနေရသည့်

လူ့ကမ္ဘာတစ်ခု ထပ်တိုးလာလိမ့်မည်ဟု ယူဆရပါတယ်။ နောက် ထပ်ရင်ဆိုင်ရဖို့ တရွေ့ရွေ့တိုးလာနေသည့် လူမှုပဋိပက္ခကြီးသည် လူ့ကမ္ဘာကြီးကို စိန်ခေါ်ခြိမ်းခြောက်နေပါတယ်။ အဲဒါကတော့ နည်းပညာဆန်းသစ်မှု ထိပ်ဆုံးတံခါးဝနားမှာ အမျိုးသားအကျိုး စီးပွား ရှင်သန်အားကောင်းရေးအတွက် ထိုဆန်းသစ်တိုးတက်မှုက လက်နက်တစ်ခုအဖြစ် သက်ဝင်ဖြစ်ထွန်းနေသည့်အခါ အနာဂတ် စကြာဝဠာကြီးမှာ အလုပ်လက်မဲ့ငတ်မွတ်မှု ကမ္ဘာသစ်တစ်ခုက ဆီးကြိုပါလိမ့်မယ်။ သို့သော် ၎င်းဖြစ်စဉ်၏ ဘေးထွက်ဆိုးကျိုး ပြဿနာသည် လူသားဆိုင်ရာ ရပိုင်ခွင့်တော်လှန်ရေးကြီးတစ်ရပ် သက်ဝင်ဖြစ်ထွန်းလာမည့်ဟု ယုံကြည်တယ်"

"ဒါဆိုရင် ကမ္ဘာကြီးသည် တနေ့တခြား နေချင်စရာ ကမ္ဘာကြီး ဟုတ်တော့မလား"

"နေချင်စဖွယ်ကမ္ဘာကြီးလို့ ထင်ရလောက်အောင် ရုပ်ပိုင်း ဆိုင်ရာတိုးတက်မှု ဖွံ့ဖြိုးမှုပြရုပ်တွေကြားမှာ အိပ်ငွေ့ချမ်းရသူတွေ အတွက်တော့ လှပတဲ့ကမ္ဘာကြီးလို့ ယူဆကြမှာပေါ့။ သို့သော် မွန်မြတ်ဖြူစင်သည့် စိတ်ဓာတ်ဖြင့် စာနာနားလည်မှု တံခါး ချပ်ဖွင့်ကြည့်လိုက်ပါ။ သင်တွေ့လိုက်ရမည့် မြင်ကွင်းရုပ်ပုံလွှာ အများစုသည် ဆင်းရဲမွဲတေမှုတွင်းနက်ထဲက အငတ်ဘေးဒုက္ခ သည်တို့၏ ဆာလောင်ငိုကြွေးမှုကို တွေ့ရပါလိမ့်မယ်"

"ဒါဆိုရင် အနာဂတ်ကမ္ဘာကြီးက နေချင်စရာ ပျော်ရွှင်စရာ မရှိတဲ့ ကမ္ဘာကြီးဖြစ်နေမှာပေါ့"

"ဒီပုံစံ ဒီအတိုင်းသွားခဲ့ကြရင် ဆရာမလေးထင်မြင်ချက် အတိုင်း ဖြစ်လာမည့် လူ့ကမ္ဘာကြီးပါ ခင်ဗျာ။ ဆရာမလေးရေ ကမ္ဘာကြီးကို ဉာဏ်ပညာမျက်စိတစ်ခုဖြင့် ဖွင့်ကြည့်လိုက်ပါ။

တွေ့မြင်ရတာအများစုသည် နိုင်ငံကြီးက နိုင်ငံငယ်တို့အပေါ် စကားလုံးလှလှသုံးပြီး အနိုင်ယူနေတာကို တွေ့ရပါလိမ့်မယ်။ ငှင်းပြရုပ်ရဲ့နောက်မှာ အစုလိုက်အပြုံလိုက်နဲ့ သေနေရသည့် မြင်ကွင်းတွေ၊ အစုလိုက် အပြုံလိုက်နဲ့ ဆာလောင်ငတ်ပြတ်နေသည့် ရုပ်ပုံလွှာတွေ၊ စစ်မက်ဒေသကြားက ငိုသံတွေ၊ သဘာဝရဲ့ တန်ပြန်ထိုးနှက်ချက်များဖြစ်သည့် မုန်တိုင်းတွေ၊ ငလျင်တွေ၊ ရေကြီးခြင်းတွေ၊ မိုးခေါင်ခြင်းတွေ၊ အအေးလွှိုင်းဖြတ်တိုက်၊ အပူလှိုင်းဖြတ်တိုက် မတည်ငြိမ်ဘဲ ဖောက်ပြန်ပြောင်းလဲနေသည့် သဘာဝတရား၏ စီးချင်းထိုးမှုကို လူ့ကမ္ဘာသည် ရင်ဆိုင်နေရပါပြီ။ ဒါတွေဟာ အစရှိလျှင် အဆုံးဆိုတာ ရှိတယ်ဆိုသည့် သဘာဝသဘောတရားတစ်ခုပါဗျာ။ ငါမှငါလို့ အထင်ဖြစ်နေသည့် မသိစိတ်ရဲ့ အနားမှာ ငါမဟုတ်ဘူး သူ့သဘောအတိုင်းဖြစ်ပြီး ပျက်နေတာကို မြင်လိုက်ရတာပေါ့။ ဒါကတော့ အသစ်တဖန် နိုးထရှင်သန်ဖို့ ပျက်သုန်းမှုဖြစ်စဉ်ပါဘဲ ခင်ဗျာ"

ဆရာမလေးသည် ကပ္ပိယ၏အယူအဆ စကားလုံးတိုင်းကို နှစ်ခြိုက်စွာနားထောင်ရင်း သူမ၏မျက်ဝန်း၌ ပြုံးလိုက်ရယ်လိုက်တစ်ခါတရံ မျက်ခုံးလေးများ ပင့်တွန့်ခေါက်သွားလိုက် ဖြစ်သွားပါသည်။ အခုတော့ သူမ၏ ရင်ထဲတလိပ်လိပ် ဆို့တတ်ကာ မျက်လုံးကလေးများပင် ပြူးကျယ်သွားပါသည်။ သူမတစ်ယောက် ပီတိအပြုံးလှလှလေးကို အားယူ၍ပြုံးရင်း

"ကျွန်မလည်း မိခင်ကမ္ဘာကို ပျက်စီးသူ စော်ကားနင်းချေသူ၊ ကျေးဇူးကန်းသူ တစ်ယောက်မဖြစ်အောင် ဉာဏ်သတိဖြင့် ဆင်ခြင်ပြီး ပေးဆပ်နိုင်တဲ့ဘက်ကနေ ပေးဆပ်ရမှာပေါ့"

ဟု ပြောလိုက်သည်။ ထိုအခါ ကပ္ပိယလုလင်သည် ပီတိအပြုံးကိုပြုံး၍နေချိန် ဆရာမလေးသည် နှုတ်ဆက်ခြင်းအလှဆုံးအပြုံးကိုပြုံး၍

"နေလည်းဝင်တော့မည် ကျွန်မကို ပြန်ခွင့်ပြုပါဦး"

ခွင့်ပန်စကားဆိုလျက်ပင် ထလိုက်သည်။ ထိုအခါ ကပ္ပိယလုလင်သည် လိုက်ထလျက်

"ကျွန်တော်လိုက်ပို့ပေးပါရစေ"

ဟု ခွင့်တောင်းသံကြောင့် ကြားလိုက်ရသူဆရာမလေးသည် အပြုံးလှလှလေးများ ပွင့်အံကျလျက် ခေါင်းလေးညိတ်လိုက်သည်။

ကပ္ပိယလုလင်သည် ကျောင်းပေါက်ဝအရောက် ဆရာမလေးအား သူ၏တည်ငြိမ်ပြတ်သားသော လေသံဖြင့်

"ဆရာမလေးကို မြတ်နိုးလို့ ချစ်ပါရစေ။ ကျွန်တော့်ရဲ့ချစ်မြတ်နိုးမှုကို ခွင့်လွှတ်ပါ။ ဆရာမလေးကိုချစ်တယ်"

ဟု တုံးတိတိပြောလိုက်သည်။ ထိုအခါ ဆရာမလေး၏မျက်ဝန်းပေါ် မျက်လုံးကလေးများ ဝိုင်းပသွားလျက် သူမ၏ရင်ခွင်တစ်စုံလုံးက တဒိန်းဒိန်းခုန်သွားသည်။ ဆရာမလေးအိုင်တင်မခံနိုင်ပါ။ မျှော်လင့်ထားသည့် စကားဖြစ်၍ ပီတိဖြာလျှက် ကပ္ပိယလုလင်အနားသို့ကပ်ကာ သူမ၏ လေသံတိုးတိုးကလေးဖြင့်

"ရှင့်ရဲ့ချစ်ခွင့်ပန်မှုက ခေတ်မဆန်ပင်မယ့် ရိုးဖြောင့်ပြီးတန်ဖိုးရှိတဲ့အတွက် ကျေနပ်ပီတိဖြစ်ရပါတယ်။ ရှင်ကိုလည်း ကျွန်မချစ်မိနေပါတယ်"

ဟု ပြောလိုက်သည်။ ထိုအခါ ကပ္ပိယလုလင်သည် ပြုံးလျက်

"ကျေးဇူးတင်ပါတယ် ဆရာမလေး"

သူတို့နှစ်ဦးသည် ဟန်ဆောင်မှုမပါသည့် ချစ်စကားတွေ ပြောရင်း လျှောက်လာခဲ့သည်မှာ ရွာထဲသို့ရောက်ရှိလာပါသည်။ ထိုမြင်ကွင်းကို တွေ့လိုက်ရသည့် ရွာသူရွာသားများသည် ပီတိအပြုံးများဖြင့် 'လိုက်ဖက်သည့်စုံတွဲ'ဟု ကြိတ်၍ချီးကျူးနေကြသည်။"

နေမင်းကြီးသည် သူတို့နားမှာ ပျောက်ကွယ်သွားပါသည်။ ဆိုလာမီးများလည်း ထိန်လင်းလာပါသည်။ သူတို့နှစ်ဦးသည် မကြီးမြအိမ်သို့ရောက်လာပါသည်။ အိမ်ပေါက်ဝမှ မကြီးမြအား နှုတ်ဆက်ကာ ကပ္ပိယလုလင်သည် ပြန်လာခဲ့ပါသည်။

ဆရာမလေးသည် အိမ်ပေါက်ဝမှ ကပ္ပိယလုလင်၏ ကျောပြင်ကြီးကို စူးစိုက်စွာ ငေးမောကြည့်လျက် ပီတိလေးများ ဖြာကျနေချိန် ဆရာမလေးအနားရောက်လာသည့် မကြီးမြသည် ဆရာမလေးအား ရယ်ပြုံးလျက်

"ပျော်ရလွန်းလို့ ညစာထမင်းတောင် စားနိုင်မလား ဆရာမလေး"

ဟု ခနဲ့တဲ့တဲ့လေသံဖြင့် မေးလိုက်သည်။ ထိုအခါ ဆရာမလေးတစ်ယောက် ရှက်ပြုံးလေးပြုံးကာ

"ဘာမှန်းလဲမသိဘူး"

ဟုပြောရင်း သူမ၏အိပ်စက်ရာ အိမ်ခန်းစီသို့ ပြေးဝင်သွားတော့သည်။

□

## လုလင်ပျို၏ ရုပ်ပုံလွှာ

နံနက်ခင်း ဝေလီဝေလင်းအချိန် ကပ္ပိယလုလင်သည် ရွှာဦးစေတီတော်ဝင်းထဲသို့ ရောက်ရှိနေပါသည်။ ရွှာဦးစေတီတော်အား ကျောပေး၍ အရှေ့ဘက်စီမှ တောင်ဂတုံးကြီးပေါ် မှေးတင်ကာ လင်းပလာမည့် နေမင်းကြီးအား စောင့်မျှော်ကာ ငေးကြည့်နေပါသည်။

ကောင်းကင်မှာဝဲပျံနေသည့် ငှက်ကလေးများ တေးဆို၍နေပါသည်။ ထိုရောင်နီအလင်းတန်းစလေးများသည် တငွေ့ငွေ့ဖြာကျလာနေသည်။ ထိုအချိန်၌ ကပ္ပိယလုလင်သည် အလှပဆုံးအပြုံးတစ်ချက်ကိုပြုံး၍ တည်ငြိမ်ပြတ်သားသောအသံဖြင့်

"အို တန်ဖိုးဖြတ်မရသည့် မိခင်စကြာဝဠာကြီးခင်ဗျာ သင့်ရဲ့အလှအပတွေ ဘာမှန်းမသိတဲ့ ဘဝထဲကို အလင်းရောင်ပြု တမ်းတရင်း ငိုသံတိုးတိုးကလေးနဲ့အတူ သင့်ရဲ့လှပတဲ့ ကမ္ဘာဆီကို ရောက်လာခဲ့ကြသည့် လူသတ္တဝါအပေါင်းတို့သည် ဘာကိုဘာမှန်းမသိဘဲ ရောက်လာခဲ့ကြသလို ဘာကိုဘာမှန်းမသိဘဲ နှုတ်ဆက်ထွက်ခွာကြရတယ်။ ၄င်းဖြစ်စဉ်တွေသည် လောက၏အမှန်တရားလို့ ဟစ်ကြွေးပါရစေ။ ကမ္ဘာကြီးရေ လူတစ်ချို့ သင့်ရဲ့ကျေးဇူးတရားကိုသိလို့ တန်ဖိုးထားပေးဆပ်ခဲ့ကြပါတယ်။ လူတချို့က သင့်ကိုကျေးဇူးကန်း စော်ကားနင်းချေကြတာပေါ့။ လူတချို့သည် သင့်ရဲ့အတ္တပလ္လင်ပေါ်မှာ ပျော်မြူးကြတာပေါ့။ ဟေ့ လူသတ္တဝါအပေါင်းတို့ စကြာဝဠာကမ္ဘာကြီးသည် သင့်တစ်ဦးတည်းပိုင်မဟုတ် ဘုံပိုင်ဖြစ်တယ်ဟေ့။ ဒါကြောင့် ဆိုရှယ်ဒီမိုကရက်တစ်စိတ် ယဉ်ကျေးမှုနဲ့ကမ္ဘာကို တည်ဆောက်ကြလော့။ မျှတညီညွတ်တဲ့ ယဉ်ကျေးမှုတွေကို မွေးဖွားကြလော့။ ထိန်းညှိမှုသဘောတရားတွေနဲ့ တန်ဖိုးထားကာကွယ်ကြလော့။ စကြာဝဠာကြီးက တန်ပြန်သက်ရောက်မှုကို ပြတယ်နော်။ မင်းဟာကျေးဇူးကန်းသူ မဖြစ်ပါစေနဲ့"

ထိုအချိန် ကပ္ပိယလုလင်၏အနားသို့ သူ၏ချစ်သူ ပူပူနွေးနွေးလေးဖြစ်သည့် သူနာပြုဆရာမလေးတစ်ယောက် အပြုံးများဖြာကျလျက် ရောက်လာပါသည်။ သူ၏ပြောလက်စ စကားစကို ရပ်တန့်ကာ အပြုံးဖြင့် ဆီးကြိုလိုက်သည်။

ချစ်သူနှစ်ဦးသည် မြတ်ဘုရားထံရှေ့သွားကာ ပုဆစ်တုတ်ထိုင်လိုက်ကြသည်။ မြတ်ဘုရားထံရှေ့ဝယ် တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ အပြုံးတွေဝေဖြာလျက် မြတ်ဘုရားရှင်အားအာရုံပြု၍

လက်ဆယ်ဖြာထိပ်မှာမိုးကာ ဦးချကန်တော့လိုက်ကြသည်။ ဘုရားရှင်အား ဝတ်ပြုပြီးသည့်အခါ ကွပ်ပစ်ခုံရှိရာသို့သွား၍ နှစ်ဦးသားထိုင်လိုက်ကြသည်။

ဆရာမလေးက ပြုံးလျက်

"ဘဘုန်းကြီးပြောလိုက်လို့ လိုက်လာတာကိုကို။ ဒါနဲ့ တစ်ယောက်ထဲ ဘာတွေပြောနေတာလဲဟင်။

"ဪ ညီမလေးရယ် မေးခွန်းကနက်ရှိုင်းပြီး ရိုးရှင်းလှပါတယ်။ အဖြေကတော့ ကိုကြီးရဲ့သဘောထားတွေပေါ့။ ဆိုရှယ်ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းကို ထူထောင်ချင်ပါတယ်။ ဖက်ထရယ်ဒီမိုကရက်တစ် ပြည်ထောင်စုကြီးကို လိုလားပါတယ်။ တည်ဆောက်ချင်ပါတယ်။ ၄င်းအိမ်ကြီးထဲမှာ မတူကွဲပြားမှုတွေကို အပြန်အလှန် အသိအမှတ်ပြုခြင်း အပြန်အလှန်လေးစားခြင်း တန်းတူညီမျှ ခံစားခွင့်ရှိသည့် ပြည်ထောင်စုအိမ်ကြီးကို တည်ဆောက်ချင်ပါတယ်။ လူကိုလူလို့ တန်ဖိုးထားသည့် နိုင်ငံရေးယဉ်ကျေးမှုများ ထွန်းကားစေချင်ပါတယ်။ နိုင်ငံသူ နိုင်ငံသားအားလုံး လူမှုဖူလုံရေးပြည့်ဝစွာ ခံစားခွင့်ရှိသည့် နိုင်ငံတော်ကို တည်ဆောက်ချင်ပါတယ်။ လူသားဆိုင်ရာ လူ့အခွင့်အရေးကို သာတူညီမျှ ခံစားခွင့်ရှိသည့် နိုင်ငံတော်ဖြစ်အောင် တည်ဆောက်ချင်ပါတယ်။ နိုင်ငံသူ နိုင်ငံသားဉာဏ်ပညာပြည့်ဝရေး စာကြည့်တိုက် ကျောင်းပညာရေးစနစ်ကို ဖန်တီးထားသမျှ ပညာရေးကြီးအဖြစ် ဖန်တီးချင်ပါတယ်။ နိုင်ငံတော်ရဲ့ အာဏာသည် နိုင်ငံသူနိုင်ငံသားများ အပ်နှင်းထားသည့် နိုင်ငံတော် တည်ဆောက်ချင်ပါတယ်။

ဒါကြောင့် ညီမလေးရေး နိုင်ငံရေးသမားတွေက ဂုဏ်သိက္ခာကို တန်ဖိုးထားသလို ကာကွယ်ရေးလုပ်သားထုကလည်း တန်းလျားကို ချစ်တတ်သူတွေ ဖြစ်စေချင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကလည်း အဂတိကင်းဖို့ မျှော်လင့်သလို၊ အခွန်ထမ်းပြည်သူတွေအဖြစ် ဂုဏ်ယူနေတာကို မြင်ချင်မိပါတယ်။ တရားဝန်ထမ်းက တရားခမ္မကို ချမနင်းဖို့နှင့် ရှေ့နေက အခမ္မ၏တမန်တော်တွေ မဖြစ်စေချင်ပါ။ မတရားမှုကို ထိန်းသိမ်းကာကွယ်သည့် ပြည်ထဲရေးကလည်း လက်ထိပ်များမခတ်မိဖို့ မျှော်လင့်ပါတယ်။ ဒီအတွက်ကြောင့်ဘဲ စာရိတ္တကောင်းမွန်ကြသည့် ပြည်သူလူထုတွေနေထိုင်ကြသည့် နိုင်ငံတော် ရှက်ခြင်းနဲ့ ကြောက်ရွံ့ခြင်းကို တန်ဖိုးထားသည့် လူ့ရွာကြီးလို့ မျှော်လင့်မိပါတယ်။ ဒါကြောင့် အရင်းရှင်ဒီမိုကရေစီလည်း မနှစ်သက်ပါဘူး စစ်ဘုရင်ဝါဒလည်း မနှစ်သက်ပါဘူး။ အာဏာရှင်ဝါဒလည်း မနှစ်သက်ပါဘူး။ ကွန်မြူနစ်လည်း မကြိုက်ပါဘူး။ ဆိုရှယ်လစ်လည်း မထောက်ခံပါဘူး။ ပြည်သူလူထုကို ဗဟိုပြုထားသည့် ဆိုရှယ်ဒီမိုကရက်တစ်ဝါဒနှင့် လူသားဝါဒသာလျှင် မြတ်နိုးမိပါတယ် ညီမလေးရယ်"

ဆရာမလေးက သူ့ချစ်သူပြောနေသည့် ရုပ်ပုံများကို အပြုံးတွေဖြင့် နားထောင်ရင်း

"ကိုကိုနဲ့အတူ ညီမလေးရဲ့လက်တစ်စုံကလည်း ကိုကိုတည်ဆောက်ချင်သည့် အိမ်အတွက် ခွန်အားတစ်ခုဖြစ်ရပါစေ"

ထိုအခါ ကပ္ပိယလုလင်သည် သူ့ချစ်သူ၏ လက်ဖဝါးလေးကို ဆုတ်ကိုင်ပြီး ပီတိအပြုံးတွေ ပြိုင်တူပြုံးလျက် ကပ္ပိယက

"ကျွန်တော်တို့ အနာဂတ်ထက် ပစ္စုပ္ပန်တည့်တည့်ကို ဂရုပြုကာ

သန့်ရှင်းသော လက်တစ်စုံဖြင့် ပေးဆပ်ကြတာပေါ့။ ကိုကိုနဲ့ ညီမလေးတို့ရဲ့ ဘဝခြေလှမ်းတိုင်းမှာ လူသားဆိုင်ရာ အဆိုအမိန့် အဖြစ် ကျွန်တော် ခံယူထားသည့် အသိဉာဏ်ပညာဆိုင်ရာ ဆင်ခြင်တုံတရားနှင့် စာနာနားလည်မှုသဘောတရားကို ကျင့်သုံး ပြုမူနေထိုင်ရင်း စိတ်တူကိုယ်တူ တည်ဆောက်ကြတာပေါ့။"

ထိုအခါ ဆေးအပ်ကိုင်ပြီး ကျေးလက်နေလူထုကို ကျန်းမာရေး စောင့်ရှောက်ပေးနေသည့် သူနာပြုဆရာမလေး စန်းစန်းဌေး၏ ပြုံးနေသော ပီတိအပြုံးများသည် နှိုင်းဆမရသည့် ကြည်နူးပီတိများ ဖြာကျလျက် သူမ၏တန်ဖိုးဖြတ်မရသည့် စိတ်စေတနာ၏ ပေးဆပ်မှုတမန်သည် ဘာကိုဘာမှုဂရုမပြုထားသည့် အဘိဓမ္မာ သဘောတရားဆရာကြီး ကပ္ပိယလုလင်၏ နှလုံးသားဝင် ပေါက်ရှိရာ တံခါးမကြီးကို တဆတ်ဆတ်ဖြင့် တိုးခေါက်နေတော့သတည်း။

မောင်ဘကျော် (ပုဂံ)
၂၁-၁-၂၀၂၀

# ကြေးစည်သံ

မောင်ဘကျော်(ပုဂံ)



မိမိရဲ့လူ့ရှာ လူ့ကမ္ဘာအတွက်
မိမိလုပ်နိုင်သည့်နေရာ၊
လုပ်ခွင့်ရသည့် အနေအထားကနေ
မိမိကို ထမ်းပိုးထားသည့်
လူ့ရှာ၊ လူ့ကမ္ဘာကြီးကို ပေးဆပ်ရခြင်းသည်
လူသားတစ်ဦး၏ ဝတ္တရားဟု
ယုံကြည်ပါသည်။

